သားတွေနှင့်
သားရှင်တွေအတွက်

# သားသို့ . . .

## လင်္ကာရည်ကျော်



အမည်ရင်းမှာ ရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ဧရာဝတီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်း ကျေးရွာတွင် အဖ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့၏ ဒုတိယသားအဖြစ် ဖွားမြင်ခဲ့သည်။

ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး အ.ထ.က (၁) လမ်းမတော် (ယခင် စိန့်ဂျွန်းကျောင်း)၊ အမှတ် (၂) ဒေသကောလိပ် လှိုင်နယ်မြေ နှင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်တို့တွင် ပညာသင်ကြားခဲ့သည်။

ကလေးအထူးကုဆရာဝန်ကြီး တစ်ဦးဖြစ်ပြီး ပြည်တွင်းပြည်ပမှ ဘွဲ့လွန်နှင့် ဒီပလိုမာကိုးခုရရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံ ကျော်ခန့်သို့ ပညာတော်သင်၊ လေ့လာရေးနှင့် ဆေးပညာနှီးနှော ဖလှယ်ရေး အစည်းအဝေးများ သွားရောက်ခဲ့သည်။

ပြည်တွင်း နေရာဒေသ အနှံ့အပြားတွင်လည်း ရာထူးအဆင့် အမျိုးမျိုးနှင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစ၍ လက်ရှိရည်ကျော် ကလောင်အမည်ဖြင့် ရသ စာပေများ ရေးသားထုတ်ဝေခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံး ဝတ္ထုရှည် 'ကြိုးကြာတောင်ပံခတ်သံ' ဖြင့် အမျိုးသား စာပေဆုကို လူငယ်စာပေကဏ္ဍမှ ရရှိခဲ့သည်။ 'ကြိုးကြာတောင်ပံ ခတ်သံ'ကို စင်ရော်ထုတ်လုပ်ရေးမှ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရာ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ဇာတ်ကားဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆု အကယ်ဒမီနှစ်ဆု ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်'ကြိုးကြာ တောင်ပံခတ်သံ' ကို တက္ကသိုလ်များ မြန်မာ စာ

အဖွဲ့က တတိယနှစ် ဝိဇ္ဇာဘွဲ့ (မြန်မာစာ) အတွက် ပြဋ္ဌာန်း စာအုပ်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဒုတိယဝတ္ထုရှည် 'ဒေါက်တာ ရွှေသွေးနှင့် မပန်းမှုံ' သည်လည်း အမျိုးသားစာပေဆုကို ဝတ္ထုရှည် ကဏ္ဍမှ ရရှိခဲ့သည်။

ယခုအထိ ဝတ္ထုရှည် ၁၁ ပုဒ်နှင့် ဝတ္ထုတို ၁၀၀ ကျော်ရေးသားခဲ့ ပြီး ဝတ္ထုတိုပေါင်းချုပ်များလည်း ထုတ်ဝေခဲ့သည်။

'ပန်းဒေါင်း' နှင့် 'နေဝင်အိပ်တန်းတက်' ဝတ္ထုရှည် နှစ်ပုဒ်ကို ကိုယ်တိုင် ဇာတ်ညွှန်း ရေးသားခဲ့ပြီး ရုပ်ရှင်ကားကြီး ရိုက်ကူးပြီးစီး ခဲ့ပြီ ဖြစ်သည်။ 'ပန်းမာန်' ကို ရိုက်ကူးရန် စီစဉ်လျက်ရှိသည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ကလေးကျန်းမာရေး ပညာပေးစာအုပ် များ ရေးသားထုတ်ဝေခဲ့ပြီး 'မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေး ပြုစုစောင့်ရှောက်နည်းများ' စာအုပ်နှင့် ၂၀၁၃ ခုနှစ်တွင် သုတစွယ်စုံ စာပေဆုကိုလည်း အသုံးချ သိပ္ပံဘာသာရပ် ကဏ္ဍမှ ရရှိခဲ့သည်။

လူငယ်ပညာပေး ဆောင်းပါးများလည်း စဉ်ဆက်မပြတ် ရေးသားခဲ့သည်။

ဓမ္မဆောင်းပါးများလည်း ရေးသားထုတ်ဝေခဲ့သည်။

FM Bagan ရေဒီယိုတွင် 'စာရေးဆရာ၊ ဆရာဝန်၏ အတွေး များ' ကဏ္ဍကိုလည်း အပတ်စဉ် တင်ဆက်နေသည်။

ယခုအခါ ဆရာသည် ပါမောက္ခ၊ ဌာနမှူး၊ ကလေးကျန်းမာရေး ပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ တာဝန်ခံ ကလေးအထူးကု ဆရာဝန်ကြီး၊ ကလေးဆေးရုံကြီး ရန်ကုန်နှင့်၊ ဥက္ကဋ္ဌ (ကလေး ကျန်းမာ ပညာအဖွဲ့)၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း President Elect, ASEAN PEDIATRIC FEDERATION (2017-

2020) တာဝန်များ ထမ်းဆောင်ရင်း ရသ၊ သုတနှင့် ဓမ္မစာပေများ စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။

၁

## မာတိကာ

သားသို့····နှင့်

လူငယ်တွေ ဖတ်စေချင်သော ကျွန်တော့်ဆောင်းပါးများ - ၃

၁။ အလုပ်တန်ဖိုး
၂။ အင်တာဗျူး
၃။ အလုပ်ထဲမှာ ‘စတား’ဖြစ်ဖို့
၄။ မိန်းကလေးတွေ စိတ်ဝင်စားတာ ခံနေရတဲ့ ယောကျ်ားလေး
၅။ ကတ်ကြေးနှင့် မကိုက်မိစေဖို့
၆။ သားတို့ရဲ့ ဈွဲလမ်းခြင်း ပြဿနာ
၇။ ကမ္ဘာကြီးရဲ့ ဗဟို
၈။ အမြန်ဆုံး ရင်ငြိမ်းချမ်းအောင် လုပ်တတ်ဖို့
၉။ ကြိုတင်ပြင်ဆင်ဖို့ ဖြစ်နိုင်မလား
၁၀။ဘဝဦးတည်ရာ ပီပြင်စေရန်
၁၁။လူကြီးသား မဖြစ်ခဲ့ပေလို့
၁၂။ကွေ့တွေမှာ မယိုင်စေဖို့
၁၃။မိမိကိုယ်ကို ဘယ်လို ပြဌာန်းမှာလဲ

၁၄။ တစ်ပါးသီလနောက်က အတွေးများ
၁၅။ သာခြင်း နာခြင်း၌ မတုန်လှုပ်သော
၁၆။ သူငယ်ချင်းများ
၁၇။ ပြဿနာဖြစ်မည့် လူတွေ
၁၈။ အစာမကြေတံတား
၁၉။ အစ်ကိုဆရာ၏ ဥပမာ အလင်္ကာ
၂၀။ ငြင်းခုံခြင်း ယဉ်ကျေးမှု
၂၁။ ကျော်ကြားမှုနှင့် မိမိကိုယ်မိမိ ရှိသေခြင်း
၂၂။ လူဖြစ်ရတုန်းလေး
၂၃။ အနှစ်…ခေတ်ဆီသို့
၂၄။ ယဉ်ကျေးမှုဆိုတာ တော်လှန်စရာလား
၂၅။ ပညာဆိုတာ ရှာနေရတာ
၂၆။ စံပြပုဂ္ဂိုလ်၏ ကိုယ်ကျင့်
၂၇။ တကယ်လုပ်နိုင်မှ လုပ်ပါ

## သားသို့ . . .

## လူငယ်တွေ ဖတ်စေချင်သော ကျွန်တော့်ဆောင်းပါးများ ၃

ကျွန်တော့် ပထမဦးဆုံး ဝတ္ထုရှည် 'ကြိုးကြာတောင်ပံ ခတ်သံ' ကို အမျိုးသားစာပေဆု ချီးမြှင့်ခံရစဉ်က 'လူငယ်စာပေ' ကဏ္ဍမှ ရရှိခဲ့သည်။

လူငယ်ဘဝကို ခနော်နီခနော်နဲ့ ဖြတ်သန်းခဲ့ရပြီး လူလတ် ဘဝကျမှ အစွမ်းကုန် ရုန်းထခဲ့ရသော အတွေ့အကြုံများကို မူတည် ၍ လူငယ်တွေကို တက္ကသိုလ်မှာ စာသင်ရင်း ပြောပြချင်တာတွေ များ၊ ရသစာပေ ရေးရင်းလည်း ပြောပြချင်တာတွေ များလှသဖြင့် 'လူငယ်တွေ ဖတ်စေချင်သော ဆောင်းပါး' တွေကို ခဏခဏရေးဖြစ် နေသော်လည်း ကိုယ့်ကိုယ်ကိုယ်တော့ 'လူငယ်စာပေ စာရေးဆရာ' ဟု ခံယူမထားမိ။

နိုင်ငံတော်က ဆုချီးမြှင့်တော့မှသာ ကိုယ့် အဓိက ပရိသတ်က လူငယ်တွေ ဖြစ်နေတာကို သတိထားမိတော့သည်။

၂၀၁၂ က ကျွန်တော် ထုတ်ဝေခဲ့သည့် 'လူငယ်တွေ ဖတ် စေချင်သည့် ကျွန်တော့်ဆောင်းပါးများ' စာအုပ်ကလည်း အောင် မြင်ခဲ့သည်။ ၈ မိုင်ပေါက်စေတီ ဆရာတော်ကြီးဆိုလျှင် တပည့် တွေကို စာအုပ်တွေ အစည်းလိုက် ဝယ်ခိုင်းပြီး နယ်တွေပါ ဖြန့် ပို့၍ လူငယ်တွေကို ဖတ်ခိုင်းသည်ဟု သိရသဖြင့် ချီးမြှောက်မှုကို ကျေးဇူးတင်စွာ ဦးခိုက်ရသည်။ ပြန်ရိုက်ရတာလည်း အကြိမ်ကြိမ်။

၂၀၁၆ မှာ လူငယ်မိန်းကလေးတွေအတွက် ရည်ရွယ်ရေးခဲ့ သည့် 'သမီးသို့' ကလည်း အဲသည် စာအုပ်၏ စံချိန်ကို ထပ်ချိုးနိုင် သည်အထိ အောင်မြင်ခဲ့သည်။

'သားသို့' ရေးပါဦး ဆရာ။

'လူငယ်တွေ ဖတ်စေချင်သည့် ကျွန်တော့် ဆောင်းပါးများ အပိုင်းသုံး' ရေးပါဦး ဆရာ။

အဲသလို တောင်းဆိုမှုတွေ ဆက်တိုက်ရှိခဲ့သည်။

တကယ်တော့ ကျွန်တော်နှင့် ကျွန်တော့် ထုတ်ဝေသူ ကိုရဲမှာ အဲသည်ကိစ္စ စောစောကတည်းက အစီအစဉ် ရှိပြီးသားပါ။

'သမီးသို့' ကို လူငယ်တွေ၊ အထူးသဖြင့် မိန်းကလေးတွေနှင့် မိဘတွေ သမီးရှင်တွေအတွက် ကျွန်တော် ရည်ရွယ်ရေးခဲ့သည်။ ကိုယ့်သမီးနှင့် သမီးအရွယ် မိန်းကလေးတွေကို ပြောပြချင်သည့် စကားတွေကို အခြေခံခဲ့ရသည်။

'သားသို့'ကတော့ သားတွေနှင့် သားရှင်တွေအတွက်ပေါ့။ သမီး တွေ အတွက်လည်း အကျိုးရှိမှာပဲဟု ကျွန်တော် ယုံကြည်သည်။ လူငယ်ယောကျ်ား ကလေးဘဝက ကိုယ်ကိုယ်တိုင်လည်း ဖြတ်သန်း ခဲ့တာဆိုတော့ ပြောပြစရာကလေးတွေက ပိုများလိမ့်မည်ဟု ထင် မိသည်။

ဒါနှင့်ပဲ အချိန်ယူရေးသားပြီး 'သမီးသို့' ထွက်ပြီးတစ်နှစ်၊ 'လူငယ်တွေ ဖတ်စေချင်သည့် ကျွန်တော့် ဆောင်းပါးများ' ထွက်ပြီး ငါးနှစ်ကြာမှ ပရိသတ်လက်ထဲ အရောက်ပို့နိုင်ခဲ့တာပါ။

ဖတ်ကြည့်ကြပါဦး။

# အလုပ်တန်ဖိုး

သားရေ
ဆရာရေးတဲ့ လူငယ်ဆောင်းပါးကို ဖတ်ကြည့် ဖြစ်တယ်ဆိုကတည်းက သားဟာ အရွယ်ရောက်ခါစ ပညာသင်နေတဲ့ ဒါမှမဟုတ် လုပ်ငန်းခွင် ဝင်ခါစ လူငယ်တစ်ယောက် ဖြစ်မယ်လို့ ထင်သကွယ့်။

အခုဆရာရေးတဲ့ ဆောင်းပါးဟာ သားတွေနဲ့ရော၊ သမီး တွေနဲ့ရော ဆိုင်သင့်သလောက် ဆိုင်ပါလျက်နဲ့ ဘာလို့ 'သားသို့' လို့ နာမည်တပ် လိုက်သလဲဆိုတော့ အကြောင်းက နှစ်ခုကွယ့်။

တစ်ခုကတော့ မကြာသေးခင်က ဆရာ ထုတ်ဝေခဲ့တဲ့ 'သမီးသို့' စာအုပ်မှာ သမီးတွေအတွက် ဆရာ မှာချင်တာလေးတွေ တော်တော် ရေးဖြစ်ခဲ့ပြီး စာအုပ်ကလည်း တော်တော်အောင်မြင်ခဲ့တော့ သားတွေ၊ ပြီးတော့ သားရှင်တွေက 'သားသို့' ဆောင်းပါးရေးပါဦးလို့ ပြောကြတာက တစ်ကြောင်းပေါ့ကွယ်။

နောက်တစ်ကြောင်းကတော့ အငြင်းပွားရမယ့် ကိစ္စပဲ သား။

မဟာပုရိသတွေလား
ဒီခေတ်မှာတော့ ယောက်ျားလေးတွေရော မိန်းကလေးတွေပါ ရင်ပေါင် တန်းအလုပ်လုပ် ကြရတဲ့ခေတ်၊ အိမ်ထောင်တစ်ခုမှာ အိမ်ထောင်ဦးစီးက ယောက်ျားလေးပဲလို့ တထစ်ချသတ်မှတ်လို့ မရတဲ့ခေတ်ကွယ့်။

ဒါပေမဲ့ တစ်ဖက်က ပြန်စဉ်းစားပြန်တော့လည်း အိမ်ထောင် တစ်ခုမှာ အမြဲတမ်း ယောက်ျားလေးရော မိန်းကလေးပါ အလုပ်လုပ်မှ ၂၁ ရာစု

အိမ်ထောင်စုတစ်စု စံနဲ့ ကိုက်ညီမယ်လို့ ပုံသေကားကျ ဆုံးဖြတ် လို့ရသလား ဆိုတာကလည်း စဉ်းစားစရာ။

မိန်းကလေးတွေ အိမ်ထောင်ကျပြီးရင် အလုပ်မလုပ်သင့်ဘူးလို့ ထင်တဲ့သူတွေထဲမှာ ဆရာ မပါဘူးနော်။ ဆေးတက္ကသိုလ် ဝင်ခွင့်ကို ယောက်ျားကလေးနဲ့ မိန်းကလေးခွဲခြား သတ်မှတ်တာတောင် ဆရာအမြဲ ဆန့်ကျင်ခဲ့တယ်ဆိုတာ အားလုံး အသိပဲ။

ဒါပေမဲ့ ဆရာငယ်ငယ် အိမ်ထောင်ကျခါစကတော့ ဆရာ့ဇနီးကို အလုပ်မလုပ်ဖို့ ဆရာတောင်းဆိုခဲ့ဖူးသကွယ့်။

သူက ရှေ့နေပါ။ အဲသည်အလုပ်ကို သူ သိပ်ဝါသနာပါပြီး ဆောက်ချလုပ်မယ်ဆိုလည်း ဆရာတားဖြစ်မယ် မထင်ဘူး။ အဲဒီတုန်းက သူက LLB ဘွဲ့ရလို့သာ ရှေ့နေဖြစ်နေတာ သူ တကယ်လုပ်ချင်တာက စတိုးဆိုင် ဖွင့်တာမျိုးတဲ့။ အဲဒီတုန်း ကတည်းက ကလေးဆရာဝန်ဖြစ်ချင် လို့ စာကျက်နေတဲ့ ဆရာက စတိုးဆိုင်ဖွင့်တာထက်စာရင် တို့မွေးလာမယ့် ရင်သွေးလေးတွေကို ၂၄ နာရီ မိခင်စောင့်ရှောက်မှုမျိုးပေးနေတာ ပို မကောင်းဘူးလားလို့ ပြောခဲ့မိတယ်။

အဲဒါနဲ့ပဲ ဆရာ့သူငယ်ချင်း ဒေါက်တာ အောင်စန်းဦးက ဆရာ့ကို ပြောတယ်။ ‘မင်းက မဟာပုရိသ ဝါဒီပဲ၊ ယောက်ျား အလုပ်လုပ်မယ်၊ မိန်းမ အိမ်မှာ နေဆိုတဲ့ ကောင်စားမျိုး’ တဲ့။

အမှန်က အဲဒါမဟုတ်ဘူးနော်။

အလုပ်တိုင်း အလုပ်တိုင်းမှာ တန်ဖိုးကိုယ်စီ ရှိတယ်ဆိုတာကို ဆရာက ယုံကြည်သလို ယောက်ျားနဲ့ မိန်းမ ဘယ်အလုပ်မှာ ဘယ်သူက ပိုလုပ်နိုင်မယ်ဆိုတာ ခန့်မှန်းရ ခက်တယ်ဆိုတာက ဆရာယုံကြည်ပြီးသား။ နောက်ဆုံး အင်မတန် ခက်လှပါ တယ်ဆိုတဲ့ တိုင်းပြည်အုပ်ချုပ်တဲ့ အလုပ်

ကိုတောင် 'မိခင်' အုပ်ချုပ်စေချင်လွန်းလို့ မဲပေးခဲ့တဲ့ မြန်မာနိုင်ငံသားတွေ ထဲမှာ ဆရာလည်း ပါတာပဲ။ ဒါက တစ်ပိုင်း။

ဆရာက ကလေးတွေကို တန်ဖိုးထားတာ။ ကလေးတွေ ပျော်ရွှင် အောင်၊ ကျန်းမာအောင်၊ လိမ္မာအောင် အနည်းဆုံး မိဘတစ်ဦးဦးက အချိန်ပြည့် ပေးစေချင်တာ။ ကလေးတွေကို ပျော်ရွှင်အောင်၊ ကျန်းမာ အောင်၊ လိမ္မာအောင် စောင့်ရှောက် ပျိုးထောင်ပေးတဲ့ အလုပ်ကိုလည်း ဆရာဝန်အလုပ်၊ ရှေ့နေအလုပ်၊ စီးပွားရေး အလုပ်တွေလိုပဲ အရေးပါတဲ့ အလုပ်တစ်ခုလို့ ခံယူထားတာ။

ဆရာ့ဇနီးကို မိန်းမဖြစ်နေလို့ အိမ်မှာပဲ ထားချင်ပြီး ယောကျ်ားက အပြင်အလုပ်ထွက် လုပ်ချင်တာမျိုး မဟုတ်ဘူး။

ယေဘုယျပြောရရင်တော့ ယောကျ်ားနဲ့ မိန်းမနှစ်ယောက်မှာ တစ်ယောက်ပဲ အလုပ်လုပ်တဲ့ မိသားစုတွေမှာ ယောကျ်ားက အလုပ် လုပ် တာပိုများနေတာတော့ အမှန်ပေါ့။ ဒါပေမဲ့ ဒါလည်း အမြဲ မမှန်ပြန်ဘူး။ အထူးသဖြင့် ၂၁ ရာစုမှာ ပိုလို့တောင် မမှန်သေးတယ်။

ဆရာ့ အစ်မတစ်ယောက်ဆိုရင် အသက်ကြီးမှ အိမ်ထောင်ကျ တယ်။ အသက်ကြီးမှ အိမ်ထောင်ကျရတဲ့ အကြောင်းရင်းကလည်း သူက လေယာဉ်မယ် ဖြစ်နေပြီး သူ့ခင်ပွန်းက လေယာဉ်ပိုင်းလော့ ဖြစ်နေလို့ပဲ။ သူတို့က ဆရာ တပည့်တွေ ဆိုပါစို့။ အိမ်ထောင်ကျတော့ သူတို့ အလုပ် ထွက်လိုက်ကြတယ်။ အစ်မက အမေရိကန် ပြည်ထောင်စုက ကုလသမဂ္ဂရုံး ချုပ်မှာ အလုပ်ရတယ်။ သူ့ခင်ပွန်းက လိုက်နေတယ်။ သမီးကလေး တစ်ယောက်ရှိတယ်။ ပထမတော့ သူ့ခင်ပွန်းက အလုပ်လုပ်မလို့ပဲ။ သူ့မှာ ပညာရော လုပ်ငန်းအတွေ့အကြုံရော အကုန်ပြည့်ဝပြီးသား။ ဒါပေမဲ့ သမီး လေးကို တစ်ယောက်ယောက်က အချိန်ပေးမှ ဖြစ်မယ်လို့ ဆုံးဖြတ်ကြပြီး သူ အလုပ်မလုပ်တော့ဘူး။ ဆရာ ပြောတာ အဲသလို သဘောမျိုးပဲ။

အဲသလို ဆုံးဖြတ်ခဲ့ကြတာ မှားသလား၊ မှန်သလားဆိုတော့ သူတို့ အိမ်ထောင်လည်း အဆင်ပြေတယ်။ အစ်မက လခကလည်းကောင်း တယ်။ ရပ်ဝေးမြေခြားမှာ ကလေးငယ်နဲ့ နှစ်ယောက်စလုံး အလုပ် လုပ်ရလို့ အဘိုးအဘွားတွေ ရှိရာ မြန်မာပြည် ကလေးပြန်ပို့ရတဲ့ မိဘတွေထဲမှာ လည်း သူတို့မပါခဲ့ဘူး။ ခုဆို သမီးလေးတောင် ဘွဲ့ရသွားပြီ။

ဆရာတို့လည်း အိမ်ထောင်ကျခါစမှာ ဝင်ငွေနည်းလို့ တော်တော် ချို့ချို့ငဲ့ငဲ့ ရုန်းကန်ခဲ့ရပေမယ့် အိမ်ထောင်သက် ၂၇ နှစ်အတွင်းမှာ ဆရာ့ ဘွဲ့လွန်ပညာရေး အတွက်ရယ်၊ ကလေးတွေ ပညာရေးအတွက်ရယ် ခွဲနေ ရမယ့် အချိန်က ၁၃ နှစ်လောက်ကြုံခဲ့ရတော့ စောစောကလို ဆုံးဖြတ်ခဲ့ မိတာပဲ တော်ပါသေးရဲ့လို့ တွေးရပြန်ရော။

ဒီခေါင်းစဉ်ကတော့ ငြင်းခုံစရာ များလှပါတယ်ကွယ်။

အခုဆရာသားကို ပြောချင်တာက အဲဒီခေါင်းစဉ် မဟုတ်ဘူး။ အမိ ကက အိမ်ထောင်တစ်ခုမှာ ယောကျ်ားကလေးက အလုပ်လုပ်တဲ့ တစ်ဦး တည်းသောသူ (Bread earner) ဖြစ်ချင် ဖြစ်သွားတတ်တယ်ဆိုတဲ့ သဘော ကလေးပါ။

သည်တော့ ဘွဲ့ရလို့ပဲဖြစ်ဖြစ်၊ ဘွဲ့မရ သေးခင်ကတည်းက ဖြစ် ဖြစ် လုပ်ငန်းခွင်ဝင်ရမယ့် သားတို့လို ယောကျ်ားကလေးတွေအတွက် ဘယ်လိုအလုပ်မျိုး ရွေးချယ်ရမယ်ဆိုတာ အရေးကြီးတဲ့ စဉ်းစားစရာတစ်ခု ဖြစ်လာပြီပေါ့။

ဆရာ ဉာဏ်မီသလောက် အကြံပေးမယ်နော်။

လစာက ဘယ်လောက်အရေးပါသလဲ

အလုပ်တစ်ခုရဲ့ တန်ဖိုးကို လစာနဲ့ တိုင်းတာမလားလို့ မေးရင်တော့ ကျင်လည်ခဲ့ရာ ခေတ်နဲ့လည်း ဆိုင်သင့်သလောက်တော့ ဆိုင်မယ်ဆိုတာ ဆရာ သိပါတယ်။

ဥပမာ ဆရာတို့ အလုပ်စဝင်ခဲ့ရာ ဆိုရှယ်လစ်ခေတ်နဲ့ သွားနှိုင်း ယှဉ်ရင်တော့ ဆိုရှယ်လစ်ခေတ်မှာ အလုပ်ဝင်ဝင်ချင်း မိမိနဲ့ မိမိရဲ့ မိသားစု စားဝတ်နေရေးကို တာဝန်ယူနိုင်တဲ့ အလုပ်ဆိုတာမရှိသလောက် ရှားလေ တော့ ရာထူးဌာနန္တရ တစ်ခုအတွက်ပဲ အလုပ်ဝင်ပြီး စားဝတ်နေရေးကို ပြီးမှ ကိုယ့်ဟာကိုယ် ကြည့်အဖြေရှာကြရလေတော့ ကနဦးလစာကို ဘယ်သူမှ သိပ်မေးမနေတတ်ကြဘူး။ ဆရာတို့လည်း လစာ ၄၁၀ ကျပ် နဲ့ အလုပ် စလုပ်ခဲ့ရတာကို ကံဆိုးတယ်လို့ တစ်ခါမှ မထင်ခဲ့မိကြဘူး။

အခုတော့ အလုပ်ဝင်တယ်ဆိုတာကိုက သုံးမျိုးသုံးစား ရှိလာတယ်။ အစိုးရအလုပ် လုပ်တာရယ်၊ ပုဂ္ဂလိက လုပ်ငန်းတစ်ခုခုမှာ လခနဲ့ ဝင်လုပ် တာရယ်၊ ကိုယ်ကိုယ်တိုင်လုပ်ငန်း တစ်ခုကို ထူထောင်တာရယ်၊ သည် ခေတ်သည်အခါမှာတော့ ဘယ်အလုပ်လုပ်မှ ဂုဏ်ရှိတယ်ဆိုတာမျိုးလည်း အစွဲအလမ်းမကြီးတတ်ကြတော့ဘူး ဆိုတော့ လစာကို အခြေခံ စဉ်းစား မယ်ဆိုရင်လည်း အပြစ်တော့ မဆိုသာဘူး။

ဒါပေမဲ့ သေချာတာ တစ်ခုကတော့ အသက်မွေး ဝမ်းကျောင်း အတွက် အလုပ်အကိုင် ရွေးချယ်တဲ့အခါမှာ လူငယ်တွေဟာ ဘယ်နိုင်ငံ မှာပဲဖြစ်ဖြစ်၊ ဘယ်ခေတ်မှာပဲဖြစ်ဖြစ် လစာတစ်ခုတည်းနဲ့တော့ ဆုံးဖြတ်ခဲ့ ကြတာ မဟုတ်ဘူးဆိုတာပါပဲကွယ်။

လစာများတိုင်း
အလုပ်တန်ဖိုးမြင့်သလား

အခုတလောသားတို့ လူငယ်လေးတွေ ကြားထဲမှာ လူပြောများနေတဲ့ ကိစ္စကလေးတစ်ခု ရှိသကွယ့်။ အဲဒါကတော့ သင်ကြားထားတဲ့ ပညာနဲ့ အလုပ်ဝင်ရင်ရတဲ့ လစာကွာဟနေတဲ့ ကိစ္စပေါ့။

ဥပမာအားဖြင့် ကျောင်းဝင်ခွင့်အမှတ် အမြင့်ဆုံးလိုလို အမြဲဖြစ် ခဲ့တဲ့ ဆေးတက္ကသိုလ်က ပြီးတဲ့ ဆရာဝန်ကလေးတစ်ယောက်ရဲ့ လစာ ထက်ကို ဘဏ်တိုက်စာရေး တစ်ယောက်ရဲ့ လစာက အများကြီး ပိုများနေ တာမျိုးပေါ့။

ပြီးတော့ မကြာသေးခင်က ရေသန့်လုပ်ငန်းတစ်ခုက အလုပ်ခေါ်တဲ့ အခြေခံပညာပဲ တတ်ဖို့လိုတဲ့ ရေသန့်ဘူး သယ်တဲ့ အလုပ် သမားကလေး တစ်ယောက်ရဲ့ လစာဟာ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုက ခေါ်တဲ့ အငယ်တန်း အင်ဂျင်နီယာ ကလေးတစ်ယောက်ရဲ့ လစာထက် များနေတာ မျိုးပေါ့။

အင်ဂျင်နီယာ ဘွဲ့ရပြီးမှ ရေသန့်ဘူး သယ်ရမလို ဖြစ်နေပြီတို့၊ ဒီလို ဆိုရင် အစကတည်းက ဘယ်ဆေးကျောင်း တက်မလဲလို့ အဲသလို အသံ မျိုးတွေလည်း ကြားရသပေါ့ကွယ်။

အဲဒီကလေးတွေကို တကယ်အဲဒီအလုပ် လုပ်မလား လဲပေးမယ်လို့ ပြောရင်ရော။ ဘယ်နှယောက် ပြောင်းလုပ်ကြမယ်လို့ ထင်သလဲ။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အလုပ်တစ်ခုရဲ့ တန်ဖိုးကို လစာ တစ်ခုတည်းနဲ့ တွက်လို့မရဘူးဆိုတာ မသိသလိုလိုနဲ့ တကယ်တော့ ရင်ထဲ က သိနေလို့ပါပဲ။

ဆရာယူကေမှာ အလုပ်လုပ်နေတုန်းကလည်း ဆရာဆံပင် သွား ညှပ်နေကျ ဆံပင်ညှပ်သမားရဲ့ ဝင်ငွေဟာ ဆရာ့ ကလေး အထူးကုဆရာဝန် လစာထက် များတာပါပဲ။ ကိုယ့်အလုပ် သူမလုပ်တတ်သလို၊ သူ့အလုပ် လည်း ကိုယ်လုပ်နိုင်မှာမှ မဟုတ်တာ။ ဒါတွေဟာ ယှဉ်ပြောနေစရာ မလို ပါဘူး။ ပင်လယ်ကမ်းလွန်ရေနံတွင်းက အခြေခံပညာလောက်ပဲ တတ်တဲ့ အလုပ်သမားလည်းတွေ့ခဲ့ဖူးတယ်။ သူ့လစာကျတော့ ဆရာတို့ထက် များ

တာပေါ့။ ပင်လယ်ထဲမှာ သွားနေရတဲ့အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကြုံနိုင်တဲ့အတွက် ပိုပေးရတဲ့ ငွေတွေက ရှိသေးတာကိုး။ သူ့လုပ်ငန်းသဘော သဘာဝအတိုင်းပါပဲ။ သွားမနာလို နေစရာအကြောင်း မရှိပါဘူး။

မျှော်ကြည့်တတ်မှ ရွေးချယ်တတ်မယ်

ဆရာကတော့ လစာထက်စာရင် potential ဆိုတဲ့ ရေရှည်မှာ ဒီအလုပ် ကနေ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ မျှော်ကြည့်တတ်တဲ့ ဝသီကလေးကို အလုပ်ရွေးချယ်တဲ့နေရာမှာ မွေးတတ်ကြစေချင်တယ်ကွယ့်။

ဥပမာ စောစောက ဆံပင်ညှပ်သမားကလေးဟာ နောက် ၁၀ နှစ်ကြာလည်း ဆံပင်ပဲ ညှပ်နေမှာပဲ။ နောက်အနှစ်နှစ်ဆယ် ကြာလည်း ဆံပင်ပဲညှပ်နေမှာပဲ။ ဆံပင်ညှပ်တာ မကောင်းဘူး ဆရာမပြောဘူးနော်။ အဲဒီဘဝကို ပျော်တယ်။ ကျေနပ်တယ်ဆိုရင် ကောင်းတာပေါ့။ ကလေး အထူးကုဆရာဝန်ကလေး ဖြစ်ခဲ့တဲ့ ဆရာကတော့ နောက် အနှစ်နှစ်ဆယ် ကြာတော့ ပါမောက္ခဌာနမှူး ဖြစ်နေပြီလေ။ မမျှော်လင့်ဘဲ ဖြစ်လာခဲ့တာ မဟုတ်ဘူးနော်။ အဲသည် အချိန်ထဲက ဒီလမ်းလျှောက်ရင် ဒီခရီးပေါက်မယ် ဆိုတာ တွက်လို့ရပြီလား။

Vision ရှိရမယ်လို့ ပြောလေ့ရှိကြတယ်။ Potential ကိုမျှော် ကြည့်တတ်ရမယ်ပေါ့။ တချို့ လူငယ်ကလေးတွေဆို သာမန်ဘွဲ့ရ ကလေး တွေ ဘဝကနေရတဲ့ ကုမ္ပဏီမှာရတဲ့ အလုပ်ဝင်လုပ်၊ ရိုးသားမှုနဲ့ ကြိုးစားမှု ကို လူကြီးသိအောင် ကြိုးစား၊ လူကြီးက သတိထားမိတော့ လူယုံဖြစ်၊ အလုပ်မှာ နာမည်ရ၊ တခြားကုမ္ပဏီတွေကပါ လုခေါ်၊ တဖြည်းဖြည်းနဲ့ တက်လမ်းက ပွင့်သွားရုံသာမက တဖြည်းဖြည်း ရွေးစရာတွေ များများ သွားလိုက်တာ ဆရာတို့ နေ့စဉ်နဲ့အမျှ တွေ့နေရတာ ပဲလေ။

တက်လမ်း

တက်လမ်းလို့ ဆိုလိုက်ရင် သားတို့က နိုင်ငံခြားသွားရတာ၊ လစာ ပိုကောင်းလာတာ၊ ဘွဲ့တွေထပ်ရတာ၊ အိမ်ပိုင်ဝယ်နိုင်တာ၊ ကားစီးနိုင်တာ အဲဒါတွေ ကို ပြေးမြင်တတ်ကြတယ်။

ဆရာ့ကိုလည်း ကျွန်တော်တို့ ဒီလိုမျိုးလုပ်နေလို့ ဘယ်နှနှစ်နေမှ အိမ်ဝယ်နိုင်မှာလဲ။ ဘယ်နှနှစ်နေမှ ကားစီးနိုင်မှာလဲ၊ စသည်ဖြင့် မေးတဲ့ လူငယ်တွေလည်း ရှိတယ်။

ဒါတွေလည်း အရေးကြီးသင့်သလောက်တော့ ကြီးတာ အမှန်ပဲ။ တစ်သက်လုံး ဘတ်(စ်)ကားစီးရမယ်ဆိုတာမျိုးကို အသက် ၂၀ လူငယ် တစ်ယောက် ဘယ်စိတ်ကူးယဉ်ချင်ပါ့မလဲ။ ကိုယ်စီးခဲ့ရတယ် ဆိုရင်တောင် မှ ကိုယ့်သားသမီး လက်ထက်ကျရင် ကိုယ့်ထက်တော့ တင့်တင့်တယ်တယ် ထားနိုင်ချင်ကြတာ သဘာဝပဲလေ။

ဒါပေမဲ့ တက်လမ်းဆိုတဲ့ စကားလုံးမှာ အဲဒီထက် ကျယ်ပြန့်တဲ့ အဓိပ္ပာယ်တွေ ရှိနေသေးတာကိုတော့ သိစေချင်တယ်ကွယ့်။

Job satisfaction တဲ့၊ ဘဝကြီးနဲ့ ချီပြီးကို အရေးကြီးတာနော်။ ဆရာ ရေးဖူးတယ်။

'အောင်မြင်တဲ့ ဘဝဆိုတာ မိုးလင်း မျက်စိနှစ်လုံးဖွင့် မျက်နှာသစ်၊ သွားတိုက်၊ မနက်စာစားပြီးရင် သွားရမယ့် အလုပ်ဟာ ကိုယ်သွားချင်တဲ့ အလုပ်ဖြစ်နေမှဖြစ်မှာ' လို့။

Material Success လို့ခေါ်တဲ့ ပစ္စည်း ဥစ္စာစည်းစိမ်တွေအတွက် အာမခံချက်ရလို့ အလုပ်တစ်ခုကို လုပ်ပေမယ့် အဲဒီ အလုပ်ခွင်ဟာ ကိုယ် မပျော်ပိုက်တဲ့ အလုပ်ခွင်ဖြစ်နေရင် ရွေးစရာ လမ်းကြောင်းနှစ်ခုပဲ ရှိတော့ တယ်။ ကိုယ်က မှားနေတာလား၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့ ကြိုးစားပါ။

ကိုယ့်ရွေးချယ်မှုက မှားနေတာလား။ ဒါဆိုရင်တော့ အလုပ် ပြောင်းရတော့ မယ်။ စိုက်ထုတ်ခဲ့ပြီးတဲ့ အချိန်တွေ၊ လုံ့လတွေကတော့ အဆုံးရှုံးပဲ ခံရ တော့မှာပါ။

ဒါကြောင့် တက်လမ်းရှိတဲ့ အလုပ်ဆိုတာ ရာထူးပညာ စည်းစိမ်တွေ တိုးတက်ဖို့ လမ်းရှိရုံသာမကဘဲ ကိုယ့်ရဲ့ လုပ်ငန်းခွင် ပျော်ရွှင်မှုတဖြည်းဖြည်း တိုးတက်သထက် တက်သွားမယ့် တက်လမ်းမျိုးပါရှိဖို့ လိုတယ် သား။

နောက်ဆုံးတစ်ချက် အရေးကြီးတာကတော့ မိမိသာ တိုးတက်ရုံ သာမကဘဲ မိမိနဲ့ ထိတွေ့ရာ မိမိကျင်လည်ရာ ပတ်ဝန်းကျင်ကို တစ်နည်း မဟုတ်တစ်နည်း အကျိုးပြုနိုင်ခွင့်လည်း ရဖို့လိုပြန်တယ်သား။ မယုံမရှိပါနဲ့၊ အဲဒီစကား အမှန်ဖြစ်ကြောင်းကို ဆရာတို့ အရွယ်ကျရင် သားတို့ ကောင်း ကောင်း သိလာမှာပါ။ ဆရာကတော့ သားတို့ အရွယ်ကတည်းက သိစေ ချင်လို့ ရေးပေးနေရတာပါ။

မိမိ အသက်မွေးဝမ်းကျောင်း အနေနဲ့ လုပ်တဲ့ အလုပ်ကနေပဲ ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်စွမ်း ကြီးမားတဲ့ လူတွေဟာ ကိုယ့်အလုပ်ကို ကိုယ်ဂုဏ်ယူကျေနပ်ပျော်ရွှင် နေတတ်ကြပြီး၊ မိမိလုပ်ငန်းဟာ ပတ်ဝန်း ကျင်အတွက် ဘာမှထူးထူးခြားခြား ပြောင်းလဲမှု မပေးနိုင်တဲ့ သူတွေကျ တော့ ငြီးငွေ့နေတတ်ကြတယ်။ မိမိလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်စေတတ် သူတွေကျတော့ သိမ်ငယ်စိတ်တွေ ဝင်နေ တတ်ကြပြန်တယ်။

ဂုဏ်ယူကျေနပ် ပျော်ရွှင်နေရတာ ကောင်းတာပေါ့ သား။

အလုပ်ကလည်း ကိုယ့်ကို ရွေးပါမှ

အခု ဆရာရှင်းပြခဲ့တဲ့အတိုင်း ကိုယ့်ဘဝအတွက် အရေးပါတဲ့ အလုပ်ကို ရွေးချယ်လို့ ရသွားပြီဆိုရင် ပိုသိမ်မွေ့တဲ့ အပိုင်း တစ်ပိုင်းက ပေါ်လာပြန်ပြီ။

အလုပ်ကလည်း ကိုယ့်ကို ရွေးချယ်ဖို့ပေါ့။

စိတ်မပူပါနဲ့ သားရေ။

ဆရာ ဆက်ရေးဦးမှာပါ။

၁

## အင်တာဗျူး

သားရေ

အရင်ဆောင်းပါးမှာ အလုပ်တစ်ခုကို ဘယ်လို ရွေးချယ်မလဲ ရှင်းပြခဲ့ပြီး အခု ဒီဆောင်းပါးမှာတော့ ကိုယ် ရွေးချယ်တဲ့ အလုပ်က ကိုယ့်ကို ရွေးချယ်အောင် ဘယ်လိုလုပ်မလဲ ဆက်ရေးမယ်လို့ ဆရာ ကတိ ပေးခဲ့ တယ်နော်။

လာပါပြီကွယ်။

အင်တာဗျူး ဖြေနည်းလို့ပဲ အလွယ်ပြောကြပါစို့။

ရင့်ကျက်မှုက အဓိက

အခြေခံ အလုပ်သမား တစ်ယောက်ဘဝမျိုးကို ရည်မှန်းထားတဲ့ လူငယ် တွေက ဆရာ့စာတွေ ဖတ်နေမှာ မဟုတ်တော့ တစ်နေ့နေ့မှာ ခေါင်းဆောင် ပိုင်းကို ရောက်အောင်လှမ်းကြမယ့်၊ အသိပညာ အတတ်ပညာပြည့်ဝ တန်သလောက် ပြည့်ဝပြီး ရှေ့လျှောက်လည်း စဉ်ဆက်မပြတ် ဆည်းပူး လေ့လာကြဖို့ ဝန်မလေးတဲ့ လူငယ်တွေအတွက် အဓိကထားပြီး ပြောမယ် နော်။

ကိုယ့်ကို အလုပ်ခေါ်တဲ့ အလုပ်ရှင်တစ်ဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုဟာ အဲဒီအလုပ်နေရာမှာ ဝင်လာမယ့် လူငယ်တွေကို တစ်နေ့နေ့မှာ သူတို့အလုပ်ရဲ့ ခေါင်းဆောင်ပိုင်းအထိ ရောက်အောင် လေ့ကျင့်ပျိုးထောင် ဖို့

စိတ်ကူးရှိတယ်ဆိုရင်၊ သူတို့ မျှော်လင့်နေမယ့် အရည်အချင်းပေါင်း များစွာထဲမှာ အဓိကအကျဆုံး အရည်အချင်းက ရင့်ကျက်မှုပဲ ဖြစ်တယ် ကွယ့်။

လူငယ်ပဲရှိသေးတဲ့ သားတို့အရွယ်မှာ ရင့်ကျက်မှုကို မျှော်လင့် လို့ရမလားလို့ တွေးစရာရှိပေမယ့် အင်တာဗျူးပေါင်း များစွာကို ဖြေလည်း ဖြေခဲ့၊ မေးလည်း မေးနေဆဲဖြစ်တဲ့ လူကြီးတစ်ယောက်ရဲ့ အတွေ့အကြုံ အရ ပြောရရင် ခေါင်းဆောင်ငယ်တစ်ယောက်၊ တစ်နေ့နေ့မှာ ခေါင်း ဆောင်ကောင်း ဖြစ်လာနိုင်တဲ့ လူငယ်တစ်ယောက်ကို လိုချင်နေတဲ့ လူကြီးတစ်ယောက်အတွက် သားတို့ဆီမှာ သူအလိုချင်ဆုံး အရည်အချင်း ကို တစ်ခွန်းတည်း ပြောပါလို့ဆိုရင် ရင့်ကျက်မှုပဲလို့ ဖြေရမှာကွယ့်။

ရင့်ကျက်မှုဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းကို လိုက်မေးရင်တော့ လူ အမျိုးမျိုး အဖြေအထွေထွေ ရမှာ သေချာတယ်။

အသက်ကြီးသွားရင် ရင့်ကျက်တာလား။ ဘာကိုမှ သိပ်မတုန် လှုပ်တတ်တော့ရင် ရင့်ကျက်တာလား၊ လောဘနည်း သွားတာ ရင့်ကျက် တာလား၊ သားတို့အရွယ် လူငယ်တစ်ယောက်ဆီမှာတော့ ဒါတွေရဖို့ ခက်မှာ အမှန်ပဲ။

တကယ်တော့ ရင့်ကျက်တယ်ဆိုတာက သူများဘက်က မြင် အောင် ကြည့်ပေးတတ်တာပဲကွယ့်။ သူများဘက်က မြင်အောင် ကြည့်ပေး တတ်တဲ့ လူဟာ အရာရာကို အောင်နိုင်တယ်။ စာမေးပွဲဖြေရင် စာမေးတဲ့ သူ ဘာလိုချင်တယ် ဆိုတာ သိနေတာမျိုး၊ လုပ်ငန်းလုပ်တဲ့အခါ ဖောက် သည် ဘာလိုချင်တယ်ဆိုတာ ရိပ်မိနေတာမျိုး၊ စာသင်ပေးတဲ့အခါ သင်တန်းသား ဘယ်လို စဉ်းစားနေလိမ့်မယ်လို့ တွက်ဆတတ်တာမျိုး၊ ဒီလို လူမှ မအောင်မြင်ရင် ဘယ်သူက အောင်မြင်နိုင်မှာတဲ့လဲ။ အင်တာဗျူး ဖြေတဲ့ အခါလည်း အဲသလိုလူမျိုးက အလုပ်ခန့်မယ့်လူ ဘာလိုချင်တယ် ဆိုတာ ဒက်ခနဲ သိသကွယ့်။

ဥပမာ- တစ်ခုပေးမယ်နော်။

အရောင်းဆိုင်တစ်ခု ပိုင်ရှင်သူဌေးက အလုပ်မှာ မျက်နှာလွှဲရမယ့် လူယုံလိုချင်တော့ အလုပ်ခေါ်သကွယ့်။ ဘွဲ့ရရမယ်၊ အသက် သုံးဆယ် အောက် ဖြစ်ရမယ်။ ဘာညာပေါ့။ မန်နေဂျာ ရာထူးကွယ့်။ အဲဒီသူဌေး ပေးထားတဲ့ ဖုန်းနံပါတ်ကို လူကြီး တစ်ယောက်က ဖုန်းဆက်ပြီး သူ့သား အဲဒီအလုပ်ကို လျှောက်ချင်လို့ဆို စုံစမ်းသတဲ့။ လခဘယ်လောက်ရမှာလဲ။ ဘာခံစားခွင့်တွေရော ရှိမှာလဲ စသည်ဖြင့်ပေါ့။

တကယ့် အဖြစ်အပျက်ပါကွယ်။

အဲဒီသူဌေးက ဆရာ့ကို ပြန်ပြောပြတာ။ အဲဒီလူငယ်ကို သူမလာ နဲ့တော့လို့ ပြောလိုက်သတဲ့။ စဉ်းစားကြည့်လေ။ မန်နေဂျာလုပ်မယ့် လူက သူသိချင်တာ သူဖုန်းဆက် မမေးဘဲ မိဘကို မေးခိုင်းတယ် ဆိုကတည်းက ဟိုဘက်က အလုပ်ခန့်မယ့်သူက သူ့ကို မျက်နှာလွှဲရမယ့် လူစားမျိုးလို့ မြင်ပါတော့မလား။ ပြီးတော့ အလုပ်ရဲ့ သဘောသဘာဝအရ သူလုပ်ပေး နိုင်တဲ့ အလုပ်မျိုး ဟုတ်ပါ့မလားဆိုတာကို နည်းနည်းမှ စိတ်မဝင်စား၊ မစုံ စမ်းဘဲ သူ့အတွက် ဘာရမှာလဲ ဆိုတာပဲမေးနေတဲ့ လူငယ်မျိုးကို ဘယ် အလုပ်ရှင်က လိုချင်မှာတဲ့လဲ။

ဒါဆို ဆရာပြောချင်တဲ့ ရင့်ကျက်ခြင်း ဆိုတာကို သဘောပေါက် နိုင်လောက်ပါပြီနော်။

အသွင်အပြင်

ရုပ်ချောတဲ့သူ၊ အရုပ်ရှည်တဲ့သူ၊ အပြောညက်တဲ့ သူတွေဟာ ရုပ်ဆိုးတဲ့သူ၊ အရုပ်ပုတဲ့သူ၊ အပြောမညက်တဲ့သူတွေထက် အလုပ် ပိုရတတ်တယ် ဆိုတာကိုတော့ နိုင်ငံတကာမှာလည်း တွေ့ရတတ်သကွယ့်။ အမေမွေး ပေးတဲ့

ရုပ်၊ ပြင်လို့ရတာမှ မဟုတ်တာကွယ်။ ဒါ မပါလာလို့ အားငယ်နေလို့တော့လည်း မဖြစ်ချေဘူး။

ဒါပေမဲ့ အသွင်အပြင်ဆိုတာ ရုပ်ချောရုံ၊ အရုပ်ရှည်ရုံ၊ အပြောညက်ရုံလောက်နဲ့တော့လည်း မဟုတ်သေးဘူး။

ရင့်ကျက်မှုကို ထင်ဟပ်ပြနိုင်တဲ့ အသွင်အပြင်မျိုးတော့ ဖြစ်ဖို့ လိုသကွယ့်။ ရင့်ကျက်တာနဲ့ လူကြီးရုပ်ပေါက်တာနဲ့ တခြားစီနော်။ ကိုယ့် ရုပ်ကို ပထမဦးဆုံး စမြင်ဖူးမယ့် သူဘက်က စဉ်းစားပေးတတ်ဖို့ ပြောတာ။

ဥပမာ–ဆံပင်အနီရောင်ဆိုး၊ ခေတ်ဆန်ဆန် ပုံသွင်း၊ နားကပ်ပန်ပြီး အင်တာဗျူး သွားဖြေမယ့် ယောကျ်ားကလေး တစ်ယောက်ကို ဖက်ရှင်နဲ့ ပတ်သက်တဲ့ လုပ်ငန်းမျိုးကလွဲရင် ဘယ်သူမှ ရွေးချင်မှာ မဟုတ်ဘူး။ ခေတ်ပဲ လက်ခံရမှာပေါ့လို့ သွားပြောလို့ မရဘူးနော်။ လုပ်ငန်းတစ်ခုကို အောက်ခြေက စပြီး လေ့လာပြီး စေတနာပါပါ သွက်သွက်လက်လက် လုပ် ပေးမယ့် ယောကျ်ားကလေး တစ်ယောက်ကို မျှော်လင့်နေတဲ့ ဘယ်အလုပ် ရှင်မှ တစ်ချိန်လုံး မှန်ကြည့်နေမှာ သေချာတဲ့ ယောကျ်ားကလေးမျိုးကို လိုချင်လိမ့်မယ် မထင်နဲ့။

ဒါခေတ် မဟုတ်ဘူးနော်။

ရင့်ကျက်မှုပဲ။

အရည်အချင်း

အရည်အချင်းဆိုတာမျိုးက အလုပ်သွားလျှောက်မှ ပြည့်အောင်ဖြည့်လို့ ရတဲ့ အရာမျိုးတော့ မဟုတ်ဘူး။ ဘဝတစ်လျှောက်လုံး နည်းနည်းစီ ဖြည့်လာရမယ့်ကိစ္စ၊ ဆက်လည်း စဉ်ဆက်မပြတ် ဖြည့်သွားရမယ့်ကိစ္စ။

အရည်အချင်းလို့ ပြောရင် 'ပညာ' ကို အဓိက ပြေးမြင် တတ်ကြ တယ်။ ပညာလည်း ပါတာတော့ အမှန်ပဲ။ ပညာတောင် နှစ်မျိုးခွဲဖို့ လိုသေး တယ်။

အတန်းပညာနဲ့ လုပ်ငန်းခွင် အတွေ့အကြုံဆိုပြီး ဒီနှစ်ခုစလုံး လုပ်ငန်းသဘော သဘာဝအရ အချိုးအစားတစ်ခုနဲ့ ရှိနေရမှာတော့ အမှန် ပဲ။

ဒါပေမဲ့ အလုပ်တစ်ခုရဖို့ အရည်အချင်းက ပညာချည်းပဲတော့ မဟုတ်ဘူးကွယ့်။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ သုံးခုစလုံး လိုတယ်။ ဒါတောင် ပညာက နောက်ဆုံးမှာ လာတာနော်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ ဆုံးမစကားတွေထဲမှာလည်း ‘စိတ်ကောင်းရှိဖို့က ပထမ’ ဆိုတာပါတတ် တယ်ကွယ့်။

စိတ်ဓာတ်ကို အင်တာဗျူးမှာ ဘယ်လို မေးမလဲလို့ ပြောစရာရှိ တယ်။ ဒါကတော့ အင်တာဗျူးမေးသူရဲ့ လူကဲခတ် ကျွမ်းကျင်မှုနဲ့ ပညာ အရည်အချင်းမှာ တော်တော်မူတည်သွားပြီ။

အဆက်အသွယ်ကောင်းတဲ့ လူငယ်တွေကို ဦးစားပေး ရွေးချယ်နေ တဲ့ အင်တာဗျူးမျိုးတွေကိုတော့ စကားထဲ ထည့်မပြောကြစို့ရဲ့။ တကယ် အရည်အချင်းရှိတဲ့ လူငယ်တွေကို ရွေးချင်နေတဲ့ အင်တာဗျူးသူတွေကတော့ တကယ်လည်း ပညာပြည့်ဝတတ်ကြပါတယ်။

ဥပမာတစ်ခုပြောရရင် စင်ကာပူနိုင်ငံကို ပညာတော်သင် လွှတ် ဖို့ အင်တာဗျူးမှာ မေးခွန်းတစ်ခု ဆရာမေးဖူးတယ်။ ရိုးရိုး ကလေးပါပဲ။ စင်ကာပူနိုင်ငံမှာ မြို့ဘယ်နှမြို့ ရှိသလဲလို့။ ဖြေသူက မသိဘူးလို့ ဖြေတယ်။ ဆရာ့စိတ်ထဲက ပယ်ပစ်လိုက်တယ်။ အထူးကု ဆရာဝန်သင်တန်း သွား တက်မယ့်သူက ပထဝီဆိုင်ရာ ဗဟုသုတမရှိတာ အပြစ်လားလို့ ဆင်ခြေ တက်လို့ မရဘူးနော်။ ကိုယ်သွားချင်ပါတယ်လို့ လာလျှောက်တဲ့ နိုင်ငံဟာ မြို့လေးတစ်မြို့ သက်သက်ပဲရှိတဲ့ နိုင်ငံဆိုတာကို လေ့လာမထားတတ်တဲ့ လူငယ်တစ်ယောက်ရဲ့

စိတ်ခါတ်ဟာ တခြားသော ကိစ္စတွေမှာလည်း လေ့လာမှု အားကောင်းလိမ့်မယ်လို့ ဆရာ ဘယ်လိုလုပ် ယုံရမှာတဲ့လဲ။

စည်းကမ်းလည်း မေးတတ်ရင် ရတာပဲလေ။

တစ်ခါတလေကျတော့ ဘွဲ့လက်မှတ်ကြီးတွေ ထုတ်ပြပြီး သက်သေ ထူရတဲ့ အတန်းပညာထက်ကို အဲသလို အရည်အချင်းတွေက ပိုအရေး ပါသွားတတ်တဲ့ အခါတွေ အများကြီး ရှိသကွယ့်။

အဲဒါတွေအတွက် ဘယ်လို ပြင်ဆင်ထားရမလဲ။ ဟုတ်လား။ စာ များများဖတ်။ လူတွေကို စိတ်ဝင်တစား လေ့လာတတ်တဲ့ အလေ့အကျင့် လုပ်။ တဖြည်းဖြည်း လူတွေကို နားလည်လာသလို ကိုယ့်ကိုယ်ကိုယ်လည်း နားလည်လာမယ်။

ရင့်ကျက်လာမယ်ပေါ့ကွယ်။

ရိုးသားမှုဟာလည်း အလုပ်ရဖို့ မရှိမဖြစ်လိုတဲ့ အရည်အချင်း တစ်ခုပဲကွယ့်။

အလုပ်ခန့်မယ့် လူဘက်ကနေ စောစောက ဆရာပြောတဲ့ရင့်ကျက် မှုကလေးနဲ့ စဉ်းစားကြည့်ပေးလိုက်ဦး။

လူတစ်ယောက်ကို သူ နှစ်နဲ့ချီပြီး ယုံကြည်အားကိုးလို့ ရမရ၊ သူ မိနစ်ပိုင်းနဲ့ ဆုံးဖြတ်ရမှာနော်။

သူ့ဘက်က ဘယ်လောက် စိတ်ပူနေလိမ့်မလဲ။

ကိုယ့်ရဲ့ ရိုးသားမှုကို သူအဲဒီမိနစ်ပိုင်း အတွင်းမှာ နည်းနည်း ကလေး သံသယဝင်တာနဲ့ 'ဟင်' ခနဲ ဖြစ်သွားလိမ့်မယ်။

တစ်ခါက ဆရာ နိုင်ငံခြားသားတွေနဲ့အတူ အလုပ် အင်တာဗျူး တစ်ခု မေးပေးဖူးတယ်။ လာလျှောက်တဲ့ လူငယ်တစ်ယောက်က ဆရာတို့ ပေးမယ့် အလုပ်ထက်ကို သူ့ပညာ အရည်အချင်းနဲ့ လုပ်ငန်းအတွေ့အကြုံက ပိုနေတယ်။

သူလုပ်ခဲ့ဖူးတဲ့ အလုပ်တွေကလည်း ဆရာတို့ ပေးနိုင်တဲ့ အလုပ်ထက် ပိုကောင်းနေတယ်။ ရှင်းရှင်းပြောရင် သူဘာလို့ လာလျှောက် သလဲ၊ ဆရာတို့ စဉ်းစားလို့မရဘူး။ ဒီထက် ပိုရှင်းရှင်း ပြောရရင် သူ ဟို အလုပ်တွေမှာ ပြဿနာဖြစ်ခဲ့တာလားဆိုတာကို ဆရာတို့က စိတ်ပူတယ်။

ဒီတော့ သူ့ကို ဒီအလုပ်မျိုး ဘာလို့ လာလျှောက်တာလဲလို့ ပွင့်ပွင့်လင်းလင်း မေးလိုက်တယ်။ သူက အပြောင်းအလဲ သဘောမျိုး လုပ်ကြည့်ချင်လို့ပါလို့ပဲ ဖြေတယ်။ ဆက်မေးတော့လည်း ဘာမှ တိတိ ကျကျ ထုတ်မပြောဘူး။ လက်ရှိ အလုပ်က သူလုပ်ဖူးတဲ့ အလုပ်တွေနဲ့စာရင် ရပိုင်ခွင့် ပိုနည်းပြီး ပိုပင်ပန်းကြောင်း သူ ရိပ်မိလောက်အောင် ပြောပြ တယ်။ သူကရယ်ပြီး 'ရတယ်၊ အဲဒါတွေ အားလုံး ကျွန်တော် လုပ်နိုင်တယ်' ပဲ တွင်တွင်ဖြေနေတယ်။ ဆရာတို့ သူ့ကို မရွေးလိုက်ဘူး။

နောက် လူငယ်တစ်ယောက်က ဆရာတို့ အလုပ်နဲ့ ပတ်သက် လို့ သူသိချင်တာတွေ ပြန်မေးတယ်။ လုပ်နိုင်မလားလို့ မေးတဲ့ မေးခွန်း တွေကို ဘာလုပ်ရမယ်ဆိုတာ သူ တိတိကျကျ သိရတဲ့အထိ စစ်စစ်ပေါက် ပေါက် မေးတွက်ချက်ပြီးမှ လုပ်နိုင်တယ်လို့ ဖြေတာ။ ပြီးတော့ လက်ရှိ အလုပ်ကို သူ နို့တစ်ပေးရမယ့် အချိန်ကို တွက်ပြပြီး စောင့်နိုင်လားလို့လည်း ဆရာတို့ကို ပြန်မေးတယ်။ ညှိတယ်။

ဒါပေါ့။ ဆရာတို့ သူ့ကို ရွေးလိုက်တယ်လေ။

ရိုးသားမှုက သိပ်အရေးကြီးတယ် မဟုတ်လား။

ကဲ။

ဒီလောက်ဆို သားတို့ ကိုယ်ရွေးချယ်ထားတဲ့ အလုပ်က ကိုယ့်ကို ရွေးချယ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဆရာပြောပြချင်တဲ့ အချက် တွေကို ရိပ်မိလောက်ပြီထင်တယ်။

အလုပ်ထဲမှာ အများယုံကြည်လေးစားရတဲ့ သူမျိုးဖြစ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဆရာ တစ်ခါလောက်တော့ ရေးပါဦးမယ်ကွယ်။

သားတို့ဘဝ တိုးတက်အောင်မြင်ကြပါစေ။

၁

## အလုပ်ထဲမှာ 'စတား'ဖြစ်ဖို့

သားရေ

'သမီးသို့' စာအုပ်တုန်းက သမီးတွေရဲ့ နေ့စဉ် နေထိုင်မှု ဘဝတွေအတွက်၊ အလှအပအတွက်၊ အချစ်ရေး အိမ်ထောင်ရေးအတွက် အရေးကြီးတာတွေ အကုန်ရေးပေးခဲ့ပြီး သားတွေ အတွက်ရေးတဲ့ ဆောင်းပါးတွေက 'အလုပ်' နဲ့ ပတ်သက်တာပဲ များနေတယ်လို့ သားတို့က ထင်ကောင်းထင်နိုင်တယ်။

အမှန်တော့ sex discrimination လို့ ခေါ်တဲ့ ကျားမ ခွဲခြားဆက်ဆံမှုကို အားမပေးတော့တဲ့ သည်ခေတ် သည်ကာလမှာ 'သမီး သို့' ထဲမှာလည်း သားတွေနဲ့ ဆိုင်တာတွေ ပါသင့်သလောက် ပါနေခဲ့တယ် ကွယ့်။

နောက်တစ်ခုက ဆယ်ကျော်သက် အရွယ်ဝင်ခါစ ယောကျ်ား ကလေး တစ်ယောက်ကို အရွယ်ရောက်လာတဲ့ အခါမှာ ဘယ်လို လူပျို လူရွယ် တစ်ယောက် ဖြစ်လာချင်လဲ ဆိုတာမျိုး မေးခွန်းတွေမေးရင် တခြား မေးခွန်းတွေမှာသာ အဖြေအမျိုးမျိုး ထွက်ချင်ထွက်မယ်။ 'ထင်ပေါ်' ချင် သလားဆိုတဲ့ မေးခွန်းကိုတော့ ထင်ပေါ်ချင်တယ်လို့ အနည်းဆုံးစိတ်နဲ့ ဖြေကြမှာ အမှန်ပဲကွယ်။

ဗန်းစကားနဲ့ ပြောရရင်တော့ စတား ဖြစ်ချင်တယ်ပေါ့ကွယ်။

ရုပ်ချောရင်လည်း စတားဖြစ်တာပဲ။

စာတော်ရင်လည်း စတားဖြစ်တာပဲ။

အားကစား ထူးချွန်ရင်လည်း စတားဖြစ်တာပဲ။

ဒါပေမဲ့ ဒါတွေဟာ ဘယ်ဟာမှကြာကြာ မခံဘူးနော်။ ဘဝမှာ နှစ်ရှည်လများ စတားဖြစ်ဖို့ ဆိုရင်တော့ အလုပ်မှာ စတားဖြစ်ဖို့လိုမယ်လို့ ဆရာ ပြောရင် ငြင်းနိုင်မလား။

မကြာသေးခင်က ကွယ်လွန်သွားတဲ့ အက်ပဲလ် တီထွင်သူ စတိဗ် ဂျော့ ကိုကြည့်။

ထိပ်ပြောင်ပြောင်နဲ့ ဘယ်တုန်းကမှ သိပ်ရုပ်မချောခဲ့သလို ဝတ်တာ စားတာလည်း တစ်သက်လုံး ရိုးရိုးကြီး။ စာလည်း သိပ်တော်ခဲ့တာ မဟုတ် သလို အားကစားလည်း သိပ်ထူးချွန်တာ မဟုတ်ခဲ့တာ သားတို့ အသိပဲ။

ဒါပေမဲ့ သူ မကွယ်လွန်ခင်ကတည်းက သူ့ကို Hero worship လုပ်တဲ့သူ၊ သူ့ရဲ့ကောင်းအနေနဲ့ တန်ဖိုးထားသူတွေ များလွန်းလို့ သူ့ပုံတူ စားပွဲတင် အရုပ်ကလေးတွေတောင် ရောင်းမလောက်ခဲ့တာ သားတို့အသိ။

ဘဝတစ်လျှောက်လုံး စတားဖြစ်ချင်ရင် အလုပ်ထဲမှာ စတားဖြစ်ဖို့ လိုတယ်ကွယ့်။

အလုပ်ထဲမှာ စတားဖြစ်ပြီဆိုတာနဲ့ စားဝတ်နေရေးကိစ္စ၊ ထင်ပေါ် ကျော်ကြားမှု၊ နေ့စဉ် မိမိအလုပ်ရဲ့ လူမှုဘဝကို ကျေနပ်မှု (Job satisfaction) ဒါတွေအားလုံး လိုက်လာရုံသာမက နှလုံးသားရေးရာ ကိစ္စတွေ မှာတောင် မျှော်လင့်ချက်တွေ ပိုကောင်းလာတတ်တာ အမှန်ပဲ။

အလုပ်ကို ချစ်မှ

ရှေ့ဆောင်းပါးတွေမှာ အလုပ်ကို ဘယ်လို ရွေးချယ်မယ်ဆိုတာရယ် အလုပ်က ကိုယ့်ကို ရွေးချယ်အောင် ဘယ်လို လုပ်မယ် ဆိုတာရယ် ဆရာ ရေးခဲ့တယ်နော်။

အခု အလုပ်ထဲ ရောက်သွားပြီ။

ခုမှ ဝင်ရတဲ့သူဆိုတော့ ထုံးစံအတိုင်း အလုပ်သင် ဘဝမှာပဲ ရှိသေးတာပေါ့။ အဲဒီ နေရာမှာ ခဏလေးရပ်ပြီး ဆင်ခြင် ကြည့်ကြရအောင် နော်။ ဒီအလုပ်က ချစ်စရာကောင်း၊ မကောင်း။

ဟုတ်တယ်လေ။ ရွေးခဲ့ပြီးပြီလေ။ ရွေးတယ်ဆိုကတည်းက ချစ်စရာ ကောင်းတယ် ထင်လို့ ရွေးခဲ့တာပဲ။ ဒါပေမဲ့ စိတ်ကူးနဲ့ လက်တွေ့က တစ်ထပ်တည်း ကျချင်မှတော့ ကျမှာပေါ့။

အခု အလုပ်ထဲ တကယ်ရောက်ပြီဆိုတဲ့ အခါကျတော့ တစ်ချက် ထပ်ပြီး ဆင်ခြင်ကြည့်လိုက်ဦး။

ဒီအလုပ် ဒီ professional ကို နှစ်ရှည်လများ လုပ်သွားဖို့ ကိုယ် တကယ် ဆုံးဖြတ်နိုင်ပြီလားလို့။

ဘယ်လုပ်ငန်းခွင်မှာမဆို မြင့်မြင့် တက်ချင်ရင် အချိန်ကြာကြာ လိုမှာ မလွဲမသွေပဲကွယ့်။ အဲဒီတော့ လုပ်ငန်း အမျိုးအစားမတူတဲ့ အလုပ် တွေကို ခဏခဏ ခုန်ကူးနေတတ်တဲ့ လူငယ်တစ်ယောက်ဟာ အသက်ကြီး လို့သာ လူရွယ် လူလတ်ဖြစ်လာမယ်။ လူကြီးဖြစ်လာမယ်။ ခေါင်းဆောင်ပိုင်း ကို ရောက်မလာတတ်ဘူးကွယ့်။

ဒီတော့ အရင်ဆုံးဖြတ်။ ဒီအလုပ်ကို ကိုယ်ချစ်နိုင်သလား။

တစ်ခါတလေ အိမ်ထောင်ဖက် ရွေးတာထက်တောင် စဉ်းစားရ သေးတာနော်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ အလုပ်တွေဟာ မိမိ ၂၄ နာရီ ရဲ့ အချိန်တွေကို အိမ်ထောင်ဖက်ထက်တောင် ပိုပိုင်နေတတ်တာမျိုး။ ဥပမာ- ဆရာတို့ ဆရာဝန် အလုပ်လိုမျိုးပေါ့။ မချစ်ဘဲနဲ့ အောင့်ကာနမ်း ဖို့တော့ အခက်သားလား။

ဒီနေရာမှာ positive mind လို့ခေါ်တဲ့ အကောင်းမြင်စိတ် ကလေး လည်း နည်းနည်းတော့ လိုသကွယ့်။ ဘယ်အလုပ်ပဲ ဖြစ်ဖြစ် စလုပ်ခါစမှာ လေ့လာစရာကများ၊ ကြိုးစားရတာကများ၊ Adjustment လို့ခေါ်တဲ့ ညှိနှိုင်းရတာတွေကလည်း များသကွယ့်။ လူလူချင်း၊ ညှိနှိုင်းရတာတွေအပြင် မိမိပုံစံကျနေတဲ့ အကျွမ်းတဝင်ဖြစ်နေတဲ့ အဆင်ပြေနေတဲ့ နေ့စဉ် နေထိုင် မှုပုံစံ၊ social life လို့ခေါ်တဲ့ လူမှုဆက်ဆံရေး ပတ်ဝန်းကျင်ကိုပါ ပြင်ပေး ရတာမျိုးတွေက ရှောင်လွှဲလို့မရတော့ အနည်းနဲ့ အများဆိုသလို စပ်မှု စပ်လောင်တော့ ရှိကြတာပဲ။ ဒါကို အ ဆိုးမြင်စိတ်နဲ့ ဒီအလုပ်မှာ ငါ မပျော်ဘူးလို့ လွယ်လွယ်ဆုံးဖြတ်ပြီး ပြောင်းလိုက်ရင် နောက်အလုပ် ချက်ချင်း ရခဲ့ရင်တောင် ကိုယ့်ခံစားချက်က ပြောင်းမသွားတာ သတိထားမိ လိမ့်မယ်ကွယ့်။

ဒီတော့ အကောင်းမြင်စိတ်ကလေးထား။

ပင်ပန်းတာတွေ၊ အဆူခံရတာတွေ၊ အိပ်ရေး တစ်ခါတလေ ပျက်၊ မနက်စာ ညစာ တစ်ခါတလေ လွတ်တတ်တာတွေ ခဏကလေး ဘေးကို ဖယ်ထားလိုက်။ ဒါမျိုးတွေက ဘယ်အလုပ်မှာမဆို ကြုံမှာပဲ။ အဓိက စဉ်းစားရမှာက ဒီအလုပ်ကနေ ကိုယ်ဘာရနိုင်မလဲ ဆိုတာရယ်။ ပြီးတော့ မပျက်မကွက် ထည့်စဉ်းစားဖို့ မမေ့ရမယ့်ကိစ္စက ဒီအလုပ်ကနေ ကိုယ် အများကို ဘာလုပ်ပေး နိုင်မလဲဆိုတာပါ။

အဲဒီစကားပြောတိုင်း ဆရာ့ကို တချို့လူငယ်တွေက စာအုပ်ကြီး သမားလို့ ဝေဖန်တတ်ကြတယ်။ တကယ့်လက်တွေ့မှာတော့ ပရဟိတသမား အများစုဟာ စာအုပ်ကြီးသမားတွေ၊ အပြောသက်သက်သမားတွေ မဟုတ် ကြဘူးဆိုတာ သားတို့ တွေ့ဖူးရင်သိမှာပဲ။

ဆီ ပေးလို့ ဆား ရတာ။ Give and Take ပဲလို့ ပြောရတာကို အရသာတွေနေတဲ့ လူငယ်တွေလည်း တွေ့ဖူးရဲ့။ တကယ့် လက်တွေမှာ တော့ အလုပ်တစ်ခုကနေ ကိုယ့်ဖို့ ဘာရနိုင်သလဲ တစ်ခုတည်းကိုပဲ စဉ်းစား တတ်တဲ့ လူတွေဟာ ဘယ်အလုပ်မှာမှ သိပ်ကြီး အောင်မြင်မလာတတ် ကြသလို အောင်မြင်ခဲ့ရင်တောင် အဲဒီအလုပ်မှာတော့ မပျော်တတ်ကြတာ အမှန်ပဲကွယ့်။

အနီးစပ်ဆုံး ဆရာ့ကိုယ် ဆရာပဲ ဥပမာ ပေးမယ်နော်။

ဆရာ့ငယ်ဘဝအိပ်မက်က အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်ဖို့။ ဆယ်ကျော်သက်အရွယ်မှာ ကံတရားက ချပေးလိုက်တဲ့ အလုပ်က ကျတော့ ဆရာဝန်။

အသက် နှစ်ဆယ်ကျော်မှာ ဆရာဝန် ဘဝစတော့ ပျော်စရာ ဘယ်ကောင်းမလဲကွယ်။ ဆရာဝန် အလုပ်ဆိုတာ နဂိုက တည်းကမှ စိတ် ညစ်နေတဲ့သူ၊ စိတ်တိုင်းမကျ နေတဲ့သူတွေ ဝိုင်းနေရတဲ့ ကြားထဲမှာ ဘာမှ လည်း မတတ်သေးတဲ့ ဆရာဝန်လေး အအိပ်ပျက်၊ အစားပျက်ခံ၊ အပင် ပန်းခံ၊ အဆူခံပြီး တစ်ချိန်လုံး သင်ယူနေရတာ ဘယ်ပျော်စရာ ကောင်း ပါ့မလဲ။

ဒါပေမဲ့ ဆရာစဉ်းစားတယ်။ ဒီအလုပ်က ငါ့ကို ဘာပေးနိုင်သလဲ ဆိုတော့ အများကြီးပဲ။ မချမ်းသာပေမယ့် မရှိမရှား ဘဝမျိုးကို ရောက်နိုင် တယ်။ (မရောက်သေးဘူး။ ဒါပေမဲ့ ရောက်ဖို့များတယ်။) အများက နေရာ တစ်ခု သတ်သတ်မှတ်မှတ်ပေးပြီး လေးစားတာ ခံရနိုင်တယ်။ အရေး အကြီးဆုံးကတော့ နေ့စဉ်ကြုံတွေ့နေရတဲ့ ဇာတ်လမ်းစုံက နေပြီးတော့ ဘဝအသိတွေ အစုံရပြီး မြန်မြန်ရင့်ကျက်လာနိုင်တယ်။ (ကံကောင်းလို့ တစ်နေ့နေ့ တကယ် စာရေးဆရာ ဖြစ်လာခဲ့ရင် အသုံးဝင်နိုင်တယ်။)

ဆရာဝန်တစ်ယောက်အနေနဲ့ ကိုယ်က အများကို ဘာလုပ်ပေးနိုင် သလဲလို့ စဉ်းစား ကြည့်လိုက်တော့ ပါးစပ် အဟောင်းသား ဖြစ်ရလောက် အောင်ပါကွယ်။

ကိုယ့်ထက် ပရဟိတ စိတ်ထက်သန်တဲ့သူ တချို့တောင် ဆရာဝန်ဖြစ်ချင်ပေမယ့် ဖြစ်ခွင့်မရခဲ့လို့ ဆရာဝန်တွေကို လိုက်ပံ့ပိုးရင်း ပရဟိတ လုပ်နေကြရတာ မဟုတ်လား။

ဒါနဲ့ပဲ ကိုယ်သိပ်ဝါသနာမပါတဲ့ ဆရာဝန်အလုပ်ကို (ဆရာဝန်တချို့ စွန့်သွားခါစ အချိန်မှာ) ခြေစုံပစ်ဝင်ပြီး လုပ်ခဲ့တာ အခု အနှစ်သုံးဆယ် နီးနီးကြာတော့ ဆရာ့ဘဝမှာ ဘာတွေဖြစ်လာခဲ့လဲ သားတို့လည်း သိနေ တာပဲလေ။

ဒီအလုပ်ကို ကိုယ် ချစ်နိုင်တယ် ဆိုတာ သေချာပြီဆိုရင်တော့ အလုပ်ထဲမှာ စတား ဖြစ်အောင်သာ လုပ်ပေရော့ သားရေ။

စတား ဖြစ်တယ်ဆိုတာ သိလား။

ပထမတော့ 'ဒီကောင်လေး မဆိုးဘူး၊ သိချင်တတ်ချင်စိတ် ရှိတယ်၊ တာဝန်ယူတတ်တယ်' ပေါ့။

နောက်ပိုင်းကျတော့ 'တော်တော် မျက်နှာ လွှဲနေရပြီ' ပေါ့။

အဲသည်ကတစ်ဆင့် ထပ်တက်လိုက်ရင် 'သူမရှိလို့တော့ မဖြစ်ဘူး' ဆိုတာမျိုး။

ကိုယ့်အထက်ကရော၊ ကိုယ့်တန်းတူကရော၊ ကိုယ့်ထက် အငယ် တွေကရော ကိုယ့်ကို အားကိုးနေကြပြီဆိုရင် အဲဒါ 'စတား' ဖြစ်တာပါပဲ ကွယ်။

သားဝင်သွားတဲ့ အလုပ်မျိုးကို သားနဲ့ သက်တူရွယ်တူ အရည် အချင်းတူ ဝင်လာကြတာ ဆယ်ဂဏန်း ရှိချင်ရှိမယ်၊ အဲသလို 'စတား' ဖြစ်တဲ့ လူမျိုးတစ်ယောက်ထွက်ဖို့က ခက်တယ်ကွယ့်။

ဆရာတို့ပတ်ဝန်းကျင်နဲ့ ဥပမာပေးရရင် ဆရာတို့ ဆရာဝန်တွေ ထဲမှာလည်း လကုန်လို့ လူနာဆောင်တွေ ဆရာဝန် ခွဲချကြရင် သူ့ဆီကို ဒီဆရာဝန်လေးတော့ပေးပါ။ ငါ့ဆီကို ပေးပါ လုတာခံနေရတဲ့ ဆရာဝန်

လေးတွေရှိသလို ဘယ်လူနာဆောင်ကမှ မလိုချင်တဲ့ ဆရာဝန်တွေလည်း ရှိတာပဲကွယ့်။

ဆေးကုမ္ပဏီဝန်ထမ်းတွေမှာလည်း ဒီကုမ္ပဏီမှာ လုပ်နေတာကို ဟိုကုမ္ပဏီက လစာပိုပေးပြီး လုခေါ်တာတို့၊ ဒီကုမ္ပဏီက သူ့ဟာသူပဲ အခွင့်အရေးတွေ လစာတွေ ပိုပေးပြီး မြဲအောင် ထားတာတို့ ကြားနေရတာ ပဲလေ။

အဲသလို အလုပ်ထဲမှာ 'စတား' ဖြစ်သွားတဲ့ လူငယ်တွေ့ရဲ့ ဘဝဟာ ပင်ပန်းကြမ်းတမ်း တတ်ပေမယ့် ရှေ့ခရီးတော့ ဖြောင့်ဖြူးတတ်တာလည်း အမှန်ပဲ။

ကဲ … စတားဖြစ်အောင် ဘယ်လို လုပ်မလဲ။

ဆရာတော့ အင်တာနက်မှာတွေ့တဲ့ 'Business inside India' က တင်ထားတဲ့ 5-up ကလေးကို သဘောကျတယ်ကွယ့်။

1. Show up
2. Team up
3. Speak up
4. Look up
5. Don't give up တဲ့။

Show up ဆိုတာက ချိန်းထားရင် မပျက်ကွက်တတ်ဖို့နဲ့ အချိန်မှန်ဖို့။ အရေးမကြီးတဲ့ ကိစ္စကအစ မပျက်ကွက်စေနဲ့။ နောက်မကျစေနဲ့ကွယ့်။ ကားပိတ်တာကိုလည်း အကြောင်း မပြနဲ့။ အဲဒါက ကြိုသိနိုင်တဲ့ ကြိုရှောင် လွှဲနိုင်တဲ့ အခက်အခဲမျိုး ဖြစ်တယ်။ အရေးမကြီးတဲ့ ကိစ္စမှာတောင် စိတ် မချရတဲ့ လူငယ်ကို လူကြီးက အရေးကြီးတဲ့ကိစ္စတွေ မျက်နှာလွှဲလိမ့်မယ် မထင်နဲ့။

Team up အဖွဲ့အစည်း စိတ်ဓာတ်နဲ့ အလုပ်လုပ်ကွယ့်။ အဲဒီနေရာမှာ အရေးအကြီးဆုံးကတော့ မတွက်ကတ်တတ်ဖို့ပဲ။ အင်္ဂလန်လို နေရာမျိုးမှာ တောင် ဆရာ့ထက် နည်းနည်း စီနီယာကျတဲ့ မြန်မာဆရာဝန်တချို့ လုံးဝ မတွက်ကတ်ဘဲ ဘာပဲဖြစ်ဖြစ် ကူညီတတ်၊ လုပ်ပေးတတ်တာ ပေါ်ပြူလာ ဖြစ်လွန်းလို့ အဲဒီဆေးရုံက မြန်မာဆရာဝန်တွေ ထပ်ခန့်ချင်တယ် ဆိုပြီး ဖိတ်ခေါ်ရာက ဆရာအလုပ်ရ၊ ဆရာ့နောက်မှာလည်း ထပ်ခန့်နဲ့ မြန်မာ ဆရာဝန်အခန့်အများဆုံး ဆေးရုံတောင် ဖြစ်ခဲ့ဖူးတယ်။ နည်းနည်းပါးပါး သူများက ပိုသက်သာသွားတာ၊ အခွင့်အရေး ပိုရသွားတာ ကြည့်မနေ ပါနဲ့ကွယ်။ စည်းလုံးတဲ့ အဖွဲ့အစည်းတစ်ခု ကိုယ့်ကြောင့် ဖြစ်သွားရင် ကိုယ်ပဲ တစ်နေ့ခေါင်းဆောင်ရမှာ မလွဲဧကန်ပဲကွယ့်။

Speak up ရဲရဲပြော။ သိအောင်ပြောကွယ့်။ ကောင်းတာလည်းပြော။ လိုအပ်ရင် ပြဿနာကိုလည်းပြော။ လူကြီးမသိအောင် မြုံထားတာကို လူကြီးသိသွားရင် ကိုယ့်ကိုနောက် ဘယ်တော့မှ ယုံကြည်လိမ့်မယ် မထင် နဲ့။ စစ်တပ်ထဲမှာတော့ ‘ရဲဘော် ပြန်လည် သတင်းပို့ပါ’ ဆိုပြီး ဆိုင်းဘုတ် ကလေးတွေတောင် လုပ်ထားတတ်ကြသေးတယ်။

Look up အကောင်းမြင်တတ်ဖို့လိုသလို ပိုတိုးတက်အောင် လုပ်ဖို့လည်း အမြဲ စိတ်ဝင်စားနေတတ်ရတယ်။ ဘာမဟုတ်တဲ့ အောက်ခြေ အလုပ် ကလေးကအစ ဒီထက်ပိုကောင်းအောင် လုပ်လို့ရသေးလားဆိုတာမျိုး အမြဲ ကြံဆနေရတယ်။ ငါ့စီးပွား မဟုတ်ဘူး။ ခိုင်းတာ လုပ်ရင်တော်ပြီဆိုတဲ့ စိတ်သဘောထားမျိုး ကိုယ့်မှာရှိရင် လူကြီးက မသိဘဲနေလိမ့်မယ် မထင် နဲ့။

Don't give up ကတော့ လွယ်လွယ်နဲ့ လက်မလျှော့နဲ့ပေါ့ကွယ်။ ဆရာကိုယ်တိုင် လူကြီးဖြစ်လာတဲ့ တစ်နေ့မှာ တစ်ခါတလေ ကိုယ့်မှာရှိတဲ့ အနေအထားနဲ့ ဖြစ်အောင် လုပ်ဖို့ခက်ခဲတဲ့ ကိစ္စတချို့မှာ တပည့်တွေကို 'ထားလိုက်ပါတော့ကွာ' ဆိုတာမျိုး ပြောတတ်လာတယ်။ အဲဒီအခါမျိုးတွေမှာ 'ကျွန်တော်၊ ကျွန်မတို့ လုပ်ကြည့်ပါရစေဦး' ဆိုပြီး ညီညီညွတ်ညွတ်နဲ့ ခေါင်းချင်းဆိုင် တိုင်ပင်နေတတ်တဲ့ တပည့်တချို့ကို တွေ့ဖူးလာတယ်။ နောက်ဆုံး သူတို့ရအောင်လုပ်ပြီး ကိုယ့်ကို ဝမ်းသာအားရ လာပြောပြနေ တဲ့ အချိန်မှာ သူတို့မျက်နှာ ကလေးတွေက ချစ်စရာ ကောင်းလိုက်တာလေ။ ဒါပေါ့။

နောက်ပိုင်းကျတော့ ကိုယ့်သား ကိုယ့်သမီးလို တပည့်တွေလို ဖြစ်ကုန်တာပေါ့။

ဒီ 5-up က တိုတိုကလေးနဲ့ ထိမိလိုက်တာကွယ့်။ ဆရာကတော့ အရေးကြီးတဲ့ 'up' တစ်ခုထပ်ထည့်ချင်သေးသကွယ်။ 6-up ပေါ့။

'Learn your way up' လို့

အဆင့်တိုင်း အဆင့်တိုင်းမှာ လုပ်ငန်းရဲ့ သဘောကို စဉ်ဆက် မပြတ် စိတ်ဝင်တစား လေ့လာရင်း တဖြည်းဖြည်း အဆင့်မြင့်ကို တက်သွား ပါလို့။

သားတို့ အလုပ်ထဲမှာ အောင်မြင်ကြပါစေကွယ်။

# မိန်းကလေးတွေ စိတ်ဝင်စားတာ ခံနေရတဲ့ ယောကျာ်းလေး

သားရေ

ရှေ့ဆောင်းပါးတွေတုန်းက အလုပ်နဲ့ပတ်သက်တာ တွေချည်းပဲ ရေးနေတော့ 'သမီးသို့' ဖတ်ဖူးတဲ့ သားတချို့က 'သားတွေ အတွက်ကျတော့ အချစ်ရေး၊ အိမ်ထောင်ရေး မရေးတော့ဘူးလား' လို့ စောဒက တက်ချင်နေကြရောပေါ့။

ရေးမှာပေါ့ကွယ်။

သမီးတွေ အကြောင်းကို ဖခင်တစ်ယောက် အမြင်နဲ့ ရေးနိုင်ခဲ့တဲ့ ဆရာဟာ သားတွေအကြောင်းကျတော့ ဖခင်တစ်ယောက် အနေနဲ့ရော ကိုယ်တိုင်ငယ်စဉ်ဘဝ အတွေ့အကြုံတွေရော ရှိတော့ ရေးစရာများလွန်း လို့ပဲ ပြောရမှာပဲ။

သည်ဆောင်းပါးမှာတော့ ဆယ်ကျော်သက် ဘဝ မိန်းကလေးတွေကို စ စိတ်ဝင်စားတတ်လာမယ့် သားအငယ်တွေအတွက် ရေးမယ် စိတ်ကူးတယ်။

ဆယ်ကျော်သက် ယောကျာ်းကလေး တစ်ယောက်အနေနဲ့ မိန်း ကလေးတွေကို စိတ်မဝင်စားတဲ့ ယောကျာ်းလေး၊ မိန်းကလေး သူငယ်ချင်း မရှိတဲ့ ယောကျာ်းလေး၊ မိန်းကလေး သူငယ်ချင်းတွေ ရှိတဲ့ ယောကျာ်းလေးနဲ့ မိန်းကလေးအများ စိတ်ဝင်စားတဲ့ ယောကျာ်းလေးရယ်လို့ ခွဲပြောရမယ် ထင်တယ်။

မိန်းကလေးတွေကို

စိတ်မဝင်စားတဲ့ ယောကျာ်းလေး

အဲသလို ယောကျာ်းလေး တကယ်ရှိလား လို့မေးရင် သဘာဝ မကျလှပါ ဘူးလို့ပဲ ဖြေရမှာပဲ။ ဒါပေမဲ့ ဆယ်ကျော်သက် ယောကျာ်းလေး အများစု ကတော့ မိန်းကလေးတွေကို စိတ် မဝင်စားပါဘူးလို့ပဲ ဖြေတတ်ကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးတွေကို စိတ်ဝင်စားတာကို ရှက်စရာလို့ မြင်အောင် သင်ထားတဲ့ ပတ်ဝန်းကျင်ကြောင့်ပဲ ဖြစ်တယ်ကွယ့်။

တကယ်တော့ မိန်းကလေးတွေကို စိတ်ဝင်စားတာဟာ ဆယ်ကျော် သက် ယောက်ျားလေး တစ်ယောက်ရဲ့ ပုံမှန်ဖြစ်တဲ့ စိတ်ခံစားမှုသာ ဖြစ်တယ်။ ရှက်စရာ မလိုသလိုလိုက် ပြောပြနေဖို့လည်း မလိုပါဘူး။

တကယ်ကို စိတ်မဝင်စားဘူးဆိုရင်လည်း အတိတ်ဘဝက တရား အားထုတ်ခဲ့လို့ အထုံပါရမီ တော်တော်ကြီးခဲ့ပြီး ဒီဘဝမှာ တရားမေ့နဲ့ ပတ်သက်လို့ တစ်ခုခု တော်တော် ထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ ကံပါ လာတဲ့ ကလေး ဒါမှမဟုတ်ရင်တော့ အတိတ်ဘဝက ဝဋ်ကြွေးတစ်ခုခု ပါလာတဲ့ ကလေးပဲ ဖြစ်တော့မှာပေါ့။ ဘာဝဋ်ကြွေးလဲတော့ ပြောမပြ တော့ဘူးနော်။

မိန်းကလေး သူငယ်ချင်း

မရှိတဲ့ ယောက်ျားလေး

ဆရာငယ်ငယ်က အဲသလို ယောက်ျားလေးပါကွယ်။

မိဘကလည်း ယောက်ျားလေးတွေချည်း မွေးထားတော့ သက်တူ ရွယ်တူ မတိမ်းမယိမ်းဆိုရင် နှမတွေ၊ အစ်မတွေ လိုမျိုးတောင် စကား မပြောဖြစ်ဘူး။ ကျောင်းကလည်း ယောက်ျားလေးကျောင်း။

ကိုးတန်း၊ ဆယ်တန်းရောက်လို့ ကျူရှင်တွေ စတက်တော့မှ အတန်း ဖော် မိန်းကလေးဆိုတာ တွေ့ဖူးတယ်။ အဲသည် မိန်းကလေး တွေလည်း ရင်းရင်းနှီးနှီး ဆက်ဆံရမှာ ရှက်ရွံ့အားငယ်နေတာနဲ့ ယောက်ျားလေးတွေ ချည်းပဲ ပေါင်းနေတဲ့အချိန်က များသလို မိန်းကလေးတစ်ယောက်နဲ့ နည်း နည်းပါးပါး စကားလက်ဆုံကျဖူးရင်တောင် ကြီးမားတဲ့ အတွေ့အကြုံကြီးလို ခံစားမိပြီး သူငယ်ချင်းတွေကို ပြန်ပြောပြလို့မဆုံးတဲ့ ယောက်ျားလေးမျိုး တွေပေါ့။

ခုတော့ ဆရာငယ်ငယ်ကနေခဲ့တဲ့ ယောကျ်ားလေး ကျောင်းလည်း မိန်းကလေး၊ ယောကျ်ားလေးအားလုံး တက်တဲ့ကျောင်း ဖြစ်သွားသတဲ့။ ဝမ်းသာတယ်ကွယ်။ တက္ကသိုလ် ရောက်ခါစအထိ မိန်းကလေး ဆိုတာကို အလွန်ထူးဆန်းသော သတ္တဝါတွေလို စူးစမ်းလိုက်၊ ရှောင်ပုန်းလိုက် လုပ် နေရတဲ့ ကိုယ်ငယ်ငယ်တုန်းကလို ယောကျ်ားကလေးတွေ ထပ်မထွက် စေချင်တော့ပါဘူး။

တက္ကသိုလ် ရောက်လာတဲ့ ကျောင်းသား အများစုက မိန်းကလေး၊ ယောကျ်ားလေး ရောထားတဲ့ ကျောင်းတွေက လာတာဖြစ်တော့ ယောကျ်ား လေးအများစုကလည်း အတန်းထဲမှာ ငယ်ပေါင်းကြီးဖော် မိန်းကလေး သူငယ်ချင်းတွေ ရှိနှင့်ပြီး ဖြစ်ချင်ဖြစ်၊ မဖြစ်ရင်တောင်မှ သူငယ်ချင်းဖြစ်ဖို့ သိပ်မခက်တတ်ကြဘူး။

ဆရာတို့ အုပ်စုကတော့ withdrawn လို့ခေါ်တဲ့ ရှောင်ဖယ် ရှောင်ဖယ်လုပ်ဖို့ ကြိုးစားတဲ့အခါ ကြိုးစားလိုက်၊ ရင်းနှီးဖို့ ကြိုးစားတဲ့အခါ ကြိုးစားလိုက်၊ အခြောက်တိုက် ကိုယ့်ကိုယ်ကိုယ် မိန်းကလေးတွေက မပေါင်းချင်တဲ့ ယောကျ်ားလေးလို့ ဆိုင်းဘုတ်တပ်ပြီး သိမ်ငယ်စိတ်ဝင်တဲ့ အခါ ဝင်လိုက်ပေါ့ကွယ်။

တကယ်တော့ သေသေချာချာ စဉ်းစားကြည့်ရင် ဆရာတို့ ဆယ် ကျော်သက်ဖြစ်တဲ့ ၂၀ ရာစု နှစ်မှာကတည်းက ပညာရှာတဲ့ နေရာမှာရော၊ လုပ်ငန်းခွင်မှာရော မိန်းကလေးရယ်၊ ယောကျ်ားလေးရယ် ဆိုတာက အမျိုး မတူတဲ့ different species တွေလို ခွဲခြားထားရမယ့် သူတွေမှ မဟုတ် တော့တာ။

ယောကျ်ားလေးသဘာဝ ကိုယ့်အနားမှာရှိတဲ့ မိန်းကလေးတွေ အပေါ်မှာ စိတ်ဝင်တစား ရှိတတ်တာမှန်ပေမယ့် အဲသည် မိန်းကလေး အားလုံး၊ သို့မဟုတ် အများစုဟာ ကိုယ်နဲ့ သူငယ်ချင်းအဆင့်၊ လုပ်ဖော် ကိုင်ဖက် အဆင့်ပဲ

ဖြစ်လာမယ့်သူတွေ ဖြစ်တဲ့အတွက် သူတို့နဲ့ ဆက်ဆံရာ မှာလည်း ယောကျ်ားလေးချင်း ဆက်ဆံရမှာထက် ပိုပြီး အထူးတလည် သတိကြီးထား နေစရာတော့ မလိုဘူးပေါ့။

အဲ…ငဲ့ညှာစရာ ရှိတာတော့ ငဲ့ညှာရမယ်နော်။

မိန်းကလေးတွေကို weaker sex အား နည်းသူလို့ မြင်တာ ခေတ် မမီတော့ပေမယ့် တစ်နေရာတည်း တစ်ဖွဲ့တည်းမှာ အတူတူ ကျင်လည်ရတဲ့ မိန်းကလေးတွေကို ငဲ့ညှာဖေးမ မပေးတတ်တဲ့ ယောကျ်ားလေးတွေကို weaker mind စိတ် ဓာတ်အားနည်းသူလို့ မြင်တတ်ကြတာတော့ အမှန် ပဲကွယ့်။

မိန်းကလေး သူငယ်ချင်းတွေရှိတဲ့
ယောကျ်ားလေး

မိန်းကလေး သူငယ်ချင်းတွေရှိလာတဲ့ အခါကျတော့ မရှိတုန်းကနဲ့ စာရင် ပိုတော့ပျော်စရာ ကောင်းလာတာအမှန်ပဲ။

ဘာနဲ့တူသလဲဆိုတော့ ယောကျ်ားလေးတွေချည်း မွေးထားတဲ့ အိမ်နဲ့ သားရောသမီးရော မွေးထားတဲ့ အိမ်လိုပဲ။ နှမလေးတစ်ယောက် ရှိတာနဲ့ မရှိတာ ဘယ်ဟာ ပိုကောင်းလဲဆိုတော့ ရှိတာအမြဲပိုပျော်ဖို့ ကောင်းပါတယ်။

နှမတွေ၊ အစ်မတွေ အစုံရှိတော့ ကောင်းတာပေါ့။

သူငယ်ချင်းတွေထဲမှာလည်း မိန်းကလေးတွေရော ယောကျ်ားလေး တွေရော ရောနေတော့ ပိုနွေးနွေးထွေးထွေး ရှိလာတယ်။ မိသားစုကလေးနဲ့ ပိုတူလာတယ်။ မဆုံရရင် မနေနိုင်တာမျိုးတွေ အထိပါ ဖြစ်လာတယ်။

အဲသည်မှာ တချို့ သူငယ်ချင်း အုပ်စုကလေးတွေထဲက တချို့ ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေ တစ်ဆင့်တက်ပြီး ရင်ခုန်ကြ၊ ချစ် သူတွေ ဖြစ်သွားကြတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ငယ်သူငယ်ချင်းနဲ့ ချစ်သူဖြစ်တာနဲ့ သူစိမ်းမိန်းကလေး တစ်ယောက် နဲ့ ချစ်သူဖြစ်တာ ဘယ်ဟာပိုကောင်းလဲလို့ မေးရင်တော့ ကိုယ့်အတွက် မှန်တာ ပိုကောင်းပါတယ်လို့ပဲ ဖြေရမှာပါပဲ။

စာရေးဆရာ ဒါရိုက်တာကြီး မောင်ဝဏ္ဏ (ကွယ်လွန်)ရဲ့ ပထမ ဦးဆုံးဝတ္ထုက 'ပန်းတွေနဲ့ဝေ'၊ ဒုတိယဝတ္ထုက 'ချစ်တဲ့သူငယ်လေ'။ ပထမ ဝတ္ထုက သူစိမ်းမိန်းကလေးနဲ့ ချစ်မိတာဖြစ်ပြီး ဒုတိယဝတ္ထုက ငယ်သူငယ် ချင်းနဲ့ ချစ်မိတာဖြစ်တယ်။ ဆယ်ကျော်သက်အရွယ်က ဖတ်ရတော့ ဒုတိယ ဝတ္ထုလေးကို ပိုရင်ခုန်တယ်။ ရပ်ရှင်ဖြစ်လာတော့ ပထမဝတ္ထုက ပိုအောင် မြင်ပြန်ရော။

ကိုယ့်ချစ်သူ ဖြစ်သင့်တဲ့ မိန်းကလေးက 'ဝိုင်ဝိုင်း' သီချင်းထဲကလို 'ကမ္ဘာကြီးရဲ့ ထောင့်တစ်နေရာရာမှာတော့' ရှိနေ တတ်ပါတယ်။ အဲဒါအခု တွေ့နေတာလည်း ဖြစ်နိုင်သလို မဆုံဖြစ်သေးတာလည်း ဖြစ်နိုင်ပါတယ်။

မသေချာရင် အရင်ချစ်သူဖြစ် ကြည့်လိုက်ပြီးမှ လေ့လာရင် မကောင်းဘူးလားလို့ အကြံပေးတတ်သူတွေလည်း ရှိပါတယ်။

မသေချာရာကနေ သေချာသွားရင်တော့ ကောင်းပါတယ်။

လက်တွေ့မှာတော့ ဟိုတစ်ဖက်က ခံစားချက်မတူလို့ ငြင်းလိုက်ရာ က မျက်နှာချင်းဆိုင်ရ ခက်သွားတာမျိုးရော၊ ချစ်သူ ဖြစ်ပြီးမှ ကွဲသွားရ တာမျိုးရော၊ အိမ်ထောင်ပါကျပြီးမှ လမ်းခွဲသွားရတာမျိုးရော အစုံကို တွေ့ ဖူးပါတယ်။

မိန်းကလေး ဘဝက ပိုယိုင်နဲ့သွားတတ်တယ် ဆိုပေမယ့် ယောကျ်ား လေးလည်း အနည်းနဲ့အများတော့ ထိခိုက်တတ်ပါ တယ်။ ကိုမင်းကိုနိုင်ရဲ့ 'တောဘူတာရုံကလေးအတွက် ဥဩသံ' ဝတ္ထုထဲက ပြောသလို သည်ဘက်

ခေတ်မှာ ထိရိုက်မှု သည်လောက် မများတော့ဘူးဆိုတာ မှန်ပေမယ့် ချစ်စရာ အသိုက်အမြုံကလေးတစ်ခုတော့ ပြိုကွဲတတ်နေတုန်းပါပဲ။

မသေချာခင်ကတည်းက သေချာတာ ပိုကောင်းပါတယ်သား။

မိန်းကလေးအများ
စိတ်ဝင်စားတဲ့ ယောကျာ်းလေး

စိုင်းစိုင်းကိုတော့ ပြေးမြင်ယောင်နေမိပြီထင်တယ်။ ယောကျာ်းလေးတိုင်း တော့ စိုင်းစိုင်းဖြစ်ချင်လို့ မရဘူးနော် သား။

မိန်းကလေးတွေ စိတ်ဝင်စားတတ်တဲ့ ယောကျာ်းလေးမျိုး ဆိုတာ ရှိတာတော့ အမှန်ပဲ။ ဒါပေမဲ့ အဲသည် ယောကျာ်း လေးမျိုးကို အားကျဖို့ လိုမလို၊ အဲသလို ယောကျာ်းလေးမျိုး ဖြစ်အောင်ကြိုးစားသင့်၊ မကြိုးစား သင့်၊ အဲသလို ယောကျာ်းလေးမျိုး ဖြစ်မလာခဲ့ရင် သိမ်ငယ်စိတ်ဝင်သင့်၊ မဝင်သင့် သိနိုင်ဖို့ အခု ဆရာ ဆက်ပြောပြမှာ နားထောင်ကြည့်နော်။

မိန်းကလေးတွေက ယောကျာ်းလေးတွေကို ရုပ်ချောရင်လည်း စိတ်ဝင်စားတတ်တယ်။ စာတော်ရင်လည်း စိတ်ဝင်စားတတ်တယ်။ အားကစား၊ အနုပညာတစ်ခုခု ထူးချွန်ရင်လည်း စိတ်ဝင်စားတတ်တယ်။ မိဘ ချမ်းသာရင်၊ ရာထူးကြီးရင်လည်း စိတ်ဝင်စားတတ်တယ်။ ခေတ်စကားနဲ့ ပြောရရင် 'ဆယ်လီဘရစ်တီ' ဒါမှမဟုတ် 'ဆယ်လီ' ပေါ့။

ကြုံတုန်း ကြွားရရင် ဆရာငယ်ငယ်က အဲဒီ အချက်တွေ တစ်ခုမှ မကိုက်ညီခဲ့ဘူးကွယ့်။ အတန်းထဲမှာ ဘယ်မိန်းကလေးမှ မသိသော ယောကျာ်းလေးပဲ အမြဲဖြစ်နေခဲ့တာပဲ။ အဲသလိုဖြစ်နေတုန်းကတော့ 'ဆယ်လီ' တွေကို ကြည့်ပြီး သိမ်ငယ်စိတ် ဝင်ခဲ့ဖူးတာ မှန်ပေမယ့် အခု လူကြီး

ဘဝရောက်လို့ အဲဒီအကြောင်းတွေ ပြန်စဉ်းစားလိုက်မိတိုင်း အဲဒီလို အရေးမပါတဲ့ ကိစ္စနဲ့ သိမ်ငယ်စိတ် ဝင်ခဲ့ဖူးတာကို ရှက်မိတာ လောက်ပဲ ကျန်ပါတော့တယ်။

တကယ်တော့ မိန်းကလေးတွေ ဝိုင်းစိတ်ဝင်စားတယ် ဆိုတာလည်း တကယ် နှစ်သက်စွဲလမ်းတာ၊ ရင်ခုန်တာ၊ တွယ်တာတာ၊ အဲ ချစ်တာ၊ အဲသလိုမျိုးမှ မဟုတ်တာကွယ်။

ကိုယ့်ကို တကယ်ချစ်ဖို့အတွက် မိန်းကလေး တစ်ယောက်သာ လိုအပ်ပြီး အဲသည် မိန်းကလေးဟာလည်း အခု ကိုယ်ကျင်လည်နေတဲ့ ပတ်ဝန်းကျင်မှာ ရှိချင်မှ ရှိနှင့်ဦးမှာ ဆိုတာကို သိထားရင် မိန်းကလေးတွေ အများကြီး ဝိုင်းစိတ်ဝင်စားတဲ့ ယောကျ်ားလေး ဖြစ်ချင်စရာလည်း အကြောင်း မရှိပါဘူး။

ဆရာတစ်ခါက ရေးခဲ့ဖူးခဲ့တဲ့ အနောက်တိုင်း ပုံပြင်ကလေးတစ်ခု ကိုပဲ ထပ်ပြောပြဦးမယ်နော်။

ခင်ပွန်း ကွယ်လွန်ချိန်မှာ ကိုယ်ဝန်နဲ့ ကျန်ခဲ့တဲ့ မိန်းမ တစ်ယောက် ဟာ ကလေးမွေးခါနီးမှာ သူ့ အိမ်နားမှာနေတဲ့ ထူးဆန်းတဲ့ အဘိုးအို တစ်ယောက်ကို အကူအညီတောင်း သတဲ့။ သူ့ကလေးကို ဖခင်အရင်းလို စောင့်ရှောက်မယ god father လုပ်ပေးပါပေါ့။ အဘိုးအိုက အဲသည်မိန်းမ ကလေး မွေးပြီးချိန်မှာ သူ့အိမ်ကနေ စန္ဒရားတီးပြသတဲ့။ ကိုယ့်ကလေး နဲ့ ပတ်သက်ပြီး ဘဝမှာ ဘာဖြစ်စေချင်သလဲ။ စန္ဒရားသံ မတိတ်ခင် ဆုတောင်းပါတဲ့။ အဲသည် မိန်းမကလည်း ဆုတောင်းအမျိုးမျိုး စဉ်းစား ကြည့်တာပေါ့။ နောက်ဆုံး စန္ဒရားသံ စပြီး တိမ်ဝင်တဲ့အထိ စဉ်းစားလို့ မရတာနဲ့ ကမန်းကတန်း 'မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနား ပါစေ' လို့ ဆုတောင်းလိုက်သတဲ့။

ဆုတောင်းက ပြည့်သမှ အဲသည် ကလေး အရွယ်ရောက်လာတဲ့ အခါ ဘယ်သွားသွား လူတိုင်းက ဝိုင်းချစ်ကြသတဲ့။ မိန်းကလေးတွေ အဆိုးဆုံးပေါ့ကွယ်။ အဲသည်ကလေး၊ နောက်တော့ လူပျိုလေး ဘယ် လောက်ဆိုးဆိုးလည်း ဘယ်သူမှ အပြစ် မမြင်ကြဘူးတဲ့။ အဲဒီတော့ သူက လည်း ဆိုးတော့တာပေါ့။ ကိုယ်ချင်းစာတရား ခေါင်းပါးတော့တာပေါ့။ အမြဲတမ်းပဲ အသာစီးယူချင် အနိုင်ရချင်နေတာပေါ့။

လူကြီးဘဝမှာတော့ သူ့ ဆိုးသွမ်းမှုတွေကြောင့် စီးပွားလည်းပျက်၊ လူမုန်းလည်းခံရ။ ဒါပေမဲ့ လူတွေက သူ့ကို ဘယ်လောက် မုန်းမုန်း သူ့ မျက်နှာ မြင်လိုက်ရင် ဒါမှမဟုတ် သူ့အသံ ကြားလိုက်ရင် စိတ်ပြေသွား ရောတဲ့။ သူကတော့ ဒုက္ခတွေ ခဏခဏ ရောက်တော့ နောင်တရစပြုနေ ပြီပေါ့ကွယ်။

အဲဒီအချိန်မှာ ထူးဆန်းတဲ့ အဘိုးအို ပြန်ပေါ်လာတယ်။ သူ့ကို မေးတယ်။ 'မျက်နှာမြင် ချစ်ခင်စေချင်သေးလား၊ အသံကြား သနားစေချင် သေးလား' လို့။ သူက ခေါင်းခါတော့ အဘိုးအိုက သူ့ဆုတောင်းကို ပြန်ရုပ် သိမ်းလိုက်တယ်။

ဘာပြောကောင်းမလဲ။ ဝိုင်းကို ရိုက်ကြတော့တာကွယ်။ ဘယ်သူက မှ သူ့ကို ခွင့်မလွှတ်တော့ဘူးကိုး။ ဒါပေမဲ့ နောက်ပိုင်းမှာ သူ့စိတ်ထား မှန်ကန်ကောင်းမွန်လာပြီဆိုတာ သိတော့ အသိုက်အဝန်းက ပြန်လက်ခံ ကြတယ်။ ပြန်ချစ်ကြတယ်။

သူကိုယ်တိုင် အဘိုးအိုဖြစ်နေပြီး ကွယ်လွန်ခါနီးကျတော့ ထူးဆန်း တဲ့ အဘိုးအို ပြန်ရောက်လာတယ်။

'ငါ့သား တော်တော် လှနေမှကိုး' လို့ မှတ်ချက်ပေးတယ်။ သား အဘိုးအိုက အဘိုး အဘိုးအိုရဲ့ လက်မှာ ငြိမ်းချမ်းစွာ ကွယ်လွန် သွားခဲ့ တယ်။

ဒါဆရာ ငယ်ငယ်က ဖတ်ခဲ့တဲ့ ပုံပြင်ကလေးပေါ့။

ဒီပုံပြင်ကလေးကို နားထောင်ကြည့်ရင် 'ဆယ်လီ' ဖြစ် တယ်ဆိုတာ ဆုတောင်းပြည့်တာလား၊ ကျိန်စာမိ တာလား ဝေခွဲရ ခပ်ခက်ခက်ပါကွယ်။

နောက်ဆုံး အရေးကြီးတာက 'စိတ်အလှ' ပဲ မဟုတ်လား။ 'ကိုယ်ချင်းစာတရား' နဲ့ 'ဆင်ခြင်တုံတရား' ပဲ မဟုတ်လား။

စိတ်အလှရှိတော့ နယ်လ်ဆင်မင်ဒဲလားလည်း လှတာပဲ။ 'ဒလိုင်း လားမား' လည်း လှတာပဲ။

ကီနူးရိဗ်လို ရုပ်လှပြီးသားလူက စိတ်ပါထပ်လှတော့ ပိုလို့တောင် လှနေရော။

သားတို့လည်း မိန်းကလေးတွေ ဝိုင်းစိတ်ဝင်စားတာ ခံရတာထက် မိမိကိုယ်ကျင့်တရား ကိုယ်ချင်းစာနာတတ်မှုနဲ့ ထိတွေ့ရာ ပတ်ဝန်းကျင် အပေါ်ငဲ့ညှာတတ်မှုတို့ကြောင့် တစ်စ ထက်တစ်စ ပိုထင်ရှားလာပြီး၊ တစ်စ ထက်တစ်စ လူချစ်လူခင် ပိုများလာတဲ့ ဘဝမျိုးကို ပိုတန်ဖိုးထားတတ်ကြပါစေကွယ်။

၀

## ကတ်ကြေးနှင့် မကိုက်မိစေဖို့

သားရေ …

အရင်ဆောင်းပါးတုန်းက မိန်းကလေးတွေ အများကြီး ဝိုင်းစိတ်ဝင်စားတာခံရဖို့ အရေးကြီး၊ မကြီး ပြောဖြစ်ခဲ့တော့ တစ်ဆက်တည်း ဆိုသလိုပဲ ဒီဆောင်းပါးမှာတော့ ရည်းစားတွေ အများကြီးထားတာ ကောင်းမကောင်း ပြောဦးမှနဲ့ တူတယ်။

မကောင်းဘူးပဲ ပြောမှာပဲ မဟုတ်လား။ ဒါများလို့ သားက စဉ်းစား ချင် စဉ်းစားမယ်။ ဒါပေမဲ့ ဒီထက် နည်းနည်းကလေး ဖောက်တွေးကြည့်ကြ ရအောင်လားကွယ့်။

ရည်းစား ဘာလို့ ထားသလဲ

ယောက်ျားကလေး မှန်ပြီးထူးခြားတဲ့ စိတ်ခံစားမှု တစ်ခုခုက ပိတ်ဆို့ထား တာမျိုး မဟုတ်ရင် အရွယ်ရောက်တာနဲ့ မိန်းကလေးတွေကို စိတ်ဝင်စား မှာပဲကွယ့်။ ဒါ ဘာမှဆန်းတဲ့ ကိစ္စ မဟုတ်သလို ရှက်စရာလည်း မလိုဘူး။

ဟိုမိန်းကလေးကို စိတ်ဝင်စားလိုက်၊ ဒီ မိန်းကလေးကို စိတ်ဝင်စား လိုက်လည်း စိတ်က ခုန်ကူးနေလို့ ရသေးတယ်။ ဘာမှမဖြစ်ဘူး။ ဆန္ဒရှိရင် ကိုယ်နှစ်သက်တဲ့ အဆိုတော်လေးတွေ၊ ရုပ်ရှင်မင်းသမီးလေးတွေ စသည် ဖြင့် Celebrities တွေကိုတောင် စိတ်ကူးယဉ်ကြည့်လို့ ရသေးတယ်။

ဒါပေမဲ့ ချစ်ရေးသွားဆိုတော့မယ် ဆိုရင်တော့ သမီးရည်းစား ဖြစ်ချင်ဖြစ်သွားနိုင်တယ်ဆိုတာ ကြိုစဉ်းစားရတော့မယ်။ အဲဒီ မိန်းကလေး နဲ့ သမီးရည်းစားဖြစ်ဖို့ ကိုယ်က လိုလားတာ သေချာရတော့မယ်။ ဘာ ကြောင့် သမီးရည်းစား ဖြစ်ချင်တာလဲလည်း ကြိုတွေး ထားရတော့မယ်။ သမီးရည်းစားဖြစ်ချင်ရတဲ့ အကြောင်းရင်းကလည်း လေးခုလောက်တော့ ဖြစ်နိုင်သေးတယ်ကွယ့်။

၁။ ကြွားချင်တာလား

မယုံမရှိပါနဲ့ကွယ် သူငယ်ချင်းတွေကြားထဲမှာ ပထမဦးဆုံး ရည်းစားရသူလို့ ဝါကြွားချင်တဲ့စိတ်နဲ့ ယောက်ျားလေးတချို့ ရည်းစားထားတတ်ပါတယ်။ ချောတယ်၊ လှတယ်၊ ထင်ရှားတယ်၊ ချမ်းသာတယ် စသည်ဖြင့် တစ်ခုခု ကြောင့်

လူသိများနေတဲ့ မိန်းကလေးကိုလည်း ချစ်သူဖြစ်ရတာကို ဂုဏ်ယူ ချင်တဲ့ စိတ်နဲ့ ရည်းစားထားတတ်ကြပြန်ပါတယ်။ အဲသည်လိုနည်းနဲ့ ဖြစ်လာတဲ့ ချစ်သူစုံတွဲတွေဟာ ရေရှည်မှာ မခိုင်မြဲရုံသာ မကဘဲ စိတ်ညစ်စရာတွေ၊ နောင်တတွေနောက်မှာ လိုက်လာတတ်တော့ ရှောင်တာ အကောင်းဆုံးပါပဲ။

၂။ ပျော်စရာကောင်းလို့လား

တချို့ မိန်းကလေးတွေက သူငယ်ချင်းဘဝမှာတင် တော်တော်ခင်မင်စရာ ကောင်းတယ်။ သူနဲ့ အတူသွား အတူလာ၊ ပြောဟယ် ဆိုဟယ်၊ ရင်းရင်း နှီးနှီး နေရတာ ပျော်စရာကောင်းတယ်။ အဲသလို မိန်းကလေးမျိုးနဲ့ တစ်သက်လုံးအတူနေရရင် မဆိုးဘူးလို့လည်း တွေးမိတတ်တယ်။ အဲဒါ အချစ်စိတ် ပဲလို့လည်း ကိုယ့်ဟာကိုယ် သတ်မှတ်တတ်တယ်။ ဟုတ်ချင် လည်း ဟုတ်မှာပေါ့ကွယ်။ သူငယ်ချင်း ဘဝကနေ ချစ်သူတွေ ဖြစ်သွားပြီး ပျော်ရွှင်စွာ ပေါင်းဖက်သွားကြတဲ့ စုံတွဲတွေလည်း အများကြီးပါပဲ။ ဒါပေ မဲ့ ရာနှုန်းပြည့်တော့ မသေချာဘူးနော်။ ကိုယ်ချစ်မယ့်သူဟာ သူတစ် ယောက်တည်း ဟုတ်သလားဆိုတာရော၊ ကိုယ်က သူ့ကို အမြဲတမ်း ဒီလို မြင်နေမှာလား ဆိုတာကို နည်းနည်း စောင့်ကြည့်တာ ပိုကောင်းပါတယ်။ အချိန်တွေ ရပါတယ်ကွယ်။

၃။ အခွင့်အရေး ရယူချင်လို့လား

သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်ဖြစ်၊ သိပ်ပြည့်စုံတဲ့ မိန်းကလေး တစ်ယောက်ပဲ ဖြစ်ဖြစ်၊ သိပ်အညာလွယ်တဲ့ မိန်းကလေး တစ်ယောက်ပဲ ဖြစ်ဖြစ်ရဲ့ ချစ်သူဘဝကို ရဖို့ ကြိုးစားတဲ့ ယောကျ်ားကလေးတွေထဲမှာ တစ်စုံတစ်ခုသော အကျိုးကို မျှော်ကိုးပြီး အခွင့်အရေး ရရင်ရသလိုယူဖို့

ကြံ့စည်တတ်တဲ့ ယောကျ်ားကလေးတွေ အမှန်ပဲ ရှိသကွယ့်။ ဆရာ့ စာကို ဖတ်နေတဲ့ သားတွေထဲမှာတော့ အဲသလိုလူမျိုးတွေ မပါနိုင်ဘူးလို့ ယုံကြည်တဲ့အတွက် အသေးစိတ် မရေးတော့ဘူးနော်။ မတော်တဆ အခွင့်အရေး ယူမိသွားတတ်သူတွေတော့ ရှိသပေါ့။ အဲသည် သားတွေအတွက်တော့ နောက်မှာ ဆက်ရေးပါမယ်။

၄။ ဘဝ လက်တွဲဖော်ပဲဆိုတာ
သေချာသွားတဲ့ခံစားချက်မျိုး
ကြောင့်လား
အဲဒါကတော့ 'သမီးသို့' စာအုပ်မှာ ဆရာရေးခဲ့တဲ့ Companionship ပေါ့ကွယ်။ ဘုရားဟောထဲမှာလည်း ပါတာပဲ။ သဒ္ဓါ တရားချင်းတူ၊ အကျင့်ချင်းတူ၊ စွန့်ကြဲ ပေးကမ်းမှုချင်းလည်း တူ၊ အယူအဆ၊ အတွေးအခေါ် ပညာချင်းလည်း တူပေါ့။ အဲသလို ခံစားချက်မျိုး ရလိုက်တာ။ ရင်ထဲမှာ သေချာသွားတာ။ အလွယ်ပြောရရင် သူနဲ့ အတူ ရှိနေရတာ ဘာအဖု အထစ်မှ မရှိ၊ ရင်ထဲမှာ ချမ်းမြေ့လွန်းလို့ အိမ်ပြန်ရောက်တာတောင် တစ်ခေါက် ချက်ချင်းပြန်ထွက်လာပြီး တွေ့ချင် နေတတ်တဲ့ သူမျိုးပေါ့ကွယ်။ အဲဒါမျိုးကို ဆရာက 'အချစ်' လို့ ခေါ်တယ်။ ချစ်သူ ဖြစ်ချင်ရမှာက အဲသလိုလူမျိုး။ ခက်တာက ဒါလည်း နည်းနည်းတော့ စောင့်ကြည့်ပြီးမှ သေချာတဲ့ သဘောလေးတော့ ရှိတယ်။

ရည်းစားထားချင်တယ်ဆိုရင် နံပါတ်လေးကြောင့်ပဲ ဖြစ်သင့်တာ ပေါ့ကွယ်။

ရည်းစားပျက်ဖူးတာ

ယောက်ျားလေးပဲ ဖြစ်ဖြစ်၊ မိန်းကလေးပဲ ဖြစ်ဖြစ် ရည်းစား ထားဖူးပြီး အဲသည်ရည်းစားနဲ့ ပျက်ဖူးတာ ဘာများ အရေးပါလို့လဲလို့ မေးရင် ဆရာ တစ်ယောက်တည်း သဘောကတော့ အရေးမပါဘူးလို့ပဲ ဖြေရမှာပဲ။

Kane and Abel ကိန်းနဲ့ အေဘယ်ဆိုတဲ့ ဂျက်ဖရီအာချာရဲ့ ကမ္ဘာကျော် ဝတ္ထုရှည်တစ်ပုဒ်ကို ဆရာစွဲလမ်းဖူးတယ်။ ကိန်း က စနမ်နခအေ ပေါ့။ အစစအရာရာ ပြည့်စုံလှတဲ့အပြင် စိတ်ထားကောင်း၊ ဉာဏ်ထက် တဲ့သူ။ အေဘယ်ကတော့ ဘဝနာခဲ့တဲ့ အတိုက်အခိုက်သမားပေါ့။ ကိန်းကို သိပ် သဘောကျနေတဲ့ ဆရာက ကိန်းချစ်သူရွေးပြီး လက်ထပ်လိုက်တဲ့အခါ ကျတော့ အံ့ဩရဖူးတယ်။ မုဆိုးမကလေးတစ်ယောက် ဖြစ်နေတာကိုး။

ဒါပေမဲ့ သူတို့ အိမ်ထောင်ရေး သာယာခဲ့ပါတယ်။ ကိန်းက သူ့ ချစ်သူကို တွေ့တာနဲ့ ဒါ နံပါတ်လေးထဲက မိန်းကလေးမျိုးပဲလို့ သေချာ ခဲ့တာကိုး။ ဆိုလိုတာက ရည်းစား ပျက်ဖူးသလား၊ မပျက်ဖူးသလား၊ အပျို စစ်သလား၊ မစစ်ဖူးလားဆိုတဲ့ ကိစ္စတွေက အဲဒီ နံပါတ်လေး ဟုတ် မဟုတ် လောက်တော့ အရေးမပါတာ အမှန်ပဲ။

ခက်တာက တို့နိုင်ငံရဲ့ လက်ရှိ လူမှုပတ်ဝန်းကျင်မှာ အဲသလို မြင်တတ်တဲ့သူ တချို့ရှိသလို ရှေးရိုးစွဲ တချို့ကလည်း ရှိနေတော့ ရည်းစား ပျက်ဖူးတာ၊ တစ်စုံတစ်ယောက်နဲ့ ငြိစွန်းဖူးတာ၊ အိမ်ထောင်ကျဖူးတာတွေ ဟာ ကိုယ့်အချစ် အသိုက်အမြုံကလေးကို အရိပ်မည်းလို လိုက်လိုက် ထိုးတတ်တော့ ကိုယ်က ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်လိုက်ဖို့ ကောင်းပေမယ့် သူများ ခွင့်မလွှတ်မှာကို ကိုယ်က မလုပ်မိရင်တော့ အကောင်းဆုံး ပေါ့ကွယ်။ သူလည်း ရင်အေး။ ကိုယ်လည်း ရင်အေး။

ဆရာငြိမ်းကျော်ရဲ့ 'အစဉ်သဖြင့်' ကို ဖတ်ကြည့်။ မကြာ သေးခင်က ထွက်ထားတဲ့ ကိုမင်းကိုနိုင်ရဲ့ 'တောဘူတာရုံ ကလေးအတွက် ဥသြသံ' ကို ဖတ်ကြည့်။ ဆရာ ပြောချင်တာ တော်တော်များများပါတယ်။

အိမ်ထောင်ရေး ပြဿနာ

ရည်းစားကွဲခဲ့ဖူးတာထက် ပိုဆိုးတာကတော့ အိမ်ထောင်ကျပြီးမှ အိမ်ထောင်ရေးပြဿနာတွေ ဖြစ်တာပဲကွယ်။ အဲဒါကျတော့ သက်ဆိုင်သူ နှစ်ဦးသာမက ပတ်ဝန်းကျင်ကိုပါ ဂယက်ရိုက်တတ်တယ်။ အဲဒီ ပတ်ဝန်းကျင်ထဲမှာ သနားစရာ အကောင်းဆုံးကတော့ ရင်သွေးကလေးတွေ ပေါ့ကွယ်။

'အချစ်၏ မျက်နှာကို ရှာဖွေ၍ တွေ့ခဲ့ပြီ' ဝတ္ထုရှည်ထဲမှာ ဆရာငြိမ်းကျော်က အဲဒီကိစ္စကို ရင်ထဲ နင့်သွားလောက်အောင်ကို ရေးပြခဲ့တယ်။

ဒီကိစ္စက သားတို့အတွက် ပြောဖို့ စောသေးတယ်။

ကိုယ်ငယ်စဉ်က မဆင်မခြင် အပျော်ထားခဲ့တဲ့ ချစ်သူတစ်ယောက် ဟာ နောင် အိမ်ထောင်ကျတဲ့အထိ မရည်ရွယ်ဘဲ ကိုယ့်ရဲ့ အရိပ်မည်းဟာ သူတို့ အိမ်ထောင်ရေး သာယာမှု အပေါ် အနှောင့်အယှက် ဖြစ်စေတဲ့ အပြင် သားသမီးလေးတွေကိုပါ စိတ်ဒဏ်ရာရတဲ့အထိ ဖြစ်စေတဲ့ ဖြစ်ရပ် တွေ တို့နိုင်ငံမှာတော့ အမှန်ပဲ ရှိနေတာပဲ သား။

ကိုမင်းကိုနိုင်ရဲ့ ဝတ္ထုထဲမှာ သူက အဲဒီ မိန်းကလေးကို ချစ်သူ အဖြစ်သာ တွဲခဲ့ပြီး ကိုယ်ထိလက်ရောက် ဘာမှ မကျူးလွန်ထားတာ ဖြစ် တော့ လိပ်ပြာသန့်နိုင်တယ်လို့ ထင်ခဲ့မိရာကနေ အဲဒီမိန်းကလေး ဘဝ မလှနိုင်တာ တချို့ဟာ သူ့ကြောင့် ဖြစ်ကြောင်း သိလိုက်ရတော့ ယူကျုံးမရ ဖြစ်ရရှာပြန်တဲ့ ယောကျ်ားလေးတစ်ယောက်ကို ရေးပြထားပါတယ်။ သူက ဒီဘက် ခေတ်မှာတော့ အဲသည် ကိစ္စတွေကို ဘယ်သူမှ ရေးကြီးခွင့်ကျယ်

မလုပ်ကြတော့ဘူးလို့လည်း ဖြေထားတယ်။ ဆရာကတော့ တစ်မျိုး စိတ်ပူတယ်သား။ အဲဒီ ကိစ္စတွေမှာ သည်ဘက်ခေတ်မှာ လိုက်လျောမှုတွေ ပိုနေတယ်ဆိုတာ အားလုံးသိတဲ့ ကိစ္စပဲ။ ခက်တာက မိန်းကလေးတိုင်း လွယ်နေတာ မဟုတ်ဘူး။ အရှက်နဲ့ သိက္ခာကို တန်ဖိုးထားတဲ့ မိန်းကလေး တွေ အများကြီး ရှိနေသေးတယ်။ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ အနောက် နိုင်ငံတွေမှာ စခဲ့တဲ့ sexual revolution ဆိုတဲ့ သွေးသားကိစ္စ တော်လှန် ပြောင်းလဲမှုကြီးဟာ မြန်မာပြည်ကို ဒီနေ့အထိ ရောက်နေပြီလို့ ပြောလို့ မရသေးဘူး။ သည်တော့ 'မလွယ်ပါဘူး' ဆိုတဲ့ မိန်းကလေး တစ်ယောက် ကိုပဲ ရည်းစားလေးထားဖူးတာနဲ့ ပတ်ဝန်းကျင်က အဆုံးအထိ တွေးပစ် လိုက်တတ်ရင် သူ့ဘဝရှေ့လျှောက် လှနိုင်ဖို့ မခက်ပေဘူးလား သား။

ကတ်ကြေးနဲ့ မကိုက်မိစေဖို့

မတော်တဆ အခွင့်အရေး မယူမိဖို့ နောက်မှာ ဆက်ပြောမယ်လို့ ဆရာ ပြောထားတယ်နော်။ အခု ပြောတော့မယ်။

သူလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်။

ကိုယ်လည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်။

သာမန်သွေးနဲ့ ကိုယ်၊ သားနဲ့ကိုယ် မဟုတ်ဘူး။ ငယ်ရွယ် နုပျိုမှု ကြောင့် လှုပ်ရှားလွယ်၊ တက်ကြွလွယ်နေတဲ့ သွေးနဲ့ကိုယ် သားနဲ့ကိုယ်တွေ။

အခွင့်အရေး တကယ်ရလာရင် ရှောင်နိုင်ဖို့ ခက်တယ်နော်။

မရှောင်နိုင်တော့ ဘာဖြစ်သလဲ။ ၂၁ ရာစုမှာ ဒါတွေ ဆန်းသေးလို့ လား။ Safe Sex လို့ခေါ်တဲ့ အကာအကွယ် သုံးနည်းတွေ သင်ထားပေး ပေါ့လို့ စာရေးဆရာကြီး တစ်ယောက်ကတောင် ရေးဖူးတယ်။

Sex Education ဆိုတဲ့ လိင်ပိုင်းဆိုင်ရာ အသိပညာ ပေးခြင်းကို ဆယ်ကျော်သက်ကတည်းက စလုပ်ဖို့ ဆရာ အမြဲတမ်း ထောက်ခံသူပါ။ အခု ဆယ်ကျော်သက် မိန်းကလေးတွေကို ကျန်းမာရေး ပညာပေးနေတဲ့ ပရဟိတအဖွဲ့ စံပယ်ဖြူ ဆိုတာရှိတယ်။ သမီးခင်နှင်းကြည်သာတို့ရဲ့ 'တစ် ကိုယ်တော် ပရဟိတသမားများ ကွန်ရက်' ရဲ့ ကဏ္ဍတစ်ခုပေါ့။ ဆရာ့ သမီးလို ဖြစ်နေတဲ့ ကလေး အထူးကုဆရာဝန် ဒေါက်တာ သက်ထား ရွှေစင်ဝင်း ဦးဆောင်နေတာပဲ။ ဆရာရော ကိုစိုးလွင် (မီးယပ်သားဖွား အထူးကုဆရာဝန်ကြီး) ပါပါကြတယ်။

သင်ပေးထားတာ မမှားပေမယ့် အသိတရား၊ ကိုယ်ချင်းစာတရားနဲ့ ဆင်ခြင်တဲ့ ကိစ္စကိုလည်း မပစ်ပယ်သင့်ဘူး။

ငယ်ငယ်က ဆရာနှစ်သက်တဲ့ ရုပ်ရှင် တစ်ခု ရှိဖူးတယ်။ ဆရာကြီး ဦးဝင်းဖေ ရိုက်တာ။ 'လူသွားလမ်းကလေး' တဲ့။

မင်းသားက (ဦး)ကျော်ဟိန်း။ သူက ကိုဘလှလို့ခေါ်တဲ့ ထောင် ထွက်တစ်ယောက်။ သူ့ကို လိမ္မာယဉ်ကျေးလာအောင် ကောလိပ်ဂျင်(ဦး)နေဝင်းက သင်ပေးတယ်။ သူက (ဦး)နေဝင်းကို သိပ်ကြည်ညိုတယ်။ ဒါပေမဲ့ (ဦး)နေဝင်းရဲ့ မွေးစား သမီး(ဒေါ်)ဆွေဇင်ထိုက်နဲ့ ချစ်သူဖြစ်သွား တယ်။ (ဦး)နေဝင်းသိပြီး လှမ်းခေါ်တော့ သူကြောက်ကြောက်နဲ့ သွားတယ်။ (ဦး)နေဝင်းပြောတဲ့ စကားက ခုထိ ဆရာ မှတ်မိနေသေးတယ်။

'မင်းပိတ်စ ဝယ်မယ်ဆို ဈေးထဲကိုသွားရင်၊ မင်းကြိုက်မယ် ထင်တဲ့ အစကို မင်းကိုင်ကြည့်လို့ရတယ်၊ လိုက်မလိုက် ကိုယ်မှာ ပတ်ကြည့်၊ ရသေးတယ်၊ အေး ကတ်ကြေးတော့ သွားမဖြတ်နဲ့၊ ဖြတ်ပြီးရင် မင်းယူကို ယူရမယ်၊ မယူရင် မင်း ဘယ်လို လူမျိုး ဖြစ်သွားမလဲ'

စကားလုံး နည်းနည်းကြမ်းသလိုလို ထင်ရပေမယ့် ဒါ အမှန်တရားပဲ။ လက်ရှိ မြန်မာ့ လူ့အဖွဲ့အစည်း အနေအထားနဲ့ ကြည့်ရင်တော့ လက် မထပ်ခင် ကျူးလွန်မိတယ်ဆိုရင် ကတ်ကြေးသွားဖြတ်သလိုပဲ ယူဆရမှာပဲ။

အနောက်နိုင်ငံတွေမှာလို အတူနေပြီး ကလေးတွေ ဘာတွေပါ ရပြီးမှ လက်ထပ်ရကောင်းမလား စဉ်းစားကြတဲ့ခေတ် ရောက်ချင်လည်း ရောက်လာဦးမှာပေါ့။ (ရောက်လာရင်လည်း တိုးတက်လာတာလို့တော့ မထင်လေနဲ့။ ဆရာက အဲဒီနိုင်ငံမျိုးတွေမှာ ကလေးအထူးကု ဆရာဝန် လုပ်လာပြီး single mother ခေါ်တဲ့ အိမ်ထောင်မရှိတဲ့ ကလေးအမေတွေရဲ့ ကလေးတွေကို ကြည့်ပေးလာရတော့ သူတို့ လူမှုအနိဋ္ဌာရုံတွေ ဘယ် လောက်များသလဲဆိုတာလည်း သိနေတာပဲ။)

မြန်မာမှာကတော့ ယဉ်ကျေးမှုအရ လက်ခံသေးတဲ့ ကိစ္စကို မဟုတ် တော့ စိတ်ညစ်စရာ အသွယ်သွယ်က ကြုံရဦးမှာ။

အဆိုးဆုံးကတော့ Self Esteem ပဲ။ မိမိကိုယ်မိမိ ပြန်လေးစား နိုင်ဖို့ ခက်သွားလိမ့်မယ်။ တာဝန်မယူတတ်တဲ့ ယောကျ်ားရယ်လို့ပေါ့။

လောလောဆယ်မှာတော့ ဆရာလည်း ကောလိပ်ဂျင်(ဦး)နေဝင်း လိုပဲ သတိပေးချင်တယ်။ 'ကတ်ကြေးနဲ့ မကိုက်မိစေနဲ့' လို့ပေါ့။ သားတို့ ချမ်းမြေ့ကြပါစေ။

ဝ

# သားတို့ရဲ့ စွဲလမ်းခြင်း ပြဿနာ

သားရေ …

စွဲလမ်းခြင်း ပြဿနာဆိုတာ တင်ဇာမော်ဆိုတဲ့ သီချင်းတစ်ပုဒ်ပေါ့ ကွယ်။ ဆရာ လူငယ်ဘဝက အဲဒီ 'စွဲလမ်းခြင်းပြဿနာ' ကိုပဲ စွဲလမ်းခဲ့ဖူးသကွယ့်။

မကြာသေးခင်ကလည်း အဲဒီခေါင်းစဉ်ကလေးနဲ့ ဆရာ ဆောင်းပါး တစ်ပုဒ် ရေးဖူးသေးတယ်။ ဆိုလိုချင်တာကတော့ 'စွဲလမ်းခြင်း' ဆိုတာ ပြဿနာ ကိုပဲ ဖြစ်စေတယ်။ ဒါပေမဲ့ လူတွေ မစွဲမလမ်းရဘဲလည်း မနေနိုင်ကြဘူး။ စွဲလမ်းခြင်းတွေထဲမှာ ပြဿနာ အများဆုံးကတော့ တစ်ခုခုကို အမြဲ စွဲလမ်း နေရမှ နေတတ်တဲ့ 'စွဲလမ်းခြင်း' ကို 'စွဲလမ်းခြင်း' ပဲလို့ ဆရာ ရေးခဲ့တယ်။

ဘာတွေ စွဲလမ်းသလဲဆိုတော့ အချုပ်ပြောရရင်တော့ ရသာရုံတွေ ပိုစွဲလမ်းတာပေါ့ကွယ်။ လှတာလေးကို မြင်ချင်တယ်။ ချိုတာလေးကို အရသာ ခံချင်တယ်။ မွှေးတာလေးကို ရှူချင်တယ်။ နူးညံ့တာလေးကို ထိတွေ့ချင်တယ်။ သာယာတာလေးကို ကြားချင်တယ်။ ဒါတင်မက စိတ်ချမ်းသာစရာကလေး ကိုလည်း တွေးချင်တယ်။ အဲဒါတွေကို စွဲတာ။ အဲဒါတွေကို မစွဲမှတော့ သံသရာ လွတ်ကြောင်း လုပ်နေပြီပေါ့လို့ သားတို့ ငြင်းချင်နေပြီ မဟုတ်လား။ မှန်ပါတယ် ကွယ်။ အဲဒါတွေက အရသာကို ကောင်းကောင်း ခံစားနိုင်တဲ့ သားတို့အရွယ် မပြောနဲ့ အရသာနဲ့ ထိတွေ့တိုင်း အရသာ တင်းပြည့်၊ ကျပ်ပြည့် မခံစားနိုင်တော့ တဲ့ ဆရာတို့အရွယ်တွေတောင် အရသာကို မစွန့်နိုင်ကြသေးတာ။ ဒါပေမဲ့ ဆရာဆိုလိုတာက 'မစွဲလမ်း' ဖို့ ပြောတာပါ။ အရသာကို ခံစားပါ။ ပျော်ပါ။ မရ မနေနိုင်တာမျိုး မရှိမဖြစ်တော့တာမျိုး စွဲလမ်းစိတ်ကို ရှောင်ပါလို့ ပြောတာ။

သားတို့ကတော့ တွေးနေမယ်။ ဆရာတို့ အရွယ်ရောက်ရင် စွဲလမ်းစိတ် ကို ဖျောက်မှာပေါ့။ တရားနဲ့ နေမှာပေါ့လို့။ မဟုတ်ဘူးလား။ လောကုတ္တရာကိစ္စ

ပြောနေတာ မဟုတ်ဘူး။ တစ်ခုခုကို အလွန်အမင်း စွဲလမ်းနေတာဟာ လောကီကိစ္စ တိုးတက်ရာ တိုးတက်ကြောင်းတွေမှာလည်း ကြီးစွာသော အနှောင့်အယှက်ဖြစ်တတ်တယ်။ ဒါကြောင့်မို့ ဘဝတိုးတက်ရာ တိုးတက်ကြောင်း တည်ဆောက်ဖို့ မိမိပိုင်အချိန် တစ်နှစ်၊ တစ်လ၊ တစ်ရက် အပွန်းအပဲ့ မခံနိုင်တဲ့ သားတို့အရွယ်မှာ 'စွဲလမ်းခြင်း' ပြဿနာကို ရှောင်နိုင်ဖို့ အရေးကြီးတာပေါ့။ စွဲလမ်းစေတဲ့ ရသာရုံတွေဟာ မြင်သာထင်သာ အရှင်းကြီး လာနေတယ်လို့တော့ မထင်နဲ့။ သူတို့က မာရ်နတ်ရဲ့ မျိုးနွယ်တွေဆိုတော့ ပုံဖျက်တာ၊ ဟန်ဆောင်တာ ကျွမ်းကျင် သကွယ့်။

နားထွေးသွားပြီလား သား။

ရှင်းသွားအောင် ဥပမာလေး သုံးခုနဲ့ ပြောမယ်နော်။

၁။ မူးယစ်ဆေးဝါးနဲ့ အရက်

၂။ အင်တာနက်နဲ့ ဂိမ်း

၃။ အချစ်

တခြား အသွင်အပြင်တွေလည်း အများကြီး ရှိနိုင်ပေမယ့် ဒီသုံးခုကတော့ သားတို့ အရွယ်မှာ အထင်ရှားဆုံးလို့ ဆရာ ထင်တယ်လေ။

မူးယစ်ဆေးဝါးနဲ့ အရက်

စောစောက ပြောခဲ့တဲ့ ရသာရုံတွေထဲမှာ မူးယစ်ဆေးဝါးနဲ့ အရက်က ဘယ်နေရာက ပါသလဲလို့ တွေးကြည့်ရင် ခေါင်းခြောက်စရာပဲ။

မွှေးလည်း မမွှေးဘူး၊ ချိုလည်း မချိုဘူး၊ လှလည်း မလှဘူး၊ နူးလည်း မနူးညံ့၊ သာလည်း မသာယာ။

ဒါပေမဲ့ ထူးခြားချက်က အဲဒီ အရာတွေက ခံစားသိစိတ် စေတသိက်ကို ဝင်ခြယ်လှယ်တာပဲကွယ့်။ ပုံမှန် ခံစားရတာထက် ပိုခံစားရအောင် လုပ်တယ်။

နည်းနည်း ပျော်စရာရှိရင် များများ ပျော်အောင်လုပ်တယ်။ တဟီးဟီး တဟား ဟားပေါ့။ Euphoric ဖြစ်တယ်လို့ ဆေးပညာစကားက ဆိုတယ်။ စိတ်ညစ်စရာ ရှိရင်လည်း အရမ်း စိတ်ညစ်မှာပဲ။ ဒါပေမဲ့ လူတွေဟာ အရက်သောက်ပြီး၊ မူးယစ်ဆေးဝါး သုံးပြီး စိတ် ထိုင်မညစ်တတ်ကြတော့ အဲဒါကို သတိမထား မိကြဘူးပေါ့ကွယ်။

စွဲတယ်နော်၊ တကယ်စွဲတာ။

ဆင်ခြင်တုံတရား ကြီးမားလွန်းလို့ ဖန်တီးထုတ်လုပ်လိုက်တဲ့ အနုပညာ ပစ္စည်း မှန်သမျှ ပုလဲတစ်ကန့်၊ ရွှေတစ်ကန့်ဖြစ်လောက်အောင် တော်တဲ့ ဉာဏ်ရည်မြင့်မားတဲ့ Creative artist ဆိုတဲ့ ဖန်တီးထုတ်လုပ်သူ အနုပညာရှင်တွေတောင် အရက်သားကောင်၊ မူးယစ်ဆေးဝါး သားကောင်ဖြစ်သွားတာ ဒုနဲ့ဒေး။ ဒီလောက် တော်တဲ့သူတွေက ဒါကြီး မကောင်းတာ ဘာလို့ မသိရတာလဲ ဆိုတော့ ဆရာ ပြောတဲ့ 'စွဲလမ်းမှု' ပြဿနာကြောင့် မသိတော့တာပဲကွယ့်။ ခံစားချက်ကို Exaggerate လုပ်ပေးတာ။ ပင့်ပေးတာ။ အဲဒီ ပင့်ပေးတာကို သွားစွဲတာ။

ဉာဏ်ကောင်းတဲ့သူတွေပါ လူမိုက်ကြီး လုံးလုံးကို ဖြစ်လို့။

ဘာလို့ စွဲသလဲလို့ မေးရင်တော့ စွဲလောက်တာကို သွားစရင် စွဲမှာ ပေါ့ကွယ်။ သွားစတာကိုး။ ဟိုအရာတွေရဲ့ သဘာဝကိုက စွဲအောင် တီထွင်ထား တာလေ။

ဘာလို့ သွားစသလဲ။

အဲဒါ အဓိကအကျဆုံး အချက်ပဲ။

အရက်စွဲပြီး ဒုက္ခတွေ ပင်လယ်ဝေမယ်၊ မူးယစ်ဆေးဝါးစွဲပြီး ဒုက္ခတွေ ပင်လယ်ဝေမယ် ဆိုတာ သိရင် ဘယ်လူငယ်မှ အဲဒီဇာတ်လမ်းကို သွားမစဘူး။

'ငါ မစွဲလောက်ပါဘူး၊ ဟိုကောင်တွေ စိတ်ပျော့လို့ စွဲတာ၊ ငါက စိတ်ဓာတ်ခိုင်မာတဲ့သူပဲ'

အဲသလို တွေးပြီးစတာ။ တကယ်တော့ လူတိုင်း အဲသလို တွေးခဲ့ကြတာချည်းပဲ။ စပြီးရင်တော့ အရက်ကို သွားစတဲ့သူ တော်တော်များများနဲ့ မူးယစ်ဆေးဝါးကို သွားစတဲ့သူ အားလုံးနီးပါးဟာ စွဲသွားကြတာပါပဲ။

ဒါမျိုးကို မိမိကိုယ်ကို မိမိ ယုံကြည်စိတ် Confidence လို့ မခေါ်ဘူး။ မိမိကိုယ်ကို မိမိ အထင်ကြီးလွန်းတဲ့စိတ် Ego လို့ ခေါ်တယ်။

နောက်ဆုံးတစ်နေ့ ထိခိုက်ရမှာက ကိုယ့်ရဲ့ ကိုယ်ရည်ကိုယ်သွေး Self esteem ပါပဲ။

ဘဝင်မြင့်မိလို့ ပြန် မျက်နှာငယ်ရတာပါ။

ဆင်ခြင်တုံတရား အားကောင်းတဲ့ လူငယ်ဆိုတာ စွဲစေတဲ့အရာကိုလည်း ရှောင်နိုင်ရမယ်။ စမ်းချင်တဲ့ ကိုယ့်ရဲ့ ဘဝင်စိတ်ကိုလည်း ရှောင်နိုင်ရမယ်ကွယ့်။

အဲသလို လူငယ်မျိုးကိုမှ ဆရာတို့က လေးစားချင်တာ။ သွားမစမ်းနဲ့နော်သား။

၂။ အင်တာနက်နဲ့ ဂိမ်း

အင်တာနက် စွဲ၊ ဂိမ်းစွဲတာ မကောင်းကြောင်း အရှည်ကြီး မပြောတော့ဘူးနော်။ သားတို့ ကြားဖူး၊ သိဖူးပြီးသားတွေ များနေမှာစိုးလို့။ သားတို့ ပတ်ဝန်းကျင်မှာလည်း အင်တာနက် စွဲ(ဖေ့ဘွတ်ခ်စွဲ) ဂိမ်းစွဲလို့ ဘဝတိုးတက်ရာ တိုးတက်ကြောင်း ဖြစ်တဲ့ ကျောင်းတက်တာတွေ၊ အလုပ်လုပ်တာတွေအတွက် အချိန် မပေးနိုင်ဘဲ ဆုံးရှုံးခြင်းများစွာနဲ့ ရင်ဆိုင်နေရတဲ့ Loser သူငယ်ချင်းတွေ ဒုနဲ့ဒေး မဟုတ်ဘူး လား။

ဂိမ်းဘာလို့ စွဲသလဲမေးရင် ပျော်စရာ ကောင်းလို့ စွဲတယ်လို့ သားတို့ ဖြေမယ်။ အင်တာနက် ဘာကြောင့်စွဲသလဲ မေးရင် သိချင်တဲ့ ညသတင်းနဲ့ အချက်အလက်တွေကို အချိန်တိုတိုနဲ့ မြန်မြန်ဆန်ဆန် ရှာလို့ရလို့ စွဲတယ်လို့ သားတို့ ဖြေမယ်။

သားတို့ ထင်သလောက် မဟုတ်ဘူးနော်။ နည်းနည်းလေး In depth ဒီထက် နှိုက်တွေးကြည့်ရအောင်။

လောကကြီးမှာ ပျော်စရာ အကောင်းဆုံး ကိစ္စဟာ ဘာလဲ။ အဲဒီမေးခွန်း ဆရာ ခဏခဏ မေးဖူးတယ်။

စာမေးပွဲအောင်တာလား။

ချစ်သူက အဖြေ ပေးတာလား။

အစားအသောက် ကောင်းကောင်း စားလိုက်ရတာလား။

ရုပ်ရှင်ကြည့်ရတာလား။

ဂိမ်း ဆော့ရတာလား။

အဲဒါတွေ အားလုံးဟာ ဟုတ်မလိုလိုနဲ့ တကယ်နဖူးတွေ့၊ ဒူးတွေ့ကျတော့ လျှပ်စီး လက်သလို ခဏကလေးပဲ ပျော်ရတာနော်။

တကယ် ပျော်စရာ ကောင်းတာက မသိရသေးတဲ့ကိစ္စ တစ်ခု၊ အထူး သဖြင့် ကိုယ်နှစ်ပေါင်းများစွာ သိချင်ပြီး သိခွင့် မရသေးတဲ့ ကိစ္စ တစ်ခုကို သိလိုက်ရတာမျိုးမှ ရင်ထဲမှာ လင်းခနဲဖြစ်ပြီး အေးချမ်းသွားတာ။ တကယ် ပျော်ရတာ။

မယုံဘူး ဟုတ်လား။

ကဲ အဲဒါဆို ဆရာပြောပြမယ်။ ဂြိုဟ်သားတွေ တကယ်ရှိမရှိ အထောက် အထားနဲ့ ဆရာ ပြောပြမယ်။ နားထောင်မလား။

ကြည့် ...။

စိတ်ဝင်စားသွားပြီ မဟုတ်လား။ သိချင်ပြီလေ။ သိရရင် ပျော်မယ် မဟုတ်ဘူးလား။

တကယ်တော့ လောကကြီးမှာ ဂြိုဟ်သား တကယ်ရှိမရှိထက် ပိုပြီး သိချင်စရာ ကောင်းတဲ့ကိစ္စတွေ အများကြီးပါပဲကွယ်။ တချို့ကိစ္စတွေဆို အဲဒါကို မသိလိုက်ရဘဲ သေသွားရင် လူဖြစ်ကျိုးတောင် မနပ်ဘူးလို့ ဆိုနိုင်တယ်ကွယ့်။

အဲဒါတွေကို သိခွင့်ရအောင် ဘယ်လို လုပ်မလဲလို့ ပြောရရင် အရေးကြီး တာ နှစ်ခုပဲ ရှိတယ်ကွယ့်။ အဲဒါတွေကတော့ ကြည်လင်တည်ငြိမ်သော စိတ် နဲ့ ပညာရှာမှီးမှု အလွယ်ပြောရင် သတိနဲ့ အသိပေါ့။

ဆေးပညာ လေ့လာရင်လည်း သတိနဲ့ အသိက အရေးကြီးတာပဲ။ အနု ပညာ လေ့လာရင်လည်း သတိနဲ့ အသိက အရေးကြီးတာပဲ။ လောကုတ္တရာပညာ ရှာမှီးရင်လည်း သတိနဲ့ အသိက အရေးကြီးတာပဲ။

အင်တာနက်စွဲတာနဲ့ ဂိမ်းစွဲတာဟာ သတိနဲ့ အသိ တစ်နည်းအားဖြင့် စိတ်ကြည်လင်မှုနဲ့ ပညာရှာမှီးမှုရဲ့ ရန်သူစစ်စစ်တွေကွယ့်။

သားကတော့ ငြင်းမှာပေါ့။

လိုချင်တဲ့ အချက်အလက် အင်တာနက်မှာရှာတာ မမြန်ဘူးလားလို့။ တကယ်တော့ မြန်လွန်းလို့ ဒုက္ခရောက်နေကြတာပါကွယ်။

တစ်မိနစ် အချက်အလက်များ(1 minute information) တဲ့။ တစ် မိနစ်အတွင်း သိနိုင်တာကို ပြောတာမဟုတ်ဘူး။ တစ်မိနစ်ပဲခံတဲ့ အာရုံစူးစိုက်မှု ကို ပြောတာ။

ဆေးပညာမှာပဲ ကြည့်။

ဆရာတို့ ဘွဲ့လွန်ကျောင်းသားဘဝတုန်းက တစ်ကြောင်းစာ မေးခွန်း ကလေးတစ်ခုရဲ့ အဖြေကိုသိဖို့ စကော့တလန် စာကြည့်တိုက်ထဲမှာ ညလုံးပေါက် အချိန်ဖြုန်းခဲ့ရဖူးတယ်။ အခုခေတ် ဘွဲ့လွန် ကျောင်းသားတွေကတော့ ဆရာက

သူတို့မသိတဲ့ မေးခွန်းတစ်ခုကို မေးလိုက်ရင် မိနစ်ပိုင်းအတွင်းမှာ အင်တာနက်က ရှာပြီး ပြန်လာပြောပြကြတာပဲ။

ဒါ တိုးတက်သွားတာ မဟုတ်ဘူးနော်။ တိုးတက်သွားတာလို့ ထင်ရင် မှားမယ်။

အဲဒါ ပြန်လာပြောပြတာအပေါ် မူတည်ပြီး နောက်တစ်ခွန်း ထပ်မေးလိုက်ရင် မသိတော့ဘူး။ အင်တာနက် သွားပြန်နှိပ်ရပြန်ရော။ သူက တစ်မိနစ်စာပဲ ဖတ်လာခဲ့တာကိုး။

တစ်မိနစ် ဦးနှောက် (1 mimute brain) တွေ ဖြစ်ကုန်ပြီကွယ့်။ အာရုံ စူးစိုက် လေ့လာတာ၊ ပိုင်းခြားဝေဖန်ပြီး အဖြေထုတ်တာ၊ သူများကို ပြန်ရှင်းပြ နိုင်လောက်တဲ့အထိ သိုင်းသိုင်းဝိုင်းဝိုင်း လေ့လာတာ မရှိတော့ဘူး။

ဒါကြောင့် ပြောတာပေါ့။ အင်တာနက်ဆိုတာ သတိနဲ့ အသိရဲ့ ရန်သူပါ လို့။

အင်တာနက် စွဲနေတဲ့ စိတ်နဲ့ ဘယ်ကိစ္စကိုမှ မိနစ်ပိုင်းထက် ပိုပြီး အာရုံစူးစိုက်လို့ မရဘူး။ ဘယ်ပညာကိုမှ ထဲထဲဝင်ဝင် လေ့လာလို့ မရဘူး။

၃။ အချစ်

တွေ့ပြီ။

ဒီအပိုင်းမှာတော့ သားတို့နဲ့ ဆရာနဲ့ တွေ့ပြီ။

အချစ်ကို ပြဿနာဖြစ်စေတဲ့ စွဲလမ်းခြင်း တစ်မျိုးလို့ရေးရင် ချစ်တတ် တဲ့ ဘယ်လူငယ်က ကြိုက်မှာတဲ့လဲနော်။

ဆရာ ဆိုတာလည်း "အချစ်စစ်ဆိုတာ တကယ်ရှိရင် ဘုရားဟောခဲ့မှာ ပေါ့၊ ဘုရားက မေတ္တာကိုသာ ဟောတယ်၊ ဃသာစညေသေညျငစ ပါရမီဖြည့်ဖက် အကြောင်းသာ ဟောတယ်" လို့ ရေးခဲ့တဲ့လူလေ။

မိန်းကလေးတစ်ယောက်ကို ချစ်မိ။ ခံစား။ ဖွင့်ပြော။

ရလဒ်က နှစ်မျိုးပဲ ရှိတယ်။ ပြန်ချစ်၊ ပျော်။ ဒါမှမဟုတ် အသည်းကွဲ၊ ပူဆွေး။

ဘယ်ခံစားချက်က ကြာကြာခံသလဲ စဉ်းစားကြည့်။

ဟုတ်တယ်။

ဒုတိယ ခံစားချက်။

ဒါ အရေးကြီးတယ်နော်။ သေသေချာချာကလေး တွေးကြည့်ရအောင်။

ဒီမိန်းကလေးပဲလေ။ ဒီယောကျ်ား ကလေးပဲလေ။

အဆင်ပြေသွားတဲ့ အချစ်ရေးထက် အဆင်မပြေခဲ့တဲ့ အချစ်ရေးက ဘာလို့ ရင်ထဲမှာ တနှံ့နှံ့နဲ့ ပိုကြာကြာ၊ ပိုပြင်းပြင်းထန်ထန် ခံစားရတာလဲ။

ဒါဆို ကိုယ်စွဲလမ်းမိတာက အဲဒီ မိန်းကလေးကိုလား။ အချစ်ကိုလား။ လိုတာ မရလိုက်တဲ့ မပြည့်လိုက်တဲ့ လောဘကိုလား။

နားအဝင် ဆိုးသလား သား။

အချစ်ဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာပါနော်။

သားတို့အတွက် အရေးကြီးတယ် ထင်ရင်တော့ အမုန်းခံ၊ လိုအပ်ရင် အိမ်က မိန်းမပါ စိတ်အကောက်ခံ ပြောရမှာပဲ။

ဘာဖြစ်လို့လဲ။

အသည်းကွဲဖူးတယ်နော်။

အသည်းကွဲရင် ယောကျ်ားကလေးတွေက နှစ်မျိုး ဖြစ်နိုင်တယ်။ တစ်မျိုးက ခွေလဲသွားတာ။ ဘာကိုမှ လုပ်ချင်စိတ် မရှိတော့တာ။ သူ့ဘဝလည်း သေသွားတယ်။ သူ့ ပတ်ဝန်းကျင်က ဘဝတချို့ပါ အဆစ်ပါသွား လိုက်သေးတယ်။ နောက်တစ်မျိုးက သူ ခံစားရတာ မပျော်တဲ့ အဲဒီအသည်းကွဲနေတဲ့ ခံစားချက်ကို မေ့ပစ်လိုက်တယ်။ ဘဝအတွက် အရေးကြီးတယ်ထင်တဲ့ တခြား ကိစ္စတွေမှာ အာရုံစူးစိုက်လိုက်တယ်။

များသောအားဖြင့် ပျမ်းမျှထက် ပိုအောင်မြင်တဲ့လူတွေ ဖြစ်လာတယ်။ အချစ်သစ်လည်း တွေ့သွားတတ်ကြတယ်။

ဒုတိယ အမျိုးအစားချည်းပဲ ဖြစ်လာလို့ကတော့ ဘာပြဿနာ ရှိမလဲ သား။ ကောင်းတာပေါ့။

ပထမ အမျိုးအစားထဲ ဝင်သွားမယ့် လူငယ်တွေအတွက်ပဲ မေးခွန်း မေးချင်တာ။

ကိုယ့်ဘဝဟာ အဲဒီမိန်းကလေးကို မပိုင်ဆိုင်ရရင် ဘယ်နေရာတွေမှာများ ဘယ်လောက်များ အနုတ်လက္ခဏာ ပြသွားလို့လဲလို့။

မချစ်တတ်လို့ လျှောက်ပြောနေတဲ့ လူကြီးလို့ မထင်ပါနဲ့နော်။ စွဲလမ်းခြင်း ပြဿနာကို သေသေချာချာ နားလည်တဲ့ အရွယ် ရောက်သွားလို့ ပြန်မျှဝေနေတာပါ။

ကိုယ့်ကိုယ်ကိုယ် သနားနေတာပါ သား။

သူ မရှိလို့ မဖြစ်တဲ့ အချစ်ဆိုတာ မရှိပါဘူး။ ထားခဲ့စမ်းပါ။ ထလာလိုက်စမ်းပါ။

ကိုယ့်ဘဝကလည်း တိုးတက်ဖို့ လုပ်ရမှာတွေ အများကြီး ကျန်သေးတယ်။ ကိုယ့် အကူအညီလိုမယ့် လူတွေလည်း ကိုယ့်ဘဝခရီး တစ်လျှောက်မှာ တန်းစီစောင့်နေကြပါသေးတယ်။

သားတို့ကို ဘယ်စွဲလမ်းခြင်းမှာမှ ပြဿနာ ဖြစ်လောက်အောင် နစ်မနေကြစေချင်ပါဘူး။

# ကမ္ဘာကြီးရဲ့ ဗဟို

သားရေ

ဒီတစ်ခေါက်တော့ သားတို့ကို ဆရာ မကွေးဆေးတက္ကသိုလ်မှာ ဒီနှစ် ထဲမှာ ဟောပြောဖြစ်ခဲ့တဲ့ ခေါင်းစဉ်ကလေး ပြန်မျှ ဝေချင်သကွယ့်။

'ကမ္ဘာကြီးရဲ့ ဗဟို'တဲ့။

ဒါကလည်း အရင်လက ဆရာပြောခဲ့တဲ့ သားတို့ရဲ့ စွဲလမ်းမှု ပြဿနာ ကနေ ဆက်ပြောရမယ့် ကိစ္စကလေး ဖြစ်နေတာကိုး။

စွဲလမ်းတာဟာ စိတ်မချမ်းသာစရာ ကိစ္စတွေရဲ့ အကြောင်းရင်းပဲလို့ ဆရာ ရေးခဲ့တယ်။ ဗုဒ္ဓ ဟောပြောတဲ့ တရားထဲမှာလည်း ပါတယ်ပေါ့လေ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ စသည်ဖြင့်ပေါ့။

ဒီလတော့ စွဲလမ်းရတဲ့ အကြောင်းရင်းလေးကို လိုက်စဉ်းစားကြည့်ရ အောင်။

ဘာဖြစ်လို့ စွဲလမ်းတာလဲ။

နှစ်သက်လို့ စွဲလမ်းတာပေါ့လို့ မဖြေနဲ့နော်။ နှစ်သက်ပြီး မစွဲလမ်းတာတွေ အများကြီးပဲ။

သားတို့ အရွယ်မှာ သိသာ ထင်ရှားတဲ့ ဥပမာပဲ ပေးကြစို့။

နှစ်သက်မိတဲ့ မိန်းကလေးတွေ အများကြီးပဲနော်။

လှတာလေးလည်း နှစ်သက်တယ်။

လိမ္မာ ယဉ်ကျေးတာလေးလည်း နှစ်သက်တယ်။

တော်တာလေးလည်း နှစ်သက်တယ်။

ကိုယ့်အပေါ် အနွံ့အတာ ခံတာလေးလည်း နှစ်သက်တယ်။

နှစ်သက်တိုင်း မစွဲလမ်းဘူးနော်။ နှစ်သက်တိုင်းသာ စွဲလမ်းရရင် မိန်းကလေးတွေ အများကြီး လိုက်စွဲလမ်းနေရမှာပေါ့။

တကယ် စွဲလမ်းမိတဲ့သူကျတော့ စောစောက အချက်တွေ ပြည့်စုံချင်မှတောင် ပြည့်စုံတာ။

လှချင်မှ လှမယ်။ တော်ချင်မှ တော်မယ် စသည်ဖြင့်

ဒါပေမဲ့ စွဲလမ်းတယ်။

ဘာဖြစ်လို့ စွဲလမ်းတာလဲ။

ရှင်းရှင်းကလေးပါပဲ။

ပိုင်ဆိုင်ချင်တာပါ။

ကိုယ်တစ်ယောက်တည်း ပိုင်ချင်တာပါ။ အဲသည် မိန်းကလေးရဲ့ ဘဝမှာ အရေးအပါဆုံး ပုဂ္ဂိုလ်က ကိုယ်ဖြစ်ချင်တာပါ။

မပိုင်ဆိုင်ရလေ၊ ခံစားရလေ၊ ပိုစွဲလမ်းလေ။

စကားပုံတောင် ရှိသေး။ လူမမာ အမဲခြောက်ဖုတ် တောင်းသလိုတဲ့။

ဒါဆို စွဲလမ်းမှုတစ်ခုရဲ့ တရားခံက စွဲလမ်းရမယ့် ပုဂ္ဂိုလ် အရာဝတ္ထုလား။ ကိုယ်လား။ ဒီဥပမာမှာ ဆိုရင် အဲဒီ မိန်းကလေးလား။ ကိုယ်လား။

ရှင်းတယ်။ ကိုယ်ပဲပေါ့။

လောဘနော်။ လောဘကို အခြေ ခံတာ။

ကိုယ် ရချင်တယ်၊ ကိုယ် ပိုင်ချင်တယ်၊ ကိုယ် ပျော်ချင်တယ်၊ ကိုယ် အဆင်ပြေ ချင်တယ်၊ ကိုယ် လှချင်တယ်၊ ကိုယ် ထင်ရှားချင်တယ်။ ကိုယ် တော်ချင်တယ်။

ဒါ ဘာဆန်းလို့လဲ။ ဒါတွေ အားလုံးက လူတိုင်းမှာလည်း ရှိတာပဲ မဟုတ်လား။ ကိုယ့်မှာ ရှိတာ ဘာအပြစ်ရှိလို့လဲ။

လာပြီ။ လာပြီ။ ဒီမှာ ဆရာ ပြောချင်တဲ့ကိစ္စ လာပြီ။

လူတိုင်းမှာ ရှိတဲ့ ဆန္ဒတွေ ကိုယ့်မှာရှိတာ ဘာအပြစ်မှ မရှိဘူး။ အေး…ဒါပေမဲ့ လူတိုင်းမှာလည်း ဆန္ဒကိုယ်စီ ရှိတယ်ဆိုတာ မေ့ထားလို့ မဖြစ်ပြန်ဘူး။

လူတိုင်းမှာ ရှိတဲ့ ဆန္ဒတွေက အရေးမကြီးဘူး။ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒကမှ အရေးကြီးတယ် ဆိုတဲ့ စိတ်။ ဇွဲလမ်းစိတ်၊ အဲဒီစိတ်က ဒုက္ခပေးတာပဲ။ ကိုယ့်ကိုယ် ကိုယ်လည်း ဒုက္ခပေးတယ်၊ ကိုယ့် ပတ်ဝန်းကျင်ကိုလည်း ဒုက္ခပေးတယ်။

အဲဒီစိတ်ကို self-centred လို့ ခေါ်တယ်။

အရာရာကို မိမိ ဆန္ဒအပေါ် မူတည်ပြီး စဉ်းစားတတ်တဲ့စိတ်ပေါ့။ သူများ ဆန္ဒတွေထက် ကိုယ့်ဆန္ဒကို ရှေ့တန်းတင်တဲ့စိတ်။ သူများအမြင်ထက် ကိုယ့် အမြင်က မှန်တယ်လို့ ဆုံးဖြတ်တတ်တဲ့စိတ်။

ဆရာ အလွန် ပြောလေ့ရှိတာတော့ 'ကမ္ဘာကြီးဟာ ကိုယ့်ကို ဗဟိုပြုပြီး လည့်လည် နေတယ်လို့ မြင်တတ်တဲ့စိတ်' ပေါ့။

ဒါကို ဆေးပညာမှာ Egocentricity လို့ သုံးလေ့ရှိသကွယ့်။

အသက် သုံးနှစ်အရွယ် ကလေးတစ်ယောက်ရဲ့ စိတ်ရင့်ကျက်မှုပါ ကွယ်။

သုံးနှစ်သားကလေးရဲ့ ကမ္ဘာကြီး

ဆရာတို့ ဆေးပညာမှာ သုံးနှစ်သားကလေး တစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေး ကို ဖော်ပြတဲ့အခါမှာ Egocentricity ဆိုတဲ့ စကားလုံးကို သုံးတယ်ကွယ့်။

ဒီစကားလုံးကို အမေရိကန် လူမျိုး ကလေးအထူးကုဆရာဝန် စာရေး ဆရာမ ဒေါက်တာအေရီဘရောင်း ရှင်းပြထားတာ ကတော့ 'The World is spining around me' တဲ့။

ကမ္ဘာကြီးက သူ့ကို ဗဟိုပြုပြီးလှည့်လည် နေသတဲ့ကွယ်။ သူ မြင်တာ လေ။ သူ မြင်တာကို ပြောတာပေါ့။

လူကြီးတွေ မင်္ဂလာဆောင်သွားရင် သူ လိုက်ချင်တယ်။ မလိုက်ရဘူး ပြောရင် သူ သောင်းကျန်းတယ်။ ကလေးတွေ ထည့်မဖိတ်ထားဘူး ဆိုတဲ့ စကားကို သူ့ကို နားလည်အောင် ရှင်းပြလို့မရဘူး။ အဲသလိုမျိုး။

ကလေးကို သိအောင် တဖြည်းဖြည်း သင်ပေးတတ်တဲ့ ပတ်ဝန်းကျင်နဲ့ တွေ့ရင်တော့ လေးနှစ်သားလောက်မှာ ပတ်ဝန်းကျင်နဲ့ ဆက်ဆံတဲ့ အခါမှာ သူ့ဘက်က အလျှော့အတင်းတွေ လုပ်ပေးဖို့လိုတယ်ဆိုတာ သူ စသဘောပေါက် လာတယ်။ ကစားဖော် လိုချင်လာတာကိုး။ ပတ်ဝန်းကျင်က သူ့ကို သင်တာ။

အသက်ငါးနှစ်အရွယ် ကျောင်းတက်ချိန်မှာတော့ အဖွဲ့အစည်းနဲ့ နေတတ်သွားပြီ။ စည်းကမ်းဆိုတာ သဘောပေါက်အောင် သင်လို့ ရလာပြီ။

ငယ်ငယ်တုန်းက မိဘက အလိုလိုက်လွန်းလို့ သူ့နှပ်ချေးကို ရေခဲသေတ္တာ ထဲမှာ သိမ်းထားပေးရမယ်လို့ ဂျီကျလို့ သိမ်းထားပေးရတဲ့ကလေး ဆရာ တွေ့ဖူးသကွယ့်။ မရယ်နဲ့လေ။ ဒါ Egocentricity အရွယ်ကိုး။ နောက် အရွယ် ရောက်လာတဲ့အခါမှာတော့ အဖွဲ့အစည်းနဲ့ နေတတ်တဲ့ အများနဲ့ လိုက်လျော ညီထွေ ပေါင်းသင်းဆက်ဆံတတ်တဲ့ လိမ္မာတဲ့ကလေးပဲ ဖြစ်သွားတာပါပဲ။ အရွယ် နဲ့အမျှ ရင့်ကျက်လာတာကိုး။

အရွယ်နဲ့အမျှ ရင့်ကျက်မလာတဲ့သူတွေလည်း အမှန်ပဲ ရှိတယ်နော်။ ကလေးလေးနဲ့ တူ
ကိုယ် ရချင်တယ်။ ကိုယ် ပိုင်ချင်တယ်။ ကိုယ် ပျော်ချင်တယ်။ ကိုယ် အဆင်ပြေ ချင်တယ်။ ကိုယ် လှချင်တယ်။ ကိုယ် ထင်ရှားချင်တယ်။ ကိုယ် တော်ချင်တယ်။

ဒါ လူသားဆန်တဲ့  ဆန္ဒတွေပဲ ဘာအပြစ်မှ မရှိဘူး။

သူများ ဆန္ဒတွေက အရေးမကြီးဘူး။ ကိုယ့်ဆန္ဒကမှ အရေးကြီးတယ် ဆိုတဲ့ စိတ်က self-centred စိတ်။ ဒီစိတ်က ကိုယ့်ကိုလည်း စွဲလမ်းလွန်စိတ် အဖြစ် ဒုက္ခပေးတယ်။ ပတ်ဝန်းကျင်ကလည်း ကိုယ့်ကို ငို့ဘသမား။ အများနဲ့ လိုက်လိုက်လျောလျော မနေတတ်သူ၊ တစ်ကိုယ်ကောင်းဆန်သူဆိုပြီး ဝိုင်းကြဉ် တတ်တယ်။

ကိုယ်နဲ့ ကင်းမရတဲ့ အခြေအနေတစ်ခုကြောင့် ကိုယ့်ကို အောင့်အည်း သည်းညည်းခံ ပေါင်းနေသူတွေ ရှိနိုင်ပေမယ့် သူတို့လည်း ကိုယ့်ကို တကယ် မချစ်ကြဘူး။

အသက် သုံးနှစ်သားရဲ့ စိတ်နေစိတ်ထားနဲ့ လူကြီးကြီးက ဘယ်လိုလုပ် အဆင်ပြေနိုင်မှာတဲ့လဲကွယ်။

အမှန်ရှိတယ်နော်။

အသက် ၆၀ ကျော်သွားတာတောင် အဲသလို ဖြစ်နေတဲ့ လူတွေ အမှန် ရှိတယ်။

ငယ်တုန်းကတော့ ကလေးဆန်တယ်၊ ကလေးလေးလိုပဲ၊ ကလေးလေးနဲ့ တူတယ်၊ စသည်ဖြင့် ချွင့်လွှတ်ခံရတာပေါ့ကွယ်။

ကလေး ဆန်တယ်ဆိုတဲ့ အင်္ဂလိပ် စကားကိုက နှစ်မျိုးရှိသကွယ့်။

Child Like တဲ့၊ ကလေးရုပ်၊ ကလေး အမူအရာကလေး ဖြစ်နေတာ။ ချစ်စရာ ကောင်းတယ်။

နောက်တစ်မျိုးက Childish တဲ့။

အဲဒါတော့ မကောင်းတော့ဘူး။ သဘောထား သေးသိမ်တယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်သွားပြီ။

သားတို့ child like မဖြစ်ချင်နေ။ Childish တော့ မဖြစ်ဖို့ လိုတယ်နော်။

ဘဝအောင်မြင်မှုအတွက်လည်း အရေးပါ ဆေးကျောင်းသားကလေးတွေကို စာသင်ရင် ဆရာ ပြောပြနေကျ ဖြစ်ရပ်ကလေး တစ်ခု ရှိသကွယ့်။

ဆရာတို့ ငယ်ငယ်တုန်းက ရပ်ကွက်ကလေးတစ်ခုမှာ ကျန်းမာရေး စစ်တမ်းတွေ သွားကောက်ဖူးတယ်။ ဆေးကျောင်းသား ဘဝအုပ်စုနဲ့ လုပ်ကို လုပ်ရမယ့် အလုပ်ကလေး တစ်ခုပေါ့ကွယ်။

လမ်းတွေခွဲပြီး သွားလိုက်တာ ပြီးလို့ လူပြန်စု၊ ပြန်တော့မယ် လုပ် တော့မှ လမ်းတစ်လမ်း ကျန်ခဲ့တာ သတိထားမိကြတယ်။ အဲဒီအချိန်မှာ မိုးက ဖွဲဖွဲ ရွာလာတယ်။

ဆရာတို့အဖွဲ့မှာ ပါတဲ့ တစ်ယောက်က 'ကျန်တဲ့လမ်း၊ နင်တို့တွေ သွားချင်လည်း သွား မသွားချင်လည်းနေ၊ မိုးရွာထဲ ငါတော့ မသွားနိုင်ဘူး ဒါပဲ'လို့ ပြောပြီး လှည့်ထွက် သွားတယ်။

ဆရာတို့ သူငယ်ချင်းတွေလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဘာလုပ်ရမလဲ မသိဘူး။

နောက်ဆုံး ဆရာရယ်၊ နောက်ထပ် ယောကျ်ားကလေး တစ်ယောက်ရယ်၊ မိန်းကလေး တစ်ယောက်ရယ်က ငါတို့ သုံးယောက် သွားမယ်လို့ ဇော်လံဒီ ယာ လုပ်လိုက်ပြီး ကျန်တဲ့လူတွေကို အရိပ်ထဲမှာ သွားစောင့်ခိုင်းလိုက်တယ်။

နှစ်ပေါင်းသုံးဆယ်ကြာလို့ ပြန်စဉ်းစား ကြည့်လိုက်တော့ အံ့သြစရာ ကောင်းလိုက်တာ။

အဲဒီသုံးယောက်ပဲ။ ပါမောက္ခ၊ ဌာနမှူးတွေ ဖြစ်လာကြသကွယ့်။ ဘာသာရပ်လည်း ဘာမှ မဆိုင်ကြဘူး။ ကျင်လည်ရာ အသိုင်းအဝိုင်းလည်း တခြားစီပဲ။ ဒါပေမဲ့ သေချာတာက သာတာ နာတာ မတွက်တတ်တဲ့ စိတ်ဟာ ဘဝတစ်လျှောက်လုံးအတွက် အထောက်အပံ့ကောင်း ဖြစ်ခဲ့တယ်ဆိုတာပဲ။

ကမ္ဘာကြီးရဲ့ ဗဟို

ကဲ…

ကမ္ဘာကြီးရဲ့ ဗဟို ဟောပြောပွဲမှာ ဆရာ ဘာတွေ ဟောပြောခဲ့သလဲ ဆိုတာ ပြန် ဖောက်သည်ချမယ်နော်။

ပထမဦးဆုံး ဆရာက ကမ္ဘာကြီးရဲ့ ဗဟိုကဘယ်နေရာမှာ ရှိသလဲလို့ မေးတယ်။ ပြီးတော့ သုံးနှစ်သား ကလေးတစ်ယောက်ဟာ ကမ္ဘာကြီးရဲ့ ဗဟိုဟာ ကိုယ်ပဲလို့ ထင်တတ်ကြောင်း၊ ကမ္ဘာကြီးဟာ ကိုယ့်ကို ဗဟိုပြုပြီး လှည့်လည်နေတာ ဖြစ်တယ်လို့ ထင်တတ်ကြောင်း ရှင်းပြတယ်။ ဆရာ ငယ်ငယ်က ပုံကလေး တွေ ပြလို့ပေါ့။

ပြီးတော့ 'ကြီးပြင်းအရွယ်ရောက်ခြင်း' ဟာ ထင်သလောက် မလွယ်လှဘူးလို့ ရှင်းပြတယ်။ မိဘတွေဟာ ကိုယ် ရင်ဆိုင်ရသမျှ ပြဿနာအားလုံးအတွက် အနားမှာ အဆင်သင့် ရှိနေချင်မှ ရှိနေမယ်လို့ ပြောတယ်။

ဆယ်ကျော်သက် လူငယ်တွေဟာ အများထက် ပိုထင်ပေါ်ချင် ပိုအသာရချင်ရာကနေ အူကြောင်ကြောင် ကောင်ကလေးလို့ နာမည်တပ်ခံရကိန်း ပေါက်သွားနိုင်ကြောင်း ကိုယ်တွေ့ ဥပမာတွေ ပေးတယ်။

ပြီးတော့မှ Team Work။

အဖွဲ့အစည်းနဲ့ လှုပ်ရှားတတ်မှု။

အဖွဲ့အစည်းနဲ့ လုပ်ရှားရင် ကိုယ့်ဘက်က မြတ်ဖို့ချည်းပဲ မျှော်လင့် ထားလို့ မရဘူး။ အပေးအယူဆိုတာ ရှိတယ်လို့ ပြောပြတယ်။ အဲဒီနောက်မှာ ဆရာ့ဘဝတစ်လျှောက်လုံးမှာ ရှေ့ဆောင်လမ်းပြဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆုံးမ စကားအမျိုးမျိုးကို တစ်ခုချင်း ရှင်းပြတယ်။

နောက်ဆုံးမှာတော့ ကမ္ဘာကြီး ဘယ်လို လှည့်သလဲဆိုတဲ့ မေးခွန်းကို ဖြေပြတယ်။ ကမ္ဘာကြီးဟာ ကိုယ့်ကို လာဗဟိုပြုပြီး မလှည့်ပါဘူး။ ကိုယ်ဟာ ကမ္ဘာကြီးရဲ့ ဗဟို မဟုတ်ပါဘူး။ သူ့ဘာသာသူပဲ လည်နေတာပါ။ ကိုယ်က အဲသည် သူ့ဘာသာသူ လည်နေတဲ့ ကမ္ဘာကြီးအပေါ်မှာ လိုက်ပါ လှည့်ပတ်နေ ရင်းက သူ့ရဲ့ လည်ပတ်ပုံကို သဘောပေါက်အောင် ကြိုးစားရင်း ကြီးပြင်း ရင့်ကျက်ရတာပါလို့။

ဒီနေရာမှာ ကမ္ဘာကြီးလို့ တင်စားလိုက် တာကတော့ သားတို့ နေ့တိုင်း ထိတွေ့ ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်ကို ပြောတာပါ။

Know your environment.

Don't try to be centre of it.

Be part of it.

အဲသလို ပြောရမယ် ထင်တယ်။

ပတ်ဝန်းကျင် အကြောင်း သိအောင် လုပ်ပါ။ အထူးအထူးသော ပုဂ္ဂိုလ် မဖြစ်ချင်ပါနဲ့။ လူထဲက လူပဲ ဖြစ်ချင်ပါ။ အဲသလိုပဲ ပြောရမယ် ထင်တယ်။

အဲသလို စိတ်ထားတတ်ရင် လောဘ နည်းသွားမယ်။ လောဘနည်းသွား ရင် စွဲလမ်းမှု နည်းသွားမယ်။ စွဲလမ်းမှု နည်းရင် ပြဿနာနည်းမှာပါပဲ။

သားတို့ အစစ အဆင်ပြေကြပါစေကွယ်။

# အမြန်ဆုံး ရင်ငြိမ်းချမ်းအောင် လုပ်တတ်ဖို့

သားရေ

ဒီတစ်ခါတော့ သားတို့ကို အမြန်ဆုံး ရင်ငြိမ်းချမ်းသွားအောင် လုပ်လို့ရတဲ့ နည်းကလေးတွေအကြောင်း ဆွေးနွေး ပေးချင်တယ်ကွယ့်။

အင်္ဂလိပ်လိုကတော့ ပိုတိုတယ်။ တိကျတယ်။ Cool down တဲ့။

ရင်ဆိုတာ ငြိမ်းချမ်းအောင် ပြန် လုပ်တတ်ဖို့ လိုသလားဆိုတော့ လိုပြီ လားကွယ်။

ဒီရင်ဘတ်ထဲက အဆုတ်ဆိုတဲ့ဟာကြီး နှစ်ခုက ခဏခဏ ရှုးရှဲရှုးရှဲ ဖြစ် တတ်ပါဘိသနဲ့။

သူတို့အလယ်က နှလုံးက ပိုဆိုးသေး။ ဖြောင်းဆန်အောင် ပေါက်ကွဲ တတ်သေးတာ။

ဦးနှောက်ကမှ အိပ်နေချိန် နားသေးတယ်နော်။ အဆုတ်နဲ့ နှလုံးက ဘယ်တော့မှ မနားရဘူး။ ဒီတော့ ဒီအဆုတ်နဲ့ နှလုံး ပူနေရင် အန္တရာယ် များ တယ်။ ပြန်အေးအောင် လုပ်တတ်မှ။

ရင်ပူတတ်တဲ့ အရာတွေ

ရင်ပူတတ်တဲ့ အရာတွေ ဘာလဲလို့ စဉ်းစားကြည့်လိုက်တော့ နည်းတာ မဟုတ် ဘူးနော်။ အများကြီးမှ အများကြီး။

စာမေးပွဲပဲ ကြည့်။ မဖြေခင်လည်း ပူ။ ဖြေပြီးလည်း ပူရ။ ရလဒ်ကို အလို မကျတော့လည်း ပူရ။ အမယ်....ကိုယ်က ဒီလောက်ဆို ကျေနပ်နေချိန်မှာ မိဘက နည်းတယ်ဆိုပြီး ဆူလို့ ပူရတာကပါသေး။

အရွယ်ကလေးနည်းနည်း ရလာတော့ မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားမိရင် ပူရ၊ သူများနဲ့ပါသွားတော့ အဲဒီရင်က ပူရုံတင် မကဘူး။ ပေါက်ကွဲပါထွက်ရော။ အဲသည်တော့ အသည်းကွဲတယ်လို့ ခေါ်ကြပြန်ရော။

လုပ်ငန်းခွင်ထဲ ရောက်ပြန်တော့လည်း ပူလိုက်ရတဲ့ရင်တွေ၊ အဆင် မပြေလို့ပူရ၊ အဆင်ပြေနေတော့လေး မမြဲမှာစိုးလို့ ပူရ၊ ပိုအဆင်ပြေချင် လို့ပူရ။ အဆင်ပြေတာချင်း တူရင်တောင်မှ 'တချို့ကျတော့ သိပ်ကံကောင်း' ဆိုတာ မျိုး တွေ့ရရင် တွေးမိရင် ပူရ။

ဒီပူပူနေတဲ့ ရင်က မြန်မြန်အေးအောင် လုပ်တတ်မှနော်။ မလုပ်တတ် ရင် ဘဝကြီးက နေစရာကို နေရာမရှိဘူး။

စိတ်ပေါက်ပေါက်နဲ့များ တစ်ဆုံး တစ်ချက်လုပ်ထည့် လိုက်မိရင် ကိုယ့် အသက်ပဲဖြစ်ဖြစ်၊ ကိုယ့်ဘဝပဲဖြစ်ဖြစ်၊ သူများအသက်ပဲဖြစ်ဖြစ်၊ သူများဘဝ တွေပဲ ဖြစ်ဖြစ် ပါပါသွားရော။

ရင်အေးအောင် လုပ်တဲ့နည်း
အနှာ သိရင် ဆေး ရှိတဲ့။

ရင်ပူတာလည်း အကြောင်းရင်း သိရင် အေးအောင် လုပ်လို့ရတာပေါ့ ကွယ်။

ကောင်မလေး တစ်ယောက် ရှိတယ်နော်။ ဘာမှမဖြစ်ဘူး။ ချစ်စရာ ကောင်းတယ်နော်။ ဘာမှမဖြစ်သေးပြန်ဘူး။ သွားချစ်မိတယ်နော်။ ပြဿနာ နည်းနည်း စရှိလာပြီနော်။ ပိုင်ဆိုင်ချင်လာရော။ အဲဒီ ပိုင်ဆိုင်ချင်တော့မှ ရင်က စပူရတာ။

ပိုင်ပါ့မလားလို့ ပူရ။ မပိုင်ရလို့ ရင်ကွဲရ။ ပိုင်ရတော့ စိတ်ပူရ။ ပျော် စရာ မကောင်းတာတွေ ကြုံရတော့ စိတ်ညစ်ရ။

ဟော····ဟော

ဆရာပြောပြီးသားတွေ ပြန်ပြော နေပြီနော်။ အဲဒါတွေ 'စွဲလမ်းမှု ပြဿနာ' အခန်းတုန်းက ဆရာ ပြောပြီး သားပါ။

'လောဘ' ပေါ့။

လောဘဟာ ရင်ပူရတဲ့အကြောင်းရင်း တရားခံစစ်စစ်။ ကောင်မလေး လည်း မဟုတ်ဘူး။ သွားချစ်မိတဲ့ ကိုယ့်နှလုံးသားလည်း မဟုတ်ဘူး။ ပိုင်ဆိုင် ချင်တဲ့ လောဘက တရားခံ။

မြင်လိုက်။

ဟာ ဟုတ်တာပေါ့။ အဲဒါလေး လျှော့လိုက်။ မပယ်နိုင်းဘူးနော်။ လျှော့ လိုက်။ ရသလောက် လျှော့လိုက်။ ဘုရား၊ ရဟန္တာမှ မဟုတ်တာ။ ဘယ်လိုလုပ် ပယ်မလဲ။ နည်းနည်း လျှော့လိုက်။ နည်းနည်း အေးသွားရော။ များများ လျှော့ နိုင်တဲ့ သူကျတော့ များများအေးမယ်။

ဒါများ ဆရာရယ်။ ဘုရားဟောထဲမှာ ပါပြီးသားဟာ။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာတဲ့။

မှန်လိုက်တာ သားရယ်။ အဲဒါကို ပြောချင်နေတာ။

အသည်းကွဲတဲ့ ကိစ္စနော်။ အသည်းကွဲတဲ့ ကိစ္စ။ အဲဒါရဲ့ အဖြေက ဘယ်မှာ ရှိသလဲဆိုတော့ ဘာသာရေး အဆုံးအမထဲမှာ ရှိနေတယ်။

တကယ်တမ်းကျတော့ ရင်ပူလာရင် အမြန်ဆုံး ပြန်ငြိမ်းချမ်းအောင် လုပ်တဲ့ နည်းမှန်သမျှဟာ ဘာသာရေးထဲမှာ ရှိနေတယ်။

ဒီတော့ ဆရာ မေးခွန်းတစ်ခု မေးမယ်။

လူတွေဟာ ဘယ်အရွယ်မှာ ဘာသာရေး အဆုံးအမတွေကို စပြီး လေ့လာသင့်သလဲ။

ပထမ အရွယ်လား။

ဒုတိယ အရွယ်လား။

တတိယ အရွယ်လား။

ပထမ အရွယ်မှာ ပညာရှာတဲ့။ ရင်ပူတယ်နော်။ ရင်ပူရင် ဘယ်လို ငြိမ်းမှာလဲ။

ဒုတိယအရွယ်မှာ ဥစ္စာရှာတဲ့။ ရင်က ပိုပူလာပြီနော်။ ငြိမ်းနိုင်ရင် ငြိမ်း။ မငြိမ်းနိုင်ရင် ဘဝတစ်ခုလုံး အဆင်မပြေသူ ဖြစ်တော့မှာ။

တတိယ အရွယ်မှာ တရားရှာတဲ့။ အားတွေ မာန်တွေက ကျနေပြီ။ ဆရာတော်တွေ စကားနဲ့ ပြောရရင် ကံမွဲ၊ ဉာဏ်မွဲတဲ့ အရွယ်ရောက်နေပြီ။ ငယ်စဉ်က အခြေခံရှာထားတာ မပါရင် မိရိုးဖလာ ဒါန၊ သီလလောက်နဲ့ ကျေနပ်ရ တော့မှာ။

ဒီနေ့ဆရာ ပြောပြချင်တဲ့ အဓိက အချက်က အဲဒါပဲ။

သားတို့ လူငယ်အရွယ် ပထမ အရွယ်ကတည်းက ကိုယ် ကိုးကွယ်ရာ ဘာသာရဲ့ အဆုံးအမတွေကို လေ့လာတတ်ကြဖို့ပါ။

ဒါမှလည်း ရင်ပူလာရင် အမြန်ဆုံး ငြိမ်းချမ်းအောင် လုပ်တတ်ကြမှာ ပေါ့။

ဘဝနဲ့ ရင်းပြီး ရတဲ့ အသိ

ဒါဆရာဘဝနဲ့ ရင်းပြီးရခဲ့တဲ့ အသိနော်။ ဒါလည်း အခုဒုတိယ အရွယ်နဲ့ တတိယ အရွယ်ကူးတဲ့ အချိန်ကျမှရတဲ့ အသိ မဟုတ်ဘူး။ ပထမအရွယ်နဲ့ ဒုတိယအရွယ် ကူးကတည်းက ရခဲ့တာ။

မှတ်မှတ်ရရ ၁၉၈၅ ပေါ့ကွယ်။

အလုပ်သင် ဆရာဝန်ဘဝ။

ဆိုရှယ်လစ်ခေတ်ကြီး ပြည်ဖုံးကား ကျခါနီး။

အဲသည်ခေတ်က လူတိုင်းအားကျ ရပါတယ်ဆိုတဲ့ ဆေးကျောင်းသားဘဝ အောင်အောင်မြင်မြင် ဖြတ်သန်းပြီးခါစမှာတောင် ဘဝ ရှေ့ရေးက မှုန်ဝါးနေ

တယ်ဆိုတာ သိလိုက်ရတော့ ရေထဲက ငါးကို ကုန်းပေါ်ကောက်တင်လိုက်သလို ပဲ။ ရင်ထဲမှာ ဖျပ်ဖျပ်လူး။

သည်အရွယ်ကျမှ ကလေးစကား ပြောရရင် အသည်းကလည်း ကွဲထား သေး။

တစ်သက်လုံး စိတ်ကူးယဉ်ခဲ့တဲ့ စာရေးဆရာ ဖြစ်ဖို့ဆိုတာကျတော့ တစ်သက်လုံး စိတ်ကူးပဲ ဆက်ယဉ်ရမယ့်ကိန်း။

ပူတာပေါ့ကွယ်။ ရင်တစ်ခုလုံး ပူလောင်နေတာပဲ။

အဲသည်အချိန်မှာ ချမ်းမြေ့ဆရာတော်ကြီး ကလေးမှာ ခရစ်ယာန် အသင်းတော်များ ကောင်စီက ဖိတ်လို့ ခရစ်ယာန်ဘာသာဝင်တွေကို ဗုဒ္ဓဘာသာ အကြောင်း သွားရှင်းပြထားတဲ့ 'ဆင်းရဲငြိမ်းအေးချမ်းသာရေး' တရားတော်ဆိုတဲ့ စာအုပ်ကို ဖတ်ဖြစ်သွားတယ်။

ခါတိုင်း အဲဒီထက် ငယ်ငယ်အရွယ်တွေ တုန်းကလည်း တရားစာအုပ်တွေ ဖတ်ဖြစ်တာပဲ။ ဒါပေမဲ့ နည်းနည်းဖတ် ပြန်ချ အဆင့်ပဲ ရှိခဲ့တယ်။

အဲသည် စာအုပ်ကိုတော့ cover to cover အစအဆုံး ဖတ်ဖြစ်ခဲ့တယ်။ ရင်က ပူနေပြီလေ။ အပူငြိမ်းဆေးက လိုချင်နေခဲ့ပြီ။

ဆရာ ပြောခဲ့ဖူးပါတယ်။

လောကမှာ အရသာ အရှိဆုံး အရာက ဘာလဲဆိုတာ။

စားစရာလည်း မဟုတ်ဘူး။ မျက်စိပသာဒ အလှအပလည်း မဟုတ်ဘူး။ သာယာတဲ့ အသံလည်း မဟုတ်ဘူး။ နူးညံ့တဲ့ အထိအတွေ့လည်း မဟုတ်ဘူး။

သိလိုက်ရတာ။

နှစ်ရှည်လများ မသိခဲ့တဲ့။ ဒါမှမဟုတ် သိသလိုလို မသိသလိုလိုဖြစ်နေတဲ့ အမှန်တရားတစ်ခုကို သိလိုက်ရတာ။

ရင်ထဲမှာ လင်းခနဲ ဖြစ်သွားတာ။ ပြီးမှ အေးသွားတာ။

အရသာ ရှိလိုက်တာ။

'လိုက်နာ ကျင့်ကြံသော ပုဂ္ဂိုလ်များကို ဆင်းရဲမှ ထုတ်၍ ချမ်းသာသို့ ဆောင်ယူတတ်သော သဘောကို ဓမ္မဟုခေါ်သည်' တဲ့။

ကဲ ရင်ငြိမ်းဆေးအစစ်။

အဲသည်နောက်မှာတော့ ဆရာ ဆရာကြီး ဦးသုခရေးတဲ့ 'မင်္ဂလသုတ်' ကို ဆက်ဖတ်တယ်။ အသက်အရွယ် အလိုက် ဆောင်ရန်ရှောင်ရန်တွေကို နိပါတ်တော်တွေရော သည်နေ့ခေတ် ဖြစ်ရပ်တွေကိုပါ ဥပမာပေးပြီးရေးသွား တာများ အရသာ။ အရသာ။

နောက်ဆရာကြီး ရေးတဲ့ မေတ္တာသုတ်၊ ဆရာမင်းနန် (မော်ကျွန်း) ရေး တဲ့ 'အထက်တန်းစား ဗုဒ္ဓဘာသာဝင်'၊ ဆရာညိုသောင်းရဲ့ 'ဘာသာကြီး လေးခု အနှစ်သာရများ'။

အမှန်တရားတွေကို စလေ့လာလို့ စိတ်ကထားတတ်မယ် ကြံရုံရှိသေး တယ်။ တပ်ထဲကို သုံးနှစ် စစ်မှု မထမ်းမနေရ အမိန့်နဲ့ ဆင့်ခေါ်ခံရတော့ ဒုက္ခ သုက္ခတွေ ကြုံရပြန်ရော။ တရားစာအုပ်တွေကလည်း သွားလေရာ သယ်သွားဖို့ လေးနေ။ အဲဒါနဲ့ ဆရာ ပါရဂူရဲ့ 'ဗုဒ္ဓစကား' ဆိုတဲ့ အိတ်ဆောင်စာအုပ်ကလေးကိုပဲ သွားလေရာ သယ်သွားရတယ်။

ရင်ငြိမ်းပြီလားဆိုတော့ မငြိမ်းသေးပါဘူးကွယ်။ ဒုတိယအရွယ် အဝင်က တယ်ပူစပ်ပူစပ်လောင်နိုင်သကိုး။ ၁၉၈၈ ခေတ်ကြီးကလည်း အရွေ့၊ အစာ မကြေစရာတွေက နေရာတိုင်းမှာ။

ပေါက်ကွဲတော့မယ်ကြံတိုင်း 'ဗုဒ္ဓ စကား' ကို လှန်မိတယ်။ အဲဒီထဲမှာ အဖြေက ရှိနေတာပဲ။

နှစ်ပေါင်း သုံးဆယ်ကြာတော့ ဒီနေ့ဒီနေရာ ရောက်လာရော။ အပူ တွေကတော့ လာနေတာပဲနော်။ မကြောက်တော့ဘူးပေါ့။ ခဏသာ ပူမယ်။ ပြီး ရင် ဘယ်လိုလုပ်ရမယ် ဆိုတာ သိနေတော့တာကိုး။

ဒါကြောင့် ဆရာ ပြောချင်တာက ပထမ အရွယ်ကတည်းက ကိုယ် ကိုးကွယ်ရာ ဘာသာရဲ့ အဆုံးအမတွေကို လေ့လာဖြစ်အောင် လေ့လာပါလို့။

ဘယ်လိုလေ့လာမှာလဲ

သညာ သိလောက်နဲ့တော့ မထူးဘူးနော်။ 'မေတ္တသုတ္တံ နတ္ထိတံ' ရွတ်တတ်ရုံ လောက်နဲ့တော့ ရင်မအေးဘူး။

ပညာသိကျတော့ အချိန်ယူ လေ့လာဆောက်တည်ရတာမျိုး။ ပါရမီကို ပြည့်အောင် ဖြည့်ရတာမျိုး။

အဲသည် နှစ်ခုကြားမှာ Active Learning အဆင့်လောက်တော့ ရောက် အောင် ကြိုးစားစေချင်တယ်။

မေးခွန်းထုတ်၊ အဖြေရှာ။ အဖြေ ရှာမတွေ့တာ တစ်ခုမှ မရှိဘူး။ ကိုယ် လေ့လာသေးတာ မပြည့်စုံတာဘဲ ရှိမယ်။ အဖြေများ သိလိုက်ရလို့က ရင်ထဲမှာ အေးခနဲပဲ။

တခြားဘာသာတွေလည်း လေ့လာကောင်းပါတယ်။ လေ့လာ။

မိရိုးဖလာ အစွဲအလမ်း တချို့ ဗုဒ္ဓ ဘာသာလိုလိုနဲ့ လာရောနေတာရှိ သေးတယ်။ အဲဒါတွေက ရင်ကို မငြိမ်းစေဘူး။ လောဘကို အခြေခံနေတာကိုး။ ကွဲအောင် လေ့လာ။ ရအောင် ဖယ်ထုတ်။

ရင်ပူလာရင် အမြန်ဆုံး ငြိမ်းချမ်း အောင်လုပ်တတ်ကြပါစေကွယ်။

## ကြိုတင်ပြင်ဆင်ဖို့ ဖြစ်နိုင်သလား

'ဘဝဆိုတာ ထင်တာတွေဖြစ်မလာဘဲ မထင်တာတွေ ဖြစ်ဖြစ်လာတတ်တဲ့ သဘောကို ခေါ်တာ'

သည်လိုပြောတာ လူတိုင်း ကြားဖူးကြသည်။ ကိုယ်တိုင်လည်း ပြောဖူးကောင်း ပြောဖူးကြပေလိမ့်မည်။

သည်စကားက ဘာသာရေးအရလည်း လက်ခံနိုင်ဖွယ်ရာ ရှိသည်။ ကျေးဇူးရှင် ဆရာတော်တစ်ပါးက 'ထင်တာတွေ ဖြစ်မလာတာ ညည်းမနေကြပါနဲ့၊ ထင်တာတွေ ဖြစ်မလာတာကိုပဲ ဘဝလို့ နှလုံးသွင်းတတ်စမ်း' ပါ ဟု ဆုံးမတော်မူသည်ကို တော်တော် နှစ်သက်ခဲ့ဖူးသည်။

အဲသည်ဆရာတော်ကပင် 'အဲသလို မထင်တာတွေဖြစ်တတ်လို့ ဘာမှလုပ်မနေတော့ဘူး၊ လုပ်လည်း ဖြစ်ချင်မှ ဖြစ်တာဆိုပြီး ရေစုန်မျော ချင်တဲ့ စိတ်တွေ ဝင်သွားမှာကို အကြောက်ဆုံးပဲ၊ ခန့်မှန်းရခက်တဲ့ သဘောတရားကို မကြိုးစားချင်တဲ့စိတ်ရဲ့ ဆင်ခြေပေးစရာလို့ သဘော မထားပါနဲ့' ဟု တစ်ဖန် ဆုံးမပြန်သေးသည်။

'စာပေခရီးသွားများ' က 'လူငယ်ကလေးများအတွက် ပညာပေး စာကလေးတစ်ပုဒ်' ရေးပေးပါရန် မေတ္တာရပ်ခံလာသောအခါ ဆရာတော် ၏ အဲသည် အဆုံးအမ စကားကလေးကို ကိုယ်တွေ့ ဘဝအသိကလေးတွေ နှင့် ပွား၍ ရေးချင်စိတ် ပေါက်လာခဲ့မိသည်။

ကြိုတင်ပြင်ဆင်မှု မရှိ၍ မရပါ

ထီပေါက်ချင်လျှင်တောင် ထီတော့ ထိုးရပါမည်။ ဘယ်အရာမှ ကြိုတင် ပြင်ဆင်မှု မပါဘဲ မရနိုင်ပါ။

'လုပ်တိုင်း ဖြစ်ချင်မှဖြစ်တာ' ဟု ဆင်ခြေပေး၍ မရပါ။

၁၉၇၆ ခုနှစ် အသက် ၁၅ နှစ်အရွယ် အထက်တန်းကျောင်းသား ကလေး ကျွန်တော်က စာရေးဆရာရူး တစ်ယောက်ပါ။ စာရေးဆရာ တစ်ယောက်၏ ဘဝကို ဘဝမှာ ရနိုင်သမျှသော ကျွန်အောင်မြင်မှု အားလုံး ထက် တန်ဖိုးထားပါသည်။

စာရေးဆရာ ဖြစ်လာအောင် ဘယ်လို ကြိုတင်ပြင်ဆင်ရမလဲ စဉ်းစားလိုက်တော့ ရှေ့မှာ နှင်းဖုံးသော လမ်းကလေးက ဝိုးတိုးဝါးတားပါ။

စာရေးဆရာ ဘာကြောင့် ဖြစ်ချင်ရတာလဲ။ လူတွေကို သူတို့ အတွက် အကျိုးရှိမည့် စကားတွေ အများကြီး ပြောချင်လို့ပါ။

သည်တော့ လိုအပ်နေတာက (၃) ခု။

(၁) လူတွေ အကျိုးရှိမည့် စကားတွေ ပြောပြစရာက ကိုယ့်ရင်ထဲမှာ တကယ် ရှိနေရမည်။

(၂) အဲဒါကို လူတွေ နားလည် စိတ်ဝင်စားအောင် ပြောပြနိုင်သော စွမ်းရည် ရှိရမည်။

(၃) အဲသည် စွမ်းရည်ကို အသိအမှတ်ပြု အားပေးဖြန့်ဖြူးပေးသူ ရှိရမည်။

(၂) က ရှင်းသည်။ စာများများ ဖတ်ကြည့်။ စာများများရေးကြည့်။ အဲဒါတော့ အဲသည်အရွယ်ကတည်းက လုပ်နေတာပါပဲ။ (၃)က ဝိုးတဝါး။

အခိုးဆုံးက (၁)။

၁၅ နှစ်သား၏ ရင်ထဲမှာ ပြောချင်တာပဲ ရှိသည်။ ပြောစရာစကား မည်မည်ရရ မရှိသေး။

ဘဝမှာ အဖြစ်ချင်ဆုံးအရာကို ဖြစ်အောင်လုပ်ဖို့ ပြင်ဆင်ဖို့ ဇယား ချကြည့်သည့်အခါ အဖြေက ရှင်းရှင်းကလေး ထွက်လာသည်။

ယခု ဘာလုပ်ရမလဲ။

ဘာမှ လုပ်၍မရ။ စောင့်ရမည်။ (၁) အတွက် အတွေ့အကြုံတွေ ကို စောင့်ရမည်။ (၃) အတွက် ပေါ်လာနိုင်သည့် အခွင့်အလမ်းတွေကို စောင့်ရမည်။ (၂) အတွက် မနားတမ်းဖတ်၊ မနားတမ်း ရေးနေရမည်။

ဝါသနာကို ခဏစောင့်ခိုင်းရတော့မည်။

သည်အတိုင်း ထိုင်စောင့်နေရမှာ မဟုတ်။ ဝါသနာတူတွေနှင့် ဝါသနာပါပြီး အကောင်အထည်မဖော်နိုင်သေးသော ကိစ္စတစ်ခုကို အာပေါင်အာရင်းသန်သန် ငြင်းခုံဆွေးနွေး၍ အချိန်ဖြုန်းနေရမှာ မဟုတ်။

အဖြစ်ချင်ဆုံးအရာကို ဖြစ်အောင် မလုပ်နိုင်သေးလျှင် ဖြစ်နိုင် သော အရာထဲမှာ ဖြစ်ချင်တာ တချို့ရှာ၍ စလုပ်ထားရမှာ ဖြစ်သည်။ ဒါကို အင်္ဂလိပ်လူမျိုးတွေက Plan B ဟု ခေါ်သည်။

Plan B က လက်နက်ချ အရှုံးပေးလိုက်တာ မဟုတ်။ Alternative Plan ခေါ် ချက်ချင်း အကောင်အထည် မဖော်နိုင်သေးသောကိစ္စ တစ်ခုမှာ ညည်းတွားအချိန်ဖြုန်းမနေဘဲ ဘေးက ပွင့်နေသည့် လမ်းကနေ ပတ်လျှောက်သွားတာ ဖြစ်သည်။

၁၉၇၆ ခုနှစ်မှာ ကျွန်တော်က (၁၀)တန်း ကျောင်းသား။

(၁၀) တန်းကျောင်းသား လုပ်နိုင်တာ ဘယ်လောက်များများစားစား ရှိပါသနည်း။ (၁၀) တန်းကို ထူးထူးချွန်ချွန် အောင်အောင် ကြိုးစားဖို့ပဲ မဟုတ်ပါလား။

ဒါကိုက ကျွန်တော့်အတွက်တော့ သိပ်လွယ်ကူသော ကိစ္စတော့ လည်း မဟုတ်။ ကိုယ်က အတန်းထဲမှာ စာတော်သူမဟုတ်။ ခြိုးသခမန ခေါ်

အလယ်လူ၊ သာမန်လူသာဖြစ်သည်။ ငယ်စဉ်က Dyslexia ခေါ် စာဖတ်ပြီး နားမလည်သည့် ဝေဒနာရှင် ဖြစ်ခဲ့ဖူး၍ မိဘများကပင် ကျွန်တော့်စာဖတ်နိုင်စွမ်းအပေါ်မှာ မယုံကြည်ကြ။

ဝတ္ထုစာအုပ်တွေအားလုံး သော့ခတ်သိမ်းလိုက်သည်။ သတင်းစာ တောင် ကိုင်မကြည့်တော့။ ရေးလက်စ ကဗျာစာအုပ်လည်း သိမ်းလိုက် သည်။ အခုနေ စာစကျက်လျှင် အရှိန်ဝင်သွားဖို့က တစ်လတော့ ကြာမည်။ (၁၀)တန်း စတက်မှ စာကျက်လျှင် အရှိန်က အချိန်မီဝင်မှာ မဟုတ်။ ကိုယ့်ဘာသာကိုယ် ချိန်ကိုက်၍ တစ်လအလိုမှာ စစာကျက်သည်။ အဲသည် တုန်းက (၁၀)တန်းက (၉)တန်းစာပါ မေးသည်ဆိုတော့ (၉)တန်းစာက စကျက်သည်။ တကယ်ပဲ အရှိန်ဝင်သွားသည်။

(၁၀)တန်းကို တစ်ကျောင်းလုံး ပထမ၊ စကောလားရှစ်ပါဝင်ပြီး ၅ ဘာသာဂုဏ်ထူးနှင့် အောင်သည်။ မိဘဆွေမျိုးတွေကိုရော၊ သူငယ်ချင်း တွေ၊ ဆရာတွေကိုပါ အံ့အားသင့်စေနိုင်ခဲ့သည်။

အမျိုးထဲမှာ အဲသလောက် စာတော်သူ တစ်ယောက်မှ မရှိခဲ့ဖူးပါ။ သည်တော့ ပတ်ဝန်းကျင်မှာ ဆေးကျောင်းသားလည်း မရှိ။

ကိုယ်ဖြစ်ချင်တာက စာရေးဆရာ။ စာရေးဆရာဖြစ် တက္ကသိုလ် ကလည်း မရှိ။ ရှိ၍ တက်လျှင်လည်း မိဘက ဖနောင့်နှင့် ပေါက်တော့မည်။ သူတို့က သား ဆေးကျောင်းသား ဖြစ်တော့မည်ဟု ဂုဏ်ယူစွာ ပြောနေ ကြပြီ။

ကိုင်း …လောလောဆယ် ဆေးကျောင်းသား အရင်လုပ်။ ကျန်တာ နောက်တစ်ဆင့် ပြင်ဆင်မည်။

အဲသလို ဆုံးဖြတ်ခဲ့သော်လည်း ကျွန်တော် ဆေးကျောင်းသား ဖြစ်မလာပါ။ ကျောင်း ၁၀ လ ပိတ်သည့် ရက်ရှည်အတွင်းဝယ် ဒေသ ကောလိပ် စီမံကိန်း ပေါ်လာသဖြင့် ဒေသကောလိပ်သာ တက်ခွင့်ရခဲ့ပါ သည်။

ပြင်ဆင်နေရသော ကြိုတင်ပြင်ဆင်မှုများ

ယခု အသက်က ၅၀ ပြည့်တော့မည်။

ဘဝမှာ Plan B တွေ ပြင်ဆင်ခဲ့ရသည်မှာ မရေမတွက်နိုင်တော့။ တစ်ခါတလေ Plan C, Plan D, Plan E အထိတောင် ရောက်ရောက်သွား သည်။ ရောက်ပလေ့စေလေ။ Plan E လည်း Plan ပဲ။ အရေးကြီးတာက No Plan (ပြင်ဆင်မှုမရှိ) ဘဝကို ရောက်မသွားဖို့သာ မဟုတ်ပါလား။

ဒေသကောလိပ်မှာ မင်းဦး၊ အောင်မြင့်ဦးတို့နှင့် စခင်သည်။ မင်းဦး က မွေးမြူရေးလုပ်ငန်း အတတ်ပညာ ဒီပလိုမာ ယူသည်။ အောင်မြင့်ဦးက စားသောက်ကုန်လုပ်ငန်း အတတ်ပညာ ဒီပလိုမာ ယူသည်။ ကျွန်တော် က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး အတတ်ပညာ ဒီပလိုမာယူသည်။ နှစ်နှစ်ပြီးတော့လည်း အားလုံး ဆေးတက္ကသိုလ်(၁) ရန်ကုန်မှာ တက်ခွင့် ရခဲ့သည်။

မင်းဦးက ယခု ပြည်နယ် ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ မြစ်ကြီးနား မှာပါ။ ကျွန်တော်က ပါမောက္ခ၊ ဌာနမှူး၊ ကလေးအထူးကုဆရာဝန်ကြီး၊ မကွေးဆေးတက္ကသိုလ်မှာ။ သူ့သမီးက ကျွန်တော့်ကျောင်းသူဖြစ်လာတော့ မင်းဦးနှင့် ကျွန်တော် ပြန်ဆုံကြသည်။

"မင်းနှင့်အတူ စာကျက်ခဲ့ရတာလေးတွေ လွမ်းတယ်ကွာ၊ ဆေး ကျောင်းတက်တုန်းက စာမေးပွဲ နီးလို့ အတူအိပ် စာကျက်ကြရင် တစ်နေ့ပြီး ရမယ့်စာ အချိန်ဇယား မင်းကဆွဲနေကျ၊ ပြီးတော့ မင်းက 'ကလေး'တက်၊ ငါက 'ခွဲစိတ်' တက်၊ စာကျက်ဖို့ပြင်တော့ မင်းလိုဇယားမဆွဲတတ်တော့ဘူး၊ အမြဲမင်းကို သတိရတယ်"

'ငါ့ဇယားက တစ်ချိန်လုံးပြင်နေရတာရော မမှတ်မိဘူးလား'

သူငယ်ချင်းနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေပြော၍ ရယ်ကြရသေးသည်။ ဟုတ်ပ။

တစ်နေ့တစ်နေ့ ဘယ်အခန်း ပြီးရမယ်ဆိုသည့် ကြိုတင်ဇယား ကျွန်တော်အမြဲဆွဲသည်။ လက်တွေ့မှာ စာတွေက သတ်မှတ်ရက်အတိုင်း မပြီး၊ ညဥ့်နက်အောင် ဖွတ်ဖတ်တော့လည်းမဝင်။ နောက်ဆုံး သက်ပြင်းချ ၍ ဝင်အိပ်ကြရသည်။ နောက်တစ်နေ့မနက် အိပ်ရာထတော့ အောင်မြင့် ဦးက ဂီတာကလေးတဒင်ဒင်။ မင်းဦးက စိတ်ကူးကလေး ဖဲရိုက်နေချိန် တွင် ကျွန်တော်က အချိန်ဇယားပြင်ဆွဲနေပြီ။ မပြီးသည့်စာကို နောက် တစ်နေ့ ဇယားထဲမှာထည့် နောက်တစ်နေ့စာကို နောက်တစ်နေ့တွေကို ဖြန့်ထုတ်။

'ထားလိုက်စမ်းပါကွာ'

ဉာဏ်ကောင်း၍ စိတ်အေးသော အောင်မြင့်ဦးက ဆိုသည်။

'ထားလို့မရဘူး မောင်၊ ပြီးသလောက်ကျက်မယ်၊ ထားလိုက်ရင် ဘယ်တော့မှပြီးတော့မှာ မဟုတ်ဘူး၊ ငါကတော့ ပြင်ဆင်ရမှာပဲ'

အဲသည် ပြင်ဆင်တတ်သည့်အကျင့်ကလေးက ဆေးပညာဆိုင်ရာ ဘွဲ့ပေါင်း ကိုးခုရသည်အထိ ကျွန်တော့်ကို အကျိုးပြုခဲ့ပါသည်။

## အရှုံးနှင့် ရင်ဆိုင်ရသည့်အခါ

ကလေးအထူးကုဆရာဝန် ဖြစ်ချင်သည့်ဆန္ဒက နောက်ဆုံးနှစ်အပိုင်း (ခ) ၁၉၈၅ ခုနှစ်မှာ ပေါ်လာသည်။

၁၉၈၉ ခုနှစ်မှာ လုပ်သက် နှစ်နှစ်ကျော်ပြီမို့ ကလေးအထူးကု ဘွဲ့လွန်သင်တန်းဝင်ခွင့်ဖြေသည်။ ပထမအဆင့်က လူ ၉၀ လောက်ဖြေ တာ ၄၀

ကျော် အောင်တော့ပါသွားသည်။ ဒုတိယအဆင့်မှာ ၁၂ ယောက် ရွေးတော့လည်း ပါသွားတုန်းပါပဲ။

လူတွေ့နှုတ်ဖြေ ဖြေတော့ မဖြေနိုင်။ ဖြေနိုင်မလား။ ကိုယ်က ရှေ့တန်းမိုင်းတော၊ ငှက်ဖျားတောထဲက လာဖြေတာ။ ကျန်သည့်လူတွေက ကလေးဆေးရုံကြီးက အများစု။ အဲသည်မှာ ကျသည်။

ဆောက်တည်ရာမရလောက်အောင် စိတ်ဓာတ်ကျတာမျိုးဖြစ်တော့ ဖြစ်သည်။ သုံးရက်လောက်ပဲ ကြာသည်။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေ ထုတ်သည်။

နောက်နှစ် ထပ်ဖြေမှာလား …

ဖြေမည်။ ဖြေခွင့်ရနေသေးသရွေ့ ဖြေမည်။ ဘာဖြစ်လို့ ထွက်ပြေးရ မှာလဲ။

ဘာသာပြောင်း ဖြေမလား …

မဖြေဘူး။ သည်ဘာသာ နှစ်နှစ် ကျက်ထားတာနှင့် ဖြေတော့ ပထမနှစ်ကထက် ပိုဖြေနိုင်မှာပေါ့။

ဆေးခန်း ထိုင်တော့မလား …

အဲ ဟုတ်ပ။ လူက မွဲတေနေပြီး ဆေးခန်းမထိုင်ဘဲ စာကျက်နေတာ ကိုး။ ကိုင်း သည်တစ်နှစ်၊ သည်တစ်နှစ်။ သည်တစ်နှစ်မှ မအောင်ရင် ဆေးခန်းစထိုင်မည်။ သို့သော် စာမေးပွဲကတော့ ထပ်ဖြေမည်။ 'ကလေးအထူးကု' ပဲ ဖြေမည်။

Plan B လည်း ရှိသည်။ Plan C လည်း ရှိသည်။ ရဲရဲဖြေသည်။ အောင်သွားသည်။

ကြိုတင်ပြင်ဆင်ဖို့ ဖြစ်နိုင်မလား

ကြိုတင်ပြင်ဆင်ဖို့အတွက် ခိုင်မာသည့် ဆုံးဖြတ်ချက်၊ မလျှော့တတ်သည့် လုံ့လနှင့် ပြန်လည်သုံးသပ်တတ်သည့် ရင့်ကျက်မှု လိုသည်။ အဲဒါ

တွေမရှိသော လူငယ်က 'ခေတ်' ကို အပြစ်ဆိုသည်။ 'ကံကြမ္မာ' ကို လွှဲချသည်။

'လုပ်တိုင်းလည်း ဖြစ်တာမှ မဟုတ်တာ' ဟု ဆင်ခြေပေးသည်။

ကျွန်တော်က သူများထက်ဉာဏ်ရည်မြင့်သော လူငယ်တစ်ယောက် မဟုတ်ခဲ့ပါ။ ပတ်ဝန်းကျင်အခြေအနေလည်း မပေးခဲ့ပါ။ ကံကလည်း နိမ့်ချည်မြင့်ချည်။ သို့သော် စနစ်တကျ အမြဲကြိုးတင်ပြင်ဆင်တတ်သည့် အလေ့ကိုတော့ ဘယ်တုန်းကမှ မစွန့်ခဲ့။

ယခုတော့ ဆေးပညာနယ်ပယ်မှာရော စာပေနယ်ပယ်မှာရော လိုလားတောင့်တဖူးခဲ့သည့် ရလဒ်အားလုံးနီးနီးရခဲ့ပြီ။ လူငယ်တွေကိုလည်း တော်တော်ကူညီနိုင်နေပြီဟု ကိုယ့်ကိုယ်ကိုယ် ထင်သည်။

သည်ဆောင်းပါးကလေးဖတ်မိသည့် လူငယ်တွေလည်း ကောင်းသည့်ဘက်ကိုပွားသည့် အတွေးကလေးတွေ ရလိမ့်မည်ဟု ယုံကြည်မိ သည်။

ကြိုတင်ပြင်ဆင်ဖို့ အမြဲဖြစ်နိုင်ပါသည်။

၁

## ဘဝဦးတည်ရာ ပီပြင်စေရန်

မန္တလေးဆေးတက္ကသိုလ်မှ လူငယ်များကို 'လူငယ်နှင့် အောင်မြင်မှု' ဆို သည့် ခေါင်းစဉ်နှင့် သွားဟောပြောခဲ့ရာ ပရိသတ်မှ အားပေးမှုများ မျှော်လင့်တာထက် ပိုရခဲ့သဖြင့် ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် ပြန်လာခဲ့ စဉ် 'စာပေခရီးသွားများ' အဖွဲ့မှ 'ရောက်တဲ့နေရာမှာ ရပ်နေမှာလား' ဆို သည့် စာအုပ်အတွက် လိုက်ဖက်မည့် ဆောင်းပါးကလေး ရေးခိုင်းတော့ ချိန်သားကိုက်ဖြစ်သွားသည်။

အောင်မြင်မှုဆိုတာ

Life Style (today) မှ မကြာခင်ထုတ်ဝေမည့်
'ခေါင်းဆောင်ကောင်းဖြစ်မည့် စိတ်နေသဘောထား ၁၀၁' ဆိုသည့်
စာအုပ်ကလေးက John Maxwell ၏ Attitude 101 ကို ကျွန်တော်
ဘာသာပြန်ရေးထားတာပါ။

ဘာသာပြန်အနေနှင့် ရေးတာဆိုတော့ ကွန့်၍မရ၊ ကိုယ့်ဘဝ
အတွေ့အကြုံကလေးတွေ ထည့်လို့မရ၊ ကြိုက်သည့်နေရာကလေးတွေ ချဲ့ရေး၍
မရ။ မူရင်းအာဘော်အတိုင်း ဘာသာပြန်ခဲ့သည်။

ကြိုက်သည့်နေရာက 'အောင်မြင်မှုဆိုတာ' ဆိုသည့်အတိုင်း ဖြစ် ပါသည်။
အဲဒါကလေး နည်းနည်းပြန် အစဖော်ပါရစေ။

John Maxwell က ပြောပါသည်။

အောင်မြင်မှုဆိုတာ ချမ်းသာတာ မဟုတ်ပါတဲ့။ ချမ်းသာခြင်းသည်
ပြဿနာအလုံးစုံကို ပြေလည်အောင် လုပ်နိုင်စွမ်းမရှိပါ။ ပြဿနာအသစ်
တွေပင်လျှင် ထပ်ယူဆောင်လာတတ်ပါသတဲ့။ ဒါက ကျွန်တော်နားလည်ပြီး
လက်ခံပြီးကိစ္စဖြစ်နေ၍ နောက်တစ်ရွက်သာ ထပ်လှန်မိသည်။

ပျော်ရွှင်မှုကိုလည်း အောင်မြင်မှုနှင့် ညီမျှခြင်း မချပါနှင့်တဲ့။
ပျော်ရွှင်မှုနောက်ကို မရအရလိုက်နေရင်းကပဲ မရနိုင်လို့ လူတွေ စိတ်
ဆင်းရဲနေရတာပါတဲ့။ ဘဝဆိုတာ မရေရာပါတဲ့။ စိတ်ခံစားမှုဆိုတာလည်း
မတည်ငြိမ်ပါတဲ့။ ဒါကတော့ ကျွန်တော် မကွေးဆေးတက္ကသိုလ်မှာ (မမ) ဂျူး၊
ကိုစိုးလွင်တို့နှင့်အတူ ဟောပြောစဉ်က ကျွန်တော် ပြောခဲ့ဖူးသည့်
စကားကလေးနှင့် သွားဆင်သည်။

'ဘဝနဲ့ဆန္ဒ ထပ်တူကျပါစေလို့ လူငယ်တွေ အော်တိုရေးတတ်ကြ တယ်၊ အဲဒါက သိပ်ရယ်စရာ ကောင်းတာပဲ၊ ဘဝဆိုတာလည်း ခုန်ဆွ ခုန်ဆွ ဆန္ဒဆိုတာကလည်း ခုန်ဆွ ခုန်ဆွ၊ ငြိမ်ငြိမ်နေတဲ့ အရာနှစ်ခုမှသာ လျှင် ထပ်တူကျလို့ ရတော့မပေါ့၊ ဘဝနဲ့ ဆန္ဒ ထပ်တူကျဖို့ လိုက်ကြိုးစား နေတဲ့ ဘဝက ဘယ်လိုလုပ် အောင်မြင်နိုင်မှာတဲ့လဲ၊'

John Maxwell ကို မဖတ်ဖူးခင်ကတည်းက သူနှင့် ကျွန်တော် သဘောထား တိုက်ဆိုင်နေခဲ့သည်။

လိုချင်တာကို ရတာကိုလည်း ဘဝအောင်မြင်မှုဟု မခေါ်ချင်ပါတဲ့။ လိုချင်တာကို တောင့်တတာက ရလာလျှင်လည်း နောက်တစ်ခု ထပ်လို ချင်စမြဲပါ။ ပြီးသွားသည်ရယ်လို့ မရှိတော့ အောင်မြင်ပြီထင်လိုက်၊ မအောင်မြင်သေးပြန် ဖြစ်လိုက်ပါတဲ့။ ကျွန်တော် ရေးခဲ့ဖူးသည့် 'အောင် မြင်မှုပန်းတိုင်နှင့် မရှိလို့မဖြစ်' ဝတ္ထုကိုပင် သတိရသေးတော့၊ အဲသည်မှာ လည်း ကျွန်တော်က အောင်မြင်မှုဆိုတာ တစ်ခုရလိုက်၊ ရင်ဆိုင်စရာ နောက်တစ်ခုပေါ်လာလိုက်မို့ အောင်မြင်မှုပန်းတိုင်ဟု မခေါ်ဘဲ ဘတ်စ် ကားမှတ်တိုင်တွေနှင့် နှိုင်း၍ အောင်မြင်မှုမှတ်တိုင်ဟု ခေါ်သင့်ကြောင်း ရေးခဲ့ဖူးပါသည်။

ပါဝါခေါ် ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုလည်း မခေါ်ပါတဲ့။ ပါဝါဆိုတာ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးပါတဲ့။ ဟုတ်ပ။ ဗိုလ်ချုပ်အောင် ဆန်းကို အင်္ဂလိပ် အစိုးရက အစိုးရအဖွဲ့ခေါင်းဆောင် ရာထူးပေးတော့ ဗိုလ်ချုပ်က လွတ်လပ်ရေးရအောင် တောင်းယူသွားသည်။ ကောင်းကျိုး ကို မြန်မာပြည်သူတို့ ခံစားခဲ့ရသည်။ ဟစ်တလာ ပါဝါရှိစဉ်က ဂျူးလူမျိုး ခြောက်သန်းကို အကြောင်းမဲ့ သတ်ပစ်ခဲ့သည်။ ဆိုးကျိုးကို တစ်ကမ္ဘာလုံး

ခံစားလိုက်ရသည်။ အောင်မြင်မှုကို ဒါနှင့် တိုင်းတာ၍ မဖြစ်ပြန်။ ဟစ်တလာကို အောင်မြင်သူဟု ကျွန်တော်တို့ လက်မခံနိုင်ပါ။

သည်အထိက သူရေးတာတွေကို ကျွန်တော် သိပ်အထူးအဆန်း မဖြစ်မိ။ ကိုယ်ပြောဖူးတာတွေနှင့် တူတူနေသည်။ ဆန်းသစ်တာကလေးက နောက်ဆုံး တစ်ချက်ကျမှ သွားတွေ့သည်။

ရည်မှန်းချက်ပန်းတိုင် တစ်ခုခုကို ဆုပ်ကိုင်နိုင်တာကိုလည်း အောင်မြင်မှုဟု မခေါ်ပါတဲ့။ သူက ရည်မှန်းချက်ရောဂါ (Destination Disease) ဟုပင် နာမည်ပေးလိုက်သေးသည်။

အဲသည့်နေရာ အရောက်မှာ ကျွန်တော် နည်းနည်း မျက်လုံးပြူး သွားသည်။ အဲဒါကျတော့ ကျွန်တော်က ဟုတ်သလိုလို ထင်နေတာကိုး။ သူကလည်း အချိန်တော်တော်ကြာအောင် အဲ့သလိုပဲ ထင်ခဲ့တာပါတဲ့။ ကိုယ်ချသည့် ရည်မှန်းချက်ပန်းတိုင်က ချသင့်ချထိုက်တာမျိုးဖြစ်လျှင် အဲသည် ပန်းတိုင်နှင့် အောင်မြင်မှုကို အချိုးချ၍ ရသည်ဟု ယုံကြည်ခဲ့ တာပါတဲ့။ ဘဝအတွေ့အကြုံ တော်တော်ရင့်ကျက်လာသောအခါတွင်မှ အောင်မြင်မှုဆိုတာ ရည်မှန်းချက်ပန်းတိုင်တွေကို စာရွက်ပေါ်မှာ ချရေးပြီး တစ်ခုပြီး တစ်ခု အမှန်ခြစ်ပေးရသည့် ကိစ္စမျိုး မဟုတ်မှန်း ရိပ်မိလာတာ ပါတဲ့။ အောင်မြင်မှုဆိုတာ ပန်းတိုင် မဖြစ်သင့်ပါတဲ့။ နေနေသောဘဝ၊ သွားနေသော ခရီးတစ်ခုလုံး ဖြစ်ရမှာပါတဲ့။

အောင်မြင်တာတွေ ခဏခဏ ကြုံနေရတာကို အောင်မြင်တာဟု မသတ်မှတ်ချင်၊ အောင်မြင်နေသော ဘဝခရီးလမ်းမှာ လျှောက်နေချင် သည်။ ရေးတေးတေးတော့ သဘောကျနေမိသည်။ ရှင်းရှင်း နားမလည် သေး။ ဒါနှင့်ပဲ သူ ပြဋ္ဌာန်းသည့် အောင်မြင်မှု အဓိပ္ပာယ်ကို ကမန်းကတန်း ရှေ့သို့ တိုးဖတ်ကြည့်မိသည်။

Success is
Knowing Your Purpose in Life
Growing to reach you maximum potential, and
Sowing seeds that benefit others.

အောင်မြင်မှုဆိုတာ ...
ဘဝဦးတည်ရာ ပီပီပြင်ပြင် ရှိစေဖို့
မိမိစွမ်းရည်ကို တတ်နိုင်သမျှ အမြင့်မားဆုံးဖြစ်အောင် ပျိုးထောင်
ဖို့နဲ့ အဲသည်စွမ်းရည်ဖြင့် အများအတွက် အကျိုးရှိသည့်ကိစ္စတွေ
ဆောင်ရွက်ဖို့ ဖြစ်သည်တဲ့။

တစ်ခါတည်း ကြိုက်သွားသည်။

ကျွန်တော် ဝတ္ထုတွေ၊ ဆောင်းပါးတွေ အများကြီးနှင့် ရေးခဲ့သည့် 'အောင်မြင်မှု' ၏ အဓိပ္ပာယ်ကို သူက စာကြောင်းကလေး သုံးကြောင်းနှင့် ဖော်သွားသည်။

ကျွန်တော် ရေးခဲ့သည့် 'ကြိုးကြာတောင်ပံခတ်သံ' ထဲက ချင်း တောင် လတ်ငြိမ်းဆိုတာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းလှိုင်(နာဂ သိန်းလှိုင်) ကို မမြင်ဖူးပါဘဲနှင့် အဝေးကနေ ကြည်ညိုလေးစားစိတ်နှင့် ကျွန်တော် ရေးခဲ့တာပါ။ ဝေဖန်ရေးသမား တချို့က 'ဒီလို ဆရာဝန်မျိုး အပြင်မှာ မရှိနိုင်ဘူး' ဟု ရေးခဲ့ကြသော်လည်း တကယ်တော့ ချင်းတောင် လတ်ငြိမ်း၏ စွန့်လွှတ်စွန့်စားမှုတွေက နာဂသိန်းလှိုင်၏ ဆယ်ပုံတစ်ပုံပင် မမီတာကို ဆရာကြီးကို သိသူအားလုံး သိကြပါသည်။ ဆရာကြီးကို အဲသည်စာအုပ် အမျိုးသားစာပေဆုရတော့မှ ပြင်ဦးလွင်မှာ ကျွန်တော် သွားတွေ့မိတ်ဆက်ပြီး ထိုင်ကန်တော့ခဲ့တာပါ။

အဲသည်နေ့က ကင်မရာ ပါသွားသဖြင့် ပြင်ဦးလွင်က သူငယ်ချင်း သမားတော်ကြီး အောင်စန်းဦးက လက်ကိုင်ဖုန်းနှင့် ရိုက်ပေးခဲ့သော ကျွန်တော်နှင့် ဆရာကြီး တွဲလျက်ပုံကို ကျွန်တော် မန္တလေး ဆေးတက္ကသိုလ် ဟောပြောပွဲတုန်းက ပြပါသည်။

'ဆရာကြီးဟာ သူ့ဘဝရဲ့ ဦးတည်ရာဟာ ဝေးလံခေါင်ဖျားဒေသတွေ မှာ ဆရာဝန်ကို မမြင်ဖူးဘဲနဲ့ ရောဂါဝေဒနာတွေ ခံစားနေရတဲ့ တိုင်းရင်း သားတွေဆီကို သွားပြီး ခွဲစိတ်သင့်တာခွဲစိတ်၊ ကုသသင့်တာ ကုသ တတ်နိုင်သလောက် ကူညီဖို့ဆိုတာ သူငယ်စဉ်ကတည်းက သူ ပြတ်ပြတ်သားသား သိခဲ့ပါတယ်၊ သူ့စွမ်းဆောင်ရည်ကို သူ အမြင့်ဆုံးရောက်အောင် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်အထူးကု ဆရာဝန်ကြီးတွေနဲ့အတူ လက် ထောက်ဆရာဝန်အဖြစ် ဆောင်ရွက်နဲ့ ကြိုးကြိုးစားစား လေ့လာခဲ့ပါတယ်၊ ပြီးတော့ သူ့ရဲ့ ခွဲစိတ်ပညာနဲ့ နာဂတောင်တန်းပေါ်က လည်ပင်းကြီးရောဂါ သည်တွေကို နေ့မနား ညမနား ခွဲစိတ်ပေးခဲ့ရာက စေတနာ ဆရာဝန် တစ်ဦးအနေနဲ့ရော၊ Ambulatory Surgery လို့ခေါ်တဲ့ နေရာမရွေး ခွဲစိတ် ပေးမှုမှာရော မြန်မာကသာမက ကမ္ဘာကပါသိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာခဲ့ပါတယ်၊ ဆရာကြီးရဲ့ ဘဝကိုမှ အောင်မြင်တဲ့ ဘဝလို့ မခေါ်ရင် ဘယ်ဘဝကို ခေါ်ရမှာတဲ့လဲ'

အဲသည်နောက် ကျွန်တော်က ဆရာတော် အရှင်ဆန္ဒာဓိက မကွေး ကို ကြွလာကတည်းက မကွေးကရုဏာရှင်များအသင်း ဆေးခန်းမှာ စာရေး ဆရာ ဒေါက်တာရဲနှင့် တွေ့ချင်သည်ဟု ဆရာတော်မိန့်သဖြင့် ဝမ်းသာ အားရ ကျွန်တော် သွားဖူးတွေ့နေစဉ် ရိုက်သောဓာတ်ပုံကို ထပ်ပြသည်။

'အဲသည်အောင်မြင်တဲ့ ဘဝကိုပဲ ပါရမီလည်း ရှိမယ်၊ ကြိုးစားစိတ် လည်း ရှိမယ်ဆိုရင် ထပ်ပြီး တစ်ဆင့်တင်လို့ ရပါသေးတယ်၊ ဆရာတော်

အရှင်ဆန္ဒမိကဟာ ကျွန်တော့်ထက် အသက်အနည်းငယ်ပဲ ငယ်ပါတယ်၊ အဲသည်ခေတ် ရေနံချောင်း အ·ထ·က ကနေ မြန်မာတစ်ပြည်လုံး ဒုတိယ နဲ့ (၁၀) တန်းအောင်မြင်ခဲ့တယ်၊ ဒါပေမဲ့ ဆရာတော်ဟာ သူ့ဘဝ ဦးတည် ရာဟာ ဘာလဲဆိုတာ သူ (၁၆) နှစ်သားကတည်းက ပြတ်ပြတ်သားသား သိခဲ့လို့ ဘဝမှာ အောင်မြင်ဖို့ကိုသာမက သံသရာကို အောင်မြင်နိုင်ရေး အတွက် ကိုယ့်ကိုယ်ကိုယ်လည်း လုပ်၊ သူများတွေကိုလည်း ကူညီ လမ်းပြ ပေးနေတာ မြင်ရတဲ့အတိုင်းပါပဲ"

အဲသည်နေ့က ဟောပြောပွဲကလေး တော်တော် အောင်မြင်ပါ သည်။ အင်တာနက်မှာတောင် ကျွန်တော့် စကားလုံးတွေကို ဆေးကျောင်း သူ၊ ကျောင်းသားတွေက တင်ကြသည်။

အဓိက စကားလုံးကလေး သုံးလုံးပါ။

knowing
growing and
sowing ... တဲ့။

ဘဝဦးတည်ရာ

စာပေခရီးသွားများ အဖွဲ့က ရေးခိုင်းတာ "ရောက်တဲ့နေရာမှာ ရပ်နေမှာလား" ဆိုတော့ John Maxwell ၏ Success နံပါတ်တစ်လေ။

knowing your purpose in life.

ဘဝမှာ ဦးတည်ရာ ပီပြင်စေဖို့ ဖြစ်သည်။

လူတိုင်း လူတိုင်း၏ ဘဝမှာ ဦးတည်ရာ ရှိပြီးသားပါတဲ့။ အဲဒီလို သိအောင်လုပ်ဖို့ လူတိုင်းမှာ တာဝန်ရှိပါသည်။ သိအောင်လုပ်ရတာလည်း ဘဝ၏ ပျော်စရာ ဖြစ်ပါသည်တဲ့။

ကျွန်တော်တို့၏ နှလုံးသား ဟိုးအတွင်းထဲ တစ်နေရာမှာ ကိုယ့်ဘဝ မှာ ကိုယ်ဘာတွေ စဉ်ဆက်မပြတ် လုပ်သွားချင်သည်ဆိုသည့် ဆန္ဒတွေက တဖွားဖွား ရှိနေတတ်စမြဲ။ အဲဒါကို တွေ့အောင် ရှာရမှာပါ။ (ကျွန်တော် ကတော့ တွေ့ပါသည်။ သည်လိုစာမျိုးတွေ ရေးနေချင်တာပေါ့။)

လူတိုင်းမှာလည်း သူများနှင့် မတူသည့် အရည်အချင်းတွေ ရှိနေ တတ်ပါသည်။ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်တွေကလည်း တစ်ယောက် နှင့်တစ်ယောက် မတူပါ။ ရရှိနိုင်သည့် အခွင့်အရေးတွေကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပါ။ ဘဝအတွေ့ကြုံတွေကလည်း တစ် ယောက်နှင့် တစ်ယောက် မတူပါ။ အဲသည် မတူသည့် အရည်အချင်းတွေ ကို စောစောက ရှာတွေ့ထားသည့် ဆန္ဒနှင့် သမမျှတစွာ ပေါင်းစပ်နိုင်လျှင် ကိုယ့်ဘဝ ဦးတည်ရာကို ကိုယ်တွေ့မှာပါ။

ကိုယ့်ကိုယ့်ကိုယ်ပဲ ဥပမာပေးပါရစေဦး။

ကျွန်တော်က ရင်ထဲ၊ အသွေးထဲ၊ အသားထဲကနေ စာရေးဆရာ ဖြစ်ချင်နေခဲ့သူတစ်ဦး ဖြစ်သည်။ သို့သော် အသက် (၄၃) နှစ်အထိ စာရေးဆရာ ပီပီပြင်ပြင် ဖြစ်မလာခဲ့ပါ။ ဆရာဝန်တစ်ဦးဘဝနှင့် ရှေ့တန်း စစ်မျက်နှာများအထိ ပင်ပင်ပန်းပန်း တာဝန်ထမ်းဆောင်ခဲ့ရဖူးသည်။ နိုင်ငံခြားကိုလည်း ပညာတော်သင် သွားခဲ့ဖူးသည်။ လူငယ်လေးတွေကို သင်ကြားဆုံးမရသည့် ကျောင်းဆရာဘဝမှာလည်း နှစ်ပေါင်းများစွာ နေခဲ့ ရဖူးသည်။ အပူတွေ၊ ဝေဒနာတွေနှင့် လူနာတွေ၏ ဘဝကိုလည်း နေ့စဉ် ကူညီနေရသည်။ ဒါတွေကို စာရေးဆရာဖြစ်ချင်နေသည့် နှလုံးသားက ရိုးရိုးလိုက်မှတ်နေတာမဟုတ်။

စာရေးချင်သည့်စိတ်နှင့် လိုက်မှတ်နေတာ ဖြစ်သည်။ အဲသည့်အချိန်မှာ ခေတ်ကာလအချိန်အခါအရ ဆေးပညာ၊ မဂ္ဂဇင်း၊ ဂျာနယ်များ အမြောက်အမြား ပေါ်ထွက်လာသောအခါ ကလေး အထူးကု ဆရာဝန်တစ်ဦးအနေနှင့် ကလေးကျန်းမာရေး ပညာပေး ဆောင်းပါးများ ရေးပေးဖို့ တောင်းဆိုခံရတာတွေ ရှိလာသည်။ ကျွန်တော် လည်း ရေးပေးပါသည်။ သို့သော် အဲသည်အချိန်မှာ ရင်ထဲက ဘဝ ဦးတည်ရာ ရှင်းနေ ပြတ်နေပြီ။ စာရေးမည်၊ ဆေးဆောင်းပါးလောက် ရေးချင်တာတော့ မဟုတ်။ တစ်သက်လုံး တွေ့ကြုံခဲ့ရသည့် သုခ၊ ဒုက္ခ၊ အောင်နိုင်မှု၊ ကျရှုံးမှုအားလုံး အရင်းတည်၍ လူငယ်တွေအတွက် ဘဝလမ်းညွှန်ဖြစ်နိုင်မည့် စာမျိုးတွေရေးမည်။ ရေးရာမှာလည်း လူငယ်တွေ ဖတ်ချင်လာအောင် ဆွဲဆောင်နိုင်သည့် စာမျိုးဖြစ်ဖို့ ဦးတည်မည်။

ရသစာရေးဆရာပေါ့။ ဒါ ရှင်းနေပြတ်နေပြီ။

ဆေးဆောင်းပါး လာတောင်းသည့် အယ်ဒီတာတွေကို ညှိသည်။ ကနဦး အယ်ဒီတာများဖြစ်သည့် ဒေါက်တာခင်ဇော်လွင် (နရသုခိသုခ ချမ်းသာ)၊ ဆရာမောင်သွေးသစ် (Family မဂ္ဂဇင်း)တို့နှင့် ဆွေးနွေးသည်။ ဆရာခင်ဇော်လွင်ကတော့ အစကတည်းက ဒေါက်တာစိုးလွင် (မီးယပ်နှင့် သားဖွားအထူးကု ဆရာဝန်ကြီး) က ညွှန်းထားပြီးဖြစ်၍ ရသစာပေပဲ လာ တောင်းတာပါ။ ဆရာသွေးကတော့ 'ဆရာရဲ ရေးကြည့်လေ' ဟု အားပေး သည်။ ပြကြည့်တော့ ကြိုက်သည်ဆိုကာ ထည့်သည်။ သူတို့ထည့်သည့် စာတွေကို ဖတ်မိရာက တခြား အယ်ဒီတာများ လာတောင်းကြတာ တဖြည်းဖြည်း များလာသည်။ နောက်ပိုင်းတော့ သိပြီးသည့် အတိုင်းပါပဲ။

အဲသည် အချက်ကို အမေရိကန်သမ္မတ သီယိုရုစဗဲ့လ်က စကား လုံးတိုတိုကလေးနှင့် ပြောဖူးသည်။

'Do what you can, with what you have, where you are' တဲ့။

ကိုယ်လုပ်နိုင်တာကို ကိုယ့်မှာရှိတာနဲ့ ကိုယ်ရောက်နေတဲ့ အခြေ အနေကနေ အကောင်အထည် ဖော်ပါပေါ့။

John Maxwell ကတော့ သည့်ထက်တိုအောင် ထပ်ချုံ့သည်။

'Believe in your potential'

ကိုယ့်အရည်အချင်းကို ကိုယ်ယုံပါပေါ့။

ဘဝမှာ ကိုယ့်ဦးတည်ရာကို ကိုယ် ကွင်းကွင်းကွက်ကွက် သိထား၊ မြင်ထားသူတစ်ဦးကို အဲဒါကို အကောင်အထည်ဖော်နိုင်ဖို့ ဘယ်အရာမှ မဟန့်တားနိုင်ပါ။

ဘယ်တော့ စအကောင်အထည်ဖော်မလဲဆိုသည့် မေးခွန်းသာ ကျန်ပါတော့သည်။

အဲဒီအတွက် အဖြေကလည်း စကားလုံးကလေး နှစ်လုံး …

'အခု' …တဲ့။

၀

## လူကြီးသား မဖြစ်ခဲ့ပေလို့

လူငယ်စာရေးဆရာဟု ကိုယ့်ကိုယ်ကိုယ် မခံယူဘဲ စာစုံရေးသည့် စာရေးဆရာဟု ခံယူသော်လည်း လူငယ်တွေဖတ်ဖို့ ရေးသည့် စာတွေဟာ ပိုပွဲတောင်းခံရသလို ဖြစ်နေသည်။

'စာပေခရီးသွားများ'က ထုတ်သည့် 'လူငယ်စာစဉ်' တွေမှာ ရှေ့ပိုင်း က ရေးပေးဖြစ်ခဲ့သည့် ဆောင်းပါးများကိုလည်း အပြုသဘော တုံ့ပြန် သံတွေ တော်တော် ကြားခဲ့ရသည်။

သည်တစ်ပတ်တော့ ကိုယ့်အားကိုယ်ကိုး စိတ်ကလေးအကြောင်း ရေးပါတဲ့။ ကိုယ့်အားချည်း ကိုယ်ကိုးခဲ့ရတာ နှစ်ငါးဆယ်ရှိပြီဆိုတော့ ဒါတော့ ရေးနိုင်မည်ထင်သည်။

ပထမ လူငယ်ဆိုသည့်အရွယ် ဘာကြောင့် အရေးကြီးရသလဲဆိုတာ ကလေးကို နည်းနည်းဆွေးနွေးကြည့်ကြပါဦးစို့။

လူငယ်ဆိုတာ

လူငယ်ဆိုတာ အရှင်းဆုံးပြောရလျှင်တော့ ကလေးဘဝမှာလည်း ကျော်လွန်ပြီး လူကြီးလည်း မဖြစ်သေးသူကို ခေါ်တာပါ။

လူကြီးလုပ်နိုင်ဖို့အတွက် လူကိုလည်း ပြင်ဆင်ရသည်။ စိတ်ကို လည်း ပြင်ဆင်ရသည်။

မှန်ပါသည်။

စိတ်ကို ပြင်ဆင်ရတာ အခက်ခဲဆုံးပါပဲ။

အဲသည်အချိန်မှာ စိတ်ကိုပြင်ဆင်တာ စနစ်တကျမှန်ကန်လျှင် မှန်ကန်သလောက် လူကြီးဖြစ်လာသောအခါ အဖိုးတန်လူတွေ ဖြစ်လာ ကြမှာပါ။

နတ်မောက်မြို့မှ ရန်ကုန်မှာ တက္ကသိုလ်လာတက်သော ကျောင်း သားကလေး ကိုအောင်ဆန်း၊ လူငယ်ဘဝမှာ စိတ်ကို ဘယ်လို ပြင်ဆင် လိုက်သည်ဆိုတာကို သတိရကြစေချင်သည်။

ထိုထက်ပို၍ကား ခုနစ်ဆောင်ပြာသာဒ်မှာ မောင်းမမိဿံတွေနှင့် စံမြန်းနေသော အိမ်ရှေ့မင်းသားသိဒ္ဓတ္ထ စိတ်ကို ဘယ်လိုပြင်ဆင်လိုက်သည်ဆိုတာက ပို၍ ကြက်သီးမွေးညင်းထဖို့ ကောင်းလှသည်။

ဒါတွေမြင့်လွန်းသည် …ထား။

ကျွန်တော် ရေးခဲ့ဖူးသည့် 'ကြိုးကြာတောင်ပံခတ်သံ' ဝတ္ထုထဲက မစိတ်မွန်ပြီး အတ္တကြီးနေသော ဆေးကျောင်းသားကလေး လတ်ငြိမ်း စိတ် ကို ဘယ်လိုပြင်ဆင်လိုက်သည်ဆိုတာ ဖတ်ဖူးသူတွေ သတိထားမိကြမည် ထင်သည်။

ဆိုလိုတာက လူငယ်တိုင်း စိတ်ကို အကောင်းဘက်ရောက်အောင် ပြင်ဖို့ အစွမ်းသတ္တိရှိပြီးသားဆိုတာကိုပါ။

အခက်ဆုံးက ကိုယ့်စိတ်ကိုယ် ကောင်းမှုဘက်ကို ဦးတည်အောင် ပြင်ဆင်ရတာမဟုတ်။

စာပေဗဟုသုတ ဖတ်ရှုလေ့လာတာနှာသော လူငယ်တိုင်း ဒါကို လုပ်နိုင်သည်။

ခက်တာက ပတ်ဝန်းကျင်မှ ဖြစ်နေသည့် မဖြစ်သင့်တာတွေကို မပြုပြင်နိုင်လျှင် လျစ်လျူရှုတတ်ဖို့ပါ။

ယခုပဲ တပည့်ဟောင်းတစ်ယောက်ဆီက စာတစ်စောင်ရ၍ ဖတ် နေတာပါ။ အလုပ်သင် ဆရာဝန်ဘဝ အလုပ်ခွင်ထဲ ဝင်ခါစမှာ အလုပ်က များ၊ ကိုယ်စွမ်းဆောင်နိုင်တာက နည်းသေး၍ လေ့လာရ၊ အတုယူရမှာတွေ များလွန်းနေသည့် အချိန်မှာ သူက အဲဒါတွေထက် သူ့ထက် အနည်းငယ် ပိုကြီးသော ဆရာဝန်တချို့၏ သူ့အပေါ် ဆက်ဆံရေးကို အစာမကြေ သည့် ခံစားချက်က များနေ၍ ကျွန်တော့်ဆီ စာရေးတိုင်တည်တာပါ။

## Right and Responsibility

ကိုယ်ဆုံးမရမည်ဟု ယုံကြည်ထားသော ကိုယ်ထက်ငယ်သူတိုင်းကို သည်စကားနှစ်ခွန်းနှင့် ကျွန်တော် ဆုံးမလေ့ ရှိပါသည်။

Right ဆိုတာက ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့် ဆိုပါစို့။ Responsibility က လုပ်ဖို့၊ ပြောဖို့ တာဝန်ရှိနေခြင်းဟု ဆိုလိုသည်။

စောစောက လူငယ်မှာ သူ့အထက် အကြီးဆရာဝန် တကယ်ပဲ မှားနေဦးတော့ … (ဒါလည်း သိပ်မသေချာ။ ကိုယ့်အတွေ့အကြုံက နည်းနေသေးလျှင် အမှန်ကို အမှားထင်တာမျိုးလည်း ဖြစ်တတ်သလို သေးသော အမှားကိုး ကြီးသည်ဟု ထင်တာမျိုးလည်း ဖြစ်တတ်သည်။)

သည်အမှားကို ပြုပြင်တည့်မတ်ပေးဖို့ သူ့မှာ Right လည်း မရှိ၊ Responsibility လည်း မရှိပါ။

ဒါဆို ဒီအတိုင်း ကြည့်နေရမှာလားဟု မေးစရာ ရှိသည်။

ကျွန်တော် လူငယ်ဘဝက ကျွန်တော့်ထက် လေးနှစ်ပဲ ကြီးသည့် အစ်ကိုဆရာ ဆုံးမဖူးတာကလေး ပြန်ဖောက်သည် ချပါရစေ။

'တာဝန်ခံ အဆင့်ရှိတဲ့ လူတစ်ယောက် လုပ်ပုံကိုင်ပုံကလေးတွေ ကို သူ့အောက်မှာ လုပ်ရင်းက ကြိုက်ရင် မင်း မှတ်ထား၊ မင်း အဲဒီအဆင့် ရောက်တော့ အတုယူလို့ ရတယ်၊ အေး …အဲဒီလိုပဲ၊ မကြိုက်တာ တွေ့ရင်လည်း မှတ်ထား၊ ဒါမှ ကိုယ့်အလှည့်ကျရင် ရှောင်လို့ရမှာ၊ သွားသွားတော့ ရန်ဖြစ်မနေနဲ့၊ ကိုယ် သူ့နေရာမှာဆိုရင် ကိုယ့်ထက် အငယ်က အဲသလို လာပြောနေရင် ကြိုက်မလားဆိုတာ ကိုယ်ချင်းစာကြည့်'

အဲသည့်စကားကို လေးစားစွာ နာယူခဲ့သဖြင့် ကျွန်တော့်ဘဝမှာ မရောက်နိုင်တော့ဘူးဟု ထင်ထားမိခဲ့သည့်အဆင့်တွေကို သူများထက် ငယ်ရွယ်သောအရွယ်မှာ ကျွန်တော် ရောက်ခဲ့ပါသည်။

အစ်ကိုဆရာလည်း ဘယ်သူမှ ကြိုတွေးမထားမိလောက်သည့် နေရာအထိ ရောက်ပြီး အများကောင်းကျိုးတွေ အများကြီး ဆောင်ရွက် နိုင်ခဲ့ပါသည်။

သည်တော့ လူငယ်တွေ စိတ်ဓာတ်ကို လူကြီးဆန်ဖို့အတွက် ပြင် ဆင်ရာမှာ အခက်အခဲဆုံး အလုပ်ကတော့ ကိုယ့်စိတ်ထဲမှာ မမှန်ဘူး၊ မတရားဘူးဟု ထင်သောအရာကို ပြုပြင်နိုင်သော Right နှင့် Responsibility ရှိလျှင် ပြုပြင်၊ မရှိလျှင် လျစ်လျူရှုတတ်ဖို့ဆိုတာ သိသာလောက် ပြီ ထင်သည်။

တကယ်တမ်းကျတော့ လျစ်လျူကို မရှုနိုင်ကြပါ။

'သူက လူကြီးသားဆိုတော့ နေရာကောင်းကနေ ဘယ်မှ မပြောင်း ရဘူးပေါ့'

သည်အပြောမျိုးတွေကတော့ နေ့စဉ်နှင့်အမျှ အပြောဖြစ်ဆုံး။ ကိုယ်တွေလည်း ငယ်ငယ်က ပြောဖြစ်ခဲ့ကြသည်။

ယခု အရွယ်ရောက်လာတော့ အဲသလို ထိုင်ညည်းတွားနေခဲ့တာ ဘယ်လောက်အဓိပ္ပာယ် မရှိကြောင်း သိလာသည်။ အဲသည် သိလာသော အသိကို လူငယ်တွေကို ပြန်ပြောပြချင်သည်။ လက်ခံဖို့ကျတော့ ခက်နေဦး မည်လားမသိ။

စဉ်းစားစရာက နှစ်ချက်။

တစ်ချက်က မိဘက အရေးပါ အရာရောက်သူဖြစ်လျှင် သားသမီး က ဦးစားပေးမခံရတာ ဘယ်နိုင်ငံ ဘယ်စနစ်မှာများ ကင်းခဲ့ဖူးပါသနည်း ဆိုတာပါ။

ကျွန်တော် လေ့လာမိသလောက်တော့ ကွန်မြူနစ် စနစ်ရော၊ ဆိုရှယ်လစ် စနစ်ရော ဖက်ဆစ်စနစ်ရော အရင်းရှင်စနစ်ရော ဒီမိုကရေစီ စနစ်ရော ဘယ်စနစ်မှာမှ လူကြီးသားတွေ ဦးစားပေး မခံရခဲ့တာ မရှိပါ။

ဘုရားဟောကလေး နှစ်ခု သတိရစေချင်ပါသည်။

အချို့ကား အဆင်းလှ၏။ အချို့ကား အဆင်းမလှ။ အချို့ကား ခွန်အားကြီးမား၏။ အချို့ကား ခွန်အားမကြီးမား ...အစရှိသော မေး ခွန်းကို ဖြေတော်မူခဲ့တာလေ။ အတိတ်ကံသာလျှင် စီမံဆုံးဖြတ်ခဲ့၍ ဖြစ် သည်ဆိုတာ။

နောက်တစ်ခုကတော့ ဗြဟ္မစိုရ်တရား လေးပါးမှာ မေတ္တာ၊ ကရု ဏာ၊ မုဒိတာနှင့် တွဲဖက်၍ ဉပေက္ခာကိုပါ ထည့်ဟောသွားတာပါ။

ကျွန်တော်တို့ လူမျိုးက ကရုဏာအား ကောင်းသလောက် မုဒိတာ နှင့် ဉပေက္ခာ အားနည်းတာ အားလုံးအသိပါ။

ဒုတိယအချက်ကတော့ လူကြီးဆိုတာကရော ဘာကို ခေါ်ပါ သနည်းဆိုတာကိုပါ။

လူကြီးဆိုတာ

ငယ်စဉ် အလုပ်ဝင်ခါစက 'ခင်ဗျားရော လူကြီးသားပဲလား' ဟု ဗြောင် အမေးခံရဖူးသည်။

သူများတွေထဲက တချို့ သင်ကြားရေး ဆေးရုံကြီးတွေ ရောက်သွား ချိန်မှာ ယူနီဖောင်းဝတ်၊ ပခုံးတစ်ဖက်စီမှာ ကြယ်အမည်း နှစ်ပွင့်စီတပ်။ ဆေးအိတ်စလွယ်သိုင်း။ ခါးမှာ သေနတ်ချိတ်ပြီး ရှေ့တန်းရောက်လာသူ ကို မေးတာဆိုတော့၊ မေးမှမေးတတ်ပလေဟု ဖြေရန်သာ ရှိသည်။

လောကခံကို ဟာသဖွဲ့ တတ်ဖို့ပညာကတော့ အလုပ်သင်ဆရာဝန် ဘဝကတည်းက အစ်ကိုဆရာက သင်ပေးလိုက်ပြီးပြီမို့ ကျွန်တော် ခပ်တည် တည် ပြန်ဖြေသည်။

'ဟုတ်တယ်၊ ကျွန်တော်လည်း လူကြီးသားပဲ'

'ဟာ ...ခင်ဗျား ပြောပြထားဖို့ ကောင်းတာပေါ့၊ ခင်ဗျားအဖေက ဘာလူကြီးလဲ'

'ကျွန်တော့်အဖေက အသက် ၆၀ ကျော်ပြီ၊ အသက် ၆၀ ကျော် တာကိုမှ လူကြီးမခေါ်ရင် ဘာကိုခေါ်မှာလဲ'

'ဟာဗျာ၊ ခင်ဗျား တော်တော် နောက်တဲ့လူ'

မျက်နှာသာ အပေးမခံရသည့် အတူတူ ဟာသလုပ်ရတာ အမြတ် ပဲဟု သဘောထား၍ ပြောထည့်လိုက်တာပါ။

တကယ်တမ်း ကိုယ်လည်း လူကြီးဟု သမုတ်ခံရသည့် ယခု အရွယ် ကို ရောက်လာတော့ သဘောပေါက်လာတာက လူကြီးဆိုတာ ရာထူးပိုကြီး သူနှင့် ချွတ်စွတ် အဓိပ္ပာယ်မတူပါ။ ခေါင်းဆောင်နေသူ၊ ခေါင်းဆောင်မှု ပေးနိုင်သူဟု ဆိုလိုပါသည်။

ဘယ်သူတွေကို ခေါင်းဆောင်ရမှာလဲဟုဆိုလျှင် သေချာတာက တော့ လူအမျိုးစုံကို ခေါင်းဆောင်ရပါမည်။ အခက်အခဲမျိုးစုံ၏ တိုင်တည် ရာ ဖြစ်ရပါမည်။ ပြဿနာမျိုးစုံနှင့် ပတ်သက်၍ ကိုယ်တိုင်ခံစားထိတွေ့ ခဲ့ဖူးသူ ဖြစ်ရပါမည်။

မြန်မာစကားပုံ အလွယ်သုံးရလျှင်တော့ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ ဖူးရမည်။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးရမည်ပေါ့။

ဥပမာ - ရန်ကုန်၊ မန္တလေးကလွဲ၍ ဘယ်ကိုမှ မရောက်ဖူးဘဲ ရာထူးတက်လာခဲ့သူတစ်ယောက်က နယ်မြို့တွေမှာ တာဝန်ချထားသည့် လက်အောက်ငယ်သားတွေ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲတွေနှင့် ရန် ကုန်၊ မန္တလေးက ငယ်သားတွေ၏ ညည်းတွားသံတွေကြားမှာ ဘယ်လိုလုပ် အလိုက်သင့် ချိန်ညှိတတ်ပါမည်တဲ့လဲ။

အဲဒါကလေး တစ်ချက်ကို စဉ်းစားလိုက်လျှင်ပဲ ကိုယ် လူငယ်ဘဝ မှာ လူကြီးသား မဟုတ်ခဲ့တာ သိပ်တော့ ဝမ်းနည်းစရာ မရှိဘူးဆိုတာ ရိပ်မိလောက်ပြီထင်သည်။

လူကြီးသား မဖြစ်ခဲ့ပေလို့

နိုင်ငံတော် သမ္မတကြီးလည်း သမ္မတကြီးတစ်ဦး၏သား မဟုတ်ခဲ့။ ကျော်ဟိန်းလည်း ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်သား မဟုတ်ခဲ့။ မင်းဝေအောင် လည်း ပန်းချီဆရာသား မဟုတ်ခဲ့။

ဒေါ်အောင်ဆန်းစုကြည်သည်ပင်လျှင် နိုင်ငံခေါင်းဆောင်တစ်ဦး၏ သမီးဖြစ်သော်လည်း နိုင်ငံခေါင်းဆောင်၏ သမီးဘဝနှင့် ကြီးပြင်းလာခဲ့သူ မဟုတ်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ရုန်းကန်ပညာရှာလာခဲ့သူ တစ်ဦးဖြစ်သည်။

ကျွန်တော်လည်း ဆရာဝန်ကြီးတစ်ဦး၏သား မဟုတ်ပါ။

ဆေးတက္ကသိုလ် တက်စဉ်က ဆေးတက္ကသိုလ်ဆိုတာ ဘယ်နှစ်မှာ ဘာဘာသာတွေ သင်တာပဲဆိုသည့် အခြေခံ အသိကလေးတောင် မရှိခဲ့ သူ ဖြစ်သဖြင့် သူများထက် ယောင်ချာချာ ရုန်းကန်ခဲ့ရသည်။

ယခု ယောင်ချာချာ ဖြစ်နေသည့် ဆေးကျောင်းသူ ကျောင်းသား ကလေးတွေ တွေ့လျှင် သူတို့တွေးတာ ဘယ်လို ချော်နေသည်ဆိုတာလည်း ကျွန်တော် ရိပ်မိသည်။ ပြန်လည်း တည့်ပေးတတ်သည်။

အလုပ်ဝင်ဝင်ချင်း ဗိုလ်ဘဝနှင့် ရှေ့တန်း သုံးနှစ်ထွက်ခဲ့ရသူ မဟာ ကံထူးရှင် သုံးကျိပ်ထဲမှာ ပါခဲ့သည်။ လိုက်မပြောနိုင်၍ ပါလာသူချည့်ပဲ ဆိုတာ ရိုးသားစွာ ဝန်ခံပါသည်။

ယခု အဲသည်လူတွေအားလုံး ဘာသာရပ်အသီးသီးမှ ဦးဆောင်နေ သည့် ပါမောက္ခတွေ၊ အထူးကု ဆရာဝန်ကြီးတွေ ဖြစ်နေကြသည်ဆိုတာ ကိုတော့ မယုံမရှိပါနှင့်။ ကျွန်တော် တစ်ယောက်ချင်း လက်ညှိုးထိုးပြနိုင် ပါသည်။

ထို့ထက်ပို၍ကား အဲသည့် အတွေ့အကြုံက ယခု ဝေးလံခေါင်ဖျား ဒေသတွေမှာ တာဝန်ထမ်းဆောင်ဖို့ သွားကြမည့် တပည့်တွေကို အားပေး လမ်းညွှန်မှုတွေ ပြုရသောအခါ ကြီးစွာသော အထောက်အကူ ဖြစ်ခဲ့သည်။

သူတို့ ခံစားချက်တွေကိုလည်း မရောက်ဖူးသူတွေထက် ပို၍ နားလည်ခဲ့သည်။

ဘွဲ့လွန်တက်တော့လည်း ယက်ကန်ယက်ကန်၊ ဆင်းလာတော့ လည်း ယက်ကန်ယက်ကန်။

ပညာတူ ဝါတူသူတွေထက် ငယ်သော ရာထူးနှင့်ချည့်သာ အမြဲ တာဝန်ထမ်းဆောင်ခဲ့ရတာ အသက် ၄၇ နှစ် အထိဖြစ်ပြီး သူများ မနေ ချင်သော နေရာတွေမှာ အနေများခဲ့ရတာ အသက် ၄၉ နှစ်အထိဖြစ်သည်။

အဘယ့်ကြောင့်နည်း။

ရှင်းပါသည်။

အလုပ်စဝင်ကတည်းက လူကြီးသားမှ မဟုတ်ခဲ့တာကိုး။

သူများထက် ပိုပင်ပန်း ကြမ်းတမ်းကွေ့ကောက်သော ဘဝမျိုးကို လျှောက်ခဲ့ရပေမယ့် အဲသလို လျှောက်ခဲ့ဖြစ်တာကို ကျွန်တော့်ကိုယ် ကျွန်တော် ကံကောင်းသည်ဟု မြင်ပါသည်ဟုဆိုလျှင် သက်သက် ပန်းလုပ် ၍ ပြောနေသည်ဟုများ စွပ်စွဲကြလေမည်လား မသိ။

အသက်ငါးဆယ်ကျော်မှတော့ ကျွန်တော် လူကြီးလုပ်ချင်ပါသည်။ လူကြီးလုပ်လျှင် လူကြီးသားတွေကိုချည်း အုပ်ချုပ်ရမှာ မဟုတ်ပါ။ အလွှာ စုံ၊ နေရာစုံမှာ ပြဿနာစုံနှင့် ရင်ဆိုင်နေရသည့် လူငယ်တွေကို ကူညီ လမ်းညွှန်ရမှာပါ။

အဲသလိုလုပ်နိုင်ဖို့အတွက် ကိုယ်တိုင်မှာလည်း အဲသည့် အတွေ့ အကြုံတွေ ရှိခဲ့ဖို့ လိုပါသည်။

လူကြီးသားဘဝနှင့် ဘဝကို စခဲ့လျှင် အဲဒါတွေနှင့် တွေ့ကြုံဖူးဖို့ ဝေးသွားပါလိမ့်မည်။

ပြီးတော့ လူကြီးသားမို့လို့ စောင့်ရှောက်ခံရသည်ဆိုတာကလည်း လူငယ်၊ အလွန်ဆုံး လူရွယ်ဘဝအထိသာ မှန်တတ်ပါသည်။

တကယ်လူကြီး လုပ်ခိုင်းတော့မည်ဟုဆိုပါက တာဝန်ပေးမည့်သူ ကလည်း အဲသည်လူ၏ 'လူကြီးလုပ်နိုင်စွမ်း' ကို သူဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံတွေကို ပြန်လည်သုံးသပ်၍ လေ့လာမှာ အမှန်ပါ။

ကျွန်တော်ကတော့ ကျွန်တော် ငယ်စဉ်က လူကြီးသား မဖြစ်ခဲ့ရ တာကို အားနည်းချက် (Deficiency) ဟု မမြင်တော့ပါ။

အားသာချက် (Blessing) ဟုသာ မြင်တော့ပါသည်။

ယခု ရုန်းကန်ရင်း ကြိုးစားရင်း အားငယ်နေသော လူငယ်တွေကို လည်း တစ်နေ့ သူတို့ အဲသလိုပဲ မြင်လာကြဦးမည်ဆိုတာကို ယုံကြည်ကြ စေချင်ပါသည်။

၁

## ကွေ့တွေမှာ မယိုင်စေဖို့

စာပေခရီးသွားများ အုပ်စုက 'ကွေ့' စာအုပ်အတွက် စာတစ်ပုဒ် ရေးပေးပါဟု ပြောလိုက်တော့ ခေါင်းထဲမှာပေါ်လာသည့် ကွေ့ပေါင်းက များစွာ။

အသက်က ၅၀ ကျော်ခဲ့ပြီလေ။

အထက်တန်းပညာကို တက္ကသိုလ်မှာ သင်ယူခွင့် မရလိုက်သည့် မိဘနှစ်ပါး၏ ကျွေးမွေးပြုစုမှုဖြင့် ကြီးပြင်းလာရပြီး ဆေးတက္ကသိုလ်တစ်ခု မှာ ပါမောက္ခဌာနမှူးအဆင့်အထိ ရောက်လာခဲ့သူ၊ ဆွေအရင်းမျိုးအရင်းထဲ မှာ ဆရာဝန်တစ်ယောက်မှ မရှိခဲ့သည့် ဆေးလောကနှင့် အလှမ်းဝေးသူ ဘဝနှင့်

ကြီးပြင်းလာရပြီး ဆေးပညာဆိုင်ရာ အထူးကုဘွဲ့ တော်တော် များများကို ရခဲ့သူ။ ဆွေမျိုးအသိုက်အဝန်းမှာ စာပေလောကက လူ တစ်ယောက်မှ မရှိပါဘဲနှင့် ပရိသတ်လက်ခံပြီး စာပေဆုတွေရသည့် စာရေးဆရာတစ်ဦး ဖြစ်လာသူအနေနှင့် ဘဝမှာ အချိုးအကွေ့ တော်တော် များ  ခဲ့လိမ့်မယ်ဆိုတာတော့ ခန့်မှန်းနိုင်ပါလိမ့်မည်။

လူငယ်တွေကတော့ ထင်တတ်ကြသည်။

ဆရာကြုံခဲ့သည့် 'ကွေ့' တွေက 'အတက်ကွေ့' တွေချည်းပဲဟု။

မဟုတ်ပါ။ ပြောကြကြေးဆိုလျှင် 'အဆင်းကွေ့' ကတောင် ပိုများ သည်ဟု ပြောရပါမည်။

နောက် …ထင်တတ်ကြပါသည်။

အတက်ကွေ့က ဘာမှ ပြဿနာမရှိ။ အဆင်းကွေ့တွင်သာ ပြုတ် ကျတတ်တာဟု။

တကယ်တော့ အဆင်းရော၊ အတက်ရော ကွေ့တွေမှာ ယိုင်တတ် ကြပါသည်။ အဲဒါလေး မယိုင်အောင် တောင့်ခံနိုင်ပါမှ ဘဝမှာ ကြံ့ကြံ့ ခိုင်ခိုင်တာပါ။ ပြီးတော့ အဆင်းကွေ့တွေကလည်း ဘဝအတွက် မြတ် အောင်လုပ်နိုင်ပါသည်။

အဲဒါကို သိသာဖို့ အတက်ကွေ့ကလေးတစ်ခု၊ အဆင်းကွေ့ကလေး တစ်ခု ကျွန်တော့်ဘဝထဲက ဆွဲထုတ်ပြချင်ပါသည်။

အတက်ကွေ့မှာ တွေ့ဝေခဲ့စဉ်က

၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလမှာ ကျွန်တော် ကလေးကျန်းမာပညာ မဟာသိပ္ပံဘွဲ့ရပြီး ကလေးအထူးကုဆရာဝန် ဖြစ်လာခဲ့ပါသည်။

'ဘဝနဲ့ဆန္ဒ ထပ်တူကျပါစေလို့ လူငယ်တွေ အော်တိုရေးတတ်ကြ တယ်၊ အဲဒါက သိပ်ရယ်စရာ ကောင်းတာပဲ၊ ဘဝဆိုတာလည်း ခုန်ဆွ ခုန်ဆွ ဆန္ဒဆိုတာကလည်း ခုန်ဆွ ခုန်ဆွ၊ ငြိမ်ငြိမ်နေတဲ့ အရာနှစ်ခုမှသာ လျှင် ထပ်တူကျလို့ ရတော့မပေါ့၊ ဘဝနဲ့ ဆန္ဒ ထပ်တူကျဖို့ လိုက်ကြိုးစား နေတဲ့ ဘဝက ဘယ်လိုလုပ် အောင်မြင်နိုင်မှာတဲ့လဲ၊'

John Maxwell ကို မဖတ်ဖူးခင်ကတည်းက သူနှင့် ကျွန်တော် သဘောထား တိုက်ဆိုင်နေခဲ့သည်။

လိုချင်တာကို ရတာကိုလည်း ဘဝအောင်မြင်မှုဟု မခေါ်ချင်ပါတဲ့။ လိုချင်တာကို တောင့်တတာက ရလာလျှင်လည်း နောက်တစ်ခု ထပ်လို ချင်စမြဲပါ။ ပြီးသွားသည်ရယ်လို့ မရှိတော့ အောင်မြင်ပြီထင်လိုက်၊ မအောင်မြင်သေးပြန် ဖြစ်လိုက်ပါတဲ့။ ကျွန်တော် ရေးခဲ့ဖူးသည့် 'အောင် မြင်မှုပန်းတိုင်နှင့် မရှိလို့မဖြစ်' ဝတ္ထုကိုပင် သတိရသေးတော့၊ အဲသည်မှာ လည်း ကျွန်တော်က အောင်မြင်မှုဆိုတာ တစ်ခုရလိုက်၊ ရင်ဆိုင်စရာ နောက်တစ်ခုပေါ်လာလိုက်မို့ အောင်မြင်မှုပန်းတိုင်ဟု မခေါ်ဘဲ ဘတ်စ် ကားမှတ်တိုင်တွေနှင့် နှိုင်း၍ အောင်မြင်မှုမှတ်တိုင်ဟု ခေါ်သင့်ကြောင်း ရေးခဲ့ဖူးပါသည်။

ပါဝါခေါ် ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုလည်း မခေါ်ပါတဲ့။ ပါဝါဆိုတာ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးပါတဲ့။ ဟုတ်ပ။ ဗိုလ်ချုပ်အောင် ဆန်းကို အင်္ဂလိပ် အစိုးရက အစိုးရအဖွဲ့ခေါင်းဆောင် ရာထူးပေးတော့ ဗိုလ်ချုပ်က လွတ်လပ်ရေးရအောင် တောင်းယူသွားသည်။ ကောင်းကျိုး ကို မြန်မာပြည်သူတို့ ခံစားခဲ့ရသည်။ ဟစ်တလာ ပါဝါရှိစဉ်က ဂျူးလူမျိုး ခြောက်သန်းကို အကြောင်းမဲ့ သတ်ပစ်ခဲ့သည်။ ဆိုးကျိုးကို တစ်ကမ္ဘာလုံး

ခံစားလိုက်ရသည်။ အောင်မြင်မှုကို ဒါနှင့် တိုင်းတာ၍ မဖြစ်ပြန်။ ဟစ်တလာကို အောင်မြင်သူဟု ကျွန်တော်တို့ လက်မခံနိုင်ပါ။

သည်အထိက သူရေးတာတွေကို ကျွန်တော် သိပ်အထူးအဆန်း မဖြစ်မိ။ ကိုယ်ပြောဖူးတာတွေနှင့် တူတူနေသည်။ ဆန်းသစ်တာကလေးက နောက်ဆုံး တစ်ချက်ကျမှ သွားတွေ့သည်။

ရည်မှန်းချက်ပန်းတိုင် တစ်ခုခုကို ဆုပ်ကိုင်နိုင်တာကိုလည်း အောင်မြင်မှုဟု မခေါ်ပါတဲ့။ သူက ရည်မှန်းချက်ရောဂါ (Destination Disease) ဟုပင် နာမည်ပေးလိုက်သေးသည်။

အဲသည့်နေရာ အရောက်မှာ ကျွန်တော် နည်းနည်း မျက်လုံးပြူး သွားသည်။ အဲဒါကျတော့ ကျွန်တော်က ဟုတ်သလိုလို ထင်နေတာကိုး။ သူကလည်း အချိန်တော်တော်ကြာအောင် အဲ့သလိုပဲ ထင်ခဲ့တာပါတဲ့။ ကိုယ်ချသည့် ရည်မှန်းချက်ပန်းတိုင်က ချသင့်ချထိုက်တာမျိုးဖြစ်လျှင် အဲသည် ပန်းတိုင်နှင့် အောင်မြင်မှုကို အချိုးချ၍ ရသည်ဟု ယုံကြည်ခဲ့ တာပါတဲ့။ ဘဝအတွေ့အကြုံ တော်တော်ရင့်ကျက်လာသောအခါတွင်မှ အောင်မြင်မှုဆိုတာ ရည်မှန်းချက်ပန်းတိုင်တွေကို စာရွက်ပေါ်မှာ ချရေးပြီး တစ်ခုပြီး တစ်ခု အမှန်ခြစ်ပေးရသည့် ကိစ္စမျိုး မဟုတ်မှန်း ရိပ်မိလာတာ ပါတဲ့။ အောင်မြင်မှုဆိုတာ ပန်းတိုင် မဖြစ်သင့်ပါတဲ့။ နေနေသောဘဝ၊ သွားနေသော ခရီးတစ်ခုလုံး ဖြစ်ရမှာပါတဲ့။

အောင်မြင်တာတွေ ခဏခဏ ကြုံနေရတာကို အောင်မြင်တာဟု မသတ်မှတ်ချင်၊ အောင်မြင်နေသော ဘဝခရီးလမ်းမှာ လျှောက်နေချင် သည်။ ရေးတေးတေးတော့ သဘောကျနေမိသည်။ ရှင်းရှင်း နားမလည် သေး။ ဒါနှင့်ပဲ သူ ပြဋ္ဌာန်းသည့် အောင်မြင်မှု အဓိပ္ပာယ်ကို ကမန်းကတန်း ရှေ့သို့ တိုးဖတ်ကြည့်မိသည်။

Success is
Knowing Your Purpose in Life
Growing to reach you maximum potential, and
Sowing seeds that benefit others.

အောင်မြင်မှုဆိုတာ …
ဘဝဦးတည်ရာ ပီပီပြင်ပြင် ရှိစေဖို့
မိမိစွမ်းရည်ကို တတ်နိုင်သမျှ အမြင့်မားဆုံးဖြစ်အောင် ပျိုးထောင်
ဖို့နဲ့ အဲသည်စွမ်းရည်ဖြင့် အများအတွက် အကျိုးရှိသည့်ကိစ္စတွေ
ဆောင်ရွက်ဖို့ ဖြစ်သည်တဲ့။

တစ်ခါတည်း ကြိုက်သွားသည်။

ကျွန်တော် ဝတ္ထုတွေ၊ ဆောင်းပါးတွေ အများကြီးနှင့် ရေးခဲ့သည့် 'အောင်မြင်မှု' ၏ အဓိပ္ပာယ်ကို သူက စာကြောင်းကလေး သုံးကြောင်းနှင့် ဖော်သွားသည်။

ကျွန်တော် ရေးခဲ့သည့် 'ကြိုးကြာတောင်ပံခတ်သံ' ထဲက ချင်း တောင် လတ်ငြိမ်းဆိုတာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းလှိုင်(နာဂ သိန်းလှိုင်) ကို မမြင်ဖူးပါဘဲနှင့် အဝေးကနေ ကြည်ညိုလေးစားစိတ်နှင့် ကျွန်တော် ရေးခဲ့တာပါ။ ဝေဖန်ရေးသမား တချို့က 'ဒီလို ဆရာဝန်မျိုး အပြင်မှာ မရှိနိုင်ဘူး' ဟု ရေးခဲ့ကြသော်လည်း တကယ်တော့ ချင်းတောင် လတ်ငြိမ်း၏ စွန့်လွှတ်စွန့်စားမှုတွေက နာဂသိန်းလှိုင်၏ ဆယ်ပုံတစ်ပုံပင် မမီတာကို ဆရာကြီးကို သိသူအားလုံး သိကြပါသည်။ ဆရာကြီးကို အဲသည်စာအုပ် အမျိုးသားစာပေဆုရတော့မှ ပြင်ဦးလွင်မှာ ကျွန်တော် သွားတွေ့မိတ်ဆက်ပြီး ထိုင်ကန်တော့ခဲ့တာပါ။

အဲသည်နေ့က ကင်မရာ ပါသွားသဖြင့် ပြင်ဦးလွင်က သူငယ်ချင်း သမားတော်ကြီး အောင်စန်းဦးက လက်ကိုင်ဖုန်းနှင့် ရိုက်ပေးခဲ့သော ကျွန်တော်နှင့် ဆရာကြီး တွဲလျက်ပုံကို ကျွန်တော် မန္တလေး ဆေးတက္ကသိုလ် ဟောပြောပွဲတုန်းက ပြပါသည်။

'ဆရာကြီးဟာ သူ့ဘဝရဲ့ ဦးတည်ရာဟာ ဝေးလံခေါင်ဖျားဒေသတွေ မှာ ဆရာဝန်ကို မမြင်ဖူးဘဲနဲ့ ရောဂါဝေဒနာတွေ ခံစားနေရတဲ့ တိုင်းရင်း သားတွေဆီကို သွားပြီး ခွဲစိတ်သင့်တာခွဲစိတ်၊ ကုသသင့်တာ ကုသ တတ်နိုင်သလောက် ကူညီဖို့ဆိုတာ သူငယ်စဉ်ကတည်းက သူ ပြတ်ပြတ်သားသား သိခဲ့ပါတယ်၊ သူ့စွမ်းဆောင်ရည်ကို သူ အမြင့်ဆုံးရောက်အောင် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်အထူးကု ဆရာဝန်ကြီးတွေနဲ့အတူ လက် ထောက်ဆရာဝန်အဖြစ် ဆောင်ရွက်နဲ့ ကြိုးကြိုးစားစား လေ့လာခဲ့ပါတယ်၊ ပြီးတော့ သူ့ရဲ့ ခွဲစိတ်ပညာနဲ့ နာဂတောင်တန်းပေါ်က လည်ပင်းကြီးရောဂါ သည်တွေကို နေ့မနား ညမနား ခွဲစိတ်ပေးခဲ့ရာက စေတနာ ဆရာဝန် တစ်ဦးအနေနဲ့ရော၊ Ambulatory Surgery လို့ခေါ်တဲ့ နေရာမရွေး ခွဲစိတ် ပေးမှုမှာရော မြန်မာကသာမက ကမ္ဘာကပါသိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာခဲ့ပါတယ်၊ ဆရာကြီးရဲ့ ဘဝကိုမှ အောင်မြင်တဲ့ ဘဝလို့ မခေါ်ရင် ဘယ်ဘဝကို ခေါ်ရမှာတဲ့လဲ'

အဲသည်နောက် ကျွန်တော်က ဆရာတော် အရှင်ဆန္ဒာဓိက မကွေး ကို ကြွလာကတည်းက မကွေးကရဏာရှင်များအသင်း ဆေးခန်းမှာ စာရေး ဆရာ ဒေါက်တာရဲနှင့် တွေ့ချင်သည်ဟု ဆရာတော်မိန့်သဖြင့် ဝမ်းသာ အားရ ကျွန်တော် သွားဖူးတွေ့နေစဉ် ရိုက်သောဓာတ်ပုံကို ထပ်ပြသည်။

'အဲသည်အောင်မြင်တဲ့ ဘဝကိုပဲ ပါရမီလည်း ရှိမယ်၊ ကြိုးစားစိတ် လည်း ရှိမယ်ဆိုရင် ထပ်ပြီး တစ်ဆင့်တင်လို့ ရပါသေးတယ်၊ ဆရာတော်

အရှင်ဆန္ဒမိကဟာ ကျွန်တော့်ထက် အသက်အနည်းငယ်ပဲ ငယ်ပါတယ်၊ အဲသည်ခေတ် ရေနံချောင်း အ.ထ.က ကနေ မြန်မာတစ်ပြည်လုံး ဒုတိယ နဲ့ (၁၀) တန်းအောင်မြင်ခဲ့တယ်၊ ဒါပေမဲ့ ဆရာတော်ဟာ သူ့ဘဝ ဦးတည် ရာဟာ ဘာလဲဆိုတာ သူ (၁၆) နှစ်သားကတည်းက ပြတ်ပြတ်သားသား သိခဲ့လို့ ဘဝမှာ အောင်မြင်ဖို့ကိုသာမက သံသရာကို အောင်မြင်နိုင်ရေး အတွက် ကိုယ့်ကိုယ်ကိုယ်လည်း လုပ်၊ သူများတွေကိုလည်း ကူညီ လမ်းပြ ပေးနေတာ မြင်ရတဲ့အတိုင်းပါပဲ"

အဲသည်နေ့က ဟောပြောပွဲကလေး တော်တော် အောင်မြင်ပါ သည်။ အင်တာနက်မှာတောင် ကျွန်တော့် စကားလုံးတွေကို ဆေးကျောင်း သူ၊ ကျောင်းသားတွေက တင်ကြသည်။

အဓိက စကားလုံးကလေး သုံးလုံးပါ။

knowing
growing and
sowing ... တဲ့။

ဘဝဦးတည်ရာ

စာပေခရီးသွားများ အဖွဲ့က ရေးခိုင်းတာ "ရောက်တဲ့နေရာမှာ ရပ်နေမှာလား" ဆိုတော့ John Maxwell ၏ Success နံပါတ်တစ်လေ။

knowing your purpose in life.

ဘဝမှာ ဦးတည်ရာ ပီပြင်စေဖို့ ဖြစ်သည်။

လူတိုင်း လူတိုင်း၏ ဘဝမှာ ဦးတည်ရာ ရှိပြီးသားပါတဲ့။ အဲဒီလို သိအောင်လုပ်ဖို့ လူတိုင်းမှာ တာဝန်ရှိပါသည်။ သိအောင်လုပ်ရတာလည်း ဘဝ၏ ပျော်စရာ ဖြစ်ပါသည်တဲ့။

ကျွန်တော်တို့၏ နှလုံးသား ဟိုးအတွင်းထဲ တစ်နေရာမှာ ကိုယ့်ဘဝ မှာ ကိုယ်ဘာတွေ စဉ်ဆက်မပြတ် လုပ်သွားချင်သည်ဆိုသည့် ဆန္ဒတွေက တဖွားဖွား ရှိနေတတ်စမြဲ။ အဲဒါကို တွေ့အောင် ရှာရမှာပါ။ (ကျွန်တော် ကတော့ တွေ့ပါသည်။ သည်လိုစာမျိုးတွေ ရေးနေချင်တာပေါ့။)

လူတိုင်းမှာလည်း သူများနှင့် မတူသည့် အရည်အချင်းတွေ ရှိနေ တတ်ပါသည်။ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်တွေကလည်း တစ်ယောက် နှင့်တစ်ယောက် မတူပါ။ ရရှိနိုင်သည့် အခွင့်အရေးတွေကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပါ။ ဘဝအတွေ့ကြုံတွေကလည်း တစ် ယောက်နှင့် တစ်ယောက် မတူပါ။ အဲသည် မတူသည့် အရည်အချင်းတွေ ကို စောစောက ရှာတွေ့ထားသည့် ဆန္ဒနှင့် သမမျှတစွာ ပေါင်းစပ်နိုင်လျှင် ကိုယ့်ဘဝ ဦးတည်ရာကို ကိုယ်တွေ့မှာပါ။

ကိုယ့်ကိုယ့်ကိုယ်ပဲ ဥပမာပေးပါရစေဦး။

ကျွန်တော်က ရင်ထဲ၊ အသွေးထဲ၊ အသားထဲကနေ စာရေးဆရာ ဖြစ်ချင်နေခဲ့သူတစ်ဦး ဖြစ်သည်။ သို့သော် အသက် (၄၃) နှစ်အထိ စာရေးဆရာ ပီပီပြင်ပြင် ဖြစ်မလာခဲ့ပါ။ ဆရာဝန်တစ်ဦးဘဝနှင့် ရွှေ့တန်း စစ်မျက်နှာများအထိ ပင်ပင်ပန်းပန်း တာဝန်ထမ်းဆောင်ခဲ့ရဖူးသည်။ နိုင်ငံခြားကိုလည်း ပညာတော်သင် သွားခဲ့ဖူးသည်။ လူငယ်လေးတွေကို သင်ကြားဆုံးမရသည့် ကျောင်းဆရာဘဝမှာလည်း နှစ်ပေါင်းများစွာ နေခဲ့ ရဖူးသည်။ အပူတွေ၊ ဝေဒနာတွေနှင့် လူနာတွေ၏ ဘဝကိုလည်း နေ့စဉ် ကူညီနေရသည်။ ဒါတွေကို စာရေးဆရာဖြစ်ချင်နေသည့် နှလုံးသားက ရိုးရိုးလိုက်မှတ်နေတာမဟုတ်။

စာရေးချင်သည့်စိတ်နှင့် လိုက်မှတ်နေတာ ဖြစ်သည်။ အဲသည့်အချိန်မှာ ခေတ်ကာလအချိန်အခါအရ ဆေးပညာ၊ မဂ္ဂဇင်း၊ ဂျာနယ်များ အမြောက်အမြား ပေါ်ထွက်လာသောအခါ ကလေး အထူးကု ဆရာဝန်တစ်ဦးအနေနှင့် ကလေးကျန်းမာရေး ပညာပေး ဆောင်းပါးများ ရေးပေးဖို့ တောင်းဆိုခံရတာတွေ ရှိလာသည်။ ကျွန်တော် လည်း ရေးပေးပါသည်။ သို့သော် အဲသည်အချိန်မှာ ရင်ထဲက ဘဝ ဦးတည်ရာ ရှင်းနေ ပြတ်နေပြီ။ စာရေးမည်၊ ဆေးဆောင်းပါးလောက် ရေးချင်တာတော့ မဟုတ်။ တစ်သက်လုံး တွေ့ကြုံခဲ့ရသည့် သုခ၊ ဒုက္ခ၊ အောင်နိုင်မှု၊ ကျရှုံးမှုအားလုံး အရင်းတည်၍ လူငယ်တွေအတွက် ဘဝလမ်းညွှန်ဖြစ်နိုင်မည့် စာမျိုးတွေရေးမည်။ ရေးရာမှာလည်း လူငယ်တွေ ဖတ်ချင်လာအောင် ဆွဲဆောင်နိုင်သည့် စာမျိုးဖြစ်ဖို့ ဦးတည်မည်။

ရသစာရေးဆရာပေါ့။ ဒါ ရှင်းနေပြတ်နေပြီ။

ဆေးဆောင်းပါး လာတောင်းသည့် အယ်ဒီတာတွေကို ညှိသည်။ ကနဦး အယ်ဒီတာများဖြစ်သည့် ဒေါက်တာခင်ဇော်လွင် (နရသုခိသုခ ချမ်းသာ)၊ ဆရာမောင်သွေးသစ် (Family မဂ္ဂဇင်း)တို့နှင့် ဆွေးနွေးသည်။ ဆရာခင်ဇော်လွင်ကတော့ အစကတည်းက ဒေါက်တာစိုးလွင် (မီးယပ်နှင့် သားဖွားအထူးကု ဆရာဝန်ကြီး) က ညွှန်းထားပြီးဖြစ်၍ ရသစာပေပဲ လာ တောင်းတာပါ။ ဆရာသွေးကတော့ 'ဆရာရဲ့ ရေးကြည့်လေ' ဟု အားပေး သည်။ ပြကြည့်တော့ ကြိုက်သည်ဆိုကာ ထည့်သည်။ သူတို့ထည့်သည့် စာတွေကို ဖတ်မိရာက တခြား အယ်ဒီတာများ လာတောင်းကြတာ တဖြည်းဖြည်း များလာသည်။ နောက်ပိုင်းတော့ သိပြီးသည့် အတိုင်းပါပဲ။

အဲသည် အချက်ကို အမေရိကန်သမ္မတ သီယိုရုစဗဲ့လ်က စကား လုံးတိုတိုကလေးနှင့် ပြောဖူးသည်။

'Do what you can, with what you have, where you are' တဲ့။

ကိုယ်လုပ်နိုင်တာကို ကိုယ့်မှာရှိတာနဲ့ ကိုယ်ရောက်နေတဲ့ အခြေ အနေကနေ အကောင်အထည် ဖော်ပါပေါ့။

John Maxwell ကတော့ သည့်ထက်တိုအောင် ထပ်ချုံ့သည်။

'Believe in your potential'

ကိုယ့်အရည်အချင်းကို ကိုယ်ယုံပါပေါ့။

ဘဝမှာ ကိုယ့်ဦးတည်ရာကို ကိုယ် ကွင်းကွင်းကွက်ကွက် သိထား၊ မြင်ထားသူတစ်ဦးကို အဲဒါကို အကောင်အထည်ဖော်နိုင်ဖို့ ဘယ်အရာမှ မဟန့်တားနိုင်ပါ။

ဘယ်တော့ စအကောင်အထည်ဖော်မလဲဆိုသည့် မေးခွန်းသာ ကျန်ပါတော့သည်။

အဲဒီအတွက် အဖြေကလည်း စကားလုံးကလေး နှစ်လုံး …

'အခု' …တဲ့။

၀

## လူကြီးသား မဖြစ်ခဲ့ပေလို့

လူငယ်စာရေးဆရာဟု ကိုယ့်ကိုယ်ကိုယ် မခံယူဘဲ စာစုံရေးသည့် စာရေးဆရာဟု ခံယူသော်လည်း လူငယ်တွေဖတ်ဖို့ ရေးသည့် စာတွေဟာ ပိုပွဲတောင်းခံရသလို ဖြစ်နေသည်။

'စာပေခရီးသွားများ'က ထုတ်သည့် 'လူငယ်စာစဉ်' တွေမှာ ရှေ့ပိုင်း က ရေးပေးဖြစ်ခဲ့သည့် ဆောင်းပါးများကိုလည်း အပြုသဘော တုံ့ပြန် သံတွေ တော်တော် ကြားခဲ့ရသည်။

သည်တစ်ပတ်တော့ ကိုယ့်အားကိုယ်ကိုး စိတ်ကလေးအကြောင်း ရေးပါတဲ့။ ကိုယ့်အားချည်း ကိုယ်ကိုးခဲ့ရတာ နှစ်ငါးဆယ်ရှိပြီဆိုတော့ ဒါတော့ ရေးနိုင်မည်ထင်သည်။

ပထမ လူငယ်ဆိုသည့်အရွယ် ဘာကြောင့် အရေးကြီးရသလဲဆိုတာ ကလေးကို နည်းနည်းဆွေးနွေးကြည့်ကြပါဦးစို့။

လူငယ်ဆိုတာ

လူငယ်ဆိုတာ အရှင်းဆုံးပြောရလျှင်တော့ ကလေးဘဝမှာလည်း ကျော်လွန်ပြီး လူကြီးလည်း မဖြစ်သေးသူကို ခေါ်တာပါ။

လူကြီးလုပ်နိုင်ဖို့အတွက် လူကိုလည်း ပြင်ဆင်ရသည်။ စိတ်ကို လည်း ပြင်ဆင်ရသည်။

မှန်ပါသည်။

စိတ်ကို ပြင်ဆင်ရတာ အခက်ခဲဆုံးပါပဲ။

အဲသည်အချိန်မှာ စိတ်ကိုပြင်ဆင်တာ စနစ်တကျမှန်ကန်လျှင် မှန်ကန်သလောက် လူကြီးဖြစ်လာသောအခါ အဖိုးတန်လူတွေ ဖြစ်လာ ကြမှာပါ။

နတ်မောက်မြို့မှ ရန်ကုန်မှာ တက္ကသိုလ်လာတက်သော ကျောင်း သားကလေး ကိုအောင်ဆန်း၊ လူငယ်ဘဝမှာ စိတ်ကို ဘယ်လို ပြင်ဆင် လိုက်သည်ဆိုတာကို သတိရကြစေချင်သည်။

ထိုထက်ပို၍ကား ခုနစ်ဆောင်ပြာသာဒ်မှာ မောင်းမမိဿံတွေနှင့် စံမြန်းနေသော အိမ်ရှေ့မင်းသားသိဒ္ဓတ္ထ စိတ်ကို ဘယ်လိုပြင်ဆင်လိုက်သည်ဆိုတာက ပို၍ ကြက်သီးမွေးညင်းထဖို့ ကောင်းလှသည်။

ဒါတွေမြင့်လွန်းသည် …ထား။

ကျွန်တော် ရေးခဲ့ဖူးသည့် 'ကြိုးကြာတောင်ပံခတ်သံ' ဝတ္ထုထဲက မစိတ်မွှန်ပြီး အတ္တကြီးနေသော ဆေးကျောင်းသားကလေး လတ်ငြိမ်း စိတ် ကို ဘယ်လိုပြင်ဆင်လိုက်သည်ဆိုတာ ဖတ်ဖူးသူတွေ သတိထားမိကြမည် ထင်သည်။

ဆိုလိုတာက လူငယ်တိုင်း စိတ်ကို အကောင်းဘက်ရောက်အောင် ပြင်ဖို့ အစွမ်းသတ္တိရှိပြီးသားဆိုတာကိုပါ။

အခက်ဆုံးက ကိုယ့်စိတ်ကိုယ် ကောင်းမှုဘက်ကို ဦးတည်အောင် ပြင်ဆင်ရတာမဟုတ်။

စာပေဗဟုသုတ ဖတ်ရှုလေ့လာတာနှာသော လူငယ်တိုင်း ဒါကို လုပ်နိုင်သည်။

ခက်တာက ပတ်ဝန်းကျင်မှ ဖြစ်နေသည့် မဖြစ်သင့်တာတွေကို မပြုပြင်နိုင်လျှင် လျစ်လျူရှုတတ်ဖို့ပါ။

ယခုပဲ တပည့်ဟောင်းတစ်ယောက်ဆီက စာတစ်စောင်ရ၍ ဖတ် နေတာပါ။ အလုပ်သင် ဆရာဝန်ဘဝ အလုပ်ခွင်ထဲ ဝင်ခါစမှာ အလုပ်က များ၊ ကိုယ်စွမ်းဆောင်နိုင်တာက နည်းသေး၍ လေ့လာရ၊ အတုယူရမှာတွေ များလွန်းနေသည့် အချိန်မှာ သူက အဲဒါတွေထက် သူ့ထက် အနည်းငယ် ပိုကြီးသော ဆရာဝန်တချို့၏ သူ့အပေါ် ဆက်ဆံရေးကို အစာမကြေ သည့် ခံစားချက်က များနေ၍ ကျွန်တော့်ဆီ စာရေးတိုင်တည်တာပါ။

## Right and Responsibility

ကိုယ်ဆုံးမရမည်ဟု ယုံကြည်ထားသော ကိုယ်ထက်ငယ်သူတိုင်းကို သည်စကားနှစ်ခွန်းနှင့် ကျွန်တော် ဆုံးမလေ့ ရှိပါသည်။

Right ဆိုတာက ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့် ဆိုပါစို့။ Responsibility က လုပ်ဖို့၊ ပြောဖို့ တာဝန်ရှိနေခြင်းဟု ဆိုလိုသည်။

စောစောက လူငယ်မှာ သူ့အထက် အကြီးဆရာဝန် တကယ်ပဲ မှားနေဦးတော့ … (ဒါလည်း သိပ်မသေချာ။ ကိုယ့်အတွေ့အကြုံက နည်းနေသေးလျှင် အမှန်ကို အမှားထင်တာမျိုးလည်း ဖြစ်တတ်သလို သေးသော အမှားကိုး ကြီးသည်ဟု ထင်တာမျိုးလည်း ဖြစ်တတ်သည်။)

သည်အမှားကို ပြုပြင်တည့်မတ်ပေးဖို့ သူ့မှာ Right လည်း မရှိ၊ Responsibility လည်း မရှိပါ။

ဒါဆို ဒီအတိုင်း ကြည့်နေရမှာလားဟု မေးစရာ ရှိသည်။

ကျွန်တော် လူငယ်ဘဝက ကျွန်တော့်ထက် လေးနှစ်ပဲ ကြီးသည့် အစ်ကိုဆရာ ဆုံးမဖူးတာကလေး ပြန်ဖောက်သည် ချပါရစေ။

‘တာဝန်ခံ အဆင့်ရှိတဲ့ လူတစ်ယောက် လုပ်ပုံကိုင်ပုံကလေးတွေ ကို သူ့အောက်မှာ လုပ်ရင်းက ကြိုက်ရင် မင်း မှတ်ထား၊ မင်း အဲဒီအဆင့် ရောက်တော့ အတုယူလို့ ရတယ်၊ အေး …အဲဒီလိုပဲ၊ မကြိုက်တာ တွေ့ရင်လည်း မှတ်ထား၊ ဒါမှ ကိုယ့်အလှည့်ကျရင် ရှောင်လို့ရမှာ၊ သွားသွားတော့ ရန်ဖြစ်မနေနဲ့၊ ကိုယ် သူ့နေရာမှာဆိုရင် ကိုယ့်ထက် အငယ်က အဲသလို လာပြောနေရင် ကြိုက်မလားဆိုတာ ကိုယ်ချင်းစာကြည့်’

အဲသည့်စကားကို လေးစားစွာ နာယူခဲ့သဖြင့် ကျွန်တော့်ဘဝမှာ မရောက်နိုင်တော့ဘူးဟု ထင်ထားမိခဲ့သည့်အဆင့်တွေကို သူများထက် ငယ်ရွယ်သောအရွယ်မှာ ကျွန်တော် ရောက်ခဲ့ပါသည်။

အစ်ကိုဆရာလည်း ဘယ်သူမှ ကြိုတွေးမထားမိလောက်သည့် နေရာအထိ ရောက်ပြီး အများကောင်းကျိုးတွေ အများကြီး ဆောင်ရွက် နိုင်ခဲ့ပါသည်။

သည်တော့ လူငယ်တွေ စိတ်ဓာတ်ကို လူကြီးဆန်ဖို့အတွက် ပြင် ဆင်ရာမှာ အခက်အခဲဆုံး အလုပ်ကတော့ ကိုယ့်စိတ်ထဲမှာ မမှန်ဘူး၊ မတရားဘူးဟု ထင်သောအရာကို ပြုပြင်နိုင်သော Right နှင့် Responsibility ရှိလျှင် ပြုပြင်၊ မရှိလျှင် လျစ်လျူရှုတတ်ဖို့ဆိုတာ သိသာလောက် ပြီ ထင်သည်။

တကယ်တမ်းကျတော့ လျစ်လျူကို မရှုနိုင်ကြပါ။

'သူက လူကြီးသားဆိုတော့ နေရာကောင်းကနေ ဘယ်မှ မပြောင်း ရဘူးပေါ့'

သည်အပြောမျိုးတွေကတော့ နေ့စဉ်နှင့်အမျှ အပြောဖြစ်ဆုံး။ ကိုယ်တွေလည်း ငယ်ငယ်က ပြောဖြစ်ခဲ့ကြသည်။

ယခု အရွယ်ရောက်လာတော့ အဲသလို ထိုင်ညည်းတွားနေခဲ့တာ ဘယ်လောက်အဓိပ္ပာယ် မရှိကြောင်း သိလာသည်။ အဲသည် သိလာသော အသိကို လူငယ်တွေကို ပြန်ပြောပြချင်သည်။ လက်ခံဖို့ကျတော့ ခက်နေဦး မည်လားမသိ။

စဉ်းစားစရာက နှစ်ချက်။

တစ်ချက်က မိဘက အရေးပါ အရာရောက်သူဖြစ်လျှင် သားသမီး က ဦးစားပေးမခံရတာ ဘယ်နိုင်ငံ ဘယ်စနစ်မှာများ ကင်းခဲ့ဖူးပါသနည်း ဆိုတာပါ။

ကျွန်တော် လေ့လာမိသလောက်တော့ ကွန်မြူနစ် စနစ်ရော၊ ဆိုရှယ်လစ် စနစ်ရော ဖက်ဆစ်စနစ်ရော အရင်းရှင်စနစ်ရော ဒီမိုကရေစီ စနစ်ရော ဘယ်စနစ်မှာမှ လူကြီးသားတွေ ဦးစားပေး မခံရခဲ့တာ မရှိပါ။

ဘုရားဟောကလေး နှစ်ခု သတိရစေချင်ပါသည်။

အချို့ကား အဆင်းလှ၏။ အချို့ကား အဆင်းမလှ။ အချို့ကား ခွန်အားကြီးမား၏။ အချို့ကား ခွန်အားမကြီးမား …အစရှိသော မေး ခွန်းကို ဖြေတော်မူခဲ့တာလေ။ အတိတ်ကံသာလျှင် စီမံဆုံးဖြတ်ခဲ့၍ ဖြစ် သည်ဆိုတာ။

နောက်တစ်ခုကတော့ ဗြဟ္မစိုရ်တရား လေးပါးမှာ မေတ္တာ၊ ကရု ဏာ၊ မုဒိတာနှင့် တွဲဖက်၍ ဥပေက္ခာကိုပါ ထည့်ဟောသွားတာပါ။

ကျွန်တော်တို့ လူမျိုးက ကရုဏာအား ကောင်းသလောက် မုဒိတာ နှင့် ဥပေက္ခာ အားနည်းတာ အားလုံးအသိပါ။

ဒုတိယအချက်ကတော့ လူကြီးဆိုတာကရော ဘာကို ခေါ်ပါ သနည်းဆိုတာကိုပါ။

## လူကြီးဆိုတာ

ငယ်စဉ် အလုပ်ဝင်ခါစက ‘ခင်ဗျားရော လူကြီးသားပဲလား’ ဟု ဖြောင် အမေးခံရဖူးသည်။

သူများတွေထဲက တချို့ သင်ကြားရေး ဆေးရုံကြီးတွေ ရောက်သွား ချိန်မှာ ယူနီဖောင်းဝတ်၊ ပခုံးတစ်ဖက်စီမှာ ကြယ်အမည်း နှစ်ပွင့်စီတပ်။ ဆေးအိတ်စလွယ်သိုင်း။ ခါးမှာ သေနတ်ချိတ်ပြီး ရှေ့တန်းရောက်လာသူ ကို မေးတာဆိုတော့၊ မေးမှမေးတတ်ပလေဟု ဖြေရန်သာ ရှိသည်။

လောကခံကို ဟာသဖွဲ့ တတ်ဖို့ပညာကတော့ အလုပ်သင်ဆရာဝန် ဘဝကတည်းက အစ်ကိုဆရာက သင်ပေးလိုက်ပြီးပြီမို့ ကျွန်တော် ခပ်တည် တည် ပြန်ဖြေသည်။

‘ဟုတ်တယ်၊ ကျွန်တော်လည်း လူကြီးသားပဲ’

‘ဟာ …ခင်ဗျား ပြောပြထားဖို့ ကောင်းတာပေါ့၊ ခင်ဗျားအဖေက ဘာလူကြီးလဲ’

'ကျွန်တော့်အဖေက အသက် ၆၀ ကျော်ပြီ၊ အသက် ၆၀ ကျော် တာကိုမှ လူကြီးမခေါ်ရင် ဘာကိုခေါ်မှာလဲ'

'ဟာဗျာ၊ ခင်ဗျား တော်တော် နောက်တဲ့လူ'

မျက်နှာသာ အပေးမခံရသည့် အတူတူ ဟာသလုပ်ရတာ အမြတ် ပဲဟု သဘောထား၍ ပြောထည့်လိုက်တာပါ။

တကယ်တမ်း ကိုယ်လည်း လူကြီးဟု သမုတ်ခံရသည့် ယခု အရွယ် ကို ရောက်လာတော့ သဘောပေါက်လာတာက လူကြီးဆိုတာ ရာထူးပိုကြီး သူနှင့် ချွတ်စွတ် အဓိပ္ပာယ်မတူပါ။ ခေါင်းဆောင်နေသူ၊ ခေါင်းဆောင်မှု ပေးနိုင်သူဟု ဆိုလိုပါသည်။

ဘယ်သူတွေကို ခေါင်းဆောင်ရမှာလဲဟုဆိုလျှင် သေချာတာက တော့ လူအမျိုးစုံကို ခေါင်းဆောင်ရပါမည်။ အခက်အခဲမျိုးစုံ၏ တိုင်တည် ရာ ဖြစ်ရပါမည်။ ပြဿနာမျိုးစုံနှင့် ပတ်သက်၍ ကိုယ်တိုင်ခံစားထိတွေ့ ခဲ့ဖူးသူ ဖြစ်ရပါမည်။

မြန်မာစကားပုံ အလွယ်သုံးရလျှင်တော့ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ ဖူးရမည်။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးရမည်ပေါ့။

ဥပမာ - ရန်ကုန်၊ မန္တလေးကလွဲ၍ ဘယ်ကိုမှ မရောက်ဖူးဘဲ ရာထူးတက်လာခဲ့သူတစ်ယောက်က နယ်မြို့တွေမှာ တာဝန်ချထားသည့် လက်အောက်ငယ်သားတွေ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲတွေနှင့် ရန် ကုန်၊ မန္တလေးက ငယ်သားတွေ၏ ညည်းတွားသံတွေကြားမှာ ဘယ်လိုလုပ် အလိုက်သင့် ချိန်ညှိတတ်ပါမည်တဲ့လဲ။

အဲဒါကလေး တစ်ချက်ကို စဉ်းစားလိုက်လျှင်ပဲ ကိုယ် လူငယ်ဘဝ မှာ လူကြီးသား မဟုတ်ခဲ့တာ သိပ်တော့ ဝမ်းနည်းစရာ မရှိဘူးဆိုတာ ရိပ်မိလောက်ပြီထင်သည်။

လူကြီးသား မဖြစ်ခဲ့ပေလို့
နိုင်ငံတော် သမ္မတကြီးလည်း သမ္မတကြီးတစ်ဦး၏သား မဟုတ်ခဲ့။
ကျော်ဟိန်းလည်း ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်သား မဟုတ်ခဲ့။ မင်းဝေအောင် လည်း ပန်းချီဆရာသား မဟုတ်ခဲ့။

ဒေါ်အောင်ဆန်းစုကြည်သည်ပင်လျှင် နိုင်ငံခေါင်းဆောင်တစ်ဦး၏ သမီးဖြစ်သော်လည်း နိုင်ငံခေါင်းဆောင်၏ သမီးဘဝနှင့် ကြီးပြင်းလာခဲ့သူ မဟုတ်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ရုန်းကန်ပညာရှာလာခဲ့သူ တစ်ဦးဖြစ်သည်။

ကျွန်တော်လည်း ဆရာဝန်ကြီးတစ်ဦး၏သား မဟုတ်ပါ။

ဆေးတက္ကသိုလ် တက်စဉ်က ဆေးတက္ကသိုလ်ဆိုတာ ဘယ်နှစ်မှာ ဘာဘာသာတွေ သင်တာပဲဆိုသည့် အခြေခံ အသိကလေးတောင် မရှိခဲ့ သူ ဖြစ်သဖြင့် သူများထက် ယောင်ချာချာ ရုန်းကန်ခဲ့ရသည်။

ယခု ယောင်ချာချာ ဖြစ်နေသည့် ဆေးကျောင်းသူ ကျောင်းသား ကလေးတွေ တွေ့လျှင် သူတို့တွေးတာ ဘယ်လို ချော်နေသည်ဆိုတာလည်း ကျွန်တော် ရိပ်မိသည်။ ပြန်လည်း တည့်ပေးတတ်သည်။

အလုပ်ဝင်ဝင်ချင်း ဗိုလ်ဘဝနှင့် ရှေ့တန်း သုံးနှစ်ထွက်ခဲ့ရသူ မဟာ ကံထူးရှင် သုံးကျိပ်ထဲမှာ ပါခဲ့သည်။ လိုက်မပြောနိုင်၍ ပါလာသူချည့်ပဲ ဆိုတာ ရိုးသားစွာ ဝန်ခံပါသည်။

ယခု အဲသည်လူတွေအားလုံး ဘာသာရပ်အသီးသီးမှ ဦးဆောင်နေ သည့် ပါမောက္ခတွေ၊ အထူးကု ဆရာဝန်ကြီးတွေ ဖြစ်နေကြသည်ဆိုတာ ကိုတော့ မယုံမရှိပါနှင့်။ ကျွန်တော် တစ်ယောက်ချင်း လက်ညှိုးထိုးပြနိုင် ပါသည်။

ထို့ထက်ပို၍ကား အဲသည့် အတွေ့အကြုံက ယခု ဝေးလံခေါင်ဖျား ဒေသတွေမှာ တာဝန်ထမ်းဆောင်ဖို့ သွားကြမည့် တပည့်တွေကို အားပေး လမ်းညွှန်မှုတွေ ပြုရသောအခါ ကြီးစွာသော အထောက်အကူ ဖြစ်ခဲ့သည်။

သူတို့ ခံစားချက်တွေကိုလည်း မရောက်ဖူးသူတွေထက် ပို၍ နားလည်ခဲ့သည်။

ဘွဲ့လွန်တက်တော့လည်း ယက်ကန်ယက်ကန်၊ ဆင်းလာတော့ လည်း ယက်ကန်ယက်ကန်။

ပညာတူ ဝါတူသူတွေထက် ငယ်သော ရာထူးနှင့်ချည့်သာ အမြဲ တာဝန်ထမ်းဆောင်ခဲ့ရတာ အသက် ၄၇ နှစ် အထိဖြစ်ပြီး သူများ မနေ ချင်သော နေရာတွေမှာ အနေများခဲ့ရတာ အသက် ၄၉ နှစ်အထိဖြစ်သည်။

အဘယ့်ကြောင့်နည်း။

ရှင်းပါသည်။

အလုပ်စဝင်ကတည်းက လူကြီးသားမှ မဟုတ်ခဲ့တာကိုး။

သူများထက် ပိုပင်ပန်း ကြမ်းတမ်းကွေ့ကောက်သော ဘဝမျိုးကို လျှောက်ခဲ့ရပေမယ့် အဲသလို လျှောက်ခဲ့ဖြစ်တာကို ကျွန်တော့်ကိုယ် ကျွန်တော် ကံကောင်းသည်ဟု မြင်ပါသည်ဟုဆိုလျှင် သက်သက် ပန်းလုပ် ၍ ပြောနေသည်ဟုများ စွပ်စွဲကြလေမည်လား မသိ။

အသက်ငါးဆယ်ကျော်မှတော့ ကျွန်တော် လူကြီးလုပ်ချင်ပါသည်။ လူကြီးလုပ်လျှင် လူကြီးသားတွေကိုချည်း အုပ်ချုပ်ရမှာ မဟုတ်ပါ။ အလွှာ စုံ၊ နေရာစုံမှာ ပြဿနာစုံနှင့် ရင်ဆိုင်နေရသည့် လူငယ်တွေကို ကူညီ လမ်းညွှန်ရမှာပါ။

အဲသလိုလုပ်နိုင်ဖို့အတွက် ကိုယ်တိုင်မှာလည်း အဲသည့် အတွေ့ အကြုံတွေ ရှိခဲ့ဖို့ လိုပါသည်။

လူကြီးသားဘဝနှင့် ဘဝကို စခဲ့လျှင် အဲဒါတွေနှင့် တွေ့ကြုံဖူးဖို့ ဝေးသွားပါလိမ့်မည်။

ပြီးတော့ လူကြီးသားမို့လို့ စောင့်ရှောက်ခံရသည်ဆိုတာကလည်း လူငယ်၊ အလွန်ဆုံး လူရွယ်ဘဝအထိသာ မှန်တတ်ပါသည်။

တကယ်လူကြီး လုပ်ခိုင်းတော့မည်ဟုဆိုပါက တာဝန်ပေးမည့်သူ ကလည်း အဲသည်လူ၏ 'လူကြီးလုပ်နိုင်စွမ်း' ကို သူဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံတွေကို ပြန်လည်သုံးသပ်၍ လေ့လာမှာ အမှန်ပါ။

ကျွန်တော်ကတော့ ကျွန်တော် ငယ်စဉ်က လူကြီးသား မဖြစ်ခဲ့ရ တာကို အားနည်းချက် (Deficiency) ဟု မမြင်တော့ပါ။

အားသာချက် (Blessing) ဟုသာ မြင်တော့ပါသည်။

ယခု ရုန်းကန်ရင်း ကြိုးစားရင်း အားငယ်နေသော လူငယ်တွေကို လည်း တစ်နေ့ သူတို့ အဲသလိုပဲ မြင်လာကြဦးမည်ဆိုတာကို ယုံကြည်ကြ စေချင်ပါသည်။

၁

## ကွေ့တွေမှာ မယိုင်စေဖို့

စာပေခရီးသွားများ အုပ်စုက 'ကွေ့' စာအုပ်အတွက် စာတစ်ပုဒ် ရေးပေးပါဟု ပြောလိုက်တော့ ခေါင်းထဲမှာပေါ်လာသည့် ကွေ့ပေါင်းက များစွာ။

အသက်က ၅၀ ကျော်ခဲ့ပြီလေ။

အထက်တန်းပညာကို တက္ကသိုလ်မှာ သင်ယူခွင့် မရလိုက်သည့် မိဘနှစ်ပါး၏ ကျွေးမွေးပြုစုမှုဖြင့် ကြီးပြင်းလာရပြီး ဆေးတက္ကသိုလ်တစ်ခု မှာ ပါမောက္ခဌာနမှူးအဆင့်အထိ ရောက်လာခဲ့သူ၊ ဆွေအရင်းမျိုးအရင်းထဲ မှာ ဆရာဝန်တစ်ယောက်မှ မရှိခဲ့သည့် ဆေးလောကနှင့် အလှမ်းဝေးသူ ဘဝနှင့်

ကြီးပြင်းလာရပြီး ဆေးပညာဆိုင်ရာ အထူးကုဘွဲ့ တော်တော် များများကို ရခဲ့သူ။ ဆွေမျိုးအသိုက်အဝန်းမှာ စာပေလောကက လူ တစ်ယောက်မှ မရှိပါဘဲနှင့် ပရိသတ်လက်ခံပြီး စာပေဆုတွေရသည့် စာရေးဆရာတစ်ဦး ဖြစ်လာသူအနေနှင့် ဘဝမှာ အချိုးအကွေ့ တော်တော် များ ခဲ့လိမ့်မယ်ဆိုတာတော့ ခန့်မှန်းနိုင်ပါလိမ့်မည်။

လူငယ်တွေကတော့ ထင်တတ်ကြသည်။

ဆရာကြုံခဲ့သည့် 'ကွေ့' တွေက 'အတက်ကွေ့' တွေချည်းပဲဟု။

မဟုတ်ပါ။ ပြောကြကြေးဆိုလျှင် 'အဆင်းကွေ့' ကတောင် ပိုများ သည်ဟု ပြောရပါမည်။

နောက် ...ထင်တတ်ကြပါသည်။

အတက်ကွေ့က ဘာမှ ပြဿနာမရှိ။ အဆင်းကွေ့တွင်သာ ပြုတ် ကျတတ်တာဟု။

တကယ်တော့ အဆင်းရော၊ အတက်ရော ကွေ့တွေမှာ ယိုင်တတ် ကြပါသည်။ အဲဒါလေး မယိုင်အောင် တောင့်ခံနိုင်ပါမှ ဘဝမှာ ကြံ့ကြံ့ ခိုင်ခိုင်တာပါ။ ပြီးတော့ အဆင်းကွေ့တွေကလည်း ဘဝအတွက် မြတ် အောင်လုပ်နိုင်ပါသည်။

အဲဒါကို သိသာဖို့ အတက်ကွေ့ကလေးတစ်ခု၊ အဆင်းကွေ့ကလေး တစ်ခု ကျွန်တော့်ဘဝထဲက ဆွဲထုတ်ပြချင်ပါသည်။

အတက်ကွေ့မှာ တွေ့ဝေခဲ့စဉ်က

၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလမှာ ကျွန်တော် ကလေးကျန်းမာပညာ မဟာသိပ္ပံဘွဲ့ရပြီး ကလေးအထူးကုဆရာဝန် ဖြစ်လာခဲ့ပါသည်။

တစ်နှစ်လောက် စိတ်ကူးယဉ် တောင့်တခဲ့ရသော ဘဝကို ရတာ ဖြစ်သော်လည်း ကျွန်တော် မပျော်နိုင်ပါ။ လှိုင်းထန်ရေဆန်မှာ လှော်ရင်း ဘဝ လှေငယ်က ဒဏ်ရာဒဏ်ချက်တွေ များနေခဲ့ပါပြီ။

သားက သုံးနှစ်၊ သမီးက မွေးပြီးစ ရက်သား ဆေးရုံကတောင် မဆင်းရသေး၊ အိမ်ထောင်သက်က လေးနှစ်၊ လေးနှစ်လုံးလုံးလည်း ဇနီး လက်ထဲကို မိသားစု စားစရိတ် ရှာဖွေထည့်ပေးခဲ့ရသည်ရယ်လို့ လုံးလုံး မရှိသလောက်။

လက်ထပ်ပြီးခါစကနေ သား မွေးသည်အထိ တစ်နှစ်ကျော်က အလုပ်ကပေးသော တိုက်ခန်းနှင့် ရန်ကုန်မှာ နေခဲ့သည်။ အဲသည်ကနေ နောက်ထပ် တစ်နှစ်က ယောက္ခမမြို့မှာ တာဝန်ကျတော့ ယောက္ခမအိမ်မှာ နေခဲ့သည်။ ရန်ကုန်မှာ ပြန်ဘွဲ့လွှန်တက်ရတော့ နေစရာ နေရာမရှိ။ မိဘ အိမ်ကလည်း မနေသာပါ။ သူ့လူနှင့်သူ ပြည့်ကျပ်နေပါပြီ။ မိဘနှစ်ပါး ခုတင်ခြေရင်းမှာ တစ်ယောက်အိပ်၊ ခုတင်ကလေး တစ်လုံးတောင်အနိုင်နိုင် ကန့်လန့်ထိုး၍ ကိုယ့်ကျောတစ်ချစာကို ဖြေရှင်းရသည်။

တစ်လ ၁၂၀၀ ကျပ်ဆိုသည့် လစာအပြင် အပိုစုမိတာဆိုလို့ နေ့စဉ် ကျက်နေသည့် စာတွေပဲရှိတော့ ရန်ကုန်တိုက်ခန်းငှားခနှင့် စပေါ် ကို စိတ်ကူးမယဉ်နိုင်ပါ။

အိမ်ထောင်သက် လေးနှစ်သာ ရှိသေးသော ဇနီး၊ သားပေါက်စ၊ သမီးပုစုကွေးတို့နှင့် အတူနေရေးကို ဘယ်ကစ ဘယ်လိုကြံစည်ရမလဲဟု အတွေးနှင့် ဦးနှောက်ခြောက်နေစဉ်မှာပင် အဲသည့် 'ကွေ့' က ပေါ်လာတာ ဖြစ်ပါသည်။

အတက် 'ကွေ့'ပါ။

ပြည်တွင်းဘွဲ့လွန်သာရသော ကလေးအထူးကု ဆရာဝန်ပေါက်စ ဘဝမှ တော်ဝင်သမားတော်ဘဝကို ခုန်တက်မည့် အတက်ကွေ့ပါ။ ခက် တာက တက်ဖို့ခွန်အား ရှိမရှိ ကိုယ့်ကိုယ်ကိုယ် မသေချာပါ။ အဲသလောက် တော်လို့လားဟု ကိုယ့်ကိုယ်ကိုယ် မေးတော့လည်း ဘွဲ့လွန်သင်တန်းသား ဘဝကတည်းက လိမ်ဖယ်လိမ်ဖယ်ပါပဲ။

ငွေကြေးပြည့်စုံပြီးလားဟု စဉ်းစားတော့လည်း စာမေးပွဲကြေးတောင် သွင်းဖို့ လုံလောက်အောင် မရှိပါ။

စိတ်ဓာတ်ကရော။

လေးနှစ်လောက် ဆင်းရဲသည့် ဒဏ်၊ မျက်နှာငယ်ရသည့် ဒဏ်၊ ငြူစူခံရတာ အထိုက်အလျောက်ရှိခဲ့သည့် ဒဏ်တွေ ထုထားထောင်းထား တော့ စိတ်ဓာတ်က ခပ်လျော့လျော့ပါ။

ဇနီးကတော့ ထုံးစံအတိုင်း …'ကို့သဘော' တဲ့။

နောက်ဆုံး တစ်သက်မှာ တစ်ခါပေါ်သော အခွင့်အရေးအတွက် အရာရာကို စတေးမည်ဟု ဆုံးဖြတ်ခဲ့သည်။

ဝင်ခွင့်စာမေးပွဲကိုပင် ဖြေတော့မအောင်။

ကိုယ့်ပိုက်ဆံနှင့်ကိုယ် ဝင်ဖြေချင်လျှင် ပေးဖြေမည်တဲ့။ စတာလင် ပေါင် ၂၁၀။ ထိုစဉ်က မြန်မာငွေ ငါးသောင်းလောက်ဆိုပေမယ့် ကား အသစ်တစ်စီး ငါးသိန်းလောက်ကျသော ခေတ်ပါ။ ဘယ်ရှိပါ့မလဲ။

ဒါနှင့်ပင် ဆေးခန်းပြေးထိုင်သည်။ သုံးလလောက် ဘဲဥမကွဲ။ စာပဲ ဆက်ကျက်သည်။ နှစ်နှစ်လောက် လိမ်ဖယ်လိမ်ဖယ်နှင့် ရန်ကုန်မှာ တစ်ယောက်တည်း ဆက်နေရင်း စာဆက်ကျက်တော့ ဝင်ခွင့်စာမေးပွဲရော၊ MRCP အပိုင်း(က)ရော အောင်သွားသည်။

နိုင်ငံတော်က စတာလင်ပေါင် ငါးထောင်ကို မြန်မာငွေ ငါးသောင်း နှင့် လဲပေးသည်။ လဲစရာ ပိုက်ဆံမရှိ၍ ချေးရသေးသည်။

နောက် နှစ်နှစ်ကြာတော့ ယူကေက ပြန်ရောက်၊ MRCP ဘွဲ့လည်း ရခဲ့ပြီ။ တိုက်ခန်းလည်း ဝယ်နိုင်ပြီ။ ကားတစ်စီးလည်း ရှိပြီ။ မိသားစု အတူ နေရပြီ။

တိုက်ခန်းကို အိမ်တက်ဖို့ ဆွမ်းကပ်တော့ အိမ်ထောင်သက်က ဆယ်နှစ်ပြည့်နေပြီမို့ အဲဒါနှင့် တွဲလုပ်ရသည်။

အတက်ကွေ့မှာ အားလျှော့မိတော့မလို ဖြစ်ပြီးမှ အားပြန်တင်း ဖြစ်ခဲ့ကာ စွန့်လွှတ်ခဲ့တာ ရင်းခဲ့တာတွေကို ယခုနှစ်ပေါင်း များစွာ ကြာခဲ့ သည်အထိ 'တော်ပါသေးရဲ့၊ ငါမလျှော့လိုက်မိလို့' ဟု တွေး၍ ရင်ခုန်ရ သည်။

'မလုပ်နိုင်ဘူး ထင်ပါတယ်' ဆိုသည့်စကား လွယ်လွယ်နှင့် မပြော တတ်ကြစေချင်ပါ။ လုပ်ကြည့်လျှင် နိုင်သွားတတ်ကြပါသည်။

အဆင်းကွေ့မှာ အသည်းမာမိခဲ့ပေလို့
၂၀၀၆ ခုနှစ် ဧပြီလမှာ ကျွန်တော် လုပ်သက်ခွင့် မယူစဖူး ယူသည်။ မိသားစုလိုက် အပန်းဖြေခရီးထွက်သည်။

အဓိက အကြောင်းရင်းက ပင်ပန်းနေလို့ပါ။

အဲသည်အချိန်မှာ ကျွန်တော် ရန်ကုန်မှာ တော်တော်ကလေး အောင်မြင်သော အထူးကုဆရာဝန်တစ်ဦး ဖြစ်နေပြီ။ မဂ္ဂဇင်း စာမျက်နှာ တွေပေါ်မှာ လက်ရည်ကျော်၏ ဝတ္ထုတိုကလေး နှစ်နှစ်အတွင်း ၂၄ ပုဒ် လောက် ကြိုကြား ကြိုကြားပါနေပြီမို့ စာရေးဆရာ ပေါက်စလည်း ဖြစ်နေ ပြီဟု ဆိုနိုင်သည်။

ပင်ပန်းတော့ စိတ်နွမ်းသည်။

စိတ်နွမ်းတော့ စိတ်တိုသည်။ ဆုံးဖြတ်ချက်တွေက မမှန်တတ်။

'ဆရာရဲ ရန်ကုန်မှာ ခြောက်နှစ်တောင် ရှိနေပြီနော်၊ ဒီလောက် အောင်မြင်နေတာ၊ လူကြီးတွေ ဘာတွေ သွားတွေ့ဦး၊ တော်ကြာ ရွှေ့ပစ်လိုက်ဦးမယ်'

အဲသလို သတိပေးသည့် မိတ်ဆွေတွေရှိပေမယ့် ခေါင်းကမာသည်။ ရန်ကုန်မှာ ကြာနေတာ ငါပါရဂူဘွဲ့ တက်နေရလို့ပဲ။ မတရားနေနေတာမှ မဟုတ်တာ။ သင်ကြားရေးမှာရော၊ ကုသရေးမှာရော ငါ ဒီလောက် အပင် ပန်းခံ လုပ်ပေးနေတာပဲ။ ငါဒီမှာ မရှိလို့ ဖြစ်မလား ... ဟု ပစ္စည်းမဲ့မာနကလေးကလည်း တက်သေးသည်။

အပန်းဖြေခရီးက ပြန်ရောက်ပြီး အလုပ်မဆင်းခင်မှာပင် ပူပူနွေး နွေး နေပြည်တော်သို့ ရွှေ့ပြီးခါစ ကျန်းမာရေးဝန်ကြီးဌာနက လှမ်းခေါ် သည်။ အိန္ဒိယကို အစည်းအဝေး နှစ်ရက်သွားတက်ရမည်တဲ့။ ကောင်းတာ ပေါ့။ ရောက်မှ မရောက်ဖူးတာ။

မေလဆန်းမှာ တက်သွားသည်။ လူကြီးက ခေါ်တွေ့ပြီး မှာစရာ ရှိတာမှာသည်။ ပြန်လာလျှင် နောက်တစ်ခေါက် မလာနှင့်တော့တဲ့။ တာဝန်ကျရာကို သွားပြီး အစီရင်ခံစာကို စာနှင့်ပဲ တင်လိုက်တဲ့။

ကျေးဇူးတင်စရာ။ ဖွင့်ခါစ နေပြည်တော်က သွားရေးလာရေးက အတော်ခက်သေးသည် မဟုတ်ပါလား။

သို့သော် လူကြီးပြောလိုက်သည့် 'တာဝန်ကျရာ' ဆိုတာ အခု တာဝန်ကျနေသည့် နေရာမဟုတ်တာ ရန်ကုန်ပြန်ရောက်မှ ကျွန်တော် သိသည်။ အဲသည့်နေ့ပဲ လက်မှတ်ထိုး၍ အမိန့်ထုတ်ပြန်လိုက်တာ 'မကွေး' တဲ့။

သားက ဆယ်တန်း။

လင်မယားနှစ်ယောက်သား ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်ပုံလဲ သွားသည်။ ညနေ ဆေးခန်းမှာ ဘုမသိဘမသိနှင့် လူနာအုပ်ကြီးက ထုံးစံ အတိုင်း

စောင့်နေသည်။ အဖေဆရာနှင့် တိုင်ပင်တော့ သူက ကောင်းတာ တွေ၊ မကောင်းတာတွေ ရှင်းပြသည်။ တပည့်တွေက ‘ဆရာ သွားမလို့ လား’ ဟု မေးသည်။ မိတ်ဆွေတွေက ‘ဘယ်နားမှာ ငြိသွားတာလဲ’ ဟု သတင်းမေးကြသည်။

နောက်ဆုံး အားတင်း၍ ဆုံးဖြတ်ချက် ချလိုက်သည်။

‘မကွေးဆိုတာ မြို့တစ်မြို့ပါပဲ၊ ကျွန်တော်ဆိုတာလည်း ကျောင်း ဆရာ၊ ဆရာဝန်တစ်ယောက်ပါပဲ၊ ဆေးရုံရော၊ တက္ကသိုလ်ရောရှိတဲ့ မြို့ တစ်မြို့ကို ကျောင်းဆရာ၊ ဆရာဝန်တစ်ယောက်ရောက်တာ ဘာမှ ဆန်းတဲ့ ကိစ္စမဟုတ်ပါဘူး၊ ဟိုမှာလည်း ကျွန်တော် စာသင်ပေးရမယ့် တပည့်တွေ ရှိနေတာပါပဲ၊ ပိုက်ဆံရှာရခက်မှာတော့ သေချာပါတယ်၊ ပိုက်ဆံရှာမရတုန်း မှာ ပိုလာတဲ့ အချိန်တွေနဲ့ စာပိုရေးမယ်လို့လည်း ကျွန်တော် စဉ်းစားထား ပါတယ်၊ မိသားစုကတော့ ချွေတာသုံးပေါ့၊ ဒီထက် ချွေတာခဲ့ရတဲ့အချိန် တွေလည်း မကြုံဖူးတာမှ မဟုတ်တာ’

ဆေးရုံက လုပ်သော နှုတ်ဆက်ပွဲမှာ ကျွန်တော် ပြောခဲ့သေးသည်။ မကွေးရောက်ပြီး တစ်နှစ်ပြည့်ကတည်းက ရန်ကုန် ပြန်ပြောင်းရဖို့ လျှောက်လွှာတင်ခဲ့သော်လည်း နှစ်နှစ်ကြာမှ မန္တလေးပြောင်းရသည်။ ဆယ်လကြာတော့ မကွေးပြန်ရောက်သည်။

ငါးနှစ်နှင့် ငါးလတိတိ

မိသားစုက တကွဲတပြား။ အနေဆင်းရဲ၊ အစားဆင်းရဲ၊ အသွားဆင်းရဲ။ ဖခင်ဆုံးတာကို အချိန်မီမရောက်။ သားဖြစ်သူက ဆယ်တန်းကို ဖခင်တုန်း ကထက် ထူးချွန်စွာ အောင်မြင်သော်လည်း ဆေးတက္ကသိုလ် တက်ဖို့ ဘယ် လိုမှ

နားချမရ။ သမီးဆယ်တန်းဖြေတော့ အပြင်းအထန် နေမကောင်း ဖြစ်တာကို အဝေးက ဖုန်းတစ်လုံးနှင့် စိတ်ပူရ။ ရလဒ်က သားလိုမကောင်း။

'အဆင်းကွေ့' ဆိုတော့ ဆုံးရှုံးနစ်နာရတာတွေက လျော့သွားသည့် ဝင်ငွေတစ်ခုတည်း မဟုတ်ပါ။

သို့သော် 'အကျ' ထဲကနေ အမြတ်ထုတ်နိုင်ခဲ့တာတွေလည်း အမှန် ပင် ရှိပါသည်။

နှုတ်ဆက်ပွဲမှာ ကျွန်တော် ပြောခဲ့သလိုပင် အချိန်ပိုတွေမှာ စာထိုင်ရေးတော့ ငါးနှစ်ကျော်ကာလအတွင်း ဝတ္ထုရှည်လေးအုပ်အပါအဝင် စာအုပ် နှစ်ဆယ်လောက် ထွက်ခဲ့သည်။ ပထမဦးဆုံး ဝတ္ထုရှည်နှစ်အုပ်စလုံး အမျိုးသားစာပေဆု ရခဲ့သည်။ တစ်အုပ်က ရုပ်ရှင်ရိုက်ဖြစ်၍ အကယ်ဒမီ ရခဲ့သေးသည်။

ဘွဲ့လွန်တစ်ခု ထပ်ရသည်။

ရာထူးက သုံးကြိမ်၊ လေးဆင့်တက်ခဲ့သည်။

မိတ်ဆွေတွေ၊ အတွေ့အကြုံတွေ အများကြီး တိုးခဲ့သည်။

သားနှင့် သမီးကရော။

ဘဝဆိုတာ မိဘကို အားကိုးနေရုံနှင့် မရ။ ကိုယ့်အစွမ်းအစနှင့် ကိုယ်လည်း နိုင်သလောက် ရုန်းရသည်ဆိုတာ သူတို့ အစောကြီးတည်းက သင်ခန်းစာ ရခဲ့သည်။ နိုင်ငံခြား တက္ကသိုလ် အသီးသီးဝင်ခွင့်ကို ထူးချွန် စွာ ရခဲ့သည်။ ယခု ဘွဲ့မရကြသေးပေမယ့် သူတို့ဘဝ လမ်းကြောင်း သူတို့ချထားတာက ပီပြင်နေကြပြီ။

'ကွေ့'

'အတက်ကွေ့' မှာ အားမလျော့တတ်ကြဖို့ လိုသလို 'အဆင်းကွေ့' ကိုလည်း 'အဆိုးတွေ စုလာနေပြီ' ဟု မမြင်တတ်ကြဖို့ လိုပါသည်။

ဒါမှ ကွေ့တွေမှာ မယိုင်ကြမှာပါ။

၁

## မိမိကိုယ်ကို ဘယ်လိုပြင်ဆင်ရမှာလဲ

ကျွန်တော်တို့ လူမျိုးက ငယ်ငယ်ကတည်းက 'ဦးဆောင်' တာထက် 'လိုက်နာ' တာကို လေ့ကျင့်ပေးခံခဲ့ရသော လူမျိုးဖြစ်သည်။

'သားသား …တံခါးနဲ့ မဆော့ရဘူးနော်'

စကားမပြောတတ်ခင်ကတည်းက အဲသလို တားမြစ်ခံခဲ့ရသော ကလေးက ကျောင်းသာ တက်ချင် တက်သွားရမည်။ သူ ဘာဖြစ်လို့ တံခါး နဲ့ ဆော့ခွင့်မရှိသလဲ သိချင်မှ သိမည်။

သည်ခေတ်က ပိုဆိုးလာသည်ဟု ပြောရမည်။

မူကြိုကတည်းက ကျူရှင်တက်နေရသည့် ကလေးက တက္ကသိုလ် အထိ ကျူရှင်ယူနေရတုန်း။

ကျူရှင်တွေ တစ်ခုပြီးတစ်ခု ပြေးနေရသော ကလေးသည် အဲသ လို သူ ဘာလို့ လုပ်နေရသည်ဆိုတာကို ရိပ်မိချင်မှ ရိပ်မိမည်။ သွားမေး ကြည့်လျှင် ပြန်ရဖို့ အသေအချာဆုံး အဖြေကတော့ 'ဖေဖေ၊ မေမေတို့ တက်ခိုင်းလို့' ဟူ၍သာ ဖြစ်ပေလိမ့်မည်။

တချို့ကလေးတွေ ဆေးတက္ကသိုလ် ရောက်လာတာတောင် ဘာ ဖြစ်လို့ ဆေးတက္ကသိုလ် တက်တာလဲဟုမေးလျှင် မိဘက တက်ခိုင်းလို့ဟု ဖြေတုန်း။

ကျွန်တော် တွေးကြည့်မိသည်။

ဆေးတက္ကသိုလ်လိုမျိုး တက်ဖို့ရော၊ တက်နေစဉ်ရော၊ တက်ပြီးရော၊ သည်လောက်ပင်ပန်း၍ ပြီးလျှင် တစ်သက်လုံး ဆရာဝန်ဟု သတ်မှတ်ခံရ မည့်

တက္ကသိုလ်မျိုးကို ကိုယ်ပိုင်ဆုံးဖြတ်ချက် မပါဘဲ လာတတ်သည့် ကလေးမျိုးတွေ မြန်မာနိုင်ငံကလွဲလို့ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာများ ရှိနိုင်ပါမည်လဲ …ဟု။

အဓိပ္ပာယ်ကတော့ ရှင်းပါသည်။

ကျွန်တော်တို့ဆီက လူငယ်ကလေးတွေ ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်း သည့် အလေ့အထ လိုနေပါသည်။

အများပြဋ္ဌာန်းတာခံရတုန်းက

ကျွန်တော် ရေးပြနေကျ ဇာတ်လမ်းကလေး ပြန်ပြောပြချင်ပါသေးသည်။

ကျွန်တော် ဆရာဝန်ဖြစ်ကာစက ငယ်စဉ်က ကျွန်တော့်မိဘတွေ နှင့် တော်တော်ရင်းနှီးခဲ့သော ဦးလေးကြီးတစ်ယောက် အိမ်လာလည်ပါ သည်။ အမျိုးတွေထဲမှာ ဆရာဝန်တစ်ယောက်မှလည်း မရှိ။ ထိုစဉ်ကလည်း ဆရာဝန်ဖြစ်ရတာကို တော်တော် ဂုဏ်ယူတတ်ကြသောခေတ် ဖြစ်လေ တော့ ဖေဖေက ကျွန်တော် ဆရာဝန်ဖြစ်နေတာကို ကြွားပါသည်။

ထိုဦးလေးကြီးက ‘ဒါ သားကြီးမဟုတ်လား၊ ဟို ဒုတိယသားရော၊ စာသင်လို့ မရဘူးဆိုတဲ့ ကလေးဟာလေ၊ ဘာလုပ်ပေးလိုက်လဲ’ ဟု မေးပါ သည်။ ဖေဖေက ‘သားကြီးက ဆရာဝန်မဖြစ်ဘူး၊ ဒါ ခင်ဗျားပြောတဲ့ ဒုတိယသားပဲ’ ဟုဖြေတော့ ထိုဦးလေးကြီး ပါးစပ်အဟောင်းသား ဖြစ်သွား ပါသည်။

မှန်ပါသည်။

ကျွန်တော်သည်ပင်လျှင် စာသင်၍ မရသည့် ကလေး ဖြစ်ခဲ့ဖူးပါ သည်။ အမှန်ကတော့ (၄) နှစ်သားမှာ (၅) နှစ်သားတွေ ကြားထဲရော ကျောင်းအပ်ခံရစဉ်က ကိုယ့်ဦးနှောက်က သူများဦးနှောက်ထက် အမြဲ တစ်နှစ်စီ ငယ်နေသဖြင့် တစ်တန်းတည်းသားတွေ၏ ဉာဏ်ရည်ကို လိုက် မမီခဲ့တာက

တစ်ကြောင်း၊ Dyslexia ခေါ် စာဖတ်လျှင် လွယ်လွယ်နှင့် ဆိုလိုရင်းကို သဘောမပေါက်တတ်သည့် ပြဿနာ ရှိနေတာက တစ် ကြောင်းမို့ 'စာသင်၍ မရဘူး' ဟု ဆိုကာ မြန်မာဆရာ၊ တရုတ်ဆရာ၊ နောက်ဆုံး ဓာတ်ရိုက်ဓာတ်ဆင်ဆရာပါ ပတ်ပြတာ ခံနေခဲ့ရတာပါ။ အဲသည်တုန်းကသာ သူများ ပြဋ္ဌာန်းသည့်အတိုင်း ကိုယ့်ကိုယ်ကိုယ် သတ် မှတ်ပြီး ဖောက်ထွက်ဖို့ မကြိုးစားခဲ့ပါက ကျွန်တော့်ဘဝ တွေးရဲစရာပင် မရှိ။

သူများပြဋ္ဌာန်းတာမခံသည့် မိန်းမတစ်ယောက်

ရာဇဝင်မှာ သူများပြဋ္ဌာန်းတာ မခံသည့် မိန်းမသူရဲကောင်းတွေ အများကြီး ရှိခဲ့ဖူးသည်။ 'ဂျုံး' က အစပြုပြီး 'ဒေါ်အောင်ဆန်းစုကြည်' အဆုံးပေါ့။

ကျွန်တော်က ဆရာဝန်ဆိုတော့ 'ဟယ်လင်တောက်ဆစ်' (Helen Taussing) ဟုခေါ်သည့် မိန်းမတစ်ယောက်အကြောင်း ပြောပြချင်သည်။

၁၉ ရာစု နှစ်အစတွင် အမေရိကန်ပြည်ထောင်စု၌ မွေးဖွားခဲ့သော ဟယ်လင်သည် တက္ကသိုလ်ဆရာတစ်ဦး၏ သမီးဖြစ်သော်လည်း သူ့အဖေ အလုပ်လုပ်ရာ တက္ကသိုလ်တွင် ပညာသင်ကြားခွင့် မရခဲ့ပါ။ အကြောင်းက တော့ သူက ဆေးပညာသင်ချင်တာကို အဲသည် တက္ကသိုလ်မှာ အဲသည် အချိန်အထိ မိန်းကလေးတွေကို ဆေးပညာသင်ကြားခွင့် မပြုသေး၍ ဖြစ်ပါသည်။

တခြား တက္ကသိုလ်တစ်ခုကနေ ခက်ခက်ခဲခဲ၊ ရှားရှားပါးပါး အမျိုး သမီး ဆရာဝန်တစ်ဦး ဖြစ်လာခဲ့ပါသည်။ ခက်ခက်ခဲခဲဆိုတာက သူလည်း ငယ်စဉ်က ကျွန်တော့်လိုပင် Dyslexia ဝေဒနာ ခံစားခဲ့ရသည်ဟု ဆိုပါ သည်။

ဆရာဝန်ဖြစ်ပြီးတော့လည်း မပြေလည်ပါ။ သူ့အကြားအာရုံက တစ်စတစ်စ ချို့ယွင်းလာပါသည်။

လူနာတွေ၏ နှလုံးခုန်သံကို နားကြပ်နှင့် ဘယ်လိုနားထောင်မလဲ ဟု စိတ်ပူသွားပါသလား စာရှုသူ။

ထို 'ဟယ်လင်' သည် ကလေးနှလုံးခုန်သံ အမျိုးမျိုးနှင့် ပတ်သက် သော ဆေးစာအုပ်တွေ ပထမဦးဆုံး စာရေးခဲ့သူ 'ဒေါက်တာ ဟယ်လင် တောက်ဆစ်' ဖြစ်လာပါသည်။ ကမ္ဘာ့ပထမဦးဆုံး ကလေးနှလုံးအထူးကု ဆရာဝန်လည်း ဖြစ်လာပါသည်။ အမေရိကန်ပြည်ထောင်စု နှလုံးအထူးကု ဆရာဝန်များအဖွဲ့၏ ပထမဦးဆုံးသော အမျိုးသမီး ဥက္ကဋ္ဌနှင့် ပထမဦးဆုံး သော ကလေးအထူးကု ဆရာဝန် ဥက္ကဋ္ဌလည်း ဖြစ်ခဲ့ပါသည်။

သူတီထွင်ကြံဆခဲ့သော 'ဘလားလော့ - တောက်ဆစ်' ခွဲစိတ်မှု (Blalock - Taussig Operation) မှာ ကမ္ဘာကျော်ခဲ့ပြီး ယနေ့အထိ ကမ္ဘာတစ်လွှား အသုံးပြုနေကြဆဲ။ ကျွန်တော်တို့ တပည့်တွေကို ကျွန်တော်တို့ သင်ပေးနေရဆဲ ဖြစ်ပါသည်။

သူများပြဋ္ဌာန်းတာကို လွယ်လွယ်ငုံ့မခံတတ်သည့် သူရဲကောင်းတွေ အမျိုးသမီးတွေထဲမှာပင်လျှင် အများအပြားရှိပါသည်။

ကောင်းသော ပြဋ္ဌာန်းခြင်းတော့ ဖြစ်ဖို့လိုပါသည်

'တိမ်တွေတောင်တွေနှင့် ခရီးသည်' ဆိုသည့် ဝတ္ထုရှည်တစ်ပုဒ် ကျွန်တော် ရေးခဲ့ဖူးသည်။ အဲသည်ထဲမှာ ကျွန်တော် ငယ်ငယ်က ဒေသကောလိပ်မှာ ခြေလျင်တောင်တက် အသင်းဝင်စဉ်က အတွေ့အကြုံတချို့ ထည့်ရေးခဲ့ သည်။

နည်းနည်းစဉ်းစားစရာ ရှိသည်မှာ လူတွေဘာကြောင့် တောင်တက် ကြပါသနည်းဟု။

သေချာတာတော့ တောင်တက်သူတွေကို အခကြေးငွေ ချီးမြှင့်သူ တော့ တစ်ယောက်မှမရှိ။ အားကစားနည်းတွေ အားလုံးထဲမှာ အပင်ပန်း ဆုံး။ အချိန်အပေးရဆုံး၊ အလုပ်အပျက်ဆုံးနှင့် ပိုက်ဆံမရဆုံး အားကစား ပါပေ။

သည်ကြားထဲကပင် လူတွေဘာကြောင့် တောင်တက်ကြပါသနည်း။ ပင်ပန်းလှချည့်ရဲ့ အော်နေပြီး နောက်တော့ မေ့သလောက်ရှိလျှင် နောက် ထပ် တောင်တစ်တောင် ပြန်တက်ကြတာပဲ မဟုတ်ဘူးလား။

အဲသည်အဖြေကို သိချင်လျှင် ကိုယ်တိုင် တောင်တက်ကြည့်ဖို့ လိုပါလိမ့်မည်။

နောက်ဆုံးတစ်ကြောကို ကျောကော့တက်ပြီး တောင်ထိပ်ပေါ် ရောက်သွားသည့် အရသာ ဘယ်လောက်ကောင်းသည် ဆိုတာကို မခံစား ရဖူးသူတွေ နားလည်အောင် ရှင်းပြဖို့ မလွယ်ပါ။

ပြဋ္ဌာန်းလိုက်တာလေ။

ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်းလိုက်တာ။

အရှေ့မြင်၊ အနောက်မြင် တောင်ထိပ်ရောက်သွားတော့ ကိုယ့် ကိုယ်ကိုယ် အရှေ့မြင် အနောက်မြင် တောင်ထိပ်အထိ ရောက်အောင် တက်နိုင်သူဟု ပြဋ္ဌာန်းလိုက်တာ။ ဝိတိုရိယတောင်ထိပ်ရောက်သူကလည်း သည်လိုပဲ ပြဋ္ဌာန်းမှာပဲ။ ခါကာဘိုရာဇီတောင်ထိပ် ရောက်သူလည်း အတူ တူပေါ့။

အဲသလို ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် နောက်ပိုင်း ဆရာဝန်ဖြစ်ပြီး တော့ရော ကျွန်တော် ဘာတောင်တွေ ဆက်တက်နေလို့ပါလဲ။

စာမေးပွဲက အကြိမ်ကြိမ်ကျ။

တစ်ခါမှ အလျှော့မပေးခဲ့ဖူးဘူးလေ။

ကိုယ့်ကိုယ်ကိုယ် အလျှော့မပေးတတ်သူဟု ပြဋ္ဌာန်းပြီး မဟုတ်ပါ လား။ ကောင်းသော ပြဋ္ဌာန်းခြင်းဆိုတာ အဲဒါကို ပြောတာပါ။

လွန်ခဲ့သော တစ်နှစ်က ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာ ပညာ) ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲ အောင်မြင်ထားသည့် ဆရာဝန် မကလေးတစ်ဦး ကျွန်တော့်ကို လာတွေ့သည်။

ကျောင်းထွက်ချင်သတဲ့။

မိသားစုတာဝန်၊ အိမ်ထောင့်တာဝန်တွေကြောင့် သင်တန်းတက်ရ တာ မနိုင်တော့ပါတဲ့။

ကိုယ့်ကိုယ်ကိုယ် ပြဌာန်းလိုက်တာလေ။

အရည်အချင်း မရှိသူ၊ ကြိုးစားချင်စိတ် မရှိသူ၊ အနစ်နာ မခံနိုင် သူဟူ၍။ မကောင်းသော ပြဌာန်းခြင်းပေါ့။

ကျွန်တော် လက်မခံခဲ့ပါ။ ဆရာဝန်ကလေး ၅၀၀ လောက် အပြိုင်အဆိုင် စာမေးပွဲဖြေရာက ထိပ်ဆုံး ၅၀ ကို ရွေးခဲ့တာလေ။ သူ ဆက်မတက်လို့ အောက်က ပြုတ်သွားသူတစ်ယောက်မှ ပြန်ခေါ်၍ မရ တော့တာ။ ဘယ်လောက်နှမြောစရာ ကောင်းလိုက်ပါသလဲ။

ထုံးစံအတိုင်း ဒေါသအိုး ပေါက်ကွဲပြလိုက်တော့ ကြောက်ကြောက် နှင့် ဆက်တက်သည်။ နှစ်ကုန်၍ စာမေးပွဲဖြေတော့ သူများထက်တောင် စော၍ အောင်သွားခဲ့သေးသည်။

ဒါကြောင့် ပြောတာပေါ့။

ကောင်းသော ပြဌာန်းခြင်းတော့ ဖြစ်ဖို့လိုပါသည်ဟု။

ကိုယ့်ကိုယ်ကိုယ် ဘယ်လို ပြဌာန်းမှာလဲ

ဘာပြဌာန်းမှာလဲကတော့ ရှင်းလောက်ပြီထင်သည်။

ဘယ်လို ပြဌာန်းမှာလဲက ရှိသေးသည်။

ကိုယ့်ကိုယ်ကိုယ် ကောင်းသော ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းနိုင်ဖို့ ကတော့ မင်္ဂလသုတ်အတိုင်း ကျင့်ဖို့ လိုပါလိမ့်မည်။

လူမိုက် (အသိပညာ ဆင်ခြင်တုံတရား နည်းပါးသူ) တို့နှင့် မပတ်သက်နှင့်ပေါ့။

မိတ်ကောင်းဆွေကောင်းတို့နှင့် နေထိုင်ပေါ့။

မိတ်ကောင်းဆွေကောင်းဆိုတာက မိမိအကြိုက်ကို လိုက်၍ ပြော တတ်ဆိုတတ်သူဟု မဆိုလို။ မိမိအကျိုးရှိရာရှိကြောင်းကို မိမိကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ထောက်ပြမည့် သူမျိုးဟု ဆိုလိုသည်။

ပတ်ဝန်းကျင်မှာ အဲသလို မိတ်ဆွေမျိုး ရှိချင်မှရှိမှာပေါ့ဟု စောဒက တက်ချင်သူတွေ ရှိသည်။ တကယ်တော့ မရှိတာထက် မသိတာ များပါ သည်။ မိဘ၏ အခန်းကဏ္ဍကလည်း အရေးပါသည်။ ကိုယ့်သားသမီး ဘယ်လိုလူတွေနှင့် ပေါင်းနေသလဲဆိုတာ မသိသည့်မိဘတွေ သည်ခေတ် များနေတာ သည်ကိစ္စမှာ တော်တော်အန္တရာယ်များပါသည်။

အလွယ်ဆုံး ရနိုင်သည့် မိတ်ဆွေကောင်းကတော့ စာအုပ်တွေ ဖြစ် သည်။ ကလေးတွေ ကျောင်းနှင့် ကျူရှင်ပေါင်း တစ်နေ့ကို (၁၂) နာရီ လောက် စာသင်နေရသည့်ခေတ် ရောက်လာတာလည်း သည်ခေတ် ကလေးတွေ အပြင်စာ မဖတ်ကြတော့သည့် အဓိက အကြောင်းရင်းတစ်ခု ဖြစ်သည်။ ဒါနှင့်ပဲ စာသာတော်ချင် တော်မည်။ ဆင်ခြင်တုံတရား နည်းပါး သည့် လူငယ်တွေ များများလာတာဟု ကျွန်တော် ထင်သည်။

စာကောင်းပေကောင်းတွေ ထွက်မလာတော့ဟု ပြောနေတာတွေ ကိုတော့ သိပ်လက်မခံချင်။ ယခု စာပေလွတ်လပ်ခွင့်လည်း ပွင့်လင်းစ ပြုလာပြီ။ ရှေးက စာကောင်းပေမွန်တွေ ပြန်ထုတ်ဝေနေတာတွေလည်း အများအပြား။ ယခု 'စာပေခရီးသွားများ' ၏ 'လူငယ်စာစဉ်' လို စာအုပ် တွေလည်း ထွက်နေတာပဲ။

လူငယ်တွေ စာဖတ်ကြစေချင်သည်။
ဒါမှလည်း ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်းတတ်မှာပါ။

၁

## တစ်ပါးသီလနောက်က အတွေးများ

'တစ်ပါးသီလ'ဟု ပြောလိုက်လျှင် လူတိုင်းက ဆရာကြီး ဦးသုခ မကွယ်လွန် မီ ရိုက်ခဲ့သည့် ရုပ်မြင်သံကြားဇာတ်လမ်းကို ပြေးမြင်ကြလိမ့်မည်။

သူခိုးခန်းက သရုပ်ဆောင်သည့် ကွယ်လွန်သူ (ဦး)ဇော်လင်းကို ဘုန်းကြီးက ငါးပါးသီလထဲမှာ တစ်ပါးတော့ လုံအောင် ကြိုးစားခိုင်းတာမှာ 'ကာမေသုမိစ္ဆာစာရာ' တစ်ပါး ကတိပြုခဲ့ပြီး ချစ်သူဟောင်း သူဌေးကတော် ခင်စိုးပိုင်က ငွေထုပ်နှင့်တကွ ခန္ဓာကိုယ်ကို အပ်တာကို စိတ်အားတင်း၍ ငြင်းပယ်ခဲ့ပုံ အခန်းက ကြည်ညိုစရာ ကောင်းလှသည်။

ဆိုလိုချင်တာက 'ကာမေသုမိစ္ဆာစာရာ' ဆိုတာ သူခိုးပင်လျှင် တစ်ပါးတည်း ရှောင်ဆိုလျှင် ရှောင်မည့် သီလမျိုးဟု ဆိုတာပါ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ရာဇဝင်တစ်လျှောက်လုံးမှာ ရွံရှာ စက်ဆုပ်ခဲ့သော မကောင်းမှု ဆိုတာပါ။ လူသတ်သမားကို ရွံတာထက် ကြာကူလီကို ပိုရွံတတ်သော လူမျိုးပါ။ ငါးပါးသီလထဲတွင် ထိပ်ဆုံးက ပြဋ္ဌာန်းထားသော 'ပါဏာတိပါတာ' ထက် 'ကာမေသု' ကို ဘာကြောင့် လူတွေ ပိုမုန်းကြသည်ဆိုတာ နည်းနည်း စဉ်းစားကြည့်ကြရအောင်ပါ။

ကြွက်ပျင်းတဲ့

သည်အခေါ်အဝေါ်က နည်းနည်း ရိုင်းသလို ရှိသော်လည်း နောက်ကွယ် မှာ ချဲ့တွေးလို့ရသည့် အဓိပ္ပာယ်တွေ ရှိသည်။

မြေကြီးမှာ ကိုယ့်တွင်းကိုယ်တူးပြီး မအောင်း။ သူများတူးထားသော တွင်းတွေ လိုက်အောင်းနေသည်ဟု အဓိပ္ပာယ်ရသည်။

လူပျိုထက် အပျိုက ပိုပေါများနေသော နိုင်ငံမှာ ကိုယ်နှင့် လိုက် ဖက်လျော်ကန်သည့် မိန်းမတစ်ယောက်ကို ကိုယ့်ကာမပိုင်အဖြစ် ရနိုင်ပါ လျက်နှင့် သူများကာမပိုင်ဖြစ်သော မိန်းမကို ကျူးလွန်တတ်သူတွင် အခြား ဘာများ လောက်လောက်လားလား လုပ်ပြနိုင်သည့် ကိုယ်စွမ်းဉာဏ်စွမ်း ရှိနိုင်မှာလဲဆိုတာ တော်တော် သံသယဝင်စရာ ကောင်းသည်။

ဘာမှ အထင်ကြီးစရာ မကျန်တော့သော ယောက်ျားပေါ့။

၁၉၉၇ ခုနှစ်မှာ ကျွန်တော် ယူကေနိုင်ငံမှာ ရောက်နေသည်။ အဲသည်နှစ်က ယူကေနိုင်ငံကထုတ်လုပ်သော 'English Patient'(အင်္ဂလိပ် လူနာ) ဆိုသည့် ရုပ်ရှင် အမေရိကန် အော်စကာဆုပေးပွဲတွင် အော်စကာ ရှစ်ဆုရသဖြင့် အင်္ဂလိပ်တို့ တော်တော်ဂုဏ်ယူခဲ့ကြဖူးသည်။ ဒါမျိုး အောင်မြင်မှု လွန်ခဲ့သည့်ဆယ်နှစ်က 'Four Weddings and a Funeral' ဇာတ်ကား တစ်ကားသာ ရှိခဲ့ဖူးသည်ဟု သိရသည်။

ကျွန်တော်လည်း ရုပ်ရှင်ဝါသနာအိုးမို့ သွားကြည့်ပါသည်။ ဇာတ်ကား ရုပ်ရှင်ပညာ အဆင့်အတန်း မြင့်မားလှသည်ကို ကျွန်တော် သတိပြုမိ ပါသည်။

သို့သော် သူပြသော မေတ္တာဘွဲ့ကို ကျွန်တော် ခံစားလို့ မရပါ။ အကြောင်းကတော့ လင်ရှိမယားနှင့် အခြားသူတစ်ဦး၏ ဇာတ်လမ်းဖြစ်နေ ၍ ဖြစ်ပါသည်။ သူက မင်းသားကို ဘယ်လို သနားစရာ လုပ်ပြပြ ကျွန်တော်က သူ့ကို မလေးစားတော့ သနား၍မရပါ။ 'ကြွက်ပျင်း' ဟုသာ မြင်နေပါသည်။

အဲသည် ဇာတ်ကား ဆုရတာကို သိပ်ဂုဏ်ယူသော သူတို့လူမျိုး သူနာပြု ဆရာမကလေးတစ်ယောက်က ကျွန်တော့်ကို အဲသည်ကား ကြည့်ပြီးပြီလားဟု မေးသည်။ ကြည့်ပြီးပြီဆိုတော့ 'ကြိုက်လား' တဲ့။

'ကြိုက်ပါသည်၊ ဒါပေမဲ့' ပေါ့။

'I just wonder how you people can make adultery so romantic'.

'နောက်မီးလင်းတာကို မေတ္တာဘွဲ့ဖြစ်အောင် ရိုက်တတ်တာ အံ့ဩလွန်းလို့' ဟု ပြောလိုက်တော့ သူနာပြုဆရာမကလေး ရှုံ့မဲ့သွားပါ သည်။ ကျွန်တော့်ကို အနုပညာ မခံစားတတ်သည့် ကောင်ဟုများ မြင်လေမလား မသိ။ အဲသည်ဇာတ်လမ်း၏ အနုပညာကိုတော့ ကျွန်တော် မခံစား တတ်တာ အမှန်ပါ။

ဘာကိုမှ ယုံလို့ မရတော့ပါ

သူများက မိမိ၏ ဇနီး၊ စောင့်ရှောက်လုပ်ကျွေးဖို့ မိမိမှာ တာဝန်ရှိသည်ဟု ဆိုကာ စောင့်ရှောက်နေသူကို ကျူးလွန်တတ်သည့် ပုဂ္ဂိုလ်ကို တခြားလည်း ဘာကိစ္စကိုမှ ယုံကြည်စရာ အကြောင်းမရှိတော့ဟု ကျွန်တော် ထင်သည်။

Civilization ခေါ် လူ့အသိုက်အဝန်း ယဉ်ကျေးမှုဆိုတာ ယုံကြည် မှုအပေါ် အခြေခံ၍ တည်ဆောက်ရတာပါ။ မယုံရသည့် သူတစ်ယောက် ပါလာတာနှင့် ပျက်ပါပြီ။

တစ်ခါက လူအများကြီး တက်သော သင်တန်းတစ်ခုမှာ ခြံစည်းရိုး ထောင့်မှာ ချိန်းချိန်းတွေ့နေသော ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးကို တွေ့ခဲ့ဖူးပါသည်။ ပြဿနာက နှစ်ယောက်စလုံးကို သိနေတာပါပဲ။

လေးစားရသော အနေအထား၊ အရေးပါသော တာဝန်ယူထားရသူတွေပါ။ ပြီးတော့ အိမ်ထောင်သည်တွေပါ။

အဲသည်က ရှေ့လျှောက်တော့ အဲသည်လူတွေနှင့် အလုပ်ကိစ္စ မပတ်သက်မိအောင် ကျွန်တော် ရှောင်ပါတော့သည်။ ယုံကြည်မှု ပျက်ပြား ခံရသည်ဆိုတာ တကယ်တော့ ဘဝ သေသွားတာပါပဲ။

တိရစ္ဆာန်ထက်တော့ သာဖို့ လိုပါသည်

အိပ်စားအာရုံ ကာမဂုဏ်စိတ်တွေကို တိရစ္ဆာန်စိတ်ဟု ခေါ်လေ့ရှိပါသည်။ တိရစ္ဆာန်တွေလည်း ခံစားနိုင်ကြသည် မဟုတ်ပါလား။ သို့သော် တိရစ္ဆာန် တွေ ခံစားသလိုတော့ ခံစား၍ မဖြစ်ပါ။

တစ်ခါက ကိုယ်ကိုယ်တိုင် အလွန်တည်ကြည်သော အိမ်ထောင် ဦးစီး ယောကျ်ားတစ်ယောက်ဖြစ်ပြီး သူ့ဇနီးကလည်း တည်ကြည်သော အိမ်ထောင်ရှင်မ ဖြစ်ပါလျက် ချွေးမလက်ထက်ကျမှ အရှက်ရနေရသော မိတ်ဆွေတစ်ဦးကို တွေ့ဖူးပါသည်။ သူပေးသော ဥပမာက ချွေးမ တစ်ကောင် အိမ်မှာ မွေးထားရသလိုပဲတဲ့။ ထွက်ချင်ရာ ထွက်သွားပြီး ဇာတ်လမ်းတွေ ဖြစ်လာရောတဲ့။

သူ့ ဥပမာပေးတာက ရိုင်းသည်ဟု ထင်စရာရှိသော်လည်း မှန်သင့် သလောက် မှန်နေပါသည်။ တိရစ္ဆာန်မှာ လင်မယားမို့ စည်းကမ်းစောင့်သိ ရတာမျိုးမှ မရှိတာ။ တိရစ္ဆာန်ထက်သာသော လူဖြစ်ချင်လျှင်တော့ အဲဒါ ရှောင်ရပါမည်။

ဘယ်လောက်များ အရသာရှိလွန်းလို့ပါလဲ

ကိလေသာ မကုန်သေးသော ပုထုဇဉ်များ ကာမဂုဏ်အာရုံကို ခံစားကြရ တာမှာ ရေဆာလျှင် ရေသောက်သလို၊ ဗိုက်ဆာလျှင် ထမင်းစားသလိုသာ သဘောထားရမည်တဲ့။ ဆိုလိုတာက လိုဘတစ်ခု ရှိလာ၍ ဖြည့်ရုံပဲပေါ့။

ဗိုက်ပြည့်နေပြီးသား သူကို နတ်သုဒ္ဓါ ထပ်ကျွေးလည်း မစားနိုင်ပါ။ အာဟာရဖြစ်တာ ဘာစားစား ဗိုက်ပြည့်သွားတာတော့ အတူတူချည်းပါပဲ။

ငယ်မှ၊ လှမှ၊ ဖြူမှ စသည်ဖြင့် ကြေးများနေတာကိုက မြင်တတ်မည်ဆိုလျှင် လွန်ကဲနေသော လိုဘတွေပါပဲ။

ဆရာတော်တစ်ပါး ဟောဖူးသလိုပင်။ 'ချိုတဲ့အရသာကို ကြိုက် တာဆိုတော်သေးတယ်၊ ဝက်သား ကြိုက်တယ်ဆိုတော့ ချိုတာကို မစွဲဘဲ ဝက်ကို စွဲတဲ့စိတ်၊ သေရင် ဝက်ဖြစ်ဖို့တော့ သေချာနေပြီပေါ့' ဆိုတာ။

ဝက်သား ကြိုက်တာတောင် အပြစ်မကင်းဘူးဆိုလျှင် သူများ မယားကြိုက်သည့် 'တဏှာ' သံသရာမှာ ဘယ်လောက်များ ခံလိုက်ရမလဲ ဆိုတာ တွေးရဲစရာကို မရှိပါ။ တော်တော် ငယ်ငယ်တုန်းက 'ကိုယ်ဝန် သုံးလနဲ့ မိန်းမကမှ ဘယ်လို အတွေ့ထူးတာ' ဆိုသည့် လူဆိုးကြီးတစ်ဦး အကြောင်း ကြားဖူးရာ ယခု ပြန်စဉ်းစားကြည့်လိုက်တော့ သူနှင့်ပါသွားမည့် အကုသိုလ်တွေက တွေးရဲစရာကို မရှိပါ။

ကာယကံမြောက်မှ အကုသိုလ်လား

ဟိုကောင်မလေး လှလိုက်တာဟု အမြင်နှင့် စိတ်ထဲမှာဖြစ်လျှင် လောဘ စိတ်တဲ့။ ငရဲသွားဖို့ ခြေတစ်လှမ်းတဲ့။ အရုပ်ဆိုးလိုက်တာ ဆိုလျှင်လည်း ဒေါသစိတ်တဲ့။ ငရဲသွားဖို့ ခြေတစ်လှမ်းပါပဲ။ နောက်ဆုံး မိန်းမပါပဲကွာ ဆိုလျှင်တောင် မောဟစိတ်တဲ့။ ငရဲသွားဖို့ ခြေတစ်လှမ်း။

အဲသည် စိတ်တွေနှင့်တောင် ငရဲကျနိုင်သေးလျှင် သူများမယားကို ကြည့်၍ စိတ်ထဲမှာ ကြံစည်မိလျှင်တောင် ငရဲခရီးကို ဂျက်လေယာဉ်စီးရ တော့မည်။ ကုသိုလ်၊ အကုသိုလ် မှန်သမျှ စိတ်က ရှေ့ဆောင်သည် မဟုတ် ပါလား။

'တိမ်ညိုမှာ ငွေဇာကွပ်ကယ်နှင့်' ဝတ္ထုရှည်ကြီးထဲမှာ မိန်းမတစ်ဦး နှင့် ကျူးလွန်ပြီးခါမှ မလွတ်လပ်သူဖြစ်ကြောင်း သိရသည့် ဇာတ်လိုက်ကို ကျွန်တော် ရေးဖွဲ့ခဲ့ဖူးသည်။ မသိလို့ ဖြစ်တာဆိုတော့ မကောင်းသည့် စိတ်က ဦးဆောင်တာ မဟုတ်။ ပြီးတော့လည်း ရှောင်တာပဲဆိုတော့ အပြစ် ကြီးမှာ မဟုတ်ဟုတော့ ယူဆရသည်။ သို့သော် ဇာတ်လိုက်ခမျာ သူ ပြု ခဲ့သည့် မကောင်းမှုကို နှစ်ပေါင်းများစွာ စိတ္တဇကြီးဖြစ်၍ နေသွားရသည်ဟု ရေးခဲ့သည်။

အဲသလောက် ကြောက်တတ်ကြစေချင်တာပါ။

သူများမယားမှ ကာမေသုလား

'နေဝင်အိပ်တန်းတက်' ဝတ္ထုရှည်ကြီးထဲတွင်လည်း ကျွန်တော် ရေးခဲ့ဖူးပါ သည်။ အိမ်ထောင်ရှိသော ယောကျ်ားကို အပျိုကလေးက လာဖြားယောင်း စဉ်က 'ကာမပိုင်ဆိုတာ မယားမှာသာ ရှိတာ၊ ယောကျ်ားဆိုတာ မိန်းမ တစ်ယောက်မက ယူခွင့်ရှိတယ်၊ ကာမေသု မမြောက်ဘူး ထင်တယ်' ဟု အပျိုကလေးက စကားလမ်းကြောင်းတော့ တည်ကြည်သူ အိမ်ထောင်ရှင် က 'အပျိုကလေးလည်း အုပ်ထိန်းမှုမကင်းတဲ့ မိန်းမပဲ၊ သူ့မိဘ ဘယ်လိုမှ မကြည်ဖြူနိုင်တဲ့ အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်အနေနဲ့ မရှောင် ရင် ကာမေသုပဲ' ဟု ဖြေခဲ့သည်။

အဲသလောက် တည်ကြည်သည့် ယောကျ်ား ရှိနိုင်ပါ့မလားဟု ကျွန်တော့်ကို မေးခွန်းတွေ ထုတ်ခဲ့ကြသည်။ 'ကျန်းမာရေး မကောင်းလို့ သီလကောင်းလိုက်ရတာ ဖြစ်မှာ' ဟု ပြောမနာဆိုမနာ သူငယ်ချင်း

တစ်ဦးကတောင် ကျီစယ်ခဲ့ဖူးသည်။ တကယ်တော့ ဗုဒ္ဓ၏ အဆုံးအမကို ကြည်ညိုလေးစားသည့် သူတွေလေ။ တည်ကြည်နိုင်ရမှာပေါ့။ အုပ်ထိန်း ခြင်း မကင်းသည့် မိန်းမက တကယ်တော့ အမျိုး ၂၀ တောင် ရှိသည်။

၁။ အမိ အုပ်ထိန်းသော မိန်းမ၊

၂။ အဖ အုပ်ထိန်းသော မိန်းမ၊

၃။ မိဘနှစ်ပါး အုပ်ထိန်းသော မိန်းမ၊

၄။ မောင်ကြီး၊ မောင်ငယ်တို့ အုပ်ထိန်းသော မိန်းမ၊

၅။ အစ်မကြီး၊ အစ်မငယ်တို့ အုပ်ထိန်းသော မိန်းမ၊

၆။ ဆွေမျိုး အုပ်ထိန်းသော မိန်းမ၊

၇။ အနွယ်တူ အုပ်ထိန်းသော မိန်းမ၊

၈။ သီတင်းသုံးဖော် စောင့်ရှောက်အုပ်ထိန်းသော မိန်းမ၊

(ယင်း ၈ ယောက်တို့မှာ ကျူးလွန်သူယောကျ်ား ကံထိုက်သော မိန်းမများတဲ့။)

၉။ လက်ထပ်ထားသော လင်အုပ်ထိန်းသော မိန်းမ၊

၁၀။ မင်း သိမ်းပိုက်ရန် သတ်မှတ်ထားသော မိန်းမ၊

၁၁။ ဥစ္စာဖြင့် ဝယ်ယူထားသော မယား၊

၁၂။ အလိုတူ ပေါင်းသင်းနေသော မိန်းမ၊

(တစ်ဦးဦးနှင့် Living together လုပ်နေသော မိန်းမ)၊

၁၃။ စည်းစိမ်ပေး၍ ပေါင်းဖော်နေသော မိန်းမ၊

(စပွန်ဆာနှင့် ပေါင်းတာမျိုး ဖြစ်ဟန်တူသည်။)

၁၄။ ပုဆိုးတန်းတင် ပေါင်းသင်းနေသူရှိသော မိန်းမ၊

၁၅။ ရေခွက်လက်ဆုံချ၍ မိဘ ထိမ်းမြားပေးထားသော မိန်းမ၊

၁၆။ ခေါင်းခုကိုချ၍ လင်မယားအဖြစ် နေသော မိန်းမ၊

၁၇။ ကျွန်လည်း ဖြစ်၊ မယားလည်း ဖြစ်သော မိန်းမ၊

၁၈။ အမှုလုပ်လည်း ဖြစ်၊ မယားလည်း ဖြစ်သော မိန်းမ၊

၁၉။ စစ်မြေပြင်မှ ယူဆောင်ခဲ့သော မိန်းမ၊

၂၀။ ငှားရမ်းထားသော ခေတ္တမယား၊

(၉ မှ ၂၀ အထိမှာ ကျူးလွန်သူ ယောကျာ်းရော၊ မိန်းမပါ ကံ ထိုက်သည့် မိန်းမများတဲ့။ ကာမပိုင်ရှိသည့် မိန်းမများပေါ့။)

သည်အမျိုး ၂၀ သာ ပယ်လိုက်လျှင် ကိုယ် လက်ထပ်ထားသည့် ဇနီးသာ ကျန်တော့မည်။ ချစ်သူ ရည်းစားပင်လျှင် လက်မထပ်ရသေးဘဲ ကျူးလွန်ပါက ကာမေသုမိစ္ဆာစာရာ မြောက်တော့မည်။ အဲသည်လောက် ကြီး ထိန်းရမည်ဆိုလျှင် ဖြစ်နိုင်ပါ့မလားဟု ဆိုသူတွေ ရှိသည်။

ဖြစ်နိုင်ပါသည်။ အကြင် မိန်းကလေးကို ကိုယ့်နှမ၊ သို့မဟုတ် သမီး ဟု မြင်ကြည့်ပါ။ ကျူးလွန်ရန် ကြံစည်ဝံ့သူကိုပင် ခွင့်လွှတ်နိုင်ဖို့ ခက်ပါ လိမ့်မည်။ ကိုယ့်ချစ်သူ ဇနီးဟု မြင်ကြည့်ပါ။ ကျူးလွန်သူကို ဒေါသအမျက် ခြောင်းခြောင်း ထွက်ပေလိမ့်မည်။ 'ကိုယ်ချင်းစာတရား' မထားမိရုံကလေး နှင့် လူဆိုတာ လူယုတ်မာ ဖြစ်သွားတတ်ကြောင်းပါ။

ဆင်ခြင်လိုက်တော့ ဘာဆုံးရှုံးသွားပါသနည်း။

ကာမဂုဏ်စည်းစိမ် မဟုတ်ပါလား။ ဒါကလည်း အပြစ်ကင်းစွာ ယူလည်း ရနိုင်သည့် ကိစ္စမျိုးပဲ မဟုတ်ပါလား။

သံဃာတွေဆိုလျှင် အဗြဟ္မစရိယာကို ရှောင်နိုင်ကြသေးသည်။ သံဃာတွေလည်း လူသာမန်တွေလိုပဲ သွေးသားနှင့် ဖွဲ့စည်းထားတာပါပဲ။ သံဃာ့ဂုဏ်ကို အလေးအမြတ် ပြုတတ်လျှင်ပင် 'ကာမေသုမိစ္ဆာစာရာ' လေးတော့ လုံးဝ ကင်းစေချင်သည်။

လူဆိုတာ မသေလျှင်တောင် တစ်နေ့နေ့မှာ ဖွဲ့တစ်ဆုပ် မနိုင်တော့သည့်အချိန်ကို ရောက်မှာပါပဲ။ အဲသည်အချိန်ကျမှ နောင်တရစရာတွေ တစ်ထွေးကြီးနှင့် မကျန်ခဲ့ကြစေချင်ပါ။

ရုပ်ရည် ပြေပြစ်သူ၊ ထင်ရှားကျော်ကြားသူ၊ ဩဇာတိက္ကမရှိသူ၊ ဉာဏ်ပညာကြီးသူ၊ စည်းစိမ်များသူ ယောက်ျားတို့ကို အမျိုးသမီးတွေ စိတ်ဝင်စားတတ်တာ ဘာမျှမဆန်းပါ။ ဘာမျှ ဂုဏ်ယူစရာလည်း အကြောင်းမရှိပါ။

အုပ်ထိန်းခြင်း မကင်းသော မိန်းမအမျိုး ၂၀ စလုံးကို ရှောင်နိုင် တာကိုမှ အာဂယောက်ျားဟု ဂုဏ်ယူရမှာပါ။

၁

## သာခြင်းနာခြင်း၌ မတုန်လှုပ်သော

Facebook မှာ ကျွန်တော် Linkar Yi Kyaw ဆိုပြီး Fan Page တစ်ခု ဖွင့်ထားသည်။ ပရိသတ် လေးထောင်ကျော်လောက်တော့ ရှိသည်။

အဲသည်ထဲမှာ ပရိသတ်တစ်ယောက်က 'ဆရာ့လိုလူမျိုး တစ်သိန်း မှာ တစ်ယောက်ပေါ်ဖို့ မလွယ်ပါဘူးဆရာ' ဟု ရေးသည်။ ကျွန်တော် လက်မခံပါ။ 'လူတိုင်းမှာသူများနှင့်မတူသည့် အရည်အချင်းတွေ ရှိတတ် ကြပါသည်' ဟု ပြန်ရေးလိုက်သည်။

'ဖိုးလမင်းလည်း သူ့အဆင်းနှင့် အလင်းနှင့်' ပေါ့။

သည်လောက်နှင့်တော့ ယောက်ျားတံခွန်ထဲမှာ ကိုယ်မပါသင့် ဟု ထင်သည်။ ဆရာစိုင်းခမ်းလိတ်ကလည်း 'ခင်ဗျားလိုလူမျိုး နောက် တစ်ယောက်ထပ်ပေါ်ဖို့ မလွယ်ဘူး၊ ကျန်းမာရေးဂရုစိုက်' ဟု ဆုံးမဖူး သည်။

ကျွန်တော့်အမြင်တော့ ဆရာက အဲသည်လို လူမျိုးဖြစ်သည်။

ကျွန်တော်က အဲသလိုလူမျိုး မဖြစ်သေးပါ။

လူတစ်ယောက်ကို 'ဒေါင်ဒေါင်မြည်' လူချွန်လူမွန်ဟု ဘယ်အချိန် မှာ သတ်မှတ်ပါမည်နည်း။

ဒါ တော်တော်ဖြေရခက်သည့် မေးခွန်းဖြစ်သည်။

အရည်အချင်းရှိတိုင်း လူတော်ဟုဆိုလျှင် 'ဟစ်တလာ' လည်း အရည်အချင်းတယ်မနည်းလှတာ သတိရကြစေချင်သည်။

ကျွန်တော်က နည်းနည်း ပိုစိတ်ဝင်စားတာ ဟစ်တလာနှင့် ရင်ဆိုင်စစ်တိုက်ခဲ့သော 'ဝင်စတန်ချာချီ' ကို ဖြစ်သည်။ လန်ဒန်မြို့ကြီး ကို ဟစ်တလာ၏ နာဇီလေယာဉ်တွေ မိုးလုံးပြည့်ပျံသန်း၍ ဗုံးကြဲနေစဉ်က ဗုံးခိုကျင်းထဲမှာ ပန်းချီထိုင်ဆွဲရင်း အကြံထုတ်နေသည့် ဗြိတိန် ဝန်ကြီးချုပ်၊ နောက်ဆုံး ဟစ်တလာကို နိုင်အောင် ပြန်တိုက်နိုင်ခဲ့သည် မဟုတ်ပါလား။

အရပ်သုံး စကားနှင့် ပြောရလျှင်တော့ သွေးအေးတာ။

တရားစကားနှင့် ပြောရလျှင်တော့ လောကဓံကို မတုန်လှုပ်တာ ပေါ့။

အတော်ဆုံး ဆရာဝန်တွေ ဘယ်မှာလဲ

သည်နှစ်ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ မောင်မယ်သစ်လွင်ကြို ဆိုပွဲတွင် ပါမောက္ခချုပ်က တာဝန်ပေး၍ ကျွန်တော် ကြိုဆို စကား ပြောခဲ့စဉ်က ပထမနှစ် ဆေးကျောင်းသား ကျောင်းသူကလေးတွေကို ကျွန်တော် ပြောခဲ့သောစကား ပြန်ဖောက်သည်ချ ချင်ပါသေးသည်။

ကျွန်တော်အုပ်ချုပ်နေသော ဆေးတက္ကသိုလ် (၂) ကလေး ကျန်းမာပညာဌာနမှာ ကျွန်တော်နှင့်ရွယ်တူ တော်ဝင်ကောလိပ်က သမား တော်ဘွဲ့ရထားသော ဆရာအကြီး သုံးယောက်ရှိသည်။ အားလုံး ဆေး တက္ကသိုလ်

(၁) ရန်ကုန်ထွက်တွေဖြစ်သည်။ ဆရာအလတ်အဲသလို ဘွဲ့ရ ထားတာက နှစ်ယောက်၊ နှစ်ယောက်စလုံး ဆေးတက္ကသိုလ် (၂) ရန်ကုန် ထွက်တွေ ဖြစ်နေသည်။ ဆရာအငယ်တွေထဲမှာလည်း ဆေးတက္ကသိုလ် (၂) က တစ်ဝက်လောက် ဖြစ်ပါသည်။

အဲသည် ခေတ်တွေတုန်းက ဆေးတက္ကသိုလ် (၁) က ကျောင်း သားက ဆေးတက္ကသိုလ် (၂) ထက် နှစ်ဆမက များပါသည်။ ပြီးတော့ ရန်ကုန်ကျောင်းသားတွေပါ။ ဆေးတက္ကသိုလ် (၂) က နယ်က များပါ သည်။

ဒါဆို သည်ပညာထူးချွန်သော ဆရာဝန်တွေထဲမှာ ဘာကြောင့် ဆေးတက္ကသိုလ် (၂) က များများ လာရပါသနည်း။

ဘွဲ့လွန်ကျောင်းသားတွေ ကြည့်လိုက်တော့ မန္တလေးက ပိုများ နေပြန်သည်။ အဲသည့်ခေတ်ကတော့ ဆေးတက္ကသိုလ် (၂) က ရန်ကုန် ကျောင်းသားတွေချည်း ဖြစ်သည်။ နယ်က ကလေးတွေက ပိုပိုတော် လာတာများလား။ ယခုအခါဆိုလျှင် ဆေးတက္ကသိုလ်၊ မကွေးထွက်တွေ တောင် ဘွဲ့လွန်တက်တာ တော်တော်များနေသည်။

အဖြေက ရှင်းရှင်းလေးပါ။

ရန်ကုန်ကျောင်းသားတွေ အထူးသဖြင့် ဆေးတက္ကသိုလ် (၁) က ထွက်သည့် ကျောင်းသားတွေထဲက စာတော်သူအများစု နိုင်ငံခြား ရောက်သွားကြတာပါ။

ဟိုမှာလည်း အဆင်ပြေနေကြတာပဲလေ။

တချို့လည်း ပြန်လာလျှင် ရိုးရိုးကုပ်ကုပ်။

တချို့လည်း ပြန်လာလျှင် သည်ကအခြေအနေတွေကို နှာခေါင်း ရှုံ့ကြသည်။

'ဆရာ ဘာလုပ်နေတာလဲ၊ ဆရာ့လိုလူမျိုး မြန်မာပြည်မှာ နေစရာ အကြောင်း ဘာမှမရှိဘူး'

သည်လိုဆိုသူတွေလည်း ရှိကြသည်။

အဲဒါတွေကို ပြောပြပြီး ကျွန်တော်က ပထမနှစ်ကျောင်းသူ၊ ကျောင်းသားတွေကို မေးခွန်းထုတ်သည်။

'အတော်ဆုံးဆိုတဲ့ ဆရာဝန်တွေက ဒါဆိုမြန်မာပြည်ထဲမှာလား၊ နိုင်ငံခြားမှာလား'

အများစုက ရယ်ကြသည်။ တချို့က 'နိုင်ငံခြားမှာပါ' ဟု အော်၍ဖြေကြသည်။ ကျွန်တော် ပြုံး၍ခေါင်းခါသည်။

'အားလုံး မြန်မာနိုင်ငံထဲမှာပါ'

တော်သည်ဆိုတာဘာလဲ

တော်သည်ဆိုတာက စာတော်တာကို ပြောတာလား၊ အရတော်တာကို ပြောတာလား၊ စဉ်းစားကြည့်ဖို့ကောင်းသည်။

'ဒီလိုသားမျိုးလေးရထားတာ အရတော်လိုက်တာ'

သည်လို ပြောတာဆိုတာတွေ ကြားဖူးကြမှာအမှန်။ အဲသလို တော်တာက ပို၍ တန်ဖိုးမရှိပေဘူးလား။

နိုင်ငံခြား သွားနေနိုင်လောက်သည့် ပညာအရည်အချင်းရှိပါလျက် နှင့် မြန်မာပြည်ထဲမှာနေပြီး မြန်မာလူနာတွေကို ဆေးကုပေးနေသည့် ဆရာဝန်တွေရထားတာ ကျွန်တော်တို့ နိုင်ငံအနေနှင့် အရမတော်ပေဘူး လား။ အဲသည် ဆရာဝန်တွေသာ သူများအဆွယ်ကောင်း၍ အားလုံး နိုင်ငံခြားထွက်သွားလျှင် သည်နိုင်ငံက လူနာတွေအတွက် တွေးရဲစရာပင် မရှိ။ တတ်နိုင်၍ နိုင်ငံခြားသွားကုနိုင်သူတွေပင်လျှင် အရေးပေါ် အခြေ အနေမှာ ပြဿနာတက်တော့မည်။ မတတ်နိုင်သူတွေက အများစု။

နိုင်ငံခြားမှာလည်း လူတွေနေနေတာပဲလေ။ သည်နိုင်ငံက လူတော် တွေကို သူတို့ရတော့ အရမတော်ဘူးလားဟု မေးစရာရှိသည်။ သည်မှာ လောက်တော့

မတော်ပါဟု ဖြေရမည်။ ရေများရာ မိုးရွာနေတာ ကန္တာရ ထဲက ရေကြည်တစ်ပေါက်လောက်တော့ အဖိုးတန်စရာ အကြောင်းမရှိ။

တချို့ကလည်း ငြင်းကြသေးသည်။

မြန်မာနိုင်ငံမှာ ကျန်နေခဲ့သည့် ဆရာဝန်တွေက နိုင်ငံခြား ထွက်သွားသည့် ဆရာဝန်တွေလောက်သတ္တိမရှိ၍ အရည်အချင်းမရှိ၍ ကျန်ခဲ့တာပါဟု။

ကျွန်တော် လက်မခံချင်ပါ။

အရည်အချင်းဆိုတာ ဘာကို ပြောတာပါလဲ။

INCENTIVE ဆိုသည့် အင်္ဂလိပ်စကားရှိသည်။ 'မက်လုံး' ဟု ဘာသာပြန်လျှင် ပိုတိကျမည်ဖြစ်သော်လည်း နည်းနည်းတော့ရိုင်းသည်။ 'လုပ်ချင်ရသည့် အကြောင်းရင်း' ဟု ပြန်ရမည် ထင်သည်။

နိုင်ငံခြားမှာပဲ ဆရာဝန်လုပ်လုပ်၊ မြန်မာပြည်မှာပဲ ဆရာဝန်လုပ်လုပ်၊ သာတာနာတာတွေကတော့ ရှိနေမှာပါပဲ။

သာတာတွေထားတော့၊ နာတာတွေကို ဘယ်လို ခွန်အားနှင့် ရင်ဆိုင်ခဲ့ကြတာလဲဆိုတာ တွေးကြည့်ဖို့ ကောင်းသည်။

အင်္ဂလန်မှာ ဆရာဝန်တွေ သွားလုပ်တာ အင်္ဂလိပ်လူမျိုးတွေကို ချစ်လို့တော့ မဟုတ်တာ သေချာသည်။ မလေးရှားမှာ ဆရာဝန်သွားလုပ် တာလည်း ဟိုကလူမျိုးတွေကို ချစ်လို့မဟုတ်။ စင်္ကာပူလည်း ထို့အတူ။

သာတာနှင့်နာတာ ချိန်ထိုးကြည့်လျှင် သာသည့်ဘက်က များနေ ၍ သွားခဲ့ကြသူတွေချည်းပါပဲ။

တိတိကျကျ ပွင့်ပွင့်လင်းလင်း ပြောရလျှင် သာတာနှင့်နာတာကို စနစ်တကျ တွက်ချက်တတ်သူတွေပေါ့။

ကျန်ခဲ့သည့် သူတွေကရော အဲသလောက်မတွက်တတ်လောက် အောင် ဒုံးဝေး၍ ကျန်ခဲ့ကြသည်ဟုရော ထင်ပါသလား။

မဟုတ်ပါ။

သာတာနာတာကို လွယ်လွယ်နှင့် မတုန်လှုပ်တတ်ကြတာပါ။ တစ်နည်းပြောရလျှင် လောကဓံရှစ်ပါးကို နည်းနည်းပါးပါးတော့ နှလုံးသွင်းတတ်ကြ၍ "မလုပ်နိုင်ဘူး" ပြောရမည်ကို အားနာတတ်သူတွေချည်း ပဲ ကျန်ရစ်ခဲ့တာပါပဲ။

ဒါဆိုလျှင် ရှင်းပြီပေါ့။ ဘာကြောင့် ကျွန်တော် အတော်ဆုံး ဆရာဝန်တွေ မြန်မာပြည်ထဲမှာ ကျန်ခဲ့ပါသည်ဟု ပြောရသလဲဆိုတာ။ သာလျှင်လည်း မယစ်မူးတတ်မှ၊ နာလျှင်လည်း သည်းခံတတ်မှ သာသည့်နေရာကလူက နာသည့်နေရာကလူကို အထင်သေးစကား ဘာ ကြောင့် ပြောတတ်ပါသနည်း။ ရှင်းပါသည်။ ယစ်မူးနေတာပါ။ နာသည့် နေရာကလူက သာသည့်နေရာက လူကို ဘာကြောင့် မနာလို စကားပြောပါ သနည်း။ ရှင်းပါသည်။ သည်းမခံတတ်တာပါ။

သာသည့်နေရာက လူကို နာသည့်နေရာတစ်လှည့်သွားပေးဖို့ ပြောတော့ ဘာကြောင့် အရှုံးမီးဝိုင်းဖြစ်ရပါသနည်း။ နာသည့်နေရာကလူ က သာသည့်နေရာကို ရောက်ဖို့ သီလ၊ သမာဓိ၊ ပညာ ဘာမှ ကိုယ်က လေးစားစရာမရှိသော သူထံ ဘာကြောင့် အောက်ကျို့ဝင်ရပါသနည်း။

ဒါတွေ အားလုံးက သာတာနာတာကို တုန်လှုပ်တတ်၍ ဖြစ်နေ ကြတာပါ။ သာပြီးလျှင်လည်း နာဦးမှာပဲ။ နာပြီးလျှင်လည်း သာဦးမှာပဲ။ ရှောင်လွှဲချင်လည်း ရှောင်လွှဲလို့မရသည့် တရားတွေပါဆိုတာကို သဘော ပေါက်ထားလျှင် ပုထုဇဉ်ပီပီ နည်းနည်းတော့ တုန်လှုပ်မှာမှန်သော်လည်း ဘဝလမ်းကြောင်းကြီး ခါသွားသည်အထိတော့ မတုန်လှုပ်နိုင်ပါ။

လူတော်ဆိုတာက သက်ဆိုင်ရာဘာသာရပ်မှာ ကျွမ်းကျင်ထူးချွန် ရုံနှင့်သာမပြီးသာတာ၊ နာတာကို မတုန်လှုပ်တတ်မှ အများအတွက် 'အရတော်' သည့် သူဖြစ်မှာပါ။

အဲသည်လို လူမျိုးတွေကိုသာ ကျွန်တော် 'ယောက်ျားတံခွန် လူရည် ချွန်' စာရင်းထဲထည့်ချင်ပါသည်။

၁

## သူငယ်ချင်းများ

Friends ခေါ် သူငယ်ချင်းများ ရုပ်သံစီးရီး၏ အောင်မြင်မှုကတော့ သမိုင်းတွင်ခဲ့တာ အမှန်။ ဆယ်စုနှစ်နှင့် ချီ၍ပွဲတောင်းခံရပြီး တစ်တွဲ (1 Season) ကို အပိုင်း ၂၀ ကျော်သော အတွဲပေါင်းဆယ်တွဲအထိ ရိုက်ခဲ့ရ ရာမှာ နောက်ဆုံး အသက် ၂၀ ကျော် သူငယ်ချင်း ကလေး ၆ ယောက်၏ ဇာတ်လမ်းက ဇာတ်ကောင်တွေ အသက် ၄၀ လောက် ဖြစ်လာသဖြင့် ဘယ်လိုမှ ထပ်ပွဲတောင်းလို့ မဖြစ်နိုင်တော့မှ ရပ်သွားခဲ့ရခြင်း ဖြစ်သည်။

ယောက်ျားလေးက သုံးယောက်၊ မိန်းကလေးက သုံးယောက်။

အဓိက ဇာတ်ကောင်ရေချယ်အဖြစ် သရုပ်ဆောင်သော မင်းသမီး ဂျနီဖာအင်နစ္စတန် (ဘရက်ပစ်၏ ပထမဇနီး) ကတော့ တခြားဇာတ်ကား တွေမှာပါ ဆက်ကမ္ဘာကျော်ခဲ့သည်။

ချန်ဒလာအပါအဝင်လေးယောက်က ဇာတ်ရုံဟု ပြောလည်းရ သည်။ သို့သော် ထိုစီးရီးစရိုက်ချိန်မှာ အောင်မြင်ပြီး ဖြစ်နေသူ၊ ဇာတ် ကားထဲမှာ ဂျိုဝီအဖြစ် သရုပ်ဆောင်သူက သူ့ကို သရုပ်ဆောင်ခ ပိုပေး တာကို လက်မခံ၊ 'သူငယ်ချင်းများ' ဆိုသည့်အမည်နှင့် လိုက်ဖက်အောင် သရုပ်ဆောင်အားလုံးကို

သရုပ်ဆောင်ခရော ပါဝင်သည့် အခန်းပမာဏ ရော တန်းတူပေးရမည်ဟု တောင်းဆိုရာက ခြောက်ယောက်စလုံး အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ယောကျ်ားလေးတွေက ရော့စ်၊ ဂျိုဝီနှင့် ချန်ဒလား၊ မိန်းကလေး တွေက ရေချယ်၊ ဖီဘီနှင့် မော်နီကာ။ ဂျိုဝီလို စိတ်ဓာတ်မျိုး ကျွန်တော် တို့ အနုပညာလောကထဲမှာ ပေါ်နိုင်ပါ့မလားဆိုတာ သံသယဝင်စရာပါ။

ရော့စ်နှင့် မော်နီကာက မောင်နှမ။ ကျန်သူငယ်ချင်းတွေက အခန်းနီးဖော် အသက်နှစ်ဆယ်ကျော်အရွယ်၊ ဘဝကို နည်းအမျိုးမျိုးနှင့် ရုန်းကန်နေကြသည့် လူငယ်တွေ၊ ဇာတ်အိမ်ကို နယူးယောက်မြို့မှာ တည်ထားသော်လည်း ဇာတ်ဝင်ခန်းအားလုံးကို ယူနီဗာဆယ် စတူဒီယို ထဲမှာ ဆင်ရိုက်တာဖြစ်သည်။ ပြဇာတ်ကြည့်ရသည့် အရသာမျိုးဖြစ်အောင် ပရိသတ်ရယ်သံတွေ၊ လက်ခုပ်သံတွေ ထည့်ထားသေးသည်။

တကယ့်ကို စရိုက်ကျဉ်းကျဉ်းနှင့် ရိုးရိုးကလေးရိုက်ထားသည့် စီးရီး၊ တကယ်လည်း အောင်မြင်ရော၊ ၁၀ မိနစ်စာ အပိုင်းတစ်ပိုင်း အတွက် သူငယ်ချင်းခြောက်ယောက်ကို တစ်ယောက် ဒေါ်လာတစ်သန်း ပေးရသည် အထိ ပေါက်ခဲ့သည်။

စာအုပ်တွေလည်း ထွက်လိုက်တာ အများကြီး။ ခြောက်ယောက် စလုံးလည်း ကမ္ဘာကျော်သွားသည်။ မြန်မာနိုင်ငံကို ရုပ်သံစီးရီးတွေ စလွှင့် ဖို့ ကြိုးစားနေသော နိုင်ငံတစ်နိုင်ငံအနေနှင့် အဲသည် စီးရီးဘာကြောင့် သည်လောက် ဝက်ဝက်ကွဲအောင်မြင်ရသလဲဆိုတာ လေ့လာသင့်လှသည်ဟု ကျွန်တော်ထင်သည်။ (ခိုးချခိုင်းတာ မဟုတ်)။

ကျွန်တော် စဉ်းစားမိတာ တစ်ခုကတော့ ချစ်စရာကောင်းတာဖြစ် သည်။ လူငယ်လေးတွေဆိုတော့ ရုပ်တွေ သိပ်မဆိုးလှသော်လည်း အရမ်းကြီး မချောပါ။

ချစ်စရာကောင်းတာက အမူအရာတွေနှင့်
သူတို့ ပြသော စိတ်ဓာတ်တွေပါ။

ရယ်စရာကောင်းလောက်အောင် အူကြောင်ကြောင်တွေ လုပ် ပြသော်လည်း ခြောက်ယောက်စလုံး ဘယ်သူမှ 'ရယ်ပွဲဖွဲ့စရာ' သတ္တဝါ ဖြစ်မသွား။ ချစ်စရာပဲ ကောင်းနေသည်။

ဖြူစင်ကြတာကိုး။

လူ့သဘော လူ့သဘာဝပီပြင်အောင် အတ္တကလေးတွေ မျိုးစုံပြ သွားသော်လည်း အချင်းချင်းအပေါ်ထားသည့် မေတ္တာတရားနှင့်စေတနာ တို့က ဖြူစင်နေသည်။ ဖြူစင်သော သူငယ်ချင်းတွေ ဘဝအရောင်တွေ စွန်းထင်းလာတာတောင် မေတ္တာတရားတွေက ဖြူစင်နေတုန်း။

တချို့နေရာကလေးတွေဆို မျက်ရည်တောင်ဝဲဖို့ ကောင်းသည်။ ဖီဘီ၏ အမွှာညီမနှင့် သွားကြိုက်သော ဂျိုဝီကို ဖီဘီက သူ့ညီမဟန် ဆောင်၍ လာတွေ့ပြီး သူနှင့် ဆက်တွဲချင်လျှင် ဖီဘီကို သူငယ်ချင်းအဖြစ် ဆက်မပေါင်းဖို့ ပြောတာကို ဂျိုဝီက ငြင်းလိုက်ပြီး အဆက်ဖြတ်သည့် အခန်းမျိုး။ ဖီဘီသာမက ပရိသတ်ပါ မျက်ရည်ဝဲခဲ့ရသည်။

စီးရီးက အောင်မြင်လွန်းသဖြင့် ဘရစ်ဝီလီ၊ ဂျော့ကလူနီ၊ တွမ် ဆဲလက်၊ ဘရွတ်ရှီးလ်စသည့် ဟောလီးဝုဒ်မီဂါစတားကြီးများသာမက ဖာဂီလို တော်ဝင်မိသားစုဝင်တွေတောင် ဇာတ်ရံအနေနဲ့ ဝင်ရိုက်ပေးခဲ့ ကြရသည်။

ထားပါတော့။

အဲသည် စီးရီးအကြောင်း စိတ်ကြိုက်ပြန်ပြောရလျှင် လုံးချင်း တစ်အုပ်စာထွက်တော့မည်။ အခွေရလျှင် ကြည့်ဖြစ်အောင် ကြည့်ကြပါ ဟုသာ မှာချင်သည်။ အခုကပြောချင်တာက ချန်ဒလာအကြောင်း။

ချန်ဒလာဘင်း

ချန်ဒလာက သူငယ်ချင်း ခြောက်ယောက်ထဲတွင် ရုပ်အဆိုးဆုံး၊ အူကြောင်ကြောင်အနိုင်ဆုံးနှင့် မစွံဆုံးဖြစ်သည်။ မစွံ၍ အားငယ်နေသော ချန်ဒလာကို ကျန်ငါးယောက်က အမြဲအားပေးနေရသည်။

သို့သော် အဲသည် ခြောက်ယောက်ထဲမှာ ကျွန်တော်အနှစ်သက် ဆုံးကလည်း ချန်ဒလာအဖြစ် သရုပ်ဆောင်သော မက်သယူးပယ်ရီဖြစ် သည်။ နောက်ပိုင်းမှာ ကမ္ဘာကျော်မင်းသားဖြစ်လာပြီး ဘရုစ်ဝီလီနှင့် တွဲရိုက်သည့် The Whole 9 Yards ဇာတ်ကားမှာ ပေါက်လွှန်း၍ အဆက်ရိုက်ခဲ့ရသည်။

'သူငယ်ချင်းများ' ထဲမှာ မစွံဆုံးက ချန်ဒလာဖြစ်သော်လည်း ဇာတ်လမ်းစကတည်းက လုပ်ငန်းခွင်မှာ အဆင်ပြေနေသူကလည်း ချန်ဒလာဖြစ်နေပြန်သည်။ ကုမ္ပဏီကြီးတစ်ခုမှာ ရာထူးကြီးကြီးနေရာ တစ်ခုရထားတာ မှန်သော်လည်း ချန်ဒလာ ဘာလုပ်ရသည်ဆိုတာ ဘယ် သူငယ်ချင်းမှ သေသေချာချာ မသိပါ။

အဲသည်မှာ ကျွန်တော်ဇာတ်ညွှန်းရေး ဆရာ၏ ပဋ္ဌလက်ကို သွားမြင်သည်။ ဘဝအောင်မြင်မှုနှင့် အလုပ်အောင်မြင်မှုကို တိတ်တခိုး အဓိပ္ပာယ်ဖွင့်ပြပြီး လူတွေရင်ထဲ အရောက်ပို့သွားတာလေ။

အောင်မြင်မှု

ဘဝအောင်မြင်မှုကို 'နောင်တရစရာနည်းသော ဘဝ' ဟု ကျွန်တော် အဓိပ္ပာယ်ဖွင့်ပြဖူးခဲ့သည်။

'အလုပ်အောင်မြင်မှု' ကိုမူ 'မိုးလင်း မျက်နှာသစ်၊ မနက်စာ စားပြီး သွားရမည့် အလုပ်သည် ကိုယ်တကယ်သွားချင်သော အလုပ်ဖြစ်နေဖို့ လိုသည်' ဟု ကျွန်တော်ရေးခဲ့သည်။

'သူငယ်ချင်းများ' မှာ အဲသည် အယူအဆကို တော်တော် ခိုင်ခိုင် မာမာ ဆောက်တည်ပြထားတာတွေ့ရသည်။

ရော့စ်ကို အူကြောင်ကြောင်နှင့် တစ်ချိန်လုံးပြဿနာတက်နေသူ ဟု ပြထားသည်။ ပထမဇနီးက လိင်တူချင်း နှစ်သက်သူဖြစ်နေ၍ သူ့ကို ထားခဲ့သည်။ ဒုတိယဇနီးက သူ့ချစ်သူဟောင်း သူငယ်ချင်းရေချယ်နှင့် အခေါ်အပြောမလုပ်ရဘူးပြော၍ ကွဲသည်။ အသက် ၃၀ မပြည့်ခင်မှာ တစ်ခုမက နှစ်ခုလပ်ခဲ့သူ။ သို့သော် သူ့အလုပ်မှာတော့ သူအလွန် အောင်မြင်သည်။ ပြတိုက်တစ်ခုမှာ ရှေးဟောင်းသုတေသန ပညာရှင်အဖြစ် လုပ်သည်။

'ဒေါက်တာ' ဘွဲ့ရထားသည်။ သူ ၁၀ နှစ်လုံးလုံးပိုးခဲ့သည့် ရေချယ် က သူ့ကို လက်ခံသည့်နေ့တွင် ပြတိုက်မှာ ပြဿနာဖြစ်တော့ တစ်ညလုံး သွားအလုပ်လုပ်သည့် လူစားမျိုးဖြစ်သည်။ Job Satisfaction ဆိုတာ ဒါပေါ့။ သူ့အလုပ်နှင့် သူ့ဘဝကို သူကျေနပ်နေသည်။

ရေချယ်က သူဌေးသမီး၊ သွားဆရာဝန်ကတော် ဖြစ်လုဖြစ်ခင်မှာ သတို့သမီးဝတ်စုံနှင့် ထွက်ပြေးလာပြီး သူငယ်ချင်းမော်နီကာနှင့် လာနေ၍ ရှန်းကန်သည်။ မိဘဆီက ပါလာသော ခရက်ဒစ်ကတ်ပြား အားလုံးကို ဖျက်ဆီးပစ်လိုက်သည်။ သူဝါသနာပါသော ဖက်ရှင်လုပ်ငန်းတွင် အလုပ်ရ ဖို့ ကြိုးစားသည်။ မအောင်မြင်ခင် စပ်ကြား စားပွဲထိုးလုပ်သည်။ သူလည်း သူလုပ်ချင်တာ လုပ်တာပါပဲ။

မော်နီကာက Chef ခေါ် အချက်အပြုတ်ပညာရှင်ဖြစ်သည်။ မအောင်မြင်သေး။ တစ်ခုလုပ်လိုက် အဆင်မပြေဖြစ်လိုက်။ တစ်ခုခု ပြောင်းလုပ်ဖို့လည်း ဘယ်တော့မှ စိတ်မကူး။ ဦးတည်ရာလမ်းကြောင်း အပျောက်မခံ။ သူ့ကို တစ်ဖက်သတ်စွဲလမ်းနေသည့် သန်းကြွယ်သူဌေး

လူပျိုကြီးတစ်ယောက်က စားသောက်ဆိုင်ကြီး တစ်ခုဖွင့်ပေးတာကျတော့ လည်း လက်မခံပြန်။ သူ့အစွမ်းနှင့်သူ ဖြစ်လာတာပဲ လိုချင်သတဲ့။ Professional Spirit ကို ပြသွားလိုက်တာ။

ဂျူဝီက မအောင်မြင်သော သရုပ်ဆောင်၊ သူမအောင်မြင်ရသည့် အဓိက အကြောင်းရင်းက လေ့လာမှု အားနည်း၍ဖြစ်သည်။ သရုပ်ဆောင်နာမည်ရွေးစဉ်က ချန်ဒလာက သူ့ကို 'ဂျိုးဇက်စတာလင်' ဆိုသည့် နာမည်ကို နောက်သလိုလို ပြောလိုက်တာကိုပင် အဲဒါရုရှား အာဏာရှင် နာမည်မှန်း မသိဘဲ အတည်ယူပြီး အင်တာဗျူးသွားဖြေ၍ ဒုက္ခရောက်ဖူး သည်။ သို့သော် သရုပ်ဆောင်အလုပ်ကိုတော့ ဘယ်တော့မှ မလျှော့၊ မရမချင်း ကြိုးစားသည်။

ဖီဘီက ငယ်စဉ်ကတည်းက မိဘစွန့်ပစ်တာခံရပြီး လမ်းဘေးမှာ ကြီးပြင်းလာရသူဖြစ်သည်။ အူကြောင်ကြောင် သီချင်းများရေးသည်။ တစ်ခါမှ မအောင်မြင်။ သို့သော် ဝါသနာကို မစွန့်။

အားလုံး အဲသလို ပြဿနာတွေ ဝိုင်းနေချိန်မှာ ချန်ဒလာက သူ့ အလုပ်မှာ 'လူကြီး' ဖြစ်သည်။ အဆင်ပြေသည်။ သို့သော် မပျော်ပါ။ ဘယ်လောက် မပျော်သလဲဆိုလျှင် သူငယ်ချင်းများ စုမိလျှင် ကိုယ့် အလုပ် ထဲက ကိစ္စတွေ မှုဝေထုတ်ပြောကြ၊ မျှဝေခံစားကြသော်လည်း သူဘာ လုပ်သလဲက စကားထာဝှက်စရာပါ ဖြစ်လာသည်။ ကိန်းဂဏန်းတွေ အများကြီး ကိုင်တွယ်ရသူဟုသာ လူတွေက သိကြသည်။

သူမုန်းတာလည်း ကိန်းဂဏန်းတွေပါပဲ။

သည်တော့ မိုးလင်း၊ မျက်နှာသစ်၊ မနက်စာစားပြီး သွားရသည့် အလုပ်က သူမသွားချင်သည့်အလုပ်။ ကျွန်တော့် 'အောင်မြင်မှု' စံနှုန်း နှင့်ဆိုလျှင် သူက မအောင်မြင်သူ။

စားဝတ်နေရေး ချောင်လည်မှုနှင့်သာ ကြည့်လျှင် သူက အအောင်မြင်ဆုံးသူ။ မြန်မာပြည်က မြင်နေကျ အမြင်မျိုးနှင့် ကြည့်ကြ လျှင် သူ့ဘဝကို အားကျကြမည်။ သူတို့စီးရီးကလေးထဲမှာတော့ သူ့ကို ဘယ်သူမှ အားမကျပါ။ တစ်ချိန်လုံး ဝိုင်းအားပေးနေကြရပါသည်။

အလုပ်၏ တန်ဖိုးကို အကျိုးအမြတ်တစ်ခုတည်းနှင့် မကြည့် တတ်သည့် အလေ့အကျင့်သည် လူငယ်အရွယ်ကလေးတွေမှာတောင် ခိုင်မာနေဟန်ပါပဲ။

'သူငယ်ချင်းများ' စီးရီးက ကျွန်တော်ရခဲ့သည့် လောကအမြင်က အဲဒါပါ။

ကျွန်တော့်အောင်မြင်မှု

'မင်္ဂလာရှိသော အောင်မြင်မှု' အမည်နှင့် မင်္ဂလသုတ်ကို အခြေခံပြီး စာအုပ်အထူကြီး တစ်အုပ် မကြာခင်က ကျွန်တော် ဖြန့်ဝေခဲ့သည်။ ဆရာတော်အရှင် ဒေါက်တာ ပညိဿရာဘိဝံသက 'အောင်မြင်သူ' ဟု လူငယ်တွေ အားကျနေသူတစ်ဦးက အဲသလိုရေးမှ လူငယ်တွေအကျိုး များမှာမို့ဟု ဆိုကာ တိုက်တွန်းခဲ့တာပါ။

ကျွန်တော့်ကို အားကျသူတွေ အများကြီးရှိကောင်းရှိမည်ဖြစ် သော်လည်း ကျွန်တော့်ကိုယ် ကျွန်တော်တော့ တချို့ကိစ္စတွေမှာ အောင်မြင်ပြီးတချို့ကိစ္စတွေမှာ မအောင်မြင်သူဟု မြင်ပါသည်။

စာရေးရတာ ကျွန်တော် ပျော်ပါသည်။

စာသင်ရတာလည်း ကျွန်တော် ပျော်ပါသည်။

ဆေးကုပေးလိုက်၍ လူနာ နေကောင်းသွားတာမြင်ရလျှင် ကျွန်တော် ပျော်သော်လည်း ဆေးကုနေရတာ မပျော်ပါ။ အစည်းအဝေး တက်ရတာ ကျွန်တော် မပျော်ပါ။ မပျော်သော အလုပ်ကို လုပ်ရတာ ပင်ပန်းပါသည်။ နေမကောင်းနေသည့် အခါများတွင် စာသင်စရာ၊

စာရေးစရာအလုပ်တွေကို နေမကောင်းနေ၍ ဟုဆိုကာ ကျွန်တော် ဆိုင်းမထားတတ်ပါ။ အဲသည် အလုပ်တွေလုပ်ရတာ ကျွန်တော်မပင်ပန်း ပါ။

ဆေးကုရတာ ပင်ပန်းပါသည်။ အစည်းအဝေးတက်ရတာ ပင်ပန်း ပါသည်။ မပျော်ဘဲများ ဘာကိစ္စဆရာဝန်လုပ်ခဲ့သလဲဟု မေးငြားအံ့။ ကျွန်တော်တို့ မျိုးဆက်မှာ လူလားမြောက်ခဲ့သော ပညာထူးချွန်သည့် မြန်မာလူငယ်တွေအတွက် ရွေးချယ်စရာ ဘယ်လောက် များများစားစား ရှိပါသလဲဟုသာ ဖြေရမည်သာ။

သည်ဘက်ခေတ်မှာတော့ လမ်းကြောင်းကလေးတွေက မျိုးစုံ ပွင့်လာခဲ့ပြီ။ လူငယ်များ ကိုယ်တစ်သက်လုံး လျှောက်ချင်သော လမ်းကြောင်းကို ကိုယ့်ဘာသာ စနစ်တကျ ရွေးချယ်၍ အောင်မြင်အောင် လုပ်ကြစေချင်ပါသည်။

ဘာမှ ဝါသနာမပါလို့ဆိုကာ ဘာမှမလုပ်ဘဲ အပျော်အပါးနှင့် အချိန်ဖြုန်းနေတာမျိုးကတော့ စိတ်ဓာတ်ပြတ်သားတာ မခေါ်ပါ။ အပျင်း ထူတာ သက်သက်ပါပဲ။

လူငယ်များ ဘဝအောင်မြင်မှုလမ်းကြောင်းပေါ် တက်နိုင်ကြပါစေ။

၁

# ဗြဟ္မာဖြစ်မည့် လူတွေ

သည်တစ်ခေါက် အရှုးလွယ်အိတ်ကို နှိုက်လိုက်တော့ 'ပန်းဒေါင်း' ထွက် လာသည်။

ရေးခဲ့၊ ထုတ်ဝေခဲ့ဖူးသမျှ လုံးချင်းဝတ္ထုရှည် ရှစ်အုပ်ထဲမှာ 'ပန်းဒေါင်း'က နောက်ဆုံးမှ ထွက်လာတာဖြစ်သော်လည်း နောက်ဆုံး ဝတ္ထုရှည်တော့ မဟုတ်။ ကျွန်တော်က ပရိသတ် လက်ခံနေသေးသရွေ့

ဆက်ရေးနေမှာ ဖြစ်သည်။ ယခုတောင် 'ကျောက်စရစ်ခဲလေးများမှ တစ်ဆင့်' စာစီနေပြီး ၂၀၁၅ မတ်လထွက်ဖို့ မှန်းထားသည်။

ပထမဦးဆုံးလည်း မဟုတ်။ 'ကြိုးကြာတောင်ပံခတ်သံ' က ပထမဦး ဆုံးဖြစ်သည်။ အကြာဆုံး သိမ်းထားရသည့် ဝတ္ထုလည်းမဟုတ်။ 'တိမ်ညို မှာ ငွေဇာကွပ်ကယ်နှင့်' က ၂၅ နှစ် သိမ်းခဲ့ရသည့် ဝတ္ထုဖြစ်သည်။

'ပန်းဒေါင်း'၏ ထူးခြားချက်ကတော့ ထွက်ထွက်ခြင်းကတည်းက ပရိသတ် လှိုက်လှိုက်လှဲလှဲ လက်ခံတာဖြစ်သည်။

ကျေးဇူးတင်ရပါသည်။

ငယ်လက်ကို မမီတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် လက်ကျသွားပြီဟု စာရေးဆရာတွေထင်တတ်သော အရွယ်မှာ 'ပန်းဒေါင်း' ကို ပရိသတ် အားပေးလိုက်ပုံက တကယ့်ကို အားတက်စရာပါ။

ရုပ်ရှင်ရိုက်ဖို့လည်း ဝယ်သွားပြီ။

အချစ်ဇာတ်လမ်းဖြစ်သော 'တစ်ပွင့်ကျန်' တို့၊ ရုပ်ရှင်ရိုက်ဖို့ လွယ်သော 'တိမ်တွေတောင်တွေနှင့် ခရီးသည်' တို့ပင်လျှင် သည်လောက် တာထွက်မလှခဲ့။

'ပန်းဒေါင်း' ၏ အောင်မြင်မှုကို ဝေဖန်သူတိုင်းက ကျွန်တော်၏ ခေတ်အမြင် သုံးသပ်နိုင်မှုကို ချီးကျူးပြောကြသော်လည်း ကျွန်တော်က တော့ 'ပန်းဒေါင်း' အောင်မြင်တာ ကျွန်တော့်ကြောင့်ဟု မထင်ပါ။

ပရိသတ်ကြောင့်ပါပဲ။

ပရိသတ်ရင်ထဲမှာ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' တည်း ဟူသော ဗြဟ္မစိုရ် တရားလေးပါး အားကောင်းနေ၍ပါ။

ပန်းဒေါင်းသန္ဓေ

'ပန်းဒေါင်း'၏ သန္ဓေက 'ခင်နှင်းကြည်သာ' မဟုတ်ပါ။

ခင်နှင်းကြည်သာက 'ပန်းဒေါင်း' ပါပဲ။

'ဒေါင်း' နှင့်တူသည့် အတွေ့အကြုံရင့်ကျက်သူတို့၏ အမြော်အမြင်ရှိမှုနှင့် ဆင်ခြင်တုံတရား၊ 'ပန်း' နှင့်တူသည့် ငယ်ရွယ်သူတို့၏ စိတ်အားထက်သန်မှု၊ အဲဒါတွေက ဘာကြောင့် သည်ပေါင်တစ်ရာတောင် မပြည့်သည့် အသက်အစိတ်အရွယ် အယ်ဒီတာမပေါက်စလေးမှာ ဒွန် တွဲ၍ ရှိနေတာလဲဆိုတာကို အံ့ဩသည့်စိတ်ဖြင့် ကျွန်တော် 'ပန်းဒေါင်း' ကို စရေးခဲ့တာပါ။

ရေးရင်းက လေ့လာ၊ လေ့လာရင်းက ပိုသိ၊ ပိုသိတော့ ပိုစိတ် ဝင်စား၊ တကယ်တော့ သည်ကလေးမလေးနှင့် ကျွန်တော်လူချင်းစဆုံ၊ တွေ့ဖူးချိန်မှာ 'ပန်းဒေါင်း' က 'သရဖူ မဂ္ဂဇင်း' မှာ သုံးပိုင်းလောက်ပါပြီး နေပါပြီ။

ပခုက္ကူမြို့နယ် မြိုင်ဒေသ သစ်တော ကြိုးဝိုင်းတစ်လျှောက်တွင်လည်း အဲသည် ကလေးမဦးဆောင်သည့် 'တစ်ကိုယ်တော်ပရဟိတသမားများ ကွန်ရက်' ဆိုသည့် လူငယ်အုပ်စုလေးက ဆောက်ထားသည့် စာသင်ကျောင်းတွေ၊ ရေကန်တွေ တန်းစီနေပါပြီ။ အမေရိကန် ပြည်ထောင်စု အခြေစိုက်အဖွဲ့တစ်ဖွဲ့ကလည်း ဆရာမကြီး ဒေါ်သန်းမြင့်အောင်၊ ခင်နှင်းကြည်သာ၊ ပန်းစကားအဖွဲ့နှင့် ဝမ်းမိုးအဖွဲ့တို့ကို လူထုဂုဏ်ရည်ဆုတွေ ချီးမြှင့်ဖို့ ကြေညာပြီးပါပြီ။

သူ့ကို ကျွန်တော်လူကိုယ်တိုင် တွေ့ခွင့်၊ ခင်မင်ခွင့်ရခဲ့တာက ဒေါ်အောင်ဆန်းစုကြည် တည်ထောင်သည့် 'ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း' ရွှေ့လျားစာကြည့်တိုက်ရှိရာ ကော့မှူးသို့ စာရေးဆရာကြီး ကြည်မင်း ခေါ် ကျော်စောမင်းနှင့်အတူ စာပေဟောပြောဖို့ သွားရင်း စကားစပ်မိရာက ဆရာကြီး ကြည်မင်းက ခင်နှင်းကြည်သာ၏ ဖခင်ဖြစ်နေတာ သိလိုက်ရလို့ပါပဲ။

'ပန်းဒေါင်း'၏ သန္ဓေအစစ်ကတော့ ဆရာနှင့် ဆရာကတော်ပါပဲ။

စံပြမိဘ

ကျွန်တော့် သားနှင့်သမီး ပညာ ထူးချွန်ကြတော့ ကျွန်တော်နှင့် ကျွန်တော့်ဇနီးကို အားကျကြောင်း ရင်းနှီးသူတွေက ဆိုကြသည်။

ကျွန်တော် ဂုဏ်ယူပါသည်။

သို့သော် ကျွန်တော် ဂုဏ်ယူနေတာက သူတို့ ပညာထူးချွန်တာ ကို ဂုဏ်ယူတာမျိုး မဟုတ်ဘဲ သူတို့ကို ဘဝမှာ ဘာလုပ်ရမည်၊ ညာ လုပ်ရမည်ဆိုတာမျိုး တစ်ခါမှ ဖိအားမပေးခဲ့ဘဲ သူတို့စိတ်ဝင်စားရာလေး တွေမှာပဲ ထူးချွန်အောင် ပံ့ပိုးပေးနိုင်ခဲ့သည့် မိဘမျိုးဖြစ်တာရယ်၊ ပြီးတော့ ယခုအချိန်အထိ မိဘမျက်နှာပျက်စရာ ခြေလှမ်းမှား ဘာမှမရှိရလေအောင် ရင်းရင်းနှီးနှီး ဝင်ပူးပြီး စောင့်ရှောက်နိုင်ခဲ့တာရယ်ကိုပဲ ဂုဏ်ယူတာပါ။ မိဘတာဝန် သားသမီးပညာထူးချွန်မှ ကျေသည်ဟု ကျွန်တော်တစ်ခါမှ မခံယူခဲ့ဖူးပါ။ ပညာရေးနှင့်ပတ်သက်၍ သားသမီးကို ဖိအားပေးလွန်းသည့် မိဘတွေ တွေ့လျှင်လည်း ကိုယ့်ထက်ငယ်လျှင် ကျွန်တော်အမြဲဆူပါသည်။

ကိုယ့်ကိုယ်ကိုယ် သားသမီးဆုံးမတာ တော်လှပြီဟု ထင်ထားသော ကျွန်တော်၊ ဆရာတို့မိသားစုနှင့်တွေ့တော့မှ ဆလံသရပါတော့သည်။

ဆရာက တိမ္ဘွေးကုတက္ကသိုလ်၊ ခွဲစိတ်ပါမောက္ခ၊ ဌာနမှူးနှင့် ပါမောက္ခချုပ်ဘဝက အငြိမ်းစားယူခဲ့တာဖြစ်ပြီး ဆရာကတော်က ဆေး ပညာပါမောက္ခ ဌာနမှူးနှင့် ဒုတိယပါမောက္ခချုပ်ဘဝကနေ အငြိမ်းစား ယူခဲ့တာပါ။

ကလေးက မိန်းကလေးတွေချည်းပဲ ငါးယောက်။ အားလုံး ရေဆင်းမှာ ကြီးခဲ့ကြတာပါ။ ဘွဲ့ရတော့ အမျိုးမျိုး။ သို့သော် ဘမျိုးဘိုးတူ အားလုံး သတင်းအယ်ဒီတာတွေ ဖြစ်လာတာပါပဲ။

ခင်နှင်းကြည်သာက အငယ်ဆုံး။

သတင်းတစ်ခုယူဖို့အတွက် မြိုင်ဒေသက တောင်တန်းတွေပေါ် လျှောက်သွားခဲ့သော အသက် ၂၅ နှစ်အရွယ် မိန်းကလေး။ အဲသည် တောင်တန်းပေါ်ရှိ သစ်တောကြိုးဝိုင်းထဲက ရွာလေးတွေရှိ ကလေးငယ် လေးတွေ ပညာမသင်ရတာ၊ ကျန်းမာရေး၊ လူမှုရေးအစစအရာရာ နိမ့် ကျတာတွေကို မြင်ရတော့ သနားလွန်းလို့ ကူညီချင်စိတ်နဲ့ တစ်ကိုယ်တော် ပရဟိတသမားများ ကွန်ရက်ကို ထူထောင်ခဲ့သတဲ့။ နှစ်နှစ်ကြာခဲ့ပြီ။ ယခု ကျွန်တော်သည် ဆောင်းပါးရေးနေချိန်မှာလည်း အဲသည် ကလေးမနှင့် သူ့သူငယ်ချင်းတွေ တောင်ပေါ်မှာပါပဲ။

ဒါရိုက်တာ မီးပွားရယ်၊ သင်္ကေတရုပ်ရှင် ကုမ္ပဏီရယ်၊ ကျွန်တော် ရယ်က 'ပန်းဒေါင်း' ရုပ်ရှင်ကားကြီးမှာ သရုပ်ဆောင်ဖို့ မင်းသမီးတစ်လက်ကို သူ့ပုံစံအတိုင်းထွက်ဖို့ အပူတပြင်း သွန်သင်နေချိန်မှာ သူကတော့ သူ့အလုပ် ပဲ သူဆက်လုပ်နေခဲ့သည်။

အမေရိကန်ပြည်ထောင်စု အခြေစိုက်အဖွဲ့တစ်ဖွဲ့က သူ့ကို လူထု ဂုဏ်ရည် အထူးဆု ချီးမြှင့်တော့ သူ့ကို ချစ်သည့် သူ့ကွန်ရက်မှာ ပံ့ပိုး ကူညီနေကြသည့် အလှူရှင်တွေ ရောက်လာကြသည်။ နိုင်ငံခြားက လူတွေ တောင်ပါသည်။ သူနှင့်အခုမှ လူချင်းတွေ့ဖူးကြတာများသည်။ သူကတော့ တောင်တန်းပေါ်က ကလေးလေးတွေအတွက် သူဆက်လုပ် ပေးချင်သည့် ကိစ္စတွေသာ တတွတ်တွတ်ပြောနေဆဲ။

ဒေါ်လာနှင့် အလုပ် တစ်ခုရတော့လည်း ငြင်းလိုက်သတဲ့။ တစ်လ မှာ ၁၀ ရက်လောက် တောင်တန်းဘက် ခရီးထွက်ရမှာဆိုတော့ လပေး လစာနှင့် တာဝန်မကျေမှာစိုးလို့တဲ့။

ကလေးကို အဲသလို တွေးတတ်အောင် မိဘက ဘယ်လိုမျိုး သွန်သင်ဆုံးမခဲ့ပါလိမ့်။ ကျွန်တော် သိချင်စိတ်အတော်ပြင်းပြလာခဲ့သည်။

ငယ်ငယ် ရေဆင်းမှာနေတုန်းက အမေ ပါမောက္ခဆရာမကြီးက တိုဟူးကြော်သတဲ့။ သမီးတွေက ကျောင်းသွားရင်း နိုင်သလောက် သယ် သွားပြီး အကြော်ဖိုမှာ သွင်းသတဲ့။ အဲဒါ မိသားစုဝင်ငွေ မလောက်င လို့ မဟုတ်ဘူးတဲ့။ ချို့တဲ့သည့် တက္ကသိုလ်ကျောင်းသားတွေကို ထောက်ပံ့ ဖို့ အပိုဝင်ငွေရှာတာတဲ့။ ဘုရား ...ဘုရား။

အဖေပါမောက္ခကြီးက ညညထ လမ်းပြင်သတဲ့။ နေ့ခင်း လူ သိအောင်ပြင်လျှင် သူများတွေ လိုက်လုပ်ဖို့ ခိုင်းသလို ဖြစ်မှာစိုး၍တဲ့။

စံပြမိဘဆိုတာ အဲဒါပါပဲ။

ကျွန်တော်တို့ လိုက်မမီပါ။

ကျွန်တော်သာဆိုလျှင် အသက် အစိတ်အရွယ် သမီးငယ်ကို အစကတည်းက တောင်တန်း ဒေသပေါ်ကို သတင်းယူဖို့ ပေးသွားမှာ မဟုတ်ပါ။ ဒါ အမှန်ပါပဲ။

ဗြဟ္မစိုရ်တရားလေးပါး

ပရဟိတသမားတွေကို ချစ်တတ်ဖို့ကတော့ ပရဟိတနှလုံးသားရှိသူတွေ အတွက်သာ ဖြစ်နိုင်ပါလိမ့်မည်။

တကယ်တမ်း သူတို့လေးတွေ လုပ်နေသည့် ပရဟိတလုပ်ငန်း တွေမှာလည်း ခလုတ်ကန်သင်းက အပြည့်ပါ။

ကိုယ့်ဒေသကို လာကူညီနေသည်ကို မမြင်ဘဲ ကိုယ့်ပေါင်ကိုယ် သူများက လှန်ထောင်းနေသည်ဟု မြင်သူတွေက ကူညီဖို့ နေနေသာသာ နှောင့်ယှက်တာတွေပင် ရှိသည်။

ခင်နှင်းကြည်သာ တစ်ခါပြောဖူးသည်။

'သူတို့ပြောတဲ့အတိုင်း လုပ်လိုက်ပါတယ်၊ ကျွန်မတို့ ဘယ်သူ့ကို မှ အနိုင်မယူချင်၊ အနိုင်မရချင်ပါဘူး၊ နိုင်ဖို့လည်း မလိုပါဘူး၊ အကူအညီလိုနေတဲ့ကလေးလေးတွေ အကူအညီရဖို့က အဓိကပါ'

မှန်လိုက်လေ။

အဲဒါ ဥပေက္ခာတရား မဟုတ်ပါလား။

မြန်မာလူမျိုးတွေ မေတ္တာ၊ ကရုဏာတော့ ထားနိုင်ကြသည်။ မုဒိတာနှင့် ဥပေက္ခာသာ ထားနိုင်လျှင် အတော်တိုးတက်နေပြီဟု ဆရာတော်တစ်ပါး မိန့်ကြားသည်ကိုပင် မှတ်မိသေးတော့။

ပရဟိတ လုပ်ငန်းဆောင်ရွက်သည် ဆိုတာက မေတ္တာရော၊ ကရုဏာရော၊ မုဒိတာရော၊ ဥပေက္ခာပါ ထားနိုင်မှ အဆင်ပြေတာ မဟုတ် ပါလား။

မမသန်းမြင့်အောင် (နာရေးကူညီမှု အသင်း) တောင် သူဆုရ တုန်းက ပြောဖူးသည်။

'မင်းသမီးတောင် လူကြမ်းနှိပ်စက်ပြမှ အကယ်ဒမီရသလိုပါပဲ၊ ကျွန်မတို့ အလုပ်တွေကို ပြည်သူတွေ အားပေးကြတယ်ဆိုတာ ကူညီ နေတဲ့သူတွေရှိသလို အဟန့်အတားလုပ်တဲ့သူတွေလည်း ရှိတာပါပဲ၊ အဲဒီလူတွေကြောင့် ကျွန်မတို့ ပိုအချစ်ခံရတာဆိုတော့ အဲဒီလူတွေကို လည်း ကျေးဇူးတင်ပါတယ်'

ဒါလည်း မေတ္တာကြီးသူတို့ရဲ့ ဥပေက္ခာတရားပါပဲ။

မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်သတဲ့။

'ပန်းဒေါင်း'၏ အောင်မြင်မှုက ဗြဟ္မစိုရ်တရားကြီးမားသူ လူငယ်၊ လူကြီး ပရဟိတသမားတွေအကြောင်း ရေးထားတာကို ဗြဟ္မစိုရ် နှလုံးသား ရှိသည့် ပရိသတ်က ရောင်ပြန်ဟပ်ခဲ့တာပါ။

အဲသည်အတွက် ဇာတ်ကောင်တွေကို ကျေးဇူးတင်သလို ပရိသတ် ကိုလည်း ကျေးဇူးတင်ပါသည်။

အဲသည် သူတွေအားလုံး ဖြဟ္မပြည်ရောက်ကြမှာပါပဲ။
ကိုယ် ပါအောင်တောင် အတော် ကြိုးစားရဦးမှာပါ။

၁

## အစာမကြေတဲ့တား

သည်တစ်ခေါက် အရူးလွယ်အိတ်ကို နှိုက်လိုက်တော့ ဆာဂျီယိုလီယွန် ထွက်လာသည်။

ဆာဂျီယိုလီယွန်ဆိုတာ အီတာလျံလူမျိုး ရုပ်ရှင် ဒါရိုက်တာကြီးပါ။ သူရိုက်သော 'Once upon a time in the west' ရုပ်ရှင်အကြောင်းကို Wellness မှာ ကျွန်တော် နှစ်လဆက် ဆောင်းပါးတောင် ရေးဖူးသည်။ သို့သော် သည်ဘက်ခေတ်လူလတ်ပိုင်းတွေ သူ့ကို ပိုအသိများသည့် ရုပ်ရှင် ကတော့ The Good, The Bad and The Ugly ဖြစ်သည်။

မှန်ပါသည်။ Western ခေါ် ကောင်းဘွိုင်ကားတွေချည်းပါပဲ။ ကျွန်တော့်ကို ကောင်းဘွိုင်ကားတွေ ကြိုက်သလားဟု မေးလျှင် Drama ခေါ် လေးနက်သိမ်မွေ့သည့် မေတ္တာဖွဲ့ ဇာတ်လမ်းတွေလောက်တော့ မကြိုက်ဘူးဟု ဖြေရမည်ဖြစ်သော်လည်း ဆာဂျီယိုလီယွန်၏ ကောင်းဘွိုင် ကားတွေကိုတော့ မကြိုက်ဘဲ မနေနိုင်ပါ။

အီတလီက လာသူက အမေရိကန်ပြည်ထောင်စုမှာ ၁၉ ရာစုနှစ် က ဖြစ်သည့် ဇာတ်လမ်းတွေနှင့် အောင်မြင်တာတဲ့လေ။

'A fist full of dollar'

'For a few dollar more'

အဲသည့်ကားတွေလည်း လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တာပဲ။ အဲသည်ကားတွေကြောင့်ပဲ ကလင့်အိစ်ဝုဒ် (Clint Eastwood) တစ်ယောက် ကမ္ဘာကျော်မင်းသား ဖြစ်ခဲ့တာ အားလုံးအသိ။ သည်တစ်ခါ ဆာဂျီယိုလီယွန်ကို သွားသတိရတာကတော့ သူ့နာမည်ကျော် The good, The bad and The ugly ရုပ်ရှင်ကြောင့်ပါပဲ။

The good, The bad and The ugly

အဲသည့်ရုပ်ရှင်မှာ ပရိသတ် အမှတ်မိဆုံး အခန်းက နောက်ဆုံး အခန်းမှာ သင်္ချိုင်းကုန်းအလယ်က မြေကွက်လပ် ကလေးထဲတွင် The Good (ကလင့်အိစ်ဝုဒ်)၊ The Bad (လီဗင်ကလိဖ်)နှင့် The Ugly (သရုပ်ဆောင် အမည်မမှတ်မိတော့) သုံးယောက်တို့ သုံးပွင့်ဆိုင် သေနတ်ပစ်ကြ သည့် အခန်းပါ။ နောက်ပိုင်း မြန်မာရုပ်ပြဇာတ်လမ်းတွေမှာ လိုက်အတုခိုး ကြတာတောင် ကျွန်တော် မှတ်မိသေးသည်။ သို့သော် ယခု ကျွန်တော် သွားသတိရနေတာက အဲသည်ရှေ့က အခန်းကလေးပါ။

ပြဿနာတံတား

အဲသည့်ရုပ်ရှင်က အမေရိကန်ပြည်တွင်း စစ်ကာလကို အခြေခံထားသည်။ ယန်းကီးခေါ် မြောက်ပိုင်းသားတို့က တောင်ပိုင်းသားတွေကို အနိုင်ရခါနီး ဆဲဆဲပါ။ The Good ရော The Bad ရော The Ugly ရော ကြေးစား သေနတ်သမားတွေချည်းပါပဲ။ အဲသည်ထဲမှာ The Good က နည်းနည်း စိတ်ကောင်းရှိပြီး The Bad က ကောက်ကျစ်သည်။ The Ugly က ဉာဏ်မကောင်း။ နောက်တော့ သူက The Good နဲ့ ပေါင်းပြီး The Bad ကို ရင်ဆိုင်သည်။

ဇာတ်လမ်းကတော့ မြုပ်နှံထားသည့် ငွေတွေရှာသည့် ဇာတ်လမ်းပါ ပဲ။ သို့သော် ပြည်တွင်း စစ်ကာလထဲမှာ ရိုက်ထားတာဆိုတော့ ဇာတ် သိမ်းခါနီးမှာ The Good နှင့် The Ugly နှစ်ယောက် တံတားတစ်ခု၏ ဟိုဘက်နှင့် သည်ဘက်မှာ တပ်စွဲပြီး စစ်ဖြစ်နေကြသည့် တပ်နှစ်တပ် နှင့်သွားဆုံသည်။

အပြာရောင်တပ်နှင့် မီးခိုးရောင်တပ်ပေါ့။

အပြာရောင်တပ်က မြောက်ပိုင်းသားတွေ စစ်နိုင်နေသူတွေပါ။ မီးခိုးရောင်တပ်က တောင်ပိုင်းသား စစ်ရှုံးနေသူတွေ။

အပြာရောင် တပ်ခေါင်းဆောင်ဗိုလ်ကြီးနှင့် သူတို့ဆုံတော့ အဲသည် လူက အရက်ထိုင်သောက်နေသည်။ စိတ်ဓာတ်ကျနေသတဲ့။ အမေရိကန် နိုင်ငံသားအချင်းချင်း ပြန်တိုက်နေတာ ကြည့်ရတာ စိတ်မချမ်းသာလို့တဲ့။ သည်တံတားကိုပဲ ကြည့်တဲ့။ နှစ်ဖက်စလုံးက သည်တံတားကို အရေးပါ သောနေရာဟု သတ်မှတ်ပြီး စီးနင်းသိမ်းဖို့ ကြံနေကြတာတဲ့။ တစ်နေ့ တစ်နေ့ သည်တံတားအတွက် ပေးလိုက်ရသည့် အသက်တွေ မနည်းပါတဲ့။ သူက တတ်နိုင်ရင်သည် တံတားကိုတောင် ဖျက်ဆီးပစ်လိုက်ချင်သတဲ့။ သည်တံတားအတွက် လူတွေသေနေရတာ ကြည့်ပြီး မခံစားနိုင်တော့ လို့တဲ့။

စိတ်ကောင်းရှိသော The Good က အဲသည့်ဗိုလ်ကြီးကို လေးစားသွားသည်။ အဲသည်ဗိုလ်ကြီး ဒဏ်ရာနှင့် အသက်ငင်နေချိန်မှာ The Ugly ကို ခေါ်ပြီး တံတားကို သွားဖောက်ခွဲပစ်လိုက်သည်။ The Ugly ကတော့ မှတ်ချက်ချသည်။

'သူတို့ တခြားတစ်နေရာရှာပြီး ဆက်တိုက်နေကြဦးမှာပါကွာ'တဲ့။

ဗိုလ်ကြီးကတော့ တံတားပေါက်ကွဲသံကို နားစွင့်၍ ပြုံးပြုံးကလေး အသက်ထွက်သွားသည်။ အဲသည့်အခန်းကလေးက ကျွန်တော့် အတွေးထဲ မှာ စိုးမိုးနေတာပါ။

လမ်းပေါ်က လူငယ်တွေ

ကလေးဆရာဝန် ဘာလို့လုပ်သလဲဟု မေးလျှင် ကလေးတွေကို ချစ်လို့ဟုပဲ ဖြေရမည်။ အတူတူပါပဲ။ လူငယ်စာပေတွေ ဘာကြောင့်ရေးသလဲဟု မေးလျှင် လူငယ်တွေကို ချစ်လို့ဟုပဲ ဖြေရပါမည်။

လူငယ်တွေက တကယ်ကို ချစ်စရာ ကောင်းတာလေ။ လူကြီးတွေ နှင့် နှိုင်းယှဉ်ကြည့်လေလေ၊ လူငယ်တွေ ချစ်စရာကောင်းတာ ထင်ရှား လေလေ။ ကိုယ့်သားသမီးတွေက အရွယ်ရောက်လာလေလေ၊ လူငယ် ကလေးတွေ ကြည့်ရတာ ကိုယ့်သားသမီးကလေးတွေနှင့် တူလာလေလေ။

ဒါနှင့်ပဲ ကျွန်တော် လူငယ်ကလေးတွေအတွက် စာတွေ ရေးဖြစ်၊ ရေးဖြစ်နေတာပါ။

အခုတလော ကျွန်တော်ချစ်သည့် လူငယ်ကလေးတွေ လမ်းပေါ် ရောက်ရောက်နေကြသည်။ ယုံကြည်ချက်နှင့် အတွေးအခေါ် မဲ့သဖြင့် လမ်းပေါ်ရောက်နေသည့် လူငယ်တွေက နှမြောစရာသိပ်မကောင်း။ အတွေးအခေါ် ပြည့်ဝ၍ ယုံကြည်ချက်ခိုင်မာသည့် လူငယ်တွေ လမ်းပေါ် မှာ အများကြီး ရောက်နေတာက စိတ်ပူစရာကောင်းလှသည်။

ဆိုရှယ်လစ် အစိုးရအာဏာ သိမ်းချိန်မှာ မွေးဖွား။ ဆိုရှယ်လစ် ခေတ်မှာ ကြီးပြင်းပြီး စစ်အစိုးရခေတ်မှာ လူကြီးပိုင်းရောက်လာသော ကျွန်တော်တို့ အရွယ်လူကြီးတွေ အတွက်ကတော့ အဲသည့် စိတ်ပူစရာ မြင်ကွင်းက ဘဝတစ်လျှောက်လုံး မြင်နေခဲ့ရတာပါဟု ပြောလျှင် မှားမည် မထင်။

လမ်းပေါ် ရောက်နေသည့် လမ်းပျောက်သူများ

ဆိုရှယ်လစ်ခေတ်က မြန်မာရုပ်ရှင်ကား တစ်ခုအမည်ကိုပဲ မှီး၍ သုံးပါရစေဦး။

ထိုလူငယ်ကလေးတွေ ကြည့်ရတာ လမ်းပျောက်နေသူတွေနှင့် တူလွန်းလို့ပါ။

အဲသလို ရေးလိုက်တာနှင့် ဒီမိုကရေစီ လိုလားသူဟု အမည်ခံထား သည့် အုပ်စုကတော့ ကျွန်တော့်ကို ဝိုင်းတွယ်ဖို့ ဟန်ပြင်ကြရောပေ့။

ကျွန်တော့်စကားကို ဆုံးအောင် နားထောင်ပါဦး။ သူတို့က လမ်း ပေါ်မှာ လမ်းပျောက်နေသူတွေ မဟုတ်ပါ။ လမ်းပျောက်နေ၍ လမ်းပေါ် ရောက်လာကြတာ ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည် ဘယ်လောက်ပဲ တိုးတက်နေပါစေ။ ဆင်းရဲသူ နှင့် ချမ်းသာသူက ရှိနေမှာပါပဲ။ ဘဝအောင်မြင်သူနှင့် မအောင်မြင်သူတွေ က ရှိနေမှာပါပဲ။ ဆင်းရဲရုံ၊ ဘဝမှာ မအောင်မြင်ရုံနှင့် ဘယ်သူမှ ခံစားချက် တွေ ပေါက်ကွဲမထွက်တတ်ကြပါ။ လမ်းပျောက်နေမှသာလျှင် ခံစားချက် တွေ ပေါက်ကွဲထွက်တတ်တာမျိုးပါ။

ကျောင်းသား သမဂ္ဂအဆောက်အအုံ ဖြိုခွဲခံရတုန်းက ကျွန်တော် အခါမလည်သေး။ ဦးသန့်အရေးအခင်း၊ မှိုင်းရာပြည့်အရေးအခင်းတို့မှာ ကျွန်တော်အလယ်တန်း အထက်တန်းကျောင်းသား ဖြစ်နေပြီ။ ၁၉၈၈ အရေးတော်ပုံမှာ ကျွန်တော် ဝန်ထမ်းဘဝ။ ဘယ်တုန်းကမှ ကျွန်တော် ဆန္ဒမပြခဲ့ဖူးပါ။ သို့သော် ဆန္ဒပြသူတွေကို မှားသည်ဟု ထင်တာမျိုး၊ သူတို့လုပ်ရပ်ကို လက်မခံတာမျိုးမဟုတ်။ ကိုယ့်ခံစားချက်နှင့် ကိုယ်ဖြစ် သည်။

၁၉၈၈ မှာ ကျွန်တော်ရှေ့တန်း ရောက်နေ၍ ဆန္ဒမပြဖြစ်တာ ထားဦးတော့။ အစ်ကိုဆရာက ကလေးဆေးရုံကြီးမှာ။ အဘိုးဆရာကိုယ်တိုင်

ဦးဆောင်ဆန္ဒပြတော့ သူ့အပေါင်းအသင်းတွေ အားလုံးပါသွားပြီး သူက မလိုက်။ အဲဒါကို အဘိုးဆရာက စိတ်ဆိုးတော့ သူဖြေသည်။

'ဒီမှာ လုပ်စရာတွေ အများကြီးပဲဆရာ၊ ကျွန်တော် မလိုက်နိုင်သေး ဘူး' မှန်ပါသည်။

အဲသည်အချိန်က သူကလေးဆေးရုံကြီးကနေ လနှင့်ချီ၍ မပြန် ဘဲ ဆေးကုနေခဲ့တာပါ။ သူပြောမှ အဘိုးဆရာပင်လျှင် စိတ်ပြေသွားပြီး သူ့ကို တစ်ရက် လူနာကူကြည့်ပေးသွားသေးပါသည်။ ရှေ့မှာ လျှောက်ရ မည့် လမ်းကြောင်းက ရှင်းနေတော့ သူ့အာရုံက တခြားကို မစိုက်နိုင်တာ မျိုးပါ။ ကျွန်တော်လည်း ထို့အတူပါပဲ။ မတရားမှုတွေ၊ တရားမှုတွေ ကိုယ့် ဘေးမှာ ဖြစ်ပျက်နေကြတာ ထင်ရှားစွာ တွေ့နေရသော်လည်း ကျွန်တော် ဆန္ဒမပြဖြစ်ပါ။ လမ်းမှ တစ်ခါမှ မပျောက်ခဲ့တာကိုး။ လမ်းမပျောက်ဘူးဆို တာ အောင်မြင်ကြီးပွား ချမ်းသာနေတာကို ပြောတာမဟုတ်ပါ။ ဘယ် အချိန်မှာ ဘာလုပ်ရမည်ဆိုတာကို ထင်ရှားစွာ တွေ့နေရတာရယ်၊ အဲသလိုလုပ်လိုက်လျှင် မှန်းသည့်အတိုင်း ဖြစ်ဖြစ်လာတတ်တာရယ်ကို ပြောတာပါ။ အဲဒါကျွန်တော့် အရည်အချင်းနှင့် ဘာမှမဆိုင်ပါ။ ကံကောင်း တာ၊ တိုက်ဆိုင်တာကလေးတွေ စုစုနေတာပါ။ ရှေးဘဝအကျိုးပဲ ဆိုချင်ဆို။

လူငယ်အများစု အဲသလို ကံမကောင်းခဲ့တာတော့ အမှန်ပါပဲ။ ကြိုးစားအားထုတ်ချင်စိတ်ရော၊ ဉာဏ်ပညာနှင့် အတွေးအခေါ် ဆင်ခြင် တုံတရားပါ ရှိသင့်သလောက်ရှိပါလျက် လမ်းပျောက်နေသည့် လူငယ် ကလေးတွေ အများကြီး ရှိနေသည်ဆိုသည့် အချက်က ဘယ်လိုမှ ငြင်းမရ ပါ။ သူတို့ ကလေးတွေမှာ အစာမကြေစရာတွေ အများကြီးပါပဲ။ လမ်းက ပျောက်နေတာကိုး။ အဲသလို အစာမကြေတာတွေ များလျှင် သူတို့လမ်းပေါ်

ရောက်လာကြမှာပါပဲ။ သူတို့ အများကြီး ရောက်လာလျှင် အစာမကြေသူ တွေ တစ်နည်းအားဖြင့် လမ်းပျောက်နေသူတွေ အများကြီးပဲဆိုတာ ထင်ရှားတာပါပဲ။

ခေတ်ကို ဆန္ဒပြကြမည်။ စနစ်ကို ဆန္ဒပြကြမည်။ အစိုးရကို ဆန္ဒပြ ကြမည်။ လူငယ်တွေ အများကြီး လမ်းပျောက်နေတာ စနစ်မှာ လုံးလုံး တာဝန်ရှိသလား။ အစိုးရမှာ လုံးလုံးတာဝန်ရှိသလား။ သူတို့မှာကော တာဝန်မရှိတော့ဘူးလားဟု မေးသူတွေ တွေ့ဖူးပါသည်။

ဟုတ်ကဲ့။ အဲဒါ ကျွန်တော့် အဖြေပါ။

လူငယ်တချို့ လမ်းပျောက်တာကို တာဝန်မယူချင်နေပါ။ လူငယ် တွေ အများကြီး လမ်းပျောက်နေလျှင်တော့ လုံးလုံးလျားလျား တာဝန်ယူ ရပါလိမ့်မည်။ အဲဒါစနစ်၏ တာဝန်၊ အစိုးရ၏ တာဝန်ပါ။ ရှင်းကို ရှင်းပေး ရပါမည်။

လူငယ်အများစု အထက်တန်းပညာ မသင်နိုင်ဘူးဆိုလျှင် ဟုတ် ကဲ့။ တာဝန်ယူရပါမည်။

လူငယ်တွေ သင်သည့် အထက်တန်း ပညာက လူငယ်တွေ၏ ဘဝ ကို ဘာအထောက်အကူမှ မပေးနိုင်တာများနေပြီဆိုလျှင် ဟုတ်ကဲ့ တာဝန် ရှိပါသည်။

အထက်တန်းပညာ သင်ယူရခြင်း၊ မယူရခြင်းသည် လူငယ် တစ်ယောက်၏ ဘဝကို ထူးထူးခြားခြား မပြောင်းလဲစေဘူးဆိုလျှင်
ဟုတ်ကဲ့ ကိုယ့်ကိစ္စတွေပါ။

သူတို့ ပညာကောင်းကောင်းလည်း မသင်ကြပါဘူး။ စိတ်ပဲ လေနေ ကြတာပဲ။ စာမေးပွဲကျတော့ အချောင် အောင်ချင်နေကြတာဆိုလျှင် အကြီးကြီး ဟုတ်ကဲ့ ပါ။ အဲဒါတွေ အဲသလို မဟုတ်တော့အောင် လုပ်ပေးဖို့ လည်း ကိုယ့်တာဝန်ချည်းပါပဲ။

အဲသလို ကျွန်တော်ပြောလျှင် စိတ်ဆိုးမည့်သူတွေ အများကြီးရှိလိမ့် မည်ဆိုတာ ကျွန်တော်သိပါသည်။ သိလျက်နှင့် ပြောတာပါ။ ရင်ထဲမှာ

ရှိသည့်အတိုင်း အရေးကြီးသည့် ကိစ္စတစ်ခုကို နှုတ်က ထုတ်မပြောတတ် ဘူးဆိုလျှင် သည်ခေတ်မှာ စာရေးဆရာဖြစ်နေတာ ကျွန်တော် တာဝန် မကျေပါ။ ဒါဆိုရင် ခင်ဗျားက ကလေးတွေ လမ်းပေါ်ရောက်နေတာ ကြိုက်တယ်ပေါ့…ဟု မေးငြားအံ့။ ကျွန်တော် သွက်သွက်ခေါင်းခါပါမည်။ မြန်မြန်ဖြေပါမည်။ နည်းနည်းမှ စိတ်မချမ်းသာပါ။ အဲဒါပြဿနာပါ။ အဲဒါ The Good, The Bad, The Ugly ရုပ်ရှင်ထဲကလို ကျွန်တော် မရှိစေ တော့သည့် တံတား တစ်စင်းပါ။

'အစာမကြေတံတား' ဟုပဲ ဆိုပါစို့။

ကိုယ့်သားသမီးတွေပဲ အဲသည်နေရာမှာ မြင်ယောင်ကြည့်ပါဦးတော့။ ဘယ်လောက် စိတ်မချမ်းသာစရာ ကောင်းလိုက်ပါသလဲ။

သို့သော် သူတို့ကို မရှိစေချင်တိုင်း ပိတ်နေဆို့နေ အရေးယူနေလို့ မရ။ နှစ်ပေါင်းပဲ ငါးဆယ်ကျော်ခဲ့ပြီ။ လူငယ်တွေသာ လူကြီးဖြစ်ကုန်သည်။ လမ်းပေါ်မှာ လူငယ်တွေ ပျောက်သွားဖူးလို့လား။ အချိန်တန်လျှင် ပြန်ပြန် ထွက်လာတာပဲ မဟုတ်ဘူးလား။ 'သွေးထိုးလှုံ့ဆော်သူတွေရှိသည်' ဆို သည့် ခေတ်ပြားဟောင်းချည်းပဲ ပြန်ဖွင့်နေ၍လည်း မထူးပါ။ အစာ ကြေ၊ ရင်ချောင်နေသူတွေကို ဘယ်သူမှ သွေးထိုးလှုံ့ဆော်လို့မရပါ။

အစာကြေအောင် ကူညီရမှာပါ။ အခြေအနေတွေ ကောင်းလာ အောင် ဖန်တီးပေးရမှာပါ။ သူတို့ ဆန္ဒကလေးတွေ နားထောင်ပြီး လတ်တလော ချွေးသိပ်တာမျိုးမဟုတ်ဘဲ လုပ်ပေးနိုင်တာကို ရိုးရိုးသားသား တာဝန်ယူ၊ လုပ်မပေးနိုင်တာကို ရိုးရိုးသားသား ရှင်းပြရတော့မှာ။ သိပ်ခက် တာ ကျွန်တော်သိပါသည်။ ကိုယ်မလုပ်နိုင်လျှင် လုပ်နိုင်မည့် သူတွေ ကြိုးစားပါစေပေါ့။ အဲသည့် သူတွေလည်း မလုပ်နိုင်လျှင် နောက်လူတွေ ဆက်ကြိုးစားလိမ့်မပေါ့။

သာမန်ပြည်သူ မိဘအရွယ် လူကြီးတစ်ယောက် အနေနှင့် ကျွန်တော်ပြောရလျှင်တော့ လမ်းပျောက်နေသည့် လူငယ်တွေ လမ်းပေါ် မှာ မမြင်ချင်တော့ပါ။ 'အစာမကြေတံတားကြီး'တွေလည်း မရှိစေချင်တော့ ပါ။

၁

## အစ်ကိုဆရာ၏ ဥပမာအလင်္ကာ

သည်တစ်ခါက လွယ်အိတ်ထဲ နှိုက်လိုက်တော့ အစ်ကိုဆရာ ထွက်လာ သည်။

ဆဲတော့မှာပဲ။ ဆဲလည်း ခံရရုံသာ။ ခုတလော သူ့အကြောင်းချည်း တွေးမိနေတာကိုး။

အစ်ကိုဆရာ၏ ထူးခြားချက်

အစ်ကိုဆရာ၏ ထူးခြားချက်က ဉာဏ်ကောင်းသလောက် စကား ပြောကောင်းတာ ဖြစ်ကြောင်း လူတိုင်းသိကြသည်။

ကျွန်တော်က သူနှင့် အချိန်အတော်တော်များများမှာ အနီးကပ် နေခဲ့သူဖြစ်သဖြင့် သူပြောပြသော အကြောင်းတွေထဲက ကောင်းနိုးရာရာ ကလေးတွေ ကျွန်တော့်စာတွေထဲ ရောက်ရောက်လာတတ်သည်။

မန္တလေးမှာ သူနှင့်ခင်နေသော စာရေးဆရာအတော်များများရှိသည်။ အဲသည့် စာရေးဆရာတွေက သူ့ကို 'ဆရာကြီး စာတော့ မရေးနဲ့နော်' ဟု ကျီစယ်တတ်ကြသည်။ သူက ဘာဖြစ်လို့လဲဟုမေးလျှင် 'ဆရာကြီးပြောတဲ့ စာတွေ မှတ်ပြီး ထည့်ထည့်ရေးတဲ့ ဆရာရဲတောင် အမျိုးသားစာပေဆု နှစ်အုပ်ဆင့်ရတယ်ဆိုတော့ ဆရာကြီးသာ ကိုယ်တိုင်ရေးရင် ကျွန်တော် တို့ စာရေးဆရာတွေ ထမင်းငတ်မှာစိုးလို့' ဟု ဆိုသည်။

ကျီစယ်မယ့်သာ ကျီစယ်သည်။ သူက ပြောတာပဲ လုပ်ပါသည်။ ရေးတာမလုပ်ပါ။ 'စိန်တုံးကြီးများအကြောင်း' စာအုပ်ထုတ်တုန်းကတော့ ကျွန်တော် သူ့ကို အမှာစာရေးခိုင်းဖူးသည်။ အဓိကအကြောင်းရင်းကတော့ 'စိန်တုံးကြီး' ဆိုသည့် စကားလုံး ကျွန်တော်သူ့ဆီက ရတာမို့ဖြစ်သည်။

သူ့သားအငယ်ကောင် (ယခုစက်မှု တက္ကသိုလ်ကျောင်းသား) တစ်နှစ်ကျော်လောက်တုန်းက 'အငယ်ကောင် ဘယ်လိုနေလဲ အစ်ကိုကြီး' ဟု ကျွန်တော်မေးတာကို သူက 'စိန်တုံးကြီး ဖြစ်နေတာပေါ့ကွာ' ဟု ဖြေ သည်။ 'ဘာလဲ အစ်ကိုကြီးရ စိန်တုံးကြီးဆိုတာ' ဟုမေးတော့ 'သောင်းကျန်း လွန်းလို့ ပေါ့ ကိုယ့်သားကိုယ် မျောက်ရှုံးတယ် ပြောမိရင်လည်း ကိုယ်ပါ မျောက်ဖြစ်မယ်၊ လက်လက်ထနေတယ်လို့လည်း မပြောချင်တော့ တင်စား ပြီး စိန်တုံးကြီးလို့ ခေါ်တာ' ဟုဆိုသည်။ သူပြောတာ သဘောကျလွန်း၍ တစ်နှစ်မှ သုံးနှစ်အရွယ် (Toddler) ကလေးတွေကို 'စိန်တုံးကြီး' ဟု ကျွန်တော်ရေးလိုက်တာ တစ်နိုင်ငံလုံးတွင်သွားတာ အများအသိပါပဲ။ အဲဒါ နှင့် အဲသည့် စာအုပ် အမှာစာ ရေးခိုင်းတော့ 'ငါက ပြောပဲပြောတတ်တာ ကွ၊ မရေးတတ်ဘူး' ဟု ညည်းရှာပါသည်။

မြေမလျှောက်သည့် လိပ်ပြာအစစ်

'လိပ်ပြာဆိုတာ ခူကောင်က ဖြစ်တာကွ၊ ရိုးရိုးဖြစ်တာ မဟုတ်ဘူး၊ ခူကောင်ရဲ့ အခွံထဲကနေ ခွဲပြီး တိုးဖေ့ထွက်ရတာ၊ အဲသလို တိုးဖေ့ထွက် ရင်းက ခန္ဓာကိုယ်မှာ ကပ်နေတဲ့ အကျိအချွဲတွေက စင်ကြယ်သွား၊ အဲဒီ တော့မှ လိပ်ပြာက ထပျံနိုင်တာ၊ မင်းသနားလို့ဆိုပြီး ခူကောင်ကို ကျောက နေ ခွဲထုတ်ပေးလိုက်၊ ထွက်လာတဲ့ လိပ်ပြာက အကျိအချွဲတွေကပ်ပြီး မြေကြီးမှာ လျှောက်နေရရော၊ အဲဒါမြေလျှောက်လိပ်ပြာလို့ ခေါ်တယ်၊ ကျောင်းသားတွေ

ဒါမှ မြေမလျှောက်တဲ့ လိပ်ပြာအစစ်မဖြစ်လျှင် ဘယ်သူက ဖြစ်ဦး မှာတဲ့လဲ။

ကြက်မနှင့် ငါးမ

မကြာသေးခင်က ကျွန်တော်ထုတ်ဝေပြီး အတော်အောင်မြင်ခဲ့သည့် 'ပန်းဒေါင်း' ဝတ္ထုထဲတွင် သူပြောပြသော 'ငါးမလိုလည်းမကျင့်နဲ့၊ ကြက်မ လိုလည်း မကျင့်နဲ့' ဆိုသည့်စကား ကျွန်တော်ထည့်ရေးခဲ့ရာ ပရိသတ်တွေ ဆီက နှစ်ခြိုက်ကြောင်း စာတွေ တော်တော်ရခဲ့ဖူးသည်။

အလုပ်ကို နည်းနည်းလုပ်ပြီး များများ ပြောသူတွေက ဥတစ်ဥ တည်း ဥပြီး 'ကတော်ကတော်' လုပ်နေသည့် ကြက်မနှင့်တူသတဲ့။ အလုပ် တွေ အများကြီးလုပ်ပြီး အသံမထွက်သော သူတွေက ဥတွေ ထောင်ချီဥပြီး အသံမထွက်သော ငါးမနှင့်တူသတဲ့။ အဲသည့် နှစ်ခုကြားမရှိမပဋိပဒါကျင့် နိုင်မှ အလုပ်လည်း တွင်ကျယ်၊ ကိုယ့်ကို ကူညီပံ့ပိုးမည့်သူလည်း ပေါ်မတဲ့။

လက်တွေ့ဘဝမှာလည်း ကိုယ်ကပဲ အဲသလို လူတွေကို မြင်ပြီး အသိအမှတ်ပြုတတ်လို့လားတော့မသိ။ ကျွန်တော့်ဘေးမှာ အနီးကပ်ရှိနေ ပြီး ကျွန်တော် လုပ်နေသည့် အများအတွက် ကိစ္စတွေကို ကူညီလုပ်ပေး သူတွေက ငါးမနှင့် တူနေသည်။ သူတို့ကို အစ်ကိုဆရာ စကားနှင့် ကျွန်တော်ဆုံးမရသည်။

လုပ်ငန်းသဘောအရ တခြားဌာနတွေနှင့်လည်း ဆက်စပ်လှုပ်ရှား ရသောအခါ 'ကြက်မ' လို လူတွေလည်း မရှားလှ။ ကျွန်တော့်စကား အတိုင်းကတော့ 'ကိုယ့်ကိုယ်ကိုယ် ပြန်ချီးကျူးနေလိုက်ကြတာကွာ၊ ငါ၀င် ချီးကျူးစရာတောင် စကားလုံးမကျန်တော့ဘူး' ဟူ၏။

တပည့်တွေကတော့ ရယ်၍ အစ်ကိုဆရာ၏ 'ကြက်မ ဥပမာ အတိုင်းလား' ဟု မေးကြသည်။ အဲသလောက်တော့ မကဘူးဟု ထင်သည်။ အချို့က ကိုယ်ဘယ်လောက် စေတနာထား၊ အလုပ်လုပ်ကြောင်း သက် သက်သာ

ပြောတာမဟုတ်။ သူများတွေ အလုပ်အပေါ် စေတနာမထားကြ ကြောင်းတွေပါ ပြောတာဖြစ်သည်။ သည်တော့ အစ်ကိုဆရာဆီက ဥပမာ တွေ ထပ်ရဖို့ လိုလာပြန်သည်။

အဝီစိတွင်း

'တချို့လူတွေက နယ်ပယ်တစ်ခုမှာ ကျွမ်းကျင်သလားလို့ ပြောရင်အမှန်ပဲ ကျွမ်းကျင်တယ်၊ ဒါပေမဲ့ အဝီစိတွင်းနဲ့ တူသကွ'

'ဘာလဲ အစ်ကိုကြီးရ အဝီစိတွင်း'

'အထဲကို အနက်ကြီးဝင်သွားတာလေ၊ ဘေးပတ်ဝန်းကျင် ဘာမှ မသိတော့ဘူး'

သူ့ဥပမာ ပြောင်မြောက်လွန်း၍ ကျွန်တော် ရယ်မိသည်။

သူပင်စင်ယူပြီးသည်အထိ ကျွန်တော့်ဌာနမှာ စာလာသင်ပေးနေ တာ စာမေးပွဲဖြေမည့် ကျွန်တော့် တပည့်တွေသာမက စာရေးဆရာ လုပ်နေသည့် ကျွန်တော့်အတွက်ပါ အကျိုးရှိလှသည်။

ကော်ဖီခွက်ထဲက မုန်တိုင်း

'မင်းတို့ ငြင်းခုံနေကြ၊ ပြဿနာဖြစ်နေကြတာတွေအတွက် အင်္ဂလိပ်စကား ပုံလည်း ရှိသကွ'

'ဘာလဲ အစ်ကိုကြီး'

'Storm in the cup တဲ့၊ ကော်ဖီခွက်ထဲက မုန်တိုင်းပေါ့ကွာ၊ ကော်ဖီခွက်ကလေးကို မွှေလိုက်ရင် အထဲက ကော်ဖီစေ့ကလေးတွေဟာ တစ်ခါတည်း ကျွမ်းထိုးမှောက်ခုံ ဗြောင်းဆန်နေရော၊ ပြဿနာက ဘာလဲ ကြည့်လိုက်တော့ ဘာမှကြီးကျယ်တာ မဟုတ်ဘူး၊ ကော်ဖီသောက်မယ့် လူက

သောက်ဖို့ ကော်ဖီခွက်ကလေး မွှေလိုက်တာ၊ အဲသလို မြင်တတ်ရင် မင်းတို့ကြီးတယ်ထင်နေတဲ့ ပြဿနာက သေးသေးလေးပဲ'

သူအနားယူသွားပြီး သူကျင်လည်ခဲ့ရာ ပတ်ဝန်းကျင်ကို ကျွန်တော် ဦးဆောင်နေရသည့် အချိန်အထိ သူ့ဆုံးမစကားတွေ ကျွန်တော် ဆက်ရ မနေလို့ မဖြစ်ဘူးဆိုတာ အထင်အရှားပါပေ။

ဗေဒင်ဆရာနှင့် တွေ့ဆုံခြင်း

'အခု ကျွန်တော် ဘာလုပ်ရမလဲ အစ်ကိုကြီး'

'မင်းကလည်း ဗေဒင်မမေးဖူးဘူးလား၊ လုပ်စရာက တစ်ခုပဲ ရှိတဲ့ ဟာကို'

'ဗေဒင်ဟုတ်လား၊ အစ်ကိုကြီး'

'ဟုတ်တယ်လေကွာ၊ ဗေဒင်သွားမေးတော့မယ် ဆိုကတည်းက ဟိုက ဟောနိုင်စရာ နှစ်မျိုး၊ ကိုယ်က လုပ်ရမှာ တစ်မျိုးပဲရှိတဲ့ ဥစ္စာ'

'ရှင်းပါဦး၊ အစ်ကိုကြီးရာ'

'ဗေဒင်ဆရာဟောနိုင်တာ နှစ်မျိုးဆိုတာ အကောင်းနဲ့ အညံ့ပေါ့ ကွာ၊ ဘာဟောဟော မင်းလုပ်ရမှာက တစ်မျိုးပဲရှိတာ၊ အကောင်းဟော လို့လည်း မင်းပေါ့ပေါ့ဆဆ နေရမှာမှ မဟုတ်တာ၊ ကောင်းတာ သေချာ အောင် ကြိုးစားလုပ်ရမှာပဲ၊ အညံ့ဟောလို့လည်း စိတ်ပျက်အားလျော့ နေရမှာမှ မဟုတ်တာ၊ တကယ်ညံ့မသွားအောင် သတိထားပြီး ကြိုးစား လုပ်ရမှာပဲ၊ လူတွေက ကိုယ့်လုပ်ရပ်ကို ဝေဖန်လာတဲ့ အခါမှာလည်း ဗေဒင်ဆရာ ကိုယ့်ကို လာဟောနေသလိုပဲ သဘောထားရမှာ၊ ချီးမွမ်းလည်း သူတို့ ချီးမွမ်းတဲ့အတိုင်း တကယ်ကောင်းအောင် ကြိုးစား၊ ကဲ့ရဲ့လည်းသူတို့ ထောက်ပြတဲ့ အမှားတွေကို ကြိုးစားပြုပြင်ပြီး ကောင်းအောင်ကြိုးစား ကိုယ့်ဘက်က လုပ်ရပ်တစ်မျိုးတည်းနဲ့

စောင့်နေမှတော့ တစ်ဖက်ကလူ ချီးမွမ်းနေတာလည်း တုန်လှုပ်စရာ မလိုတော့သလို ကဲ့ရဲ့နေတာလည်း တုန်လှုပ်စရာ မရှိတော့ဘူးပေါ့'

ကောင်းလိုက်တာ။

ရင်ထဲကို တန်းအေးသွားသည်။

စာရေးသက်ရစဉ် အခါတုန်းကများ သူ့ဆီက အဲဒါမျိုးလေး တစ်ခါကြားလိုက်၊ ဝတ္ထုတစ်ပုဒ် ပြေးရေးလိုက်။

ယခုတော့ စာရေးအားကကျ။

ဝတ္ထု အထွက်နည်းနေ။

သူ့စကားတွေကတော့

အရောင်လက်နေတုန်း။

ကိုယ့်ပရိသတ် မကြားလိုက်ရမှာ

နှမြောလှသည်။

ဒါကြောင့် သည်ဆောင်းပါးလေး ရေးဖြစ်သွားတာပါ။

၁

## ငြင်းခုံခြင်း ယဉ်ကျေးမှု

သည်တစ်ခေါက် အရှုးလွယ်အိတ်ကို နှိုက်လိုက်တော့ 'ဂျယ်ရီစပရင်းဂါး' ထွက်လာသည်။ မတွေ့တာတောင် ကြာပေါ့။

ဂျယ်ရီစပရင်းဂါးဆိုတာ အမေရိကန်ပြည်ထောင်စုက နာမည်ကြီး ရုပ်သံအစီအစဉ် တင်ဆက်သူပါ။ နာမည်ကြီးလွန်းသဖြင့် သူတင်ဆက် သော အစီအစဉ်ကို 'Jerry Springer's Show' ဟု သူ့နာမည်ပဲ ပေးထား ရသည်။

ကျွန်တော် ယူကေမှာ အလုပ်လုပ်စဉ်တုန်းက လူနာဆောင်ထဲမှာ တစ်ခါတလေ အလုပ်ပါးနေချိန်မျိုးတွင် သူနာပြုဆရာမတွေနှင့် စကား လက်ဆုံ ကျနေခိုက် အဲသည့်အစီအစဉ်များ တီဗီမှာ ပေါ်လာလျှင် ဆရာမ တွေ ပြောလက်စ စကားကိုရပ်၍ တီဗီကို ငေးမောနေတတ်ကြပါသည်။ အဲသည်လောက် စိတ်ဝင်စားကြတာပါ။

ဘာကိုပြတာလဲ ဆိုတော့ အကြောင်းအရာ တစ်ခုအပေါ်မှာမူတည် ပြီး သာမန်လူထဲက လူတွေကို ခေါ်၍ ငြင်းခုံခိုင်းတာမျိုးပါ။ 'Debate' ဟုတော့ ခေါ်ရခက်မည်ထင်သည်။ 'Debate' လောက် မယဉ်ကျေး၊ ပြော သည့်သူတွေကလည်း တစ်ခါတလေ စရိုက်တော်တော်ကြမ်းသည်။ 'Street Talk' ဟု ခေါ်ရမည်ထင်သည်။ လမ်းဘေး စကားဝိုင်းပေါ့။

ဂျယ်ရီက တော်တော်တော်သည်။ လေ့လာမှုလည်း အားကောင်း သည်။ သူများ စကားပြောလျှင်လည်း သေသေချာချာ နားထောင်ပြီး လိုသလို ဖြတ်ပေး၊ ပို့ပေးသည်။ သူ့အယူအဆ ဝင်လုပြောတာဆို၍ မရှိ သလောက်ပင်။ လာသည့် လူတွေက တော်တော်ဆိုးသည်။ သည်တော့ အဲသည့် အစီအစဉ်ကို တစ်ခါတလေ ညဘက်ကလေးတွေ အိပ်ချိန်ကျမှ ပြရတာမျိုးလည်း ရှိသည်။ ဥပမာ- အဝတ်အစား မဝတ်ဘဲ နေသည့် လူတွေ (Naturists) ကို လက်ခံသင့်၊ မခံသင့်ဆိုသည့် အကြောင်းအရာမျိုး၊ လက်ခံသင့်သည် ပြောမည့်ဘက်က အမျိုးသမီးက အဝတ်အစားမပါဘဲ ထိုင်နေသည်။

ဒါဆိုလျှင် ဂျယ်ရီစပရင်းဂါး၏ အစီအစဉ်တွေကို ဘာကြောင့် ကျွန်တော် 'Debate' အဆင့် မသတ်မှတ်ချင်သည်ကို ရှင်းလောက်ပြီထင် သည်။ ဘယ်ရီနော်မန်တို့၊ အော်ပရာဝင်းဖရေးတို့ကျတော့ တစ်မျိုး၊ သူတို့က နာမည်ကြီး ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေကို ခေါ်ဆွေးနွေးတာဖြစ်သည်။

ငြင်းခုံနေလျှင်တောင် ငြင်းခုံနေမှန်း မသိရ။ အစီအစဉ် တင်ဆက်သူက လာပြောသူကို လေးစားစွာ ဆက်ဆံလေ့ ရှိသည်။

မြန်မာနိုင်ငံမှာ **Debate Culture** ထွန်းကားသင့်သလား သည်မေးခွန်း၏ အဖြေက ရှိပြီးသား အဖြေသာ ဖြစ်သည်။ ထွန်းကားသင့်တာပေါ့။ တစ်ဖက်ကို တစ်ဖက်လေးစားစွာ ဆွေးနွေးဆက်ဆံတတ်သော ယဉ်ကျေးမှု မထွန်းကားခဲ့သဖြင့် ကျွန်တော်တို့နိုင်ငံ ကမ္ဘာမှာသာမက အရှေ့တောင် အာရှမှာပါ သူများနောက်ရောက်သွားခဲ့တာ လူတိုင်းအသိ။

အခု အဲဒါလေးကို ပြန်ထွန်းကားအောင် ကြိုးစားကြသည်။ Debate အစီအစဉ်ပေါ်လာသည်။ ကျွန်တော် မကြည့်ဖြစ်ပါ။ ကြည့်သူတွေ ကတော့ အစီအစဉ်ကြေညာသူတွေ ဖိတ်ခေါ်ထားသည့် ဧည့်သည် စကား မဆုံးခင် လုပြောတတ်ကြသည့် သူ့စကားကို ကိုယ့်စကားလုပ်ပြီး လိုရာ ကောက်ချက်ချတတ်ကြသည်ဟု ဝေဖန်သည်။ ဒါဆိုလျှင် ‘Debate’ ဘယ်ဟုတ်မလဲ။ 'Street Talk' ဖြစ်နေပြီ။ ဂျယ်ရီစပရင်းဂါးလိုပေါ့။ ဒါတောင် ဂျယ်ရီစပရင်းဂါးဆီမှာ ပရိသတ်က 'Debate Culture' ကို နားမလည်တာ ဖြစ်သည်။ အစီအစဉ် တင်ဆက်သူက နားမလည်တာ မဟုတ်။ သည်တော့ ‘ဇက်နိုင်’ သည်။ အများအားပေးကြသည်။

ဖိတ်ပြီ

အဲသလို အစီအစဉ်တွေထဲက နိုင်ငံခြား အခြေပြုမြန်မာအစီအစဉ်တစ်ခုက ကျွန်တော့်ကို ဖိတ်သည်။ မိတ်ဆွေတွေ၊ တပည့်တွေက မသွားကြဖို့ တိုက်တွန်းသည်။ ပြောမည့် အကြောင်းအရာက ‘မိဘတို့၏ ရင်သွေး

ထိန်းကျောင်းမှုပုံစံ" တဲ့။ အဲဒါက ကျွန်တော် ပြောနေကျ ရေးနေကျကိစ္စဖြစ်သည်။ တခြား လူဝင်ပြော၍ အဓိပ္ပာယ် တလွဲထွက်မှာမျိုးကို ကျွန်တော် မလိုလားပါ။ ကိုယ်နှင့်အတူ ပြောမည့်သူတွေကို ကြည့်လိုက်တော့ ကိုယ် လေးစားရသည့် ပရဟိတသမား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၊ နာမည် အကြီးဆုံး အစီအစဉ်တင်ဆက်သူ မိန်းမပျို၊ ဂျာနယ်တစ်စောင်က အယ်ဒီ တာချုပ်၊ လေးစားရသူတွေချည်းပဲ။ ငြင်းလိုက်ရမှာ အားနာစရာ ကောင်းလှ သည်။ စိန်ခေါ်မှုတစ်ခုဟုပဲ ယူဆလိုက်တာ ကောင်းမည်။ အဲဒါနှင့် ကျွန်တော်သွားဖြစ်သည်။

ဘယ်သူနှင့် ဘယ်သူ ငြင်းကြတာလဲ

မိန်းမပျိုနှင့် စီးပွားရေး လုပ်ငန်းရှင်က တစ်ဖက်ထိုင်သည်။ ကျွန်တော် နှင့် အယ်ဒီတာချုပ်က တစ်ဖက်ထိုင်သည်။ ဘေးမှာ ဝိုင်းထိုင်နေသည့် ပရိသတ်လည်း ရှိသည်။ အစီအစဉ်တင်ဆက်သူက လူငယ်အမျိုးသား တစ်ဦး။

သူလက်ညွှန်ပြသည့် သူက စပြောရသည်။ ကိုယ့်အယူအဆကလေး တွေ ကိုယ်ပြောပေါ့။ ဟိုဘက်အုပ်စုက မိရိုးဖလာဘက်က မှန်သည်ဟု ပြောမည်။ ကျွန်တော်တို့က ပုံစံပြောင်းရမည်ဟု ပြောမည့်ဘက်ကဟု ဆိုသည်။ သို့သော် လွတ်လွတ်လပ်လပ် ပြောနိုင်ပါသည်ဟု ဆိုသည်။

ပြောရမှာပေါ့။

ဒါက တစ်ဖက်တည်း ပြော၍ အမှန်သိနိုင်သည့် ကိစ္စမျိုးမှ မဟုတ် တာ။ ခေါ်ထားသည့် သူတွေကလည်း ပြောနိုင်သူတွေချည်းပဲလေ။

စပြောတာနှင့် လူငယ်က ဝင်ဝင်ဖြတ်သည်။ အချိန်ကို ဖြတ်တာ မဟုတ်၊ စကားလုံးကို ဖြတ်တာဖြစ်သည်။ သူသုံးလိုက်သည့် စကားလုံးတွေ က ကျွန်တော် ဆိုလိုချင်သည့် အဓိပ္ပာယ်နှင့် ဆန့်ကျင်ဘက် နီးနီးကွာ သည်။ သူက

'အဲသလိုပေါ့၊ ဟုတ်လား၊ နောက်တစ်ယောက်' ဟုဆိုက ပြောင်းပစ်လိုက်တော့။ ငြိမ်သာခံနေလျှင် ကိုယ့်ပရိသတ်ကိုပါ အချက် အလက်အမှားတွေ ပေးရာကျတော့မည်။ သူ့ကို ခံငြင်းရသည်။

စီးပွားရေး လုပ်ငန်းရှင်လည်း ကျွန်တော့်အတိုင်း သတိထားမိဟန် တူသည်။ အစီအစဉ် ကြေညာသူကို ခံငြင်းသည်။ သူက ကျွန်တော့်ထက် ငယ်သူဆိုတော့ ပိုစိတ်ဆတ်ဟန်တူသည်။ ဟိုလူငယ်က 'မတူဘူးလို့ ပြော နေပေမယ့် အဲဒါ နှစ်ခုကြားထဲက ပါးပါးကလေးပဲ' ဟု ပြောတာကို 'အဲဒါ ပါးပါးကလေးလို့ ပြောရင် ခင်ဗျားတော်တော် ညံ့ဖျင်းတဲ့သူပဲ'ဟု ဖြောင် ချသည်။ အစီအစဉ်ကြေညာသူက 'ကျွန်တော်ပဲ ညံ့ဖျင်းသလား၊ ဦး...ပဲ ညံ့ဖျင်းသလားကြည့်ရအောင်' ဟုပြောတော့ ကျွန်တော် ပါးစပ်အဟောင်း သား ဖြစ်သွားသည်။

စီးပွားရေး လုပ်ငန်းရှင်က အဲသည်လူငယ်၏ ဖခင်အရွယ်ပါ။

ဒါသူတို့ ဆောင်ပုဒ်မှာပါသည့် 'Debate Culture' မဟုတ်ပါ။ 'Street Talk' ပါ။

ခက်တာက သူဖိတ်ထားသည့် သူတွေက 'Street Talk' ပြောရမည့် သူတွေမဟုတ်ပါ။ ပညာရှင်တွေပါ။ သူကလည်း ဂျယ်ရီစပရင်းဂါးကို မမီ ပါ။

ခေတ်မီချင်လျှင် အရင်လေ့လာကြဖို့ လိုပါမည်။

## **Debate** မှာ ဘယ်သူနိုင်သလဲ

ကျွန်တော့်အမြင်တော့ အားလုံးရှုံးပါသည်။ မိန်းမပျိုကိုတော့ အနိုင်ပေးရ မလားမသိ။ သူက ထုံးစံအတိုင်း လှလှကလေးထိုင်၊ ပြုံးပြုံးကလေးပြောပြီး ပဋိပက္ခက လှပစွာ ရှောင်ထွက်သွားပါသည်။

အယ်ဒီတာချုပ်ကတော့ ဘာမှကို သိပ်မပြောနိုင်တော့။ စီးပွားရေး လုပ်ငန်းရှင်ကတော့ နောက်ဆက်တွဲပွဲတွေလုပ်လျှင် ပြောစရာတွေ ကျန်သေးသည်ဟု ဆိုသည်။

ကျွန်တော့်ကတော့ မိဘတွေကို ပြောချင်သည့် အချက်တွေကို အတင်းလုရ၍ 'တစ်၊ နှစ်၊ သုံး၊ လေး' တပ်ကာ ပြောရသည်။ အဲသည့် အချက်တွေကို အဖိုးတန်သည်ဟု လှမ်းပြောသည့် ပရိသတ်တွေရှိသော် လည်း ကျွန်တော် အားမရပါ။

ပညာရှင်ပီပီ ပရိသတ်ရှင်းအောင် အနှောင့်အယှက်ကင်းကင်း ပြောချင်ပါသေးသည်။ မြန်မာနိုင်ငံမှာ Debate Culture ထွန်းကားလာပြီ လားဟု မေးခဲ့လျှင်...

မထွန်းကားသေးပါဟု ကျွန်တော် အပြတ်ဖြေပါမည်။

၁

## ကျော်ကြားမှုနှင့် မိမိကိုယ်မိမိ ရှိသေခြင်း

သည်တစ်ခေါက် အရှုးလွယ်အိတ်ကို နှိုက်လိုက်တော့ ပါမောက္ခ ဒေါက်တာ အောင်ကြီး (ဆေးပညာ) ထွက်လာသည်။ (ကိုယ့်ဆရာတွေတော့ ကုန် တော့မှာပါပဲ)

မိမိကိုယ်မိမိ ရှိသေခြင်း

ပါမောက္ခ ဒေါက်တာအောင်ကြီးက ပြည်သူ့ခေတ် ဂျာနယ်မှာ အတွေး အမြင်ဆောင်းပါးတွေနှင့် နာမည်ကျော်သူဖြစ်သည်။

ဆရာနှင့် ကျွန်တော် ခင်ခွင့်စရခဲ့သည်ကတော့ လွန်ခဲ့သည့် ခုနစ်နှစ်ခန့်ကာလ။ ကျွန်တော် မန္တလေး ကလေးဆေးရုံကြီးသို့ ရောက်သွားချိန် တွင် ဆရာက မန္တလေးဆေးရုံကြီးတွင် ရှိနေသည်။

ဆရာ့ကို ကျွန်တော်က ကျွန်တော့် ဒုတိယဝတ္ထုရှည် 'ဒေါက်တာ ရွှေသွေးနှင့် မပန်းမှုံ'ကို အမှာစာရေးပေးဖို့ အကူအညီတောင်းသည်။ အဲသည့်စာအုပ်မထွက်ခင်မှာပဲ ကျွန်တော့် ပထမဝတ္ထုရှည် 'ကြိုးကြာတောင်ပံခတ်သံ'က အမျိုးသား စာပေဆုရသည်။ ဆရာလည်း ကျွန်တော့် ဒုတိယဝတ္ထုရှည်ကို အမှာစာရေးပေးသည်။ အဲသည့် ဝတ္ထုလည်း ထပ်၍ အမျိုးသားစာပေဆုရခဲ့တာကတော့ မှတ်မှတ်ရရကလေးပဲဖြစ်ပါသည်။

အဲသည်ထဲမှာ အမှတ်အရဆုံး အချက်က အမှာစာမှာ ဆရာရေးပေးထားသည့် စာသားကလေးဖြစ်သည်။

'မျက်ရည်ဖွဲ့၊ အလွမ်းဖွဲ့မည်ကာမတ္တမဟုတ်၊ မျက်ရည်ကြားအလွမ်းကြားထဲက မိမိကိုယ်မိမိ ရှိသေခြင်း၊ မိမိကို စောင့်ရှောက်သောလောကကို ပြန်လည်ကျေးဇူးတုံ့ပြန်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ စွန့်လွှတ်ခြင်းတို့က ထိုးထွက်နေလေသည်'တဲ့။

အဲသည်ထဲက မိမိကိုယ်မိမိ ရှိသေခြင်းဆိုသည့် စကားလုံးကလေးက ဘယ်သူမှ သုံးတာ မတွေ့ဖူးခဲ့။ ဆရာ့ကိုယ်ပိုင်စိတ်ကူး၊ စိတ်သန်းနှင့် တီထွင်လိုက်လေသလား။

Self-esteem သို့မဟုတ် Self-respect သို့မဟုတ် Dignity ကို ရည်ညွှန်းသည်ဟု ခံစား၍ရသည်။ အဓိပ္ပာယ်ကတော့ အဲသည်ထက်မက လေးနက်ကျယ်ပြန့်နေသယောင်။

ပရဟိတနှင့်ကျော်ကြားမှု

ပရဟိတ သူရဲကောင်းမလေး တစ်ယောက်ကို အခြေခံ၍ ကျွန်တော်ရေးဖွဲ့ ခဲ့သော 'ပန်းဒေါင်း'ဝတ္ထုထွက်ကတည်းက ဆရာ့ကို ကျွန်တော်လက်ဆောင်ပေးချင်သော်လည်း မန္တလေးလူကြုံမရှိ၍ မပေးခဲ့ရ။ သိပ်မကြာခင်မှာတင် ဆရာက သူဝယ်ဖတ်ပြီးကြောင်းနှင့် အလွန်နှစ်သက်ကြောင်း လူကြုံနှင့် စကားပါးလိုက်သဖြင့် အားနာသည့်ကြားထဲက ဝမ်းသာခဲ့ရသည်။

'ကြိုးကြာတောင်ပံခတ်သံ' နှင့် (ဆရာမ မမ မစန္ဒာ၏ စကား အတိုင်း) 'စံပြဇာတ်ကောင်ဖွဲ့' စာရေးဆရာလိုင်စင်ရခဲ့သော ကျွန်တော် သည် 'ပန်းဒေါင်း'နှင့် ပရဟိတ သမားများ၏ ဘဝဖွဲ့စာရေးဆရာ လိုင်စင် ရခဲ့ပြန်သည်။ ပရဟိတ လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လာရသလို ပါဝင် နေသည့် လူငယ်တွေနှင့်လည်း ဟောပြောပွဲတွေ၊ တွေ့ဆုံဆွေးနွေးပွဲတွေ မကြာခဏ လုပ်ဖြစ်ခဲ့သည်။

အဲသည် ဆွေးနွေးပွဲတွေမှာ လူငယ်တွေ မေးနေကျ မေးခွန်း ကလေးတစ်ခုက ကျွန်တော့်ရင်ထဲ ခိုးလိုးခုလု ရှိလှသည်။

'ကျွန်တော် (ကျွန်မ) တို့ ပရဟိတ အလုပ်တွေလုပ်ရင် သူငယ်ချင်း တွေက ကိုယ့်စာကိုယ်ကျက်၊ နင် ဒီလောက်နာမည်ကြီးချင်နေသလားလို့ ပြောကြတော့ ဆက်လုပ်ဖို့ မဝံ့မရဲ ဖြစ်ရပါတယ်'တဲ့။

'ပရဟိတလုပ်တာ ကျော်ကြားချင်လို့' ဟု စွပ်စွဲသော စကား။

ပရဟိတ အလုပ်တွေ အဓိကလုပ်နေကြတာက လူငယ်တွေ။ လူငယ်ဆိုတာ ထင်ပေါ်ချင်တတ်ကြတာကတော့ အမှန်။ ဒါနှင့်ပဲ ပရဟိတ လုပ်တာ ထင်ပေါ်ချင်လို့ ဖြစ်ရသတဲ့လား။

'ကြိုးကြာတောင်ပံခတ်သံ'ဟာ ပရဟိတလုပ်ရင်းက မြန်မာသာမက ကမ္ဘာပါကျော်ခဲ့သော မြို့နယ်ဆရာဝန်ကြီး တစ်ဦး၏ လုပ်ဆောင်ချက်တွေ ကို မှီး၍ ရေးခဲ့တာပါ။ သို့သော် သေချာတာက အဲသည် ဆရာဝန်ကြီး အဲသလို

ထင်ပေါ်ချင်လို့ လုပ်ခဲ့တာမဟုတ်ဘူး ဆိုတာပါပဲ။ သူ့ဘဝ အတ္ထုပ္ပတ္တိကို သူများရေးသော စာအုပ်ပင်လျှင် သူ အငြိမ်းစားယူပြီး နှစ်ပေါင်း ၃၀ နီးနီးကြာမှ ထွက်ခဲ့ရသည်။

'ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ' က ဘယ်သူကမှ သိလည်းမသိ၊ အသိအမှတ်လည်း ထူးပြုနေတာ မဟုတ်ဘဲ နိုင်ငံခြား ပညာတော်သင်ဘဝ က ပြန်လာ၍ အနစ်နာခံ ဆောင်ရွက်နေကြသော ဆရာဝန်တွေကို ဂုဏ်ပြုရေးခဲ့တာပါ။ သူတို့လည်း အညတရ ပရဟိတ သမားတွေပါပဲ။

'ပန်းဒေါင်း'၏ သန္ဓေတည်ရာ မိန်းကလေးက ရုပ်ရည်လေး သနား ကမားရှိခြင်းနှင့် ခန္ဓာကိုယ်သေးသေးလေးနှင့် မလိုက်ဖက်လောက်အောင် အပင်ပန်းခံ စွန့်လွှတ်စွန့်စား အများအကျိုးဆောင်တတ်ခြင်းတို့ကြောင့် ထင်ရှားကျော်ကြားခဲ့တာ မှန်သော်လည်း ကျော်ကြားမှုကို မမက်မောသော မိန်းကလေးဖြစ်ကြောင်း သူ့နေ့စဉ် နေထိုင်မှု ပုံစံတွေက သိသာစေလှ သည်။

ပရဟိတလုပ်တာ နာမည်ကြီးချင်၍ဟု စွပ်စွဲလျှင်တော့ စွပ်စွဲ ချက်က ပြင်းထန်လွန်းလှသလို စွပ်စွဲသူ၏ ရင်ထဲတွင်လည်း သိမ်ငယ် စိတ်ရှိနေတာ ထင်ရှားစေသည်။

မိမိကိုယ်မိမိ မရှိသေနိုင်သူတွေက သူတစ်ပါး၏ လုပ်ရပ်ကို အသိအမှတ်ပြုနိုင်ဖို့ ခက်တတ်ပါသည်။

## Empathy

Sympathy ဆိုသည့် အင်္ဂလိပ်စကားက ကရုဏာဟု အဓိပ္ပာယ်ရသည်။ အဲသည့် ကရုဏာက ထားနိုင်သူများသည်။

Empathy ကျတော့ ခံစားနေရသူဘက်မှဝင်၍ ခံစားကြည့်တာဖြစ်သည်။ အဲဒါက နက်ရှိုင်းသည်။ လောဘကင်းမှုသာမက Selfless အတွေးခွာနိုင်မှုတွေ ပါလာသည်။ အလွန်မြင့်မြတ်သော လူသားဆန်မှုတစ်ခု ဖြစ်သည်။ အဲသည်ချစ်စရာကောင်းလှသော အကြည်ဓာတ်ကလေးကို ပရဟိတသမားတွေမှာ တွေ့ရသည်။

အဲဒါကလေးကြောင့် ပရဟိတ လုပ်နေကြတာပါ။

'ပန်းဒေါင်း'ထဲမှာ ခင်နှယ်စိုးက ညကြီးပလက်ဖောင်းစာသင်ဝိုင်းက ပြန်အလာ လမ်းဘေးမှာ အိပ်နေသော သားအမိကို တွေ့တော့ သူစားမည့် ခေါက်ဆွဲထုပ်လေး သွားချပေးတာ ကျော်ကြားလို၍ မဖြစ်နိုင်ပါ။ (မန္တလေး မှာ တကယ်ဖြစ်ခဲ့သော အဖြစ်အပျက်ကို မှီးတာပါ)။ Empathy ကြောင့်လုပ်တာဖြစ်ပါသည်။

ကောင်းမှုပြုတာကို ဘယ်သူလိုက်မှတ်ထားပေးပါသလဲ

သည့်ပြင် ဘာသာတွေမှာတော့ လူတစ်ယောက်အသက်ရှင်နေထိုင်နေစဉ် အတွင်း ပြုလုပ်ခဲ့သမျှသော ကောင်းမှု မကောင်းမှုတို့ကို ကောင်းကင်ဘုံက တစ်စုံတစ်ဦးက လိုက်မှတ်တမ်းတင်ပြီး တမလွန်ဘဝတွင် ကောင်းရာ သုဂတိဘုံသို့ လားမှာလား၊ ဒုဂတိဘုံသို့ လားမှာလား ဆုံးဖြတ်တာမျိုးတွေ ဟောပြောကြသည်။

ထေရဝါဒမှာ ဘယ်သူက လိုက်မှတ်ပါသလဲ။

ကံနှင့် ကံ၏ အကျိုးပေးပုံကို ဗုဒ္ဓဘာသာလောက် အသေးစိတ် ဖော်ညွှန်းသည့် ဘာသာရှိမည်မထင်။ သို့သော် ထိုကောင်းသောကံတို့၊ မကောင်းသော ကံတို့ကို ဘယ်သူမှ လိုက်မှတ်ပေးနေသည်ဟု ဟောမထား ပါ။

စိတ်က အကျိုးပေးတာပါ။

ပစ္စည်းဥစ္စာကို မမက်မောဘဲ တကယ် လိုအပ်သူတွေအတွက် လှူဒါန်းလိုက်သည့်အခါ စိတ်ကလေးက 'အလောဘ' စိတ်ဖြစ်သွားသည်။ အဲသည့်စိတ်က ကောင်းကျိုးပေးတာပါ။

သိန်းပေါင်းသောင်းဂဏန်းနှင့် ချီလှူဒါန်းပြီးမှ 'လောဘ'နှင့် 'မာန' မလျှော့နိုင်သည့် အလှူတွေ တွေ့ဖူး၊ ကြားဖူးမှာပါ။ အဲသည့်အလှူတွေက တန်ဖိုးပိုကြီး၍ အကျိုးပေး ပိုများမှာပဲဟု ယူဆ၍ မရပါ။ လှူသူ၏ သန္တာန်တွင် ထင်ဟပ်လာသော ကုသိုလ်စိတ် အနည်းအများကသာ အခရာ ပါ။

အဲဒါကို ဗုဒ္ဓဘာသာမှာ ဗြဟ္မာစိုရ်တရားလေးပါးနှင့် ပြပါသည်။

မေတ္တာ- သတ္တဝါမှန်သမျှတို့အပေါ် ကောင်းတာလေးတွေ ဖြစ်စေ ချင်သော စိတ်ထားပေးနိုင်ရမည်။

ကရုဏာ- ချို့တဲ့နေသူတွေအပေါ် ကြင်နာသနားတတ်ရမည်။

မုဒိတာ- ပြည့်စုံသွားသည့်အခါ သူတို့အတွက် ဝမ်းမြောက်ရမည်။

ဥပေက္ခာ- မိမိကူညီမှုကို အသိအမှတ်ပြုရကောင်းစေဟု သဘော မထားဘဲ လျစ်လျူရှုနိုင်ရမည်။

ကိုင်း .. ပရဟိတ သမားတွေလောက် ဗြဟ္မာစိုရ်တရား ပြည့်ဝသူ ရှိနိုင်မှာတဲ့လား။

အဲသည့်စိတ်ကလေးတွေ မွေးနိုင်သောအခါ ထိုပရဟိတသမား၏ သန္တာန်မှာ ကြည်လင်၍ နေလေသည်။ ထိုသို့ ကြည်လင်နေမှန်းလည်း သူ့ဘာသာသူ သိ၍ နေလေသည်။

အဲသည့် အသိကလေးကို ပြန်ပီတိဖြစ်နေမိတာက မိမိကိုယ်မိမိ ရှိသေခြင်းပါပဲ။ အဲသည့် စိတ်လေးက ကောင်းမှုကုသိုလ်မှာ မွေ့လျော် တတ်သည့် အထုံကို ဆက်ပေးတော့မှာပါ။ မကောင်းမှုဘက်ကို စိတ်ယိမ်း ယိုင်မသွားအောင် ထားတော့မှာပါ။ သံသရာအထိ ကောင်းကျိုးပေးတော့ မှာပါ။

ပရဟိတသမားဆိုတာ ကျော်ကြားချင်၍ လုပ်နေကြတာ မဟုတ်။
ကိုယ့်ကိုယ်ကိုယ် ရှိသေချင်၍ လုပ်နေကြတာဟုသာ ဆိုပါရစေ။

၁

## လူဖြစ်ရတုန်းလေး

လူဖြစ်ဖို့ဆိုတာ မလွယ်ဘူးဆိုတာတော့ သံသရာကို ယုံကြည်သော ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ မည်သည့် ဘာသာ ကို ကိုးကွယ်သူမဆို ယုတ်စွအဆုံး ဘယ်ဘာသာကိုမှ မကိုးကွယ်သူကအစ ရှင်းရှင်းလင်းလင်း လက်ခံထားသော အမှန်တရားပါပေ။

ဒီလောက်ဖြစ်ရတာ ခက်ခဲသော လူဆိုတာကို ဖြစ်လာရတုန်း အခိုက်ကလေး၊ ဒီတစ်ခဏလေး တိတိကျကျ ပြောရလျှင် အနှစ် ၇၀-၈၀ ထက် ပိုဖို့ခက်ခဲလှသော အချိန်ကလေးမှာ 'တန်အောင်' ဘယ်လိုနေရမည် လဲဆိုသည့် မေးခွန်းကတော့ တော်တော်နက်နဲသည့် မေးခွန်းပင် ဖြစ်ပါ လိမ့်မည်။

ယေဘုယျအားဖြင့် ပြောရလျှင်တော့ အသက် ၅၀ အရွယ် ကျွန်တော်တို့လို လူကြီးတွေအတွက် အဲသည့်မေးခွန်း၏အဖြေကို ရှာဖို့ အတွက် တော်တော်နောက်ကျနေပြီဟု ဖြေနိုင်သော်လည်း ကျွန်တော် တို့ထက် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကြီးသော ထင်ရှားသော ပုဂ္ဂိုလ်အချို့ပင် လျှင် သည်မေးခွန်း၏ အဖြေကိုရှာဖို့ စိတ်မကူးဘဲ ရသမျှသော လောကစည်းစိမ် ရသတို့ကို ခံစားရင်း ထပ်၍ လိုချင်သော စည်းစိမ်ဥစ္စာ အာဏာတို့နောက်ကို ကောက်ကောက်ပါအောင် လိုက်နေကြရင်း ရထား သော စည်းစိမ်ဥစ္စာ အာဏာတို့ကို သံသရာတစ်ခုလုံး ကိုယ့်နောက်ပါမည့် ကိုယ်ပိုင်ဥစ္စာများအလား တည်မြဲဖို့အရေး တရားသောနည်းလမ်းတွေရော၊ မတရားသော နည်းလမ်းတွေရော ရှာဖွေ၍

အပတ်တကုတ် ကြိုးစားအား ထုတ်ရင်းက အချိန်တွေကုန်ဆုံးနေကြသည်ကိုလည်း တွေ့နေရပြန်ရာ သင်ခန်းစာယူဖို့ ကောင်းလှသလို ချောက်ချားဖို့လည်း ကောင်းလှပါသည်။

နိပါတ်တော်ထဲက တက္ကသိုလ်ကျောင်းသား သတို့သား၏ ရွာလို လူတိုင်း လူ့တန်ဖိုးကို နားလည်၍ လူဖြစ်ရတုန်းလေးမှာ 'တန်အောင်' အကောင်းဆုံး နေတတ်ကြသဖြင့် လူတိုင်းအသက်ရှည်ကြသော ဒေသ ကလေးမှာ မသေခင် နေဖူးသွားဖို့ရာ မျှော်လင့်ချက်သိပ်မရှိတော့သော် လည်း တတ်နိုင်သမျှ အဲသည့်ရွာနှင့်တူသော ဒေသမျိုးကလေး ကိုယ့်တိုင်း ပြည်ကိုဖြစ်၍ကျန်ခဲ့စေချင်သည့် စေတနာကတော့ အမှန်ရှိနေသည်ဖြစ် လေရာ အဲသည့် ကိစ္စအတွက်တော့ လူငယ်တွေကို လူဖြစ်ရတုန်းလေး ဆိုတာမျိုးကလေးကို တွေးတတ်ကြစေချင်သည်။ စာပေခရီးသွားများက ထုတ်ဝေနေသည့် လူငယ်ပညာပေး စာစဉ်တွေမှာ အဲသည့် သဘောတရား မျိုးကလေးတွေကို တွေ့နေရသဖြင့်လည်း ကျေးဇူးတင်မိသည်။

လူဖြစ်ရတာ ရသအာရုံ ခံစားဖို့လား

ပျော်ပျော်နေတတ်သော ပျော်ပျော်နေတတ်လွန်းသည်ဟုတောင် ပြော၍ရ သော မိတ်ဆွေတစ်ဦးနှင့် မနေ့က ညစာအတူစားမိသည်။ ထိုမိတ်ဆွေက လွန်ခဲ့သည့် ရှစ်နှစ်ကတည်းက နှလုံးရောဂါ ပြင်းထန်စွာ ခံစားရသဖြင့် နှလုံးထဲတွင် သွေးကြောချဲ့ပွန်လေးချောင်း ထည့်ထားရသူဖြစ်သည်။ ဒါတောင် လောကကြီးမှာ အပူအပင် မထားဘဲ ဘဝကို ပျော်ပျော်ပါးပါး ဖြတ်သန်းနိုင်သည့် 'တုန်လှုပ်ခြင်းကင်းမှု' ကလေးကတော့ အတုယူစရာ။

အတုယူစရာ မကောင်းတာကတော့ ရသအာရုံတို့ကို မခြိုးခြံနိုင်တာ ပါပဲ။

'ခင်ဗျားက ၄၈ နှစ်မှာ နှလုံးသွေးကြောပိတ်တာဆိုတော့ မစောလွန်းဘူးလား'

'ဆေးလိပ်သောက်တာကိုး ညီရ'

ပြောသာပြောသည်။ သူ့လက်ဖျားက စီးကရက်က မချ။

'ခင်ဗျား အဲဒါလည်း သောက်တုန်းပဲလား'

သူက ရယ်သည်။

'မင်းလည်း ဆရာဝန်၊ ငါလည်း ဆရာဝန်၊ မင်းလည်း သိ၊ ငါလည်း သိ၊ အရက်သောက်တော့ သွေးကြောကျယ်တယ်၊ ဆေးလိပ်သောက်တော့ သွေးကြောကျဉ်းတယ်၊ ပြိုင်တူသောက်တော့ အနေတော်ပဲ၊ ငါ့နှလုံးက ပွွန်လေးချောင်း ပြုတ်မထွက်အောင် ငါညှိထားတာ'

အဲဒါ မမှန်ပါ။

မမှန်ကြောင်း ကျွန်တော်သိသလို သူလည်း သိပါသည်။ သက်သက်ရယ်စရာ လုပ်ပြောနေတာပါ။

အမှန်က အရက်ရော၊ ဆေးလိပ်ရော ရေရှည်မှာ နှလုံးသွေးကြောကျဉ်းပါသည်။

ရောဂါကို မကြောက်ဘဲ ပျော်ပျော်နေတတ်တာက ရောဂါအတွက်ကောင်းသည်ဖြစ်၍ အထင်ကြီးမိသော်လည်း ရသအာရုံတွေကို မချိုးခြံနိုင်တာအတွက် သူ့ကို ကျွန်တော် အားမရပါ။

လူဖြစ်လာရတာ အချိန်ကလေးက နည်းနည်းကလေး။ သေပြီးလျှင် ဘာဖြစ်မည်ဆိုတာက ဘာသာတစ်ခုမှာ တစ်မျိုး ပြောနေကြတာ။ မျက်မှောက်ခေတ်လူတွေ ဘယ်သူမှ ကိုယ့်မျက်စိနှင့်ကိုယ် မြင်ဖူးတာ မဟုတ်။ ရသအာရုံတွေကို ခံစားနိုင်တုန်း အစွမ်းကုန် ခံစားကြစို့။ အဲသည် လို ပြောသူအများကြီးရှိခဲ့ပြီး ရှိလည်းရှိနေဆဲဖြစ်ကြောင်း ကျွန်တော် သိပါ သည်။

ပထမနှစ် ဒေသကောလိပ် ကျောင်းသားဘဝက သင်ကြားခဲ့ရသော နိုင်ငံရေး သိပ္ပံဘာသာရှိ ကမ္ဘာ့တွေးခေါ် ပညာရှင်များ သမိုင်းထဲက ဂရိ ပညာရှင်တွေထဲမှာတောင် အဲသလို အဆိုအမိန့်မျိုး ပေါ်ဖူးကြောင်း လေ့လာရသဖြင့် ကျွန်တော် တုန်လှုပ်ခဲ့ဖူးပါသည်။

နောက်ဘဝကို ယုံတာ မယုံတာတွေ ခဏထားလိုက်။

ကိုးကွယ်ရာ ဘာသာမရှိသူ၊ ပြီးတော့ မျက်မှောက်ခေတ် သာမန် လူသားတွေထဲမှာ ဉာဏ်ပညာ အထက်မြက်ဆုံးလူဟု အားလုံးက အသိ အမှတ်ပြုရသော အိုင်စတိုင်းပင်လျှင် အပန်းဖြေရာတွင် အပြစ်အနည်းဆုံး သော 'ဂီတ' ဆိုသည့် ရသအာရုံနှင့်သာ အပန်းဖြေတတ်၍ ခြိုးခြံရာတွင် နာမည်ကြီးကြောင်း အားလုံးသိပါသည်။ အဘယ့်ကြောင့်နည်း။

ရှင်းပါသည်။

ရသအာရုံတွေကို ခံစားပျော်ပါးရတိုင်း ပျော်စရာမကောင်းလို့ပဲ ဖြစ်ပါသည်။

အစားမက်သူသည် အစားကောင်းကောင်းစားရချိန်တွင် ပျော်မည်။ အရက်မက်သူသည် အရက်ကောင်းကောင်း သောက်ရချိန်တွင်ပျော်မည်။ ရုပ်ရှင်မက်သူသည် ရုပ်ရှင်ကောင်းကောင်း ကြည့်ရချိန်တွင် ပျော်မည်။ အပျော်အပါး မက်သူသည် ပျော်ရပါးရချိန်တွင် ပျော်မည်။ ကာမဂုဏ် အာရုံကိုစွဲသူသည် ကာမဂုဏ်အာရုံ ခံစားရချိန်တွင် ပျော်မည်။

အဲသည် 'အချိန်' ဆိုတာ ကလေးတွေက ချတွက်ကြည့်လျှင် မိနစ် ပိုင်းထက် ပိုမပျော်ရတာ အားလုံးသိပါသည်။ လူဖြစ်ရတာ အဲသည့်မိနစ် ပိုင်းလောက် တစ်ခဏလေးတွေကို ပျော်ပါးခံစားဖို့ဆိုတာ မဖြစ်နိုင်ပါ။

Satisfaction ဆိုသည့် စကားက စိတ်ကျေနပ်အားရမှု။ Fun ဆိုသည့် ပျော်ရွှင်မှု သက်သက်ထက် အများကြီး ပိုလေးနက်သည်။ ကြာကြာလည်း ခံသည်။ ထပ်တလဲလဲလည်း ပြန်တွေးရင်း ပီတိဖြစ်၍ရ သည်။

စာစောက ရသအာရုံတွေက Fun ကိုသာ ပေးနိုင်သည်။ Satisfaction ကို မပေးနိုင်ပါချေ။

အန္တရာယ်ကင်းဘေးကင်း ကိုယ့်ကိုယ်ကိုယ်ပဲ ဥပမာပေးပါဦးမည်။ ဆေးကျောင်းသားဘဝက လာဘ်မစားတတ်သော တပ်မတော်အရာရှိတစ်ဦး ၏ တက္ကသိုလ်ပြိုင်တူတက်ခဲ့သော သားလေးယောက်ထဲက တစ်ယောက် ဖြစ်ခဲ့လေရာ ကျွန်တော် တော်တော်ချို့တဲ့ခဲ့ဖူးပါသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် မနက်စာကို ကော်ဖီတစ်ခွက်အပြင် ဘာအဖတ်မှ မစားလိုက်ရ သော အကြိမ်က ပိုများပါသည်။ ငွေတစ်ရာပြည့်အောင် တစ်ခါမှ ကိုင်မသုံး ဖူးပါ။ အဲသည်တော့ တစ်ခါတလေ စားကောင်းသောက်ဖွယ်တွေ စားရ လျှင် ကျွန်တော်ပျော်ပါသည်။ ဒါကလည်း ခဏခဏ မဖြစ်ပါ။ ကျွန်တော့် ပေါင်ချိန်က ၁၀၀ ပဲ ရှိပါသည်။ လမ်းလျှောက်လျှင်တောင် ယိုင်တိုင် တိုင်ပါ။

အသက် လေးဆယ် သည်ဘက်ပိုင်းမှာတော့ ကျွန်တော်က တော်ဝင်သမားတော်ဘွဲ့ရ အထူးကုဆရာဝန်ကြီး တစ်ဦးပါ။ ကျွေးချင် မွေးချင်သူတွေ အများကြီး၊ စားပွဲတွေလည်း အကြိမ်ကြိမ်ပေါ့။

'ဆရာ ဒီနေ့ ဘယ်လိုဟာမျိုး စားချင်တာလဲ'

အဲသည့် စကားမျိုးကလည်း မကြားချင်မှအဆုံး။

သေသေချာချာ ပြန်စဉ်းစားကြည့်တော့ အဲသည့် စားကောင်း သောက်ဖွယ်တွေ စားနေရသည့် အချိန်တွေကို မှတ်တောင် မမှတ်မိတော့ ပါ။ ထင်ထင်ရှားရှား ကိုယ့်မှာ ကျန်ခဲ့တာက ပေါင် ၁၇၀ ကျော်လေးသော ခန္ဓာကိုယ်ရယ်၊ သွေးတိုးရောဂါရယ်၊ မှုန်စပြုနေပြီဖြစ်သော မျက်စိရယ်။

ဒါတွေအားလုံး ပြန်ဖယ်ပေးမည်။ ဆေးကျောင်းသားဘဝကလိုပဲ ပိန်ပိန်သွယ်သွယ်နှင့် ရောဂါကင်းကင်းကလေး ပြန်ဖြစ်ကြကြေးဆိုလျှင် ကျွန်တော် လဲနိုင်ပါသည်။ မရတော့ပါ။ နောက်ကျသွားပါပြီ။

ရသအာရုံတို့ ရေရှည်မှာ ပျော်စရာမကောင်းကြောင်း သိအောင် နောက်ဘဝအထိ စောင့်ဖို့မလိုပါ။

ပီတိအစစ်

Satisfaction... တစ်နည်းအားဖြင့် ကျေနပ်အားရမှု အစစ်ဆိုတာ ဘဝမှာ ရှိနိုင်လို့လားဟု မေးလျှင်တော့ ကျွန်တော် ခေါင်းညိတ်ပါမည်။

အထူးကုဆရာဝန်ကြီး တစ်ယောက်ဖြစ်လာအောင် ကြိုးစားရင်းက ဘဝမှာ ပျော်စရာအကောင်းဆုံးအရွယ်၊ အချိန်တွေကို ပျော်စရာမကောင်း ဘဲ ကုန်လွန်လိုက်ရပြီး အောင်မြင်မှုတွေ ရတိုင်းရတိုင်းမှာ ပျော်ရတာလည်း ရက်ပိုင်း အနည်းငယ်ကလေးမျှသာ ဆိုသော်လည်း ကျွန်တော် နောင်တ မရပါ။ ဘဝကို အခုနေ အစက ပြန်စဆိုလျှင်လည်း သည်ပင်ပန်းခက်ခဲသော လမ်းကြောင်းကိုပဲ ကျွန်တော် ရွေးပါမည်။ တောင်ပေါ်မှာ ဘာမှမရှိတာကို သိလျက်နှင့်တောင် ပင်ပန်းဆင်းရဲစွာဖြင့် ကုတ်ကတ်တက်ပြီး အပေါ် ရောက်သွားသည့် အရသာကို ကျွန်တော်တို့ ပျော်ဖူးခဲ့ကြတာပဲ မဟုတ်ဘူး လား။

ကျောင်းဆရာပေါက်စဘဝမှာ ထမင်းမေ့၊ ဟင်းမေ့ စာသင်ခဲ့တာ တွေကို အထက်က ဘယ်လူကြီးမှ အသိအမှတ်ပြုတာ မခံခဲ့ရဖူးသော်လည်း ယခု ကျောင်းဆရာဖြစ်တာ နှစ်နှစ်ဆယ်ကျော်ကြာလာသောအခါ ကိုယ် စာသင်ပေးလိုက်သည့် ဆရာဝန်ကလေးတွေက ဆရာဝန်ကြီးတွေ ဖြစ်လာ ပြီး နယ်ပယ်အသီးသီးမှာ အရေးပါသော နေရာတွေ ရောက်နေကြတာ၊ တချို့ဆိုလျှင် ဆရာရင်းဖြစ်သော ကျွန်တော့်ကိုပင်လျှင် ပြန်ဆေးစစ်ပေး တာ၊ ဆေးကုပေးတာတွေကို ကြုံရတိုင်း ကျွန်တော် ပီတိအကြီးကြီး စားရ ပါသည်။

အဲဒါတွေထက် ပို၍ကြီးသော ပီတိကိုတော့ စာရေးဆရာဘဝမှာ ကျွန်တော်ရပါသည်။

တက္ကသိုလ်မှာ ဆရာမလုပ်နေသော စာဖတ်ပရိသတ်နှစ်ဦးက သူတို့ အချင်းချင်းဆွေးနွေးသော စကားတချို့ကို ကျွန်တော့်ဆီ မနေ့က လှမ်းပို့ပေးပြီး ကျွန်တော့်အမြင်ကို မေးပါသည်။

'ဆရာလက်ာရည်ကျော်ရဲ့ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေကို ကြည့်ရတာ သိပ်လေးစားဖို့ကောင်းတာပဲ၊ ဒါပေမဲ့ အပြင်မှာတော့ အဲသလောက် တည်ကြည်ပြီး အဲသလောက် စိတ်ထားမြင့်မြတ်တဲ့ ယောကျ်ားမျိုးတွေ မရှိနိုင်ဘူးထင်တယ်'…တဲ့။

တကယ်တော့ ကျွန်တော့်ဝတ္ထုတွေထဲက ဇာတ်ကောင်တွေအားလုံး သည် အပြင်တွင် တကယ်ရှိခဲ့ဖူးသော ဇာတ်ရုပ်များကိုမှီ၍ ဖွဲ့ခဲ့တာချည်း ပါပဲ။

စာရေးဆရာတို့ ထုံးစံအတိုင်း မိမိ၏ အတ္တဝိညာဉ်ကလေးကလည်း ပူးသင့်သလောက် ဝင်ပူးသပေါ့။

တကယ်တော့ သူတို့သည်လည်း လူထဲကလူတွေပါပဲ။ တချို့နေရာ လေးတွေမှာ အများစု လှည့်ပြန်မည့် ကိစ္စတွေကို သူတို့က နောက်မဆုတ် ဘဲ တည့်တည့်ဝင်တိုးတတ်ပါသည်။ အများစု အသာထွက်မည့် နေရာမျိုး မှာ သူတို့က အနာဘက်က နေတတ်ကြပါသည်။ အများစု မရှောင်လွှဲနိုင် သော ရသစည်းစိမ်တို့ကို သူတို့က ခြိုးခြံသွားတတ်ပါသည်။

ဇာတ်ကောင်တွေမှာ စာရေးသူ၏ ဝိညာဉ်က ဝင်ပူးနေတတ်တော့ သူတို့ အဲသလို လုပ်သွားသည့် ကိစ္စအများအပြားမှာ ကျွန်တော်ကိုယ်တိုင် 'ဝင်တိုး' ခဲ့၊ 'နေ'ခဲ့၊ 'ခြိုးခြံ' ခဲ့သည့် ကိစ္စတွေ ဖြစ်လို့နေပါသည်။

အဲသည့်အတွက် ဘဝမှာ ပျော်စရာကောင်းသင့်သလောက် မကောင်းခဲ့ဘူးဟု ထင်စရာဖြစ်သော်လည်း ယခု ပြန်တွေးကြည့်သည့်အခါ အဲသလို ဆုံးဖြတ်ခဲ့၊ နေခဲ့၊ လုပ်ခဲ့ဖြစ်တာကို ကျွန်တော် တစိမ့်စိမ့် ပီတိ ဖြစ်၍ ရပါသည်။

ဒါမှပျော်စရာအစစ်ပါ။

လူငယ်တွေကိုလည်း လူဖြစ်ရတုန်းကလေးမှာ အဲသည့် ပီတိ ကလေး ခံစားသွားကြရဖူးစေချင်ပါသည်။

၁

## အနှစ်··· ခေတ်ဆီသို့

'အပြင်လွှာကို ထိုးဖောက် တွင်းဆုံးအထိ ရောက်အောင်' ဆိုသည့် စကား က ကျယ်ပြန့်လွန်းလှသည်။ ရှင်းရှင်းပြောရလျှင် ကိုယ်ယူချင်သလို ယူလို့ရသည့် အဓိပ္ပာယ်မျိုး ဖြစ်နေသည်။

ဖဲကြိုးနက်များ

စာပေခရီးသွားများက သည်ခေါင်းစဉ်နှင့် ကျွန်တော့်ကို လူငယ်ဆိုင်ရာ အကျိုးပြုစာပေ ရေးခိုင်းသော အချိန်ကလည်း Black Ribbon Movement ခေါ် ဖဲကြိုးနက် လှုပ်ရှားမှု အရှိန်ကောင်းနေချိန်ဖြစ်သည်။ ဖဲကြိုးနက်လှုပ်ရှားမှု ဆိုတာက ကျန်းမာရေး ဝန်ကြီးဌာနကို ကာကွယ်ရေး ဝန်ကြီးဌာနက စစ်ဗိုလ်တွေ အလုံးအရင်းနှင့် ရွှေ့ပြောင်း လာကြပြီး အရေးပါသော နေရာတွေမှာ ဝင်ရောက်နေရာယူတာကို ကျန်းမာရေး ဝန်ကြီးဌာနက ဆရာဝန်၊ ဆရာမများက ဆန့်ကျင်သောအား ဖြင့် ရင်ဘတ်မှာ ဖဲကြိုးနက်ကလေးတွေ တပ်ဆင်၍ အလုပ်ဆင်းရင်း ဆန္ဒ ပြကြတာ ဖြစ်သည်။ အဲဒါကို Wikipedia မှာ ဖော်ပြတော့ မြန်မာနိုင်ငံ မှ ထင်ရှားသော ဆရာဝန်များလည်း ပါဝင်ကြသည်ဟု ဆိုကာ ပါမောက္ခ ဆရာဦးညွှန့်သိန်း (စာရေးဆရာ ပါမောက္ခသိန်း) နှင့် ကျွန်တော့် နာမည် ကို ဖော်ပြထားသည်။

အဲဒါကို လန်ဒန်ရှိ ဘီဘီစီ ရေဒီယိုက ကျွန်တော့်ကို တိုက်ရိုက် ဖုန်းဆက်၍ အင်တာဗျူးသည်။ ဆရာ ဘာကြောင့် ခေါင်းဆောင်ခဲ့သလဲ သိချင်ပါသည်တဲ့။ ကျွန်တော်က ဆရာ ခေါင်းမဆောင်ပါ။ ထောက်ခံရုံပဲ ထောက်ခံတာပါဟု ဖြေလိုက်တော့ ခများ ဘာဆက်မေးရမည် မသိ။ မှန် ပါသည်။ ယခုအချိန်ထိ ကျွန်တော့်ရင်ဘတ်တွင် ဖဲကြိုးနက်ပင် တပ်မထား ပါ။ သို့သော် တော်လှန်ရေး ကောင်စီတက်သောအချိန်မှာ မွေးလာရသည့် မြန်မာနိုင်ငံသားတစ်ဦးအနေနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ်အားလုံးတွင် စစ်ဗိုလ်တွေ ဝင်နေရာယူပြီး စီမံကွပ်ကဲလိုက်လျှင် တိုင်းပြည်ကြီး ဘာ ဖြစ်သွားတတ်မှန်း ကောင်းစွာ သိပါသည်။ ဒါကြောင့်လည်း ဖဲကြိုးနက်တွေ ကို ထောက်ခံတာပါ။ အဲသလိုဆိုတော့ ကျွန်တော်က 'အပြင်လွှာကို ထိုးဖောက်၊ တွင်းဆုံး ထိရောက်အောင်' ဝင်လာသူတွေကို ဆန့်ကျင်သလို ဖြစ်နေသည်။ တကယ် တော့ ကျွန်တော်က အပြင်လွှာကို ထိုးဖောက်၊ တွင်းဆုံးအထိရောက်အောင် လုပ်တာကို အားပေးတာပါ။ ဒါဘာကိုဆိုလိုတာလဲဆိုတာ သိဖို့ကလည်း အပြင်လွှာကို ထိုးဖောက်၊ တွင်းဆုံးအထိ ရောက်အောင် မြင်တတ် ကြည့်တတ်ဖို့လိုပါသည်။

ပညာရှင် တစ်မျိုးတည်းခေတ် မဟုတ်တော့ပါ
'ပေါင်ချိန်' ဇာတ်လမ်းတွဲတွေကို မှတ်မိသူတိုင်း ပညာရှိကြီး 'ကုန်းစွန်းချယ်' ကို မှတ်မိကြမည် ထင်ပါသည်။ ကုန်းစွန်းချယ်က ဆေးကုလည်းသူ၊ ဗေဒင် ဟောလည်း သူ၊ ဥပဒေ အကြံပေးလည်း သူပါပဲ။ ရှေးခေတ် တရုတ်ပြည်မှာ ပေါ့။
ကိုရီးယား ဇာတ်လမ်းတွဲတွေမှာလည်း 'ချန်ဂင်' က ဟင်းချက်လိုက်၊ ဆေးကုလိုက်။

မြန်မာ့ရာဇဝင်မှာလည်း အမတ်ကြီး ယောအတွင်းဝန် ဦးဖိုးလှိုင်က ဥတုဘောဇနသင်္ဂဟ ဆေးကျမ်းကို ရေးခဲ့တာပါပဲ။
ပညာရှင်တွေက နည်းပြီး ပညာရပ်တွေက မကျယ်ပြန့်သေးတော့ ပညာတိုင်းကို ပညာရှင်တစ်ဦးတည်းက တာဝန်ယူရသည့် သဘောကလေး တွေ ရှိသည်။ သည်ဘက်ခေတ်မှာလည်း သင်္ဘောကပ္ပတိန်တွေ ဆေးနည်းနည်း ပါးပါး ကုတတ်ရသည်။ ရေလယ်ကောင်မှာ သင်္ဘောသားတွေ ဖျားနာတော့ ဆရာဝန်မှ ပါမလာဘဲကိုး။
ဒုတိယကမ္ဘာစစ် ကာလတုန်းကလည်း တပ်မတော်အရာရှိတွေ အရပ်ဘက် အုပ်ချုပ်ရေး ကိစ္စတွေမှာ ဝင်ပါရတာ ကမ္ဘာနှင့်အဝှမ်း။ စစ်ရေး နှင့် အုပ်ချုပ်ရေးက ခွဲခြား၍ မရပေပဲကိုး။
၂၁ ရာစုကိုတော့ ပညာခေတ်ကြီးဟု တင်စားခေါ်ကြသည်။ ပညာ ရပ်အသီးသီးက နက်ရှိုင်းကျယ်ပြန့်လွန်းတော့ လူတစ်ယောက်တည်းက အရာရာကို နားလည်ဖို့ဆိုတာ မဖြစ်နိုင်တော့။ အဲသည်လောက် နက်ရှိုင်း ကျယ်ပြန့်စွာ မလေ့လာထားလျှင်လည်း သူများနိုင်ငံနှင့် ပခုံးချင်းယှဉ်ဖို့ဆို တာ ထပြောလျှင်တောင် ရယ်စရာ ဖြစ်တော့မည်။
ယုတ်စွအဆုံး စစ်တိုက်တာတောင် ပညာနှင့်တိုက်သည့် ခေတ်ကြီး ပါ။
နိုင်ဂျီးရီးယားမှာ အကြမ်းဖက်သမားတွေကို ကုလသမဂ္ဂ လက်အောက်ခံ အမေရိကန် စစ်တပ်တစ်တပ်က တိုက်ခိုက်သော ဖြစ်ရပ်မှန် ဓာတ်လမ်းတစ်ခု ကျွန်တော် ကြည့်ဖူးသည်။ မြို့လယ်ကောင်မှာ အကြမ်းဖက် သမားတွေနှင့် ပစ်ခတ်နေသော အမေရိကန် စစ်သားတွေကို အမိန့်ပေးနေသည့် ဗိုလ်ချုပ်က ကွန်ပျူတာတွေ ရာချီရှိနေသော အခန်းထဲ မှာ ဂြိုလ်တုက ရိုက်ပြနေသော ကောင်းကင်ဓာတ်ပုံကို ကြည့်၍ စစ်သား တစ်ယောက်ချင်း၏ နားမှာ တပ်ထားသော ဆက်သွယ်ရေးစက်က တစ်ဆင့်ညွှန်ကြားနေတာ

ဖြစ်သည်။ ဒါတောင် လုံးထွေးတိုက်ခိုက်ဖို့
လိုအပ်သော အခြေအနေမျိုးမို့ ဖြစ်သည်။ အဝေးကနေ လူမပါသော လေယာဉ်နှင့် ပစ်ခတ်ဖြိုခွဲနေကြတာကတော့ အကြိမ်ကြိမ်။ တစ်ခေတ် တစ်ခါက ထိုပြည်ပရန် ကျူးကျော်လာမှာစိုး၍ဟု ဆိုကာ အမျိုးသမီးတွေကို ဝါးချွန်ကိုင်၍ စစ်သင်တန်းပေးတာတောင် ရှိခဲ့ဖူးသည်။ ရယ်ရမှာလား၊ ရှက်ရမှာလားကို မသိတော့။
ဆေးပညာမှာလည်း ကြည့်။
လူကြီးကုသော ဆရာဝန် ကလေး မကုတော့သည့် ခေတ်က စလိုက်တာ။ ကလေးဆရာဝန်ထဲမှာမှ ကလေးနှလုံး ဆရာဝန်ဆိုတာ ပေါ်လာသည်။ အဲသည်မှာ ကလေးနှလုံးခွဲစိတ်ကု ဆရာဝန်နှင့် ကလေး နှလုံးကု သမားတော် မတူသေး။ ကလေးနှလုံးကု သမားတော်ထဲမှာတင် ကလေးနှလုံးကို ပိုက်သွင်း ကုသသူ (Pediatric Interventional Cardiologist) နှင့် နှလုံးလျှပ်စီးမှု ပြဿနာများကို ကုသမှု (Pediatric electrocardiologist) စသည်ဖြင့် အမျိုးအစားများ ကွဲပြားသေးသည်။
အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆိုတာတောင် မရှိတော့။
အစာအိမ်ကြည့်သူက အစာအိမ်ကြည့်၍ အူလမ်းကြောင်းကြည့်သူက အူလမ်းကြောင်း ကြည့်သည်။
အခြား နယ်ပယ်ကဏ္ဍ အသီးသီးတွင်လည်း ထို့အတူပင်။
အမေရိကန်သမ္မတ ရေဂင်လက်ထက်က အမေရိကန်နိုင်ငံသား ဂျူးလူမျိုးတစ်ဦးကို သတ်ဖြတ်သွားသည့် အကြမ်းဖက်သမားတစ်ဦး ပါလာ သော အီဂျစ်လေယာဉ်ကြီး လေဆိပ်မှ တက်လာသည့် သတင်းကိုရသည့် အခါ သမ္မတရီဂင်က လိုက်၍ လေယာဉ်ဘေးမှ ရန်မည့် လေတပ်အတွက် လေတပ်ကျွမ်းကျင်သူကို မေးသည်။ လိုအပ်၍ ပစ်ခတ်ရလျှင် ခရီးသည်များ

ထိခိုက်နိုင်ချေအတွက် လက်နက်ကျွမ်းကျင်သူကို မေးသည်။ ဆိုဗီယက် ပြည်ထောင်စုမှ တုံ့ပြန်လာနိုင်ချေအတွက် ဆိုဗီယက်ရေး ကျွမ်းကျင်သူကို မေးသည်။ အီရန်မှ တုံ့ပြန်လာနိုင်ချေအတွက် အီရန် ကျွမ်းကျင်သူကို မေးသည်။ အမေရိကန် ပြည်သူများမှ ဖြစ်ပေါ်လာနိုင်သော သဘောထား အတွက် မဲဆွယ်ကျွမ်းကျင်သူကို မေးသည်။

ပညာရှင်မပါဘဲ ဘယ်အရာမှ မပြီး။

ကိုယ့်နိုင်ငံမှာတော့ နာဂစ်လို မုန်တိုင်းကြီးဝင်မည့် ကိစ္စကို ကြိုသိ သည့် ဦးထွန်းလွင်လို ပညာရှင်မျိုးရှိနေပါလျက် ဆုံးဖြတ်ချက်ချနိုင်သည့် နေရာမှာ ပညာရှင်တွေ ရှိမနေခဲ့၍ ဘာတွေ ဖြစ်ခဲ့ကြသလဲဆိုတာ သိချင်လျှင် ဦးထွန်းလွင်၏ 'ပန်းနဲ့ပေါက်တာလည်း နာချင်တယ်' စာအုပ် သာ ဝယ်ဖတ်ကြလေရော့။

အကာက များများ၊ အနှစ်က နည်းနည်း

တက္ကသိုလ် ပညာရေးအဖွဲ့ဝင်တစ်ဦးဖြစ်၍ ကျွန်တော် ဘွဲ့နှင်းသဘင်တွေ ခဏခဏ တက်ရသည်။ ဘွဲ့နှင်းသဘင်တက်ရတိုင်း ကျွန်တော် ခံစားရ သည့် ခံစားချက်မှာ ကျွန်တော်တို့ ကိုယ်တိုင် ပါဝင်ကျင်လည်နေရသည့် ပညာရေးလောကမှာရော အနှစ်နှင့်အကာ ဘယ်ဟာက များနေသလဲ ဆိုတာ ဖြစ်သည်။

မူလတန်းမှာ တစ်တန်းလုံး 'ကျွန်တော်၏ အဖေသည် ဦးမြ ဖြစ် ပါသည်'ဟု ဖြေခဲ့ရသည်မှ အစပြု၍ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲကြီးအောင်မြင်ပြီး အလုပ်သင်ဆရာဝန် ထမ်းဆောင် ရာမှာ အများစုက ကြိုးစားပမ်းစား ထမ်းဆောင်နေသော်လည်း တစ်ယောက်စ နှစ်ယောက်စ

ဖွေဖောက်ကြသည့်အခါ ဟိုပါတီကြီးက လွှတ်တော်ကိုယ်စားလှယ်၏ သားမို့ပါ
ဆိုပြီး ဖုန်းဆက်ရဲနေကြတာကိုက မဟုတ်သေး။
အချိန်တန်၍ ဘွဲ့နှင်းသဘင် ကျင်းပသော အခါတွင်တော့
ကျွန်တော်တို့ 'မင်းဆိုင်း' တီး၍ ဖြည်းဖြည်းချင်း ခမ်းနားစွာ လျှောက်ကြ
လေသည်။

အနှစ်··· ခေတ်ဆီသို့
ပြောင်းတော့လည်း ပြောင်းဦးမှာပါ။
တစ်နိုင်ငံတည်း ရပ်တည်၍ရသောခေတ် မဟုတ်သဖြင့် ကမ္ဘာ နှင့်
ရင်ပေါင်တန်းနိုင်ရန် အကာတွေ လျှော့၍ အနှစ်တွေဘက် လိုက်ကြ ဦးမှာပါ။

အပြင်လွှာကို ထိုးဖောက် တွင်းဆုံးထိ ရောက်အောင်
အနှစ်တွေ ပီပြင်လာသောခေတ်တွင်တော့ ကျွန်တော်တို့ အငြိမ်းစား ယူပြီး
လောက်ပြီ။ လူငယ်တွေ တာဝန်ယူကြရတော့မည်။
အဲသည်လို တာဝန်ယူနိုင်ဖို့ဆိုလျှင်တော့ နိုင်ငံရေးပညာ၊ သမိုင်း ပညာ၊
စက်မှုပညာ၊ ဆေးပညာ၊ စိုက်ပျိုးရေးပညာ၊ စစ်ပညာ ဘာပညာ နှင့်ပဲ
ရပ်တည်ရပ်တည်၊ ကိုယ်ရပ်တည်ရာ ပညာကို အပြင်လွှာကို ထိုးဖောက်၊
တွင်းဆုံးထိရောက်အောင် လေ့လာကြဖို့ လိုပါလိမ့်မည်။

၀

# ယဉ်ကျေးမှုဆိုတာ တော်လှန်စရာလား

သည်တစ်ခေါက် အရှုးလွယ်အိတ်ကို နှိုက်လိုက်တော့ တယောနီကလေး ထွက်လာသည်။

တယောနီဆိုတာ

တယောနီဆိုတာ ရဲရဲတောက် အနီရောင်ဖြစ်နေသော တယောကလေးဖြစ် သည်။ ကျွန်တော် ကြည့်ဖူးထားသော တယောနီ (မှီ ဋ္ဌငသူငည)၏ အဓိက ဇာတ်ဆောင်ပေါ့။ ကမ္ဘာကျော် အော်စကာဆုရ လူမည်းမင်းသားကြီး ဆင်မြူရယ်ဂျက်ဆင်ခေါင်းဆောင် ပါဝင်သည်။

ကျွန်တော် မှတ်မိသလောက် ဇာတ်လမ်းက သည်လို။

ရှေးခေတ်ဥရောပမှာ တယောပညာရှင် တစ်ဦး၏ ဇနီးမိန်းမချော ကလေးကို ရှေ့ဖြစ်ဖတ်သည့် မိန်းမကြီးက နှစ်ပေါင်းရာနှင့် ချီ၍ အသက် ရှင်မည်။ ဘယ်နေရာရောက်ရောက် ထင်ပေါ်မည်။ အားလုံးက ချစ်ကြ မည်။ တန်ဖိုးထားကြမည်။ သို့သော် အချိန်ကာလ အပိုင်းအခြား ကလေး တစ်ခုကိုတော့ ကျော်ဖြတ်ရမည်။ အဲသည်အချိန်မှာ ရက်စက်ကြမ်းကြုတ် သူတို့က အင်အားကြီးမားလှသဖြင့် ပုန်းအောင်းနေရမည်။ ပြီးလျှင် ပြန် လွတ်မြောက်ထင်ပေါ်လာမည်တဲ့။

ဘယ်လိုလုပ်ဖြစ်နိုင်မှာတဲ့လဲ။ ဟောရဲသူကိုပင် အံ့ဩဖို့ ကောင်း သည်။ လက်တွေ့မှာလည်း ထိုမိန်းမချောကလေး အသက်မရှည်ပါ။ ပျို ရွယ်စဉ်မှာပင် ကွယ်လွန်သွားသည်။ သူ့ကို သိပ်ချစ်သည့် သူ့ခင်ပွန်းက သစ်သား တယောကလေးတစ်ခု လုပ်၍ တယောကို သူ့ကိုယ်က ထုတ်ယူ သည့် သွေးနှင့် သုတ်လိုက်သည်။ တယောနီကလေး ဖြစ်သွားတာပေါ့။

ရှေ့ဖြစ်ဟော ဆရာမကြီး ပြောသလိုဖြစ်လာတာက အဲသည့် မိန်းမ ချောလေး၏ သွေးတို့ လိမ်းကျံထားသည့် တယောနီကလေး၏ ဘဝပါ။

နိုင်ငံမျိုးစုံကို ရောက်သည်။ လူမျိုးစုံနှင့် တွေ့ရသည်။ အမြဲ တန်ဖိုးထားခံရသည်။ ဆယ်ကျော်သက်အရွယ် နှလုံးရောဂါသည် ဂီတ ပညာရှင်ကလေး တစ်ယောက်ဆိုလျှင် အရေးကြီး ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ရှေ့မှောက်တွင် သည်တယောနီကလေးကို ထိုး၍ သူ့အနုပညာအစွမ်းကို ပြရန် ပြင်လိုက်ချိန်မှာပင် နှလုံးခုန်ရပ်၍ သေဆုံးသွားသည်။

ကျွန်တော်ကတော့ တယောနီကလေးကို ကမ္ဘာ့လူမျိုးပေါင်းစုံတို့၏ အနုပညာနှလုံးသည်းပွတ်အဖြစ် တင်စားထားသည်ဟု ယူဆသည်။ ဇာတ် သိမ်းခါနီးတော့ တယောနီကလေး ပုန်းအောင်းနေရမည့် အချိန်ကာလ တစ်ခုသို့ရောက်လာခဲ့သည်။

ယဉ်ကျေးမှု တော်လှန်ရေး

ယဉ်ကျေးမှု တော်လှန်ရေးဆိုတာ ရာဇဝင်မှာ တကယ်ရှိခဲ့သည်။ ၁၉၆၆ မှ ၁၉၇၆ အတွင်း ဖြစ်ခဲ့တာဆိုတော့ ၁၀ နှစ်လောက်ကြာသည်။ ကွန်မြူ နစ်တရုတ်နိုင်ငံမှာ ဖြစ်ခဲ့တာ ဖြစ်သည်။ မြန်မာနိုင်ငံလည်း အဖျားခတ် သင့်သလောက် ခတ်သည်။ ကျွန်တော်က အဲသည့် အချိန်က မူလတန်း ကျောင်းသားအရွယ် ဖြစ်ပြီး ရန်ကုန်မြို့ တရုတ်တန်း၊ ဘုံကျောင်းတွေ ပေါသော ရပ်ကွက်မှာနေခဲ့တာ ဆိုတော့ အဲသည်အချိန်က အဲသည့်အရပ် မှာ ရှိသော တရုတ်ကျောင်းတွေကို အစွန်းရောက် ကွန်မြူနစ်ဝါဒ ရိုက် ခတ်လာတာ ကြုံဖူးသည်။ အရေးအခင်းတွေ ဘာတွေ ဖြစ်ရသည့်အထိပါပဲ။

ပြည်မကြီးမှာတော့ တရုတ်ကွန်မြူနစ် ပါတီဥက္ကဋ္ဌ မော်စီတုန်းက ဦးဆောင်သည်။ ရည်ရွယ်ချက်ကတော့ အရင်းရှင်ဝါဒနှင့် ရှေးဟောင်း

တရုတ်ယဉ်ကျေးမှု အငွေ့အသက်တွေကို ကင်းစင်အောင် ဖယ်ရှားပြီး ကွန်မြူနစ်ဝါဒစစ်စစ် ထူထောင်ရန်ဟုဆိုသည်။ လက်တွေ့တွင်တော့ ရလဒ်က မချိုမြိန်ပါ။

၁၉၆၆ ခုနှစ်၊ မေလတွင် မော်စီတုန်းက အရင်းရှင်ဝါဒကို ပြန်လည် အသက်သွင်းလိုသည့် 'ပြန်လည် ပြင်ဆင်ရေး သမား' တွေ လူထုထဲကို ထိုးဖောက်နေပြီဟု ကြေညာပြီး 'ပြတ်ပြတ်သားသား' ဖယ်ရှားပစ်ကြပါဟု ပြောသည်။ တရုတ်လူငယ်တွေက တပ်နီတော် (Red Guard) အမည် ဖြင့် တစ်နိုင်ငံလုံးမှာ အဖွဲ့တွေ ဖွဲ့သည်။ ကွန်မြူနစ်ပါတီထိပ်ပိုင်း ခေါင်းဆောင် တချို့အပါအဝင် အတော်များများ ဖယ်ရှားခံရသည်။ လူတွေ သန်းနှင့် ချီ၍ အတိုက်ခိုက်ခံရသည်။ လူလယ်ကောင်မှာ သိက္ခာချတာ၊ ထောင်ချတာ၊ နှိပ်စက်တာ၊ ပစ္စည်းတွေ အသိမ်းခံရတာတွေ ရှိသည်။ မြို့နေ လူငယ်တော်တော်များများလည်း အစွန်အဖျားတွေကို ပို့ပစ်ခံရ သည်။ ယဉ်ကျေးမှု ဘာသာရေးနှင့် သမိုင်းဝင်အဆောက်အအုံ ပစ္စည်းတွေ အဖျက်ဆီးခံရသည်။

အဲသည်အချိန်မှာမှ တယောနီကလေးက တရုတ်ပြည်ကို ရောက် နေသည်။ တရုတ်ကျောင်းဆရာ တစ်ဦးက အဲသည်တယောကလေး ထိုးထိုးနေ၍ သူ့ကျောင်းသား တပ်နီတော်ဝင်လူငယ်တွေက အာဏာပိုင် တွေကို တိုင်သဖြင့် သူ့ကို ဥရောပယဉ်ကျေးမှု ခုံမင်သူ 'အနောက်မျှော်သူ' ဟု စွပ်စွဲဖမ်းချုပ်သည်။ ရုပ်ရှင်ထဲမှာ သူဘာဖြစ်သွားသည် ဆိုတာ မပြ သော်လည်း တယောနီကလေးကတော့ သူ အဝှက်ကောင်းသဖြင့် လွတ်မြောက်သွားသည်။

ဝီကီပီဒီယ အဆိုအရတော့ ယဉ်ကျေးမှု တော်လှန်ရေးမှာ လူတွေ သန်းနဲ့ချီ သေသည်။ သန်းနှင့်ချီ၍ ထောင်ကျတာ၊ ပစ္စည်းသိမ်းခံရတာ၊ နှိပ်စက်ခံရတာ၊ သိက္ခာချခံရတာတွေ ဖြစ်သည်ဟု ဆိုသည်။ စီးပွားရေး ပျက်ကပ်ဖြစ်လာပြီး ထွက်ကုန် ၁၂ ရာခိုင်နှုန်းအထိ ထိုးကျသွားသည်။

မော်စီတုန်းက ၁၉၆၉ ခုနှစ်မှာ ယဉ်ကျေးမှု တော်လှန်ရေးပြီးဆုံး ကြောင်း ကြေညာခဲ့သော်လည်း နောက်နှစ်နှစ်လောက်အထိတော့ အရှိန်က ကျန်နေဆဲဖြစ်သည်ဟု ဆိုသည်။

၁၉၈၁ ခုနှစ်မှာတော့ ကွန်မြူနစ်ပါတီက 'ယဉ်ကျေးမှု တော်လှန် ရေးသည် ပါတီရော၊ နိုင်ငံရော၊ ပြည်သူလူထုအတွက်ပါ အဆိုးရွားဆုံး ထိခိုက်နစ်နာစေခဲ့သည်'ဟု ကြေညာခဲ့သည်။

ကမ္ဘာပေါ်မှာ ယဉ်ကျေးမှု အစောဆုံး ထွန်းကားခဲ့ပြီး ကွန်ဖြူးရှပ် လို တွေးခေါ်ပညာရှင်ကြီးများ များစွာပေါ်ထွန်းခဲ့သည့် နိုင်ငံကြီးတစ်နိုင်ငံ ပင်လျှင် အနုပညာနှင့် ယဉ်ကျေးမှုကို မျက်ကွယ်ပြုလိုက်သည့် နှလုံးသား များ၏ ထိခိုက်ပွန်းရှစေနိုင်စွမ်းက သင်ခန်းစာယူစရာပါပေ။

တယောနီကလေးကတော့ ရှေးဟောင်း အဖိုးတန်ပစ္စည်းကလေး အဖြစ် ပြန်ပေါ်ထွက်လာပါသည်။

## ယဉ်ကျေးမှုနှင့် အနုပညာ၏တန်ဖိုး

အဲသည့် နောက်ပိုင်းမှာတော့ ယဉ်ကျေးမှုနှင့် အနုပညာ၏ တန်ဖိုးကို တိန်ရှောင်ဖိန် ခေါင်းဆောင်သော တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲများ သာမက တစ်ကမ္ဘာလုံးက အလေးဂရုပြုခဲ့ကြသည်။

ဆရာငြိမ်းကျော် မကွယ်လွန်မီက ပြောခဲ့ဖူးသော စကားတစ်ခွန်းကို ကိုးကား၍ ပြောရလျှင် ဥပဒေနှင့် တားမြစ်ပိတ်ပင်၍ မရသောအဆင့်၊ လူတို့၏ နှလုံးသားတို့ကို ကောင်းမြတ်သော အတွေးအခေါ် အပြုအမူတို့ ဖြင့် မွေ့လျော်ကျင်လည်နေတတ်ရန် အနုပညာနှင့် ယဉ်ကျေးမှုက မကွပ် ထိန်းလျှင် အဲသည်လူ့အဖွဲ့အစည်း ဘာဖြစ်သွားနိုင်သလဲ စဉ်းစားကြည့်စရာ ကောင်းလှသည်။

သမီးငယ်ကို London Goldsmith University နှင့် တွဲဖက်ဖွင့်လှစ်သည့် စင်ကာပူနိုင်ငံမှ Laselle College of Arts တွင် BA (Fine Arts) ခေါ် ပန်းချီဘွဲ့ယူရန်အတွက် လွှန်ခဲ့သော ငါးနှစ်ခန့်က ကျွန်တော် ကျောင်းအပ်ဖို့ သွားစုံစမ်းသောအခါ ထူးဆန်းတာတွေ့ခဲ့ရသည်။ အဲဒါက တော့ စင်ကာပူမြို့လယ်ကောင် City Hall ကြီးနားမှာကပ်၍ အလွန်ဈေး ကြီးသော မြေနေရာမှာ အလွန်ခေတ်မီစွာ တည်ဆောက်ထားသည့် နိုင်ငံတကာအဆင့် တက္ကသိုလ်တစ်ခု၏ သင်တန်းကြေးမှာ ထင်သလောက် မကြီးမြင့်ခြင်းပင် ဖြစ်သည်။

အဲသည် တက္ကသိုလ်ဒုဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိဖြစ်သူက တက္ကသိုလ်ကို လှည့်ပတ်ပြရင်းရှင်းပြတော့ ပို၍ပင် အံ့အားသင့်စရာဖြစ်ပြန် သည်။ သည်တက္ကသိုလ်၏ မြေနေရာက တန်ဖိုးအလွန်ကြီးမားတာမှန်သော် လည်း တက္ကသိုလ်က မပေးခဲ့ရပါတဲ့။ စင်ကာပူအစိုးရက ထည့်ဝင်လှူဒါန်း တာပါတဲ့။ အောက်ဆုံးထပ်မှာ 'စင်ကာပူလေကြောင်းခန်းမ' ဆိုတာ တွေ့ ခဲ့သေးသည်။ အနုပညာတက္ကသိုလ်နှင့် 'စင်ကာပူလေကြောင်း ဘယ်လိုပတ် သက်ပါသလဲဟု စပ်စုတော့ အဲဒါလည်း စင်ကာပူလေကြောင်းကုမ္ပဏီက လှူဒါန်းတာပါတဲ့။

နိုင်ငံတစ်နိုင်ငံ တိုးတက်လာဖို့အတွက် တစ်ဦးချင်းဝင်ငွေ (GDP) တွေ တိုးတက်လာဖို့ ပညာရေး၊ ကျန်းမာရေးမြှင့်တင်ဖို့တွေ ထိပ်ဆုံးက လုပ်ဆောင်ရတာမှန်သော်လည်း တိုးတက်မှုပြီးပြည့်စုံဖို့အတွက် နိုင်ငံသား တို့၏ရင်ထဲမှာ အနုပညာယဉ်ကျေးမှုကို မြှုပ်နှံပေးဖို့ မရှိမဖြစ်လိုအပ် ကြောင်းကို သူတို့နိုင်ငံအကြီးအကဲတွေကရော စီးပွားရေးလုပ်ငန်းရှင်တွေက ပါ သဘောပေါက်ကြလို့ ဝိုင်းဝန်းပံ့ပိုးကြတာပါတဲ့။

ကြက်သီးမွေးညင်းပင် ထချင်စရာ။

၂၁ ရာစုနှင့် ယဉ်ကျေးမှုအနုပညာ

မနှစ်က ကျွန်တော်ဘေဂျင်းမှာ အစည်းအဝေးသွားတက်ရင်း တရုတ်ယဉ်ကျေးမှုအမွေအနှစ်များ ပြသထားသည့်နေရာအတော်များများသို့ သွားလေ့လာခဲ့သည်။ ရှေးဟောင်းသမိုင်းအမွေအနှစ်နှင့် ယဉ်ကျေးမှုလက်ရာတွေကို ထိန်းသိမ်းသည့်နေရာမှာ စနစ်ကျတာတော့ ကျွန်တော်တို့ထက် ဘယ်နှဆပြောရမှန်းမသိလောက်အောင်သာသည်။ ဒါယဉ်ကျေးမှုတော်လှန်ရေးကြီးဖြစ်ခဲ့သည့် နေရာလေ။ ကျွန်တော်တို့က ယဉ်ကျေးမှုကို ဘယ်တုန်းက တော်လှန်ခဲ့ဖူးလို့လဲ။

ကျန်သည့် ကျွန်တော်ရောက်ဖူးသမျှ ကမ္ဘာ့နိုင်ငံတွေမှာလည်း 'ဒါ ငါတို့ယဉ်ကျေးမှု' ဟု ပြည့်ပြည့်စုံစုံထုတ်ပြစရာနေရာတွေ အတော်များများ စားစားရှိတာ တွေ့ရသည်။

လန်ဒန်မြို့ရှိ ဗြိတိန် အမျိုးသားပြတိုက်တွင် မြန်မာ့ယဉ်ကျေးမှုပြခန်း တစ်ခန်းပင် သတ်သတ်ရှိနေပြီး အဲဒီမှာ သိမ်းဆည်းထားသည့် ပစ္စည်းများ က မြန်မာပြည်မှာတောင် ရှာမရနိုင်တော့သော ပစ္စည်းများဖြစ်နေတာ တွေ့ရသည်။ ဂျပန်က ပြတိုက်တွေမှာလည်း ရှားပါးမြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုလက်ရာတွေ ရှိနေသည်။ သို့သော် အားလုံးကို ထုတ်မပြတဲ့။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ပြတိုက်တွေ ထွန်းကားလာရင် တောင် နိုင်ငံခြားသားကိုသာ အားကိုးရမည်။ ကိုယ့်နိုင်ငံသားတို့နှလုံးသားက ပြတိုက်ကို တန်ဖိုးထားဖို့ဆိုတာ တော်တော့်ကို လေ့ကျင့်ယူရဦးမည်ဖြစ် သည်။

ယဉ်ကျေးမှုကွယ်လျှင်

ပြီးခဲ့သည့် ရာစုနှစ်တစ်ဝက်လုံးလုံး မြန်မာတို့၏ နှလုံးသားတွင် အနုပညာ ယဉ်ကျေးမှုကို တန်ဖိုးထားသောစိတ်များ ယိုယွင်းလာနေသည်ဆိုတာတော့ အမှန်အတိုင်း ဝန်ခံရမည်ဖြစ်သည်။

ပုဂံဘုရားတွေကို ဘယ်လိုမွမ်းမံလိုက်သလဲ၊ နံရံဆေးရေးပန်းချီတွေ ကို ဘာလုပ်လိုက်သလဲဆိုတာကိုပဲ ကြည့်။ ယုတ်စွအဆုံး လူအများ စိတ် အဝင်စားဆုံးဖြစ်သည့် ရုပ်ရှင်အနုပညာသည်ပင်လျှင် ဝိသမလောဘသား တချို့က တာဝန်ရှိသူတချို့နှင့်ပေါင်းကာ ရုပ်ရှင်ရုံတွေကို ဘဝပြောင်းပစ် လိုက်သဖြင့် ရုံတင်စရာမရှိတော့တာမျိုး တွေ့တွေ့နေရသည်။ အနုပညာ မထွန်းကားရင်နေပေါ့။ စီးပွားရေးတိုးတက်ဖို့က အဓိကပဲမဟုတ်လားဟု ပြောချင်သူတွေ ရှိကောင်းရှိမည်။

ကမ္ဘာ့အချမ်းသာဆုံးဆိုသည့် ဘီလ်ဂိတ် သူ့ပိုက်ဆံတွေကို သူဘယ် လိုသုံးပစ်ပါသလဲ။ မြန်မာနိုင်ငံအပါအဝင် ဆင်းရဲသောနိုင်ငံအားလုံးနီးနီး၏ နေ့စဉ်ထိုးနေသော ကာကွယ်ဆေးတွေ သူလှူထားတာပါ။ မှာက်ဖူကာ ဘတ်ရော။

မြန်မာနိုင်ငံမှာ ပိုက်ဆံပေါ်နေသူ အများစု နေ့စဉ်ဘဝနေထိုင် သည့် ပုံနှင့် နည်းနည်းယှဉ်ကြည့်ပါ။

ကျွန်တော်တို့ နှလုံးသားတွေမှာ ယဉ်ကျေးမှုတည်ဖို့ လိုနေသေး သည် မဟုတ်ပါလား။ စီးပွားရေးလုပ်ရာတွင်ပင် ယဉ်ကျေးမှုရှိသည်။ Business Ethic ဟု ခေါ်သည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် ဥရောပကုမ္ပဏီကြီးတစ်ခု၏ တောတွင်းစခန်းသို့ ကျွန်တော်သွားလေ့လာဖူး သည်။ ပတ်ပတ်လည်က ရွာတွေကို လမ်းခင်းပေးထားသည်။ ဆေးခန်းတွေ ဖွင့်ထားပေးသည်။ လူနာတင်ယာဉ်ထားပေးသည်။ ဝေါကီတော်ကီပါရှိသည်။ မြေတစ်ကွက်တိုးဝယ်ချင်တိုင်း ပေါက်ဈေးနှင့် လိုက်ဈေးသည်။ Socioeconomic Development ဆိုတာ နိုင်ငံတကာအဆင့်ကုမ္ပဏီကြီးတိုင်း မပျက်မကွက်လုပ်ရသည့်ကိစ္စပါတဲ့။

မလုပ်သည့် ကုမ္ပဏီတွေလည်း ရှိ သည်။ လုပ်ရမည်ဟု စာချုပ်ထဲ ထည့်ချုပ်ထားတာမှ မဟုတ်တာ။ သွားမေး တာတောင် ဘာဖြစ်လို့လုပ်ရမှာလဲဟု ဖြေသေးသတဲ့။

လောဘဇောတိုက်ပြီး အလွန်အကျူးထုတ်လုပ်သဖြင့် ထုတ်လုပ် သည့်နေရာ၏ ပတ်ဝန်းကျင်ကိုသာမက တစ်နိုင်ငံလုံး၏ ဂေဟာစနစ်ကိုပါ ထိခိုက်စေပြီး သဘာဝဘေးအန္တရာယ်ကိုပါ ထိခိုက်စေပြီး သဘာဝဘေး အန္တရာယ်တွေကျရောက်သဖြင့် အပြစ်မဲ့ပြည်သူတွေ၏ ဘဝတွေ အသက် တွေ ဆုံးရှုံးနေရတာလည်း Business Ethic ခေါ် စီးပွားရေးဆိုင်ရာ ယဉ် ကျေးမှုခေါင်းပါးခြင်း၏ ရလဒ်တွေပါပဲ။

ယဉ်ကျေးမှုဆိုတာ တော်လှန်ပစ်ရမည့်ကိစ္စမဟုတ်ပါ။ တော်လှန် ထားမိလျှင်လည်း အမြန် ပြန်လည်တည်ဆောက်ရပါမည်။

ကျွန်တော်ကတော့ တယောနီကလေး၏ ဂီတကို ပြန်ကြားချင်ပါ သေးသည်။ နီရိုး၏ တယောမဟုတ်ဘူးနော်။

၁

## ပညာဆိုတာ ရှာနေရတာ

'ပညာစိတ်' အကြောင်း ရေးပေးပါဆိုတော့ အဲသည့်စကားလုံးနှစ်ခုတွဲ၏ ကျစ်လျစ်သိပ်သည်းမှုကို 'ဆ' ကြည့်ရင်း ကျွန်တော်လက်တွန့်သွားသည်။

'ပညာ' နှင့် 'စိတ်'

ပညာရှာချင်သည့်စိတ်ကို ပြောတာလား။

ပညာရှာတတ်သည့်စိတ်ကို ပြောတာလား။

ပညာနှင့်အရာရာကို ဆင်ခြင်တတ်သည့် စိတ်ကိုပြောတာလား။

ပညာပြည့်ဝသူတို့ ထားလေ့ရှိသည့် စိတ်ကိုပြောတာလား။

တွေးကြည့်လျှင် တွေးကြည့်သလောက်နက်နဲလာသည်။ မြန်မာစာ ၏ စကားလုံးကြွယ်ဝပုံကိုလည်း အံ့သြဘနန်းရှိမိသည်။

ပညာရှင်စိတ်

ပညာရှင်စိတ်ဆိုတာကတော့ Professional Dignity ကို ပြောတာဖြစ်သည်။ အဲသည့်အကြောင်း ကျွန်တော် အပတ်စဉ်ထွက် ၀ သသိ နရှုအော့ ဂျာနယ်မှာ လေးပတ်ဆက်တိုက်ရေးလိုက်တုန်းက အသံတွေတော်တော် ဆူသွားသေးသည်။

ပညာရှင်သာ ပညာရှင်စိတ်စစ်စစ်ထားတတ်လျှင် ပြည့်တန်ဆာလို အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်သူပင်လျှင် 'မျက်နှာကြီး၊ မျက်နှာငယ်၊ ရာထူးကြီး၊ ရာထူးငယ်၊ ငွေရှိ၊ ငွေမရှိ မခွဲခြားပါ။ တန်းတူအခကြေးငွေပေးသောသူတိုင်းကို တန်းတူပြုစုပါသည်' ဟု သစ္စာဆိုကာ ဂင်္ဂါမြစ်ရေတောင် ဆန်တက်ရပါသည်ဟုလည်း ကျွန်တော်ရေးခဲ့သည်။

'ကြောက်လို့'၊ 'မလွှဲသာလို့' ဟုဆိုကာ လုပ်ပေးလျှင် 'ဘယာဂတိ' ဆိုတာလည်း အဂတိတစ်မျိုးပါပဲဟု သတိရကြဖို့လည်း ကျွန်တော်ရေးသည်။

ဦးပေါ်ဦး၏ နန်းတော်ဆောက်ဖို့ သစ်ရွေးပေးသည့် လျှော်ထုံးကို လည်း ကျွန်တော်ရေးသည်။ လူကြီးပြောတိုင်း ပညာရှင်တွေ ခေါင်းလိုက် ညိတ်နေရုံနှင့် တာဝန်မကျေဘူးဆိုတာလည်း ကျွန်တော်ရေးသည်။ အမေရိ ကန်သမ္မတရေဂင်၏ ပညာရှင်အမြင်တွေကို တန်ဖိုးထားတတ်ပုံကိုလည်း ကျွန်တော်ရေးခဲ့သည်။

ဗိုလ်ရှုခံကြီးကို 'အရမ်းကြည်နူး' 'အရမ်းဝမ်းသာ' 'အရမ်းဂုဏ်ယူ' တွေပဲ ပြောနေသည့် ရုပ်မြင်တွေဆုံခန်းက အစိုးရဝန်ထမ်းပညာရှင်တွေ အကြောင်းလည်း ကျွန်တော်ရေးသည်။ 'သမီးတစ်ယောက် ဆားတစ်ဆုပ် နှင့် ဟင်းအိုးကြီးကောင်းစရာမမြင်' ဟု ကျွန်တော်ရေးခဲ့သည်။

နောက်ဆုံးရွှေးကောက်ပွဲနီးတော့မှ နယ်လှည့်ဆေးကု အပြိုင်အဆိုင်ထွက်ကြသည့် ကိုယ်စားလှယ်လောင်းကြီးတွေနှင့် 'တာဝန်ပေး' ခံရ သည့် ပညာရှင်တွေအကြောင်း ကျွန်တော်ရေးခဲ့သည်။

ပွဲလည်း ဆူသင့်သလောက် ဆူပြီးပြီဆိုတော့ တော်လောက်ပြီလေ။ သည်မှာတော့ ကျွန်တော်ပညာရှာသည့်ကိစ္စကို ရေးချင်သည်။ ပညာရှာပြီး ခါမှ ပညာရှင်ဖြစ်လာမှာ မဟုတ်ပါလား။

ပညာငတ်မွတ်တတ်သည့်စိတ်

ဘွဲ့လွန်ပညာ စသင်သည့်အခါတုန်းက အဖေဆရာနှင့် ဆုံစည်းရတော့ သူ ဆုံးမသည့်စကားက

'You should always be hungry for information'

တဲ့။

'သိချင်သည့်စိတ်အမြဲ ပြင်းပြငတ်မွတ်နေရမည်' ပေါ့။

ကွန်ပျူတာခေတ်မှန်၊ ခေတ်မီခေတ်ခွဲခန်းဝေးလို့ အာလ်ထရာ ဆောင်းတောင် မပေါ်သေးမီကာလက ဆရာဝန်ကြီးတွေ လူနာလှည့် လည်ကြည့်ရှုလျှင် တွေ့သမျှအကုန်လှန်လှောကြည့်တာတဲ့။ ထွေးခံရှိလျှင် ထွေးခံထဲက သလိပ်အရောင်ကြည့်သည်။ ဝမ်းသွားထားလျှင် ဝမ်းကို ကြည့်သည်။ ဆီးသွားထားလျှင် ဆီးအရောင်ကို ကြည့်သည်။ ရနိုင်သမျှ သတင်းအချက်အလက်တွေကို စုဆောင်းသည်။ ဒါမှ အဖြေရှာတာ လွယ်မှာ၊ မှန်မှာတဲ့။

ဘွဲ့လွန်ပညာရှာဖွေရာတွင်လည်း ကျွန်တော်တို့တစ်တွေက အဲသလိုစိတ်ထားမျိုး ထားရမှာတဲ့။ စာသင်မည့်ဆရာက လာသင်ပေးမှလိုက် ရေးပြီး

တချို့တစ်ဝက်ပဲ မှတ်မိသည့် အလေ့အထမျိုးနှင့်တော့ ပညာရှင် အစစ် ဖြစ်မလာနိုင်ပါတဲ့။

ဆရာ့စကားကလေးက ကောင်းလွန်းတော့ ဆယ်စုနှစ်ပေါင်းများစွာ ကြာသည်အထိ ရင်ထဲမှာ စွဲနေသည်။ ကိုယ်တိုင်လည်း ဆရာ့နေရာအထိ ရောက်လာခဲ့သည်။

ခိုးလိုးခုလု သိချင်စိတ်

ကျွန်တော်ကိုယ်တိုင် ဆရာဖြစ်လာသည့်အခါကျတော့ တပည့်တွေကို ပညာရှာပုံ ရှာနည်းနှင့်ပတ်သက်၍ ကိုယ့်သဘောနှင့်ကိုယ် ဖြည့်ပြော သည့် ကိုယ်ပိုင်စကားကလေး ပါရှိလာသည်။

'Bits and bits of information should always iritate you'

အကြောင်းအရာ တစ်ခုကို မပြည့်မစုံသိလိုက်ပြီ ဆိုကတည်းက အပြည့်အစုံ မသိရသည့်အတွက် အလုံးစုံသဘောမပေါက်သေးသည့်အတွက် နေရခက်နေပြီး ခိုးလိုးခုလုတစ်ချိန်လုံးဖြစ်နေရမည်ဟု ပြောတာပါ။

လူငယ်တချို့မှာ တွေ့ရတာက ပညာရပ်ဆိုင်ရာစကားလုံးတချို့ကို တတ်လိုက်လျှင်၊ ပြန်သုံးနိုင်လျှင် ယခင်ကနှင့်စာလျှင် ပိုတိုးတက်သွားပြီဟု ကိုယ့်ကိုယ်ကိုယ်ယူဆပြီး ကျေနပ်နေတတ်တာပါ။ တကယ်တမ်းအဲသည် စကားလုံး၏ အဓိပ္ပာယ်ကို ထဲထဲဝင်ဝင်ခြေခြေမြစ်မြစ် နားမလည်သဖြင့် မဆိုင်သည့်နေရာမှာ သွားသုံးမိလျှင်သော်လည်းကောင်း၊ ဆိုင်သည့်နေရာ မှာ ဆိုင်နေမှန်းမသိလျှင်သော်လည်းကောင်း ဖြစ်လာမည့်နောက်ဆက် တွဲ ဆိုးကျိုးတွေကိုတော့ ပက်ပင်းတွေ့မှ ခံစားရမှပဲ ရိပ်မိတတ်ကြပါသည်။

၁၉၉၇ ခုနှစ်လောက်တုန်းကတော့ စကော့တလန် ဆောင်းတွင်း ချမ်းစီးစီးကြီးထဲမှာ ဆေးရုံစာကြည့်တိုက်သော့ကို ညဘက်သွားတောင်းပြီး တစ်ညလုံး စာကြည့်တိုက်ထဲမှာ ကျွန်တော်နေခဲ့ဖူးပါသည်။

'Cerebral Autoregulation' ဆိုသည့် စကားလုံးကလေးတစ်လုံး၏ အဓိပ္ပာယ်ကို ရှာတာပါ။

မိုးလင်းခါနီးမှာ သဘောပေါက်သွားတော့ ပျော်လိုက်တာ။ နောက် နေ့တွေမှာ စာကျက်ဖော်ကျက်ဖက် သူငယ်ချင်းတွေကိုတောင် မမေးဘဲ အတင်းလိုက်ရှင်းပြပေးသေးသည်။

အဲသည့်စကားလုံးကို နောက်ပိုင်းကျွန်တော်ဖြေသမျှ ဘယ်စာမေးပွဲ မှာမှ အမေးမခံရပါ။ ကိစ္စမရှိဘူးလေ။ အဲသလို ရှာတတ်သည့် အလေ့အထ ကပဲ ကျွန်တော့်ကို ဖြေသမျှစာမေးပွဲတွေအားလုံး အောင်အောင် တွန်းပို့ခဲ့ တာ မဟုတ်ဘူးလား။

ကိုယ့်ဘာသာရပ်ပဲ ကိုယ်သိရမှာလား
စုံထောက်ကြီး ဦးစံရှားက ကမ္ဘာကြီးက နေကို ပတ်နေတာ မသိဘူး၊ စီးကရက်ပြာအမျိုးမျိုးကနေ သဲလွန်စကောက်တတ်ဖို့ပဲ စိတ်ဝင်စားသည်ဟု ဆရာကြီးရွှေဥဒေါင်းက စာရေးကောင်းကောင်းနှင့် ရှင်းပြတော့ ငယ်သူ အတွေးနှင့် သဘောတွေကျလို့။

Focussed ဖြစ်သည်။ အာရုံစူးစိုက်မှု တည်ငြိမ်သည်ပေါ့။

Focussed ဖြစ်ဖို့လည်း လိုတာမှန်ပေမယ့် တခြားအကြောင်းတွေ လည်း လျစ်လျူရှု၍မရဘူးဆိုတာ အသက်ကြီးလာတော့ တဖြည်းဖြည်း ပိုသဘောပေါက်လာသည်။

ခုပဲကြည့်။

ပါမောက္ခချုပ်တစ်ယောက် ကျောင်းသားတွေ နိုင်ငံရေးမလုပ်ဖို့ ဆုံးမတာ ဗိုလ်ချုပ်အောင်ဆန်းဆို ဘွဲ့မရခဲ့ဘူးဟု ပြောမိ၍ ရယ်သွမ်းသွေးခံ နေရပြီ။ ဒါသမိုင်းပါမောက္ခကနေဖြစ်လာတဲ့ ပါမောက္ခချုပ်မှ မဟုတ်တာဟု ဆင်ခြေတက်၍ရသည့်ကိစ္စ မဟုတ်တော့ပါ။ ပညာရှင်တစ်ယောက်အနေနှင့် ဗိုလ်ချုပ်ဘီအေ ရခဲ့မှန်းလောက်တော့ ကြားဖူးနားဝ ရှိရပါမည်။

အိုင်းစတိုင်းလည်း ဂီတကျွမ်းကျင်ခဲ့တာပဲ။

ဝင်စတန်ချာချီလည်း ပန်းချီဆွဲတာပဲ။

ရင့်ကျက်မှုနှင့် တည်ငြိမ်မှု

ပညာရှင်ရယ်လို့ ဖြစ်လာပြီးခဲ့သည့်နောက်တွင် ပညာရှင်အငယ်နှင့်ပညာရှင် အကြီးဆိုတာ ရှိလာပြန်သည်။

ဘာကွာသလဲဟုမေးလျှင် အတွေ့အကြုံနှင့် ရင့်ကျက်တည်ငြိမ်မှုဟု လူတိုင်း ဖြေပေလိမ့်မည်။

အတွေ့အကြုံပိုများသူတိုင်း ရင့်ကျက်တည်ငြိမ်မှုရှိသလားဟု မေး လျှင်တော့ တော်တော်ဖြေရခက်မည့် မေးခွန်းဆိုတာ အားလုံးသိပါသည်။

တည်ငြိမ်မှုဆိုတာကတော့ ရှင်းသည်။ လွယ်လွယ်နှင့် မတုန် လှုပ်တတ်တော့ဘူးပေါ့။ ဒါကို တွေ့ရဖန်များတာ တစ်ခုတည်းနှင့် ရသွား နိုင်သည် ဆိုတာက ဖြစ်ကောင်းဖြစ်နိုင်သည်။

ရင့်ကျက်မှုဆိုတာက ဘာပါလဲ။

ဟိုလူကတော့ ရင့်ကျက်သည်။ သည်လူကတော့ ကလေးဆန်သည်။ သည်စကားမျိုး လူတိုင်းပြောတတ်ကြသည်။ ရင့်ကျက်သည်ဆိုတာ ဘာကို ခေါ်တာပါလဲဟု မေးလျှင်တော့ ဖြေနိုင်သူခပ်ရှားရှား။ တကယ်တမ်းမှာ လည်း ရင့်ကျက်သည်ဆိုတာ တွေးပုံခေါ်ပုံ၊ ပြောပုံဆိုပုံ၊ တုံ့ပြန်ပုံ၊ ပြင် ဆင်ပုံစသည်ဖြင့်

အချက်အလက်တွေ အားလုံးကို ပေါင်းစပ်ပြီး ခံစားချက် နှင့် သတ်မှတ်နေကျကိစ္စတစ်ခု ဖြစ်နေသည်။

လူငယ်တွေကို မြန်မြန်ရင့်ကျက်လာအောင် ဘယ်လိုသင်ကြားပေး မလဲဟု စဉ်းစားကြည့်သည့်အခါတွင်တော့ သည် 'ရင့်ကျက်မှု' ၏ အဓိပ္ပာယ်က မသိမဖြစ်သိဖို့ လိုလာသည်။

ကျွန်တော်ကတော့ 'ရင့်ကျက်မှု' ကို 'တစ်ပါးသူ ရှုထောင့်ဘက်မှ တစ်လှည့် မြင်ပေးတတ်မှု' ဟု သတ်မှတ်ချင်ပါသည်။

ဘွဲ့လွန်နှုတ်ဖြေစာမေးပွဲတွေ စာရတာချင်းအတူတူ တချို့လူတွေ က 'စာမေးပွဲဖြေတတ်လို့' ဟုဆိုကာ စောအောင်သွားတတ်သည်။ အဘယ် ကြောင့်နည်း။ 'စာမေးသူ' ဘက်က ဘာလိုချင်သည်ဆိုတာကို မြင်တတ် လို့ပါပဲ။

ကျန်းမာရေး ပညာပေးသူချင်းအတူတူ ဟိုဆရာဝန်ပြောတာက ပိုရှင်းသည်ဆိုတာကရော လူနာဘက်က မြင်ပေးတတ်လို့ပါပဲ။

ရသစာပေ ရေးတာချင်းအတူတူ ဟိုစာရေးဆရာ ရေးလိုက်လျှင် မျက်ရည်ပါဝဲရသည်ဆိုတာကရော စာဖတ်သူဘက်က မြင်ပေးတတ်လို့ပါပဲ။

အဲဒါကို ရင့်ကျက်သည်ဟု ပြောတာပါ။

ရင့်ကျက်လာနိုင်ဖို့ဆိုတာက သူများဘက်က မြင်ပေးတတ်ဖို့လိုပါ သည်။ သူများဘက်က မြင်ပေးတတ်ဖို့ဆိုတာ မွေးရာပါအရည်အချင်း မဟုတ်ပါ။ လေ့လာမှုနှင့် လေ့ကျင့်မှုအပေါ်မှာ အခြေခံပါသည်။

ရှင်းအောင်ပြောရလျှင်တော့ 'ပညာစိတ်' ပါပဲ။

မကြာသေးခင်က အမေရိကန်နိုင်ငံသားဖြစ်နေသော မြန်မာ လူမျိုးကျွန်တော့်ထက် နည်းနည်းငယ်သည့် ဆရာဝန်တစ်ဦး မြန်မာပြည် ခဏ ပြန်လာခိုက် လျှုဒါန်းချင်၍ဟုဆိုကာ ဆေးဘက်ဆိုင်ရာပစ္စည်း တစ်ခု

ကျွန်တော့်ကို လာလျှုပါသည်။ 'ပါဝါ' တော့ တူရဲ့လား မသိဘူးဟု မေးပါသည်။

အမေရိကန်၊ ယူကေ၊ ထိုင်း၊ စင်ကာပူ၊ ဩစတြေးလျ၊ ပြင်သစ်၊ ဒိန်းမတ်၊ ဂျာမနီ၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ ကျွန်တော်ရောက်ဖူးသမျှ ကမ္ဘာ့နိုင်ငံအားလုံး 220 V သုံးတာပါ။ ဂျပန်နိုင်ငံတစ်ခုပဲ 110 V သုံးတာပါ။ ဒါကို ကျွန်တော်က သိထားတော့ သူ့ပစ္စည်း ကိုယ့်နိုင်ငံမှာ သုံးလို့ရတာ ကျွန်တော်သိပါသည်။ ပြဿနာက သူဆရာဝန်ဖြစ်သည်အထိ စာသင်ခဲ့သော နိုင်ငံ၏ လျှပ်စစ်ပါဝါအသုံးပြုပုံကို မသိဘူး၊ သို့မဟုတ် မမှတ်မိတော့ဘူးဆိုတော့ သူနှင့်ကိုယ် ရေရှည်မှာ အများအကျိုးပြုလုပ်ငန်း တွေ ရေရှည်လက်တွဲလုပ်ဖို့အတွက် အနုတ်လက္ခဏာ ပြပါသည်။

ဆိုလိုချင်တာ နိဂုံးချုပ်ကတော့ ပညာဆိုတာ ရှာနေရတာဖြစ်ပါ သည်။ တစ်ခုခုလုပ်ဖို့၊ ဥပမာ စာမေးပွဲဖြေဖို့အတွက် ရှာရတာမျိုးမဟုတ်ပါ။ ရှာတတ်သည့် အလေ့အထကိုယ့်မှာရှိနေအောင် ပြုစုပျိုးထောင်ထားရတာ ဖြစ်ပါသည်။ ကိုယ့်ဘာသာရပ်နှင့် ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ရှာနေရတာဖြစ်ပါ သည်။ သူများဘက်က ကြည့်ပေးတတ်ဖို့ တစ်နည်းအားဖြင့် ရင့်ကျက်မှု အတွက်လည်း ရှာနေရတာ ဖြစ်ပါသည်။

အဲသလို အမြဲတမ်းပညာရှာနေတတ်သော စိတ်ကိုပင် ပညာစိတ်ဟု ကျွန်တော်ခေါ်ချင်ပါသည်။

## စံပြပုဂ္ဂိုလ်၏ ကိုယ်ကျင့်

သိက္ခာကို Image ဟု ဘာသာပြန်ကြပါစို့။

Image ဆိုတာ လူတစ်ယောက်ကို ပတ်ဝန်းကျင်က ဘယ်လိုမြင်သလဲဆိုတော့ ကောင်းတာလည်း ဖြစ်နိုင်သည်။ ဆိုးတာလည်း ဖြစ်နိုင် သည်။ Good Image နှင့် Bad Image ပေါ့။

သိက္ခာကတော့ ကောင်းသည့်နေရာမှာပဲ အသုံးများသည့်စကားဆို တော့ Good Image ကို ဘာသာပြန် ပြန်ရမည်ထင်သည်။

'သိက္ခာနဲ့ နေတာ'

သည်လိုပြောလိုက်လျှင် ချမ်းသာတာကိုလည်း မဆိုလို။ ရာထူးကြီးတာကိုလည်း မဆိုလို။ Good Image ကို ဆိုလိုသည်။ အများလေးစားသမှု ပြုရမည့်သူ ဖြစ်သည်။ သည်လို သဘောမျိုး။

'သိက္ခာမဲ့လိုက်တာ'

သည်လို ပြောထည့်လိုက်လျှင်တော့ သွားပါလေရော။

သိက္ခာကို Image ဟု ဘာသာပြန်လိုက်လျှင် သိက္ခာနှင့် စောစော က စည်းစိမ်ချမ်းသာ၊ ရာထူး ဌာနန္တရတွေ ဘယ်ဟာ ပိုအရေးကြီးသလဲဆို သည့် အဖြေက ဖြေစရာကို မလိုတော့။ ငွေရှိသူကလည်း သူ့ငွေကို Image ကောင်းဖို့ သုံးသည်။ ရာထူးကြီးသူကလည်း သူ့ရာထူးကို Image ကောင်း ဖို့ သုံးသည်။ ငွေရော၊ ရာထူးရော မရှိပါဘဲနှင့် Image ကောင်းသူတွေ ကျတော့ စောစောကလူတွေ ဘယ်လိုမှ လိုက်မမီတော့။

လူငယ်တွေကို သိက္ခာရယ်၊ ငွေရယ်၊ ရာထူးရယ် တစ်ခုခုရွေးပါဟု ပြောလျှင် သိက္ခာကို ရွေးမည့်သူက အများစု ဖြစ်သည်ဟု ကျွန်တော် ယုံကြည်သည်။

သို့သော်...

အဲသည် လူငယ်တွေ လူကြီးဖြစ်လာသောအခါ လူငယ်ဘဝက မရခဲ့နိုင်သည့်ကိစ္စက ဘာလဲဟု ပြန်လှည့်ကြည့်လိုက်လျှင်လည်း အများစု က သိက္ခာကို မရခဲ့တာ ဖြစ်နေပြန်သည်။ အဘယ်ကြောင့်နည်း။

ကိုယ်ကျင့်

သိက္ခာအတွက် အဓိက လိုအပ်ချက်က ကိုယ်ကျင့်ဆိုတာ လူတိုင်းသိသည်။ ကိုယ်ကျင့်တရားဟုလည်း ခေါ်ကြသည်။ ကျွန်တော်ကတော့ အရှင်ဇနကာဘိဝံသ၏ 'ကိုယ်ကျင့် အဘိဓမ္မာ' စာအုပ်ထဲမှာ 'ကိုယ်တိုင်ကျင့်ရမည့် အဘိဓမ္မာမို့ ကိုယ်ကျင့်အဘိဓမ္မာ' ဟု သုံးခဲ့တာဖြစ်ကြောင်း ကြားဖူးကတည်းက 'ကိုယ်ကျင့်' ဟု လေးလေးနက်နက် ခေါ်ရတာ အားရသည်။

ကိုယ်ကိုယ်တိုင်က ဘာတွေ ကျင့်ကြံနေထိုင်နေသလဲပေါ့။

'ကိုယ်ကျင့်သိက္ခာ' ဟုလည်း တွဲ၍ သုံးတတ်ကြသေးသည်၊ ကိုယ်ကျင့်ကောင်းမှ သိက္ခာကောင်းမည့်သဘော။

ကိုယ်ကျင့်ကောင်းဖို့ကို ဆိုတာက ကောင်းတာနှင့် မကောင်းတာကို ခွဲသိနေရုံမျှဖြင့် မလုံသောက်ပါ။ သိသည့်အတိုင်း တကယ် ကျင့်ကြံအား ထုတ်နေထိုင်ဖို့ လိုသည်။

အဲသည်မှာ အမှန်တရားကို မြတ်နိုးတတ်သော သဒ္ဓါတရားနှင့် အမှန်တရားအတွက် အဆုံးအရှုံးခံရဲသော အလောဘ၊ အပင်ပန်းခံနိုင်သော ဝီရိယတို့ လိုလာသည်။

အဲသည်မှာ ဈေးဆစ်ကြတော့တာပါပဲ။

ဈေးဆစ်သည်ဆိုတာ

ကိုယ်တိုင်က ခြောက်ပြစ်ကင်း သဲလဲစင် တစ်ယောက်မဟုတ်တာ ကိုယ့်ကိုယ်ကိုယ် သိသော်လည်း 'ကိုယ်ကျင့်' ကို ဈေးဆစ်တာကို ကျွန်တော် မကြိုက်ပါ။

ကိုယ်ကျင့်ကို ဈေးဆစ်တာ ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေမှာ ကျောင်းခေါ်ချိန်ကို ဈေးဆစ်သလိုပါပဲ။ ၇၅ ရာခိုင်နှုန်း ပြည့်ရမည်ဆိုသည့် ကျောင်းခေါ်ချိန်ကို ဈေးဆစ်တာနှင့် ၇၀ လောက်ဆင်းပေးလိုက်တော့ ၆၀ မရဘူးလားဖြစ်ရော။ နောက်ဆုံးကျတော့ ၆၀ ပေးသော ကျောင်းနှင့် ၆၅ ပေးသောကျောင်း ဘယ်ကျောင်းက မှန်ကြောင်း ငြင်းခုံနေရသည့်ဘဝ ရောက်ကရော။

အရက်သောက်တာ မကောင်းဘူး။

မသောက်ပါနဲ့။

ဒါက အားလုံး လက်ခံထားသည့် ကိုယ်ကျင့်။

တစ်နေ့ နှစ်ပက်လောက်ကတော့ သောက်လို့ ရပါတယ်။

ဒါက ဈေးဆစ်တာ၊ တစ်ပက်နှင့် နှစ်ပက် ငြင်းစရာဖြစ်အောင် လုပ်တာ။

ဘီယာဆိုတာ အရက်မဟုတ်ဘူး။

ဒါက ဖြောင်လိမ်တာ။ မုသာဝါဒပါ ပါလာရော။

ဒါကြောင့် ဈေးဆစ်တာကို ကျွန်တော် မကြိုက်တာ ဖြစ်သည်။

ကိုယ်ကျင့်ဆိုတာ ဈေးဆစ်စရာ မဟုတ်။ မရှောင်နိုင်လျှင်တောင် အမှန်အတိုင်း ဝန်ခံ။ နောက်ထပ် မဖြစ်အောင် ကြိုးစား။ သည်လိုပဲ သွားရမည်။

အဲဒါကို 'သည်လောက်ကတော့' တို့၊ 'အရင်တုန်းကပါ' တို့ လုပ်နေကြလို့ပဲ ကိုယ်ကျင့်ကို ထိန်းနိုင်ဖို့ ခက်နေကြတာ ဖြစ်သည်။

အဲသည် ထိန်းဖို့ခက်နေသည့် ပုဂ္ဂိုလ်တွေက လူငယ်တွေ လေးစား အားကျရသည့် Role Model ခေါ် စံပြပုဂ္ဂိုလ်တွေ ဖြစ်လာသောအခါ တွင်တော့ သံဃာစင်ပါ မှောက်ပါလေရော။

စံပြပုဂ္ဂိုလ်

အနာဂတ် လူ့ဘောင်ကြီး လှပဖို့က လူငယ်တွေ ကိုယ်ကျင့်ကောင်းမှ ဖြစ် မည်။

လူငယ်တွေ ကိုယ်ကျင့်ကောင်းဖို့က သူတို့ အားကျသော Role Model တွေ အပေါ်မှာ အများကြီးတည်နေသည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက စာရေးဆရာကြီး တက္ကသိုလ် ဘုန်းနိုင်သည် ကျွန်တော်တို့ လူငယ်တော်တော်များများ၏ ပြုသူန ဩန္ဒ ခေါ် စံပြပုဂ္ဂိုလ်ဖြစ်ခဲ့ဖူးသည်။ ကျွန်တော်နှင့် ရင်းနှီးသည့်ထဲမှာပင် ကျွန်တော်၊ စာရေးဆရာမ (မမ) ဂျူးနှင့် ဒေါက်တာစိုးလွင် (သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး) တို့ပါဝင်သည်။

ပထမတော့ ဆရာ့ဇာတ်ကောင်တွေ နောက်ပိုင်းတော့ ဆရာကိုယ် တိုင်ပါ ကျွန်တော်တို့၏ စံပြပုဂ္ဂိုလ်ဖြစ်လာသည်။

ဆရာ့ဇာတ်ကောင်တွေက မချမ်းသာပါ။ ရာထူးမကြီးပါ။ သို့သော် ပညာကြွယ်ဝကြသည်။ ပညာနှင့် အများကို ကူညီတတ်သူတွေ ဖြစ်သည်။

ဆရာကြီး ကိုယ်တိုင်ကလည်း အဲသလို လူမျိုးဖြစ်သည်။ ကိုယ်တိုင် လည်း ကိုယ်ကျင့်ကောင်းမွန်လှသူ ဖြစ်သည်။ စီးကရက်ကို အလွန်နှစ်သက် တာကလွဲ၍ ဘာမှ ပြောစရာမရှိခဲ့။ ဒါတောင် သူ့ဇာတ်ကောင်တွေ ဟန်ပါ ပါ စီးကရက်ခဲတာမျိုး ဘယ်တော့မှ ရေးမပြ။ ကိုယ်ကတော့ စီးရက် ကပေးသော ရောဂါနှင့် ကွယ်လွန်ရှာခဲ့သည်။ စာဖတ်ပရိသတ်တွေကို တော့

စီးကရက်အားပေးမသွား။ သူ့ဇာတ်ကောင်တွေက အသည်းကွဲတာ တောင် အရက်မသောက်၊ တယောထိုးသည်။

ဆရာကိုယ်တိုင် ပါမောက္ခချုပ်ဘဝ ရောက်သည်အထိ မချမ်းသာ ရှာ။ ဒါတောင် အဲသည်အချိန်က မြန်မာနိုင်ငံ၏ အရောင်းရဆုံးဘက်ဆဲ လား စာရေးဆရာပါ။ လက်အောက်ငယ်သားတစ်ဦး စာရင်းငွေကွာနေ သဖြင့် ထောင်ကျရမလို ဖြစ်တာကို သူ အိမ်ခန်းဝယ်ဖို့ စုထားသောငွေနှင့် စိုက်လျော်ပေးလိုက်သဖြင့် ရန်ကုန်မြို့ပေါ်မှာ တိုက်ခန်းဝယ်နိုင်ဖို့ အခွင့်အရေးကို ဆုံးခဲ့ရှာသည်။ အမှန်တရားဘက်က ယုံကြည်သည့် အတိုင်း ရပ်တည်ခဲ့သဖြင့် ပင်စင်စောစော သွားခဲ့ရပြီး သန်လျင်မှာ အရိုး ထုတ်သွားခဲ့ရသည်။

သည်လို လူမျိုးကို စံပြပုဂ္ဂိုလ်အဖြစ် အဝေးကနေ ကြည်ညိုအားကျ ရုံဖြင့် ကျွန်တော် (မမ) ဂျူး၊ (ကို) စိုးလွင်တို့ ဘာတွေ ဖြစ်လာခဲ့ပါသနည်း။

ဆရာကြီး လယ်တွင်းသားစောချစ် ပြောပြဖူးတာလည်း ရှိသေး သည်။ သူငယ်စဉ်က 'တက္ကသိုလ်ပညာဆိုတာ အလကား၊ ပညာဆိုတာ ဘဝထဲ ဝင်ရှာရတာ' ဆိုသည့် အဆိုအမိန့်တစ်ခုကို ယုံကြည်သက်ဝင်မိ၍ နှစ်နှင့် ချီ၍ စိတ်လေခဲ့ဖူးသတဲ့။ စံပြပုဂ္ဂိုလ်တို့ အမှားခံ၍ မရပါ။

ကျွန်တော်ငယ်ငယ် ကလေးကတည်းက အလွန်လေးစားကြည်ညို ရသော စာရေးဆရာကြီး တစ်ဦး ရှိသေးသည်။ သူက အရက်မသောက်တတ် ရုံသာမက အိမ်မှာ 'အရက်သမား မလာရ' ဟု ဆိုင်းဘုတ် ချိတ်ထားသူ ဖြစ်သည်။ အိမ်ထောင်ရေးနှင့် ပတ်သက်သည့် ပညာပေး ဝတ္ထုတွေရေး သည့် နေရာမှာတော့ သူ့ကို မီသူပင်မရှိဟု ပြောနိုင်သည်။ ခက်တာက သူ ကိုယ်တိုင်၏ ဘဝမှာတော့ အိမ်ထောင်ရေး အမည်းစက်ထင်ခဲ့သည်။ နောင်လာနောက်သားတွေက သူနှင့် ပတ်သက်လာလျှင် အဲဒါကိုသာ အဓိက မှတ်မိနေကြတော့ပြီး သူ ရေးခဲ့သည့်စာတွေ ဘယ်လောက် လေးနက် ပညာပါသည်ဆိုတာ

မမှတ်မိကြတော့။ ပိုဆိုးတာက သိပ် အနုပညာ ထူးချွန်သည့် သားတွေ အများကြီးမွေးခဲ့သော်လည်း အဲသည် သားတွေက အဖေမကြိုက်တာကို လုပ်ရင်း အရက်ကြောင့် စောစောစီးစီး ကွယ်လွန်ကြရသည်။ စာပေအနုပညာ လောကအတွက် ဆုံးရှုံးမှုတွေက များလိုက်ပါဘိခြင်း။

စံပြပုဂ္ဂိုလ်၏ ကိုယ်ကျင့်

သိက္ခာဆိုတာ လောကမှာ အထိန်းသိမ်းသင့်ဆုံး ပိုင်ဆိုင်မှု။

သိက္ခာကို ကိုယ်ကျင့်က ပြဋ္ဌာန်းသည်။

ကိုယ်ကျင့်က စံပြပုဂ္ဂိုလ်ဆီက ရသည်။

စံပြပုဂ္ဂိုလ်တွေဆိုတာက လူတွေ အများကြီးကို ဘဝမှာ တန်ဖိုးအရှိ ဆုံး ရတနာပစ္စည်းဖြစ်သည့် သိက္ခာကို ရရှိဖို့ လမ်းပြနိုင်သူတွေဖြစ်လို့ ပီတိ ကို အခံစားထိုက်ဆုံးသူတွေပါလေ။

တစ်ဖက်ကလည်း တာဝန်အကြီးဆုံးသူတွေ ဖြစ်လာပြန်သည်။ ကိုယ်ကျင့် နမူနာကောင်းတွေ ပြတတ်ပါမှ။

ကိုယ်ကိုယ်ကိုယ်တိုင်လည်း ကိုယ်ကျင့်ကောင်းပါမှ။

ဒီပီတိက ထိုက်ထိုက်တန်တန် ခံစားရမှာပါ။

၁

## တကယ်လုပ်နိုင်မှ လုပ်ပါ

ငွေစန်းရောင်ကို သိကြမည် ထင်သည်။

သရော်စာတွေ ရေးသည့်နေရာမှာ အင်မတန်တော်သော စာရေး ဆရာပါ။ နာမည်ရင်းက ဒေါက်တာစိုးမင်းတဲ့။ ခွဲစိတ်အထူးကုဆရာဝန် ဖြစ်သည်။

သမိုင်းရော၊ ယဉ်ကျေးမှုရော၊ ဂီတရော၊ နိုင်ငံရေးပါ နှံ့စပ်သည့်နေရာမှာတော့ သူ့ကို လိုက်မီဖို့ တယ်မလွယ်လှ။

အဓိကအားဖြင့် သူက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန၏ အားနည်းကွက်၊ ဟာကွက်တွေကို ယဉ်ယဉ်ကျေးကျေး ပြည့်ပြည့်စုံစုံ၊ ငြင်းချက် မထုတ်နိုင်လောက်အောင် ဝေဖန် ထောက်ပြတတ်သူ တစ်ဦး ဖြစ်သည်။

အစိုးရသစ်အတွက် ကျန်းမာရေးဝန်ကြီး အသစ် ခန့်ဖို့ ဟိုလူ သည်လူ ထင်ကြေးပေးနေကြချိန်မှာ ကျွန်တော်သူ့ကို ကျီစယ်ဖူးသည်။

'ခင်ဗျားက ဒီလောက် လေ့လာထားတာ ခင်ဗျား လုပ်ရမှာ'

တကယ် မဖြစ်နိုင်မှန်းတော့ သိပါသည်။ သူက ရုပ်ရှင်မင်းသား စိုးသူတို့အတန်းက စိုးသူ၏ သူငယ်ချင်းမို့ တော်တော်ငယ်ပါသေးသည်။ ထိုစဉ်က သူ ဖြေသောအဖြေက တိုတိုရယ်ပါ။

'မလုပ်တတ်ပါဘူး၊ ဆရာရယ်'

သူဖြေလိုက်သော စကားလေးက ဆင့်ပွားတွေးစရာတွေ အများကြီး ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှာ အနှစ်နှစ်ဆယ်လောက် အလုပ်လုပ် ခဲ့ဖူးသူ၊ ခွဲစိတ်ဆရာဝန်ကြီး တစ်ဦးလည်းဖြစ်သူ၊ နိုင်ငံခြားမှာရော၊ ဝေးလံ ခေါင်ဖျား တောင်တန်းဒေသတွေမှာရော၊ ရန်ကုန်ဆေးရုံကြီးလိုနေရာမှာရော နှစ်နှင့်ချီ၍ အလုပ်လုပ်ဖူးသူ၊ ဆေးပညာသာမက အထွေထွေ ဗဟုသုတ၊ သမိုင်း၊ ယဉ်ကျေးမှု နှံ့စပ်လွန်းပြီး အလုပ်နှင့် လုပ်ဖော်ကိုင်ဖက်တွေအပေါ် မှာ ရိုးသားဖြောင့်မတ်မှုလည်းရှိသူ (ကျွန်တော်နှင့်စာလျှင်) လူငယ်တစ်ဦး က ကျန်းမာရေးဝန်ကြီး အလုပ်အပေါ် ရိုးရိုးကလေး သုံးသပ်လိုက်သော စကား။

'မလုပ်တတ်ပါဘူး ဆရာရယ်'တဲ့။

သူ့လောက် မလုပ်တတ်ဘဲနှင့် အဲသည်နေရာမျိုးတွေကို 'မလုပ် တတ်ပါဘူး' ဟု ဝန်မခံဘဲ လုပ်သွားကြသူတွေ ဘယ်နှဦး ရှိခဲ့ပြီလဲဆိုတာ ကို စဉ်းစားကြည့်ချင်စရာပါ။

မလုပ်ချင်တာရယ်၊ မလုပ်နိုင်တာရယ်၊ မလုပ်တတ်တာရယ် သည်စကားသုံးခွန်း အဓိပ္ပာယ်မတူတာကိုလည်း သိစေချင်သည်။

မလုပ်ချင်တာက ဆန္ဒမရှိတာပါ။

'နယ်မပြောင်းချင်ဘူး'

ဆရာဝန်တော်တော်များများ သည်စကသားပြောတတ်ကြသည်။ ဒါက ဆန္ဒမရှိတာကို ဆိုလိုသည်။

လူမှုရေးပြဿနာတွေ သူများထက်ပို၍ သိသိသာသာကြီးရှိနေသူ၊ သို့မဟုတ် အသက်အရွယ် ရာထူးအားဖြင့် ဝန်ထမ်းထဲမှာ အကြီးပိုင်းကို ရောက်နေသူမျိုးက သည်စကားမျိုးကို ပြောခဲ့လျှင် နားလည်ပေးရတာ မခက်သော်လည်း သူနှင့် သက်တူရွယ်တူ၊ အရည်အချင်းတူ၊ အဆင့်တူတွေ အားလုံး သွားနေကြချိန်မျိုးမှာ သူက တစ်ခါမှလည်း မသွားရသေးပါဘဲ မသွားချင်ဘူးဟု ပြောလာခဲ့လျှင် သူ၏ သူတစ်ပါးထက် အသာစီးရလိုစိတ်၊ အသက်သာ ခိုလိုစိတ်ကို ထုတ်ပြရာကျသည်။ အဲသည်လို လူငယ်မျိုးကို နောင်တစ်ချိန်မှာ ခေါင်းဆောင်ကောင်းဖြစ်လာလိမ့်မည်ဟု ကျွန်တော် ဘယ်တော့မှ မယုံကြည်ပါ။

မလုပ်နိုင်ဘူးဆိုတာကကျတော့ မလုပ်တတ်လို့ မလုပ်နိုင်တာရယ်၊ အရည်အချင်းမရှိလို့ မလုပ်နိုင်တာရယ်၊ စေတနာမရှိလို့ မလုပ်နိုင်တာရယ် ဖြစ်လာပြန်သည်။ စောစောက ကိုစိုးမင်းပြောတာမျိုးက ရိုးသားဖြောင့်မတ် မှုကို ပြသည်။ ရလာနိုင်သည့် အခွင့်အာဏာတွေကို မျက်စိထဲမှာ မမြင်၊ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ပါ့မလား ဆိုတာကို စိတ်ပူသည့် စိတ်က

အရင်လာသည်။ ယနေ့ခေတ် လူငယ်တိုင်းသာ အဲသလို စိတ်ထား နိုင်လျှင် ကောင်းလေစွ။

လူတကာသွားနေကျ နယ်တက္ကသိုလ်တစ်ခုကို တစ်ပတ်လောက် စာမေးပွဲစစ်သွားပေးဖို့ ပြောတာကို မသွားနိုင်ဘူးဟု ပြောသူ လုပ်ဖော်ကိုင်ဖက်တစ်ဦး တွေ့ဖူးသည်။ သူ့အကြောင်းပြချက်က အဲသည် အဝေး ပြေးကားလမ်းပေါ်က အိမ်သာတွေ ညစ်ပတ်၍ သူမတက်နိုင်တဲ့။ ရယ် စရာတော့ ကောင်းသား။ သူတစ်ခေါက်မသွားနိုင်သော ခရီးကို သူနှင့် အဆင့်တူ၊ ပညာတူ၊ ပုဂ္ဂိုလ်တွေထဲမှာ အခေါက်ရာနှင့်ချီ၍ သွားထားဖူးသူ တွေ ရှိနေသည်။ ဒါက စေတနာမရှိ၍ မလုပ်နိုင်တာ။

အရည်အချင်းမရှိတာကို ဝန်ခံရတာတော့ ဘာမှ ရှက်စရာမလိုဟု ကျွန်တော်မြင်သည်။ ကျွန်တော် အလေးအပင် မစရာရှိလျှင် အလုပ်သမား ခေါ်သည်။ ကျွန်တော် မနိုင်ပါ။ အဲဒါကို ရှက်ပြီး ဇွတ်မလျှင် ခါးက ဒုက္ခ ရောက်တော့မည်။ အဲသည့် အရည်အချင်းတစ်ခု ကျွန်တော့်မှာ မရှိသော် လည်း တခြားအရည်အချင်းတွေ ကိုယ့်မှာ ရှိနေတာပဲလေ။

ရှေ့လျှောက် လူကြီးလုပ်ကြမည့် လူငယ်တွေ ကျွန်တော်တို့ထက် တော့ ပိုရိုးသားဖြောင့်မတ်ကြဖို့ လိုမည်ဟု ကျွန်တော်ထင်သည်။

လုပ်ချင်တာကို ရွေး၍ လုပ်နိုင်တာမျိုး

ဘယ်ခိုင်းခိုင်း မိဘနေမကောင်း၍ မသွားနိုင်ဘူး ပြောတတ်သူတွေ ကျွန်တော်တွေ့ဖူးသည်။ ဒါက ပြည်တွင်းခရီးတွေပါ။ ပြည်ပခရီးတို့ အပန်း ဖြေခရီးတို့ကျတော့လည်း သွားနိုင်နေကြတာပဲလေ။

သည်နိုင်ငံမှာက Peer Review ခေါ် လုပ်ဖော်ကိုင်ဖက်တို့၏ ကိုယ့်အပေါ် မြင်သောအမြင်ကို ရာထူးတိုးရေးတွေမှာ လေးလေးနက်နက်

မစဉ်းစားပေး၍ အဲသလို လူမျိုးတွေ ရှိနေတာပဲ ဖြစ်မည်ဟု ကျွန်တော်ထင်သည်။ နိုင်ငံခြားမှာတော့ လူတွေအများကြီး၊ အဆင့်ပေါင်းစုံ၏။ Peer Review ကို ပိတ်ထားသည့် စာအိတ်တွေဝေ၍ တောင်းခံတာမျိုးလည်း ကြားဖူးသည်။ သည်နိုင်ငံမှာတော့ သက်ဆိုင်ရာဌာန၏ အကြီးအကဲ မှတ်ချက်သည်ပင်လျှင် မိုင်နှစ်ရာ အကွာအဝေးက အထက်အဖွဲ့အစည်းကို သွားပြောနိုင်လျှင် ပြင်၍ရနေတာ အများအသိ။

ဒါနှင့်ပဲ လမ်းထောင့်ချိုးသာ တွေ့ရသောနေရာကို မသွားနိုင်ပါဘူး ပြောသူက သူ့နေရာမှာပင် သူ့ထက် စီနီယာတွေကို ကျော်၍ ပေးသော ရာထူးမျိုးကို လုပ်နိုင်ပါသည် ပြောပြီး ချက်ချင်းယူတော့လည်း ပေးလိုက်တာမျိုးတွေ ရှိနေသည်။

တကယ်လုပ်နိုင်မှ လုပ်ကြပါ

လုံလောက်သော ဉာဏ်ပညာနှင့် ကြိုးစားအားထုတ်မှုရှိလျှင် ကိုယ့်မိသားစု တစ်ဝမ်းတစ်ခါးတော့ လှအောင် ပညာတတ်လူရွယ်၊ လူကြီးတိုင်း ရှာနိုင်ကြသည်။ အဲသည်ကနေ တစ်ဆင့်တက်၍ အကြီးအကဲနေရာမျိုး ဒုတိယ အကြီးအကဲနေရာမျိုး လုပ်ခွင့်ကြုံလာပြီဆိုလျှင် ပထမဦးဆုံး သတိရစေ ချင်သည်မှာ ကြီးလေးသော တာဝန်ပေးသည် ဆိုတာက ပေးသူက ကိုယ့် ကို အများအကျိုးအတွက် တစ်စုံတစ်ရာလုပ်ပေးနိုင်မည်ဟု ယုံကြည်၍ ပေးတာဖြစ်သည်။ ကိုယ်ကျိုးရှာဖို့ ဝါကြွားဖို့ မဟုတ်ဘူး ဆိုတာကိုပါ။

ဂုဏ်ကို အရင်မြင်၊ ပါဝါကို အရင်မြင်၊ အခွင့်အလမ်းကို အရင်မြင် ၍ တကယ်လုပ်နိုင်သော အရည်အချင်း ကိုယ့်မှာရှိ၊ မရှိ၊ တန်မတန် မစဉ်းစားဘဲ ပြေးယူလျှင် ရေရှည်မှာ ကိုယ်လည်း အကျပ်ရိုက်၊ အများ လည်း နစ်နာတတ်ပါသည်။

ကျွန်တော့် စာထဲမှာ ထည့်ရေးနေကျ ကျည်းကန်ရှင်ကြီးလို သာမန်ပဋ္ဌင်းဘ၀ကိုပင် သူနှင့် မတန်ဘူးထင်လျှင် ပြန်အမ်းပြီး ကိုရင်ကြီးဘ၀နှင့် နေသွားရဲသော ရိုးသားဖြောင့်မတ်မှု အားကောင်းလှသည့် မြန်မာနိုင်ငံသားတို့၏ အစဉ်အလာကိုလည်း ထိခိုက်တတ်ပါသည်။

ထို့ကြောင့် လူငယ်တွေကို ကျွန်တော် မှာချင်တာက တကယ်လုပ် နိုင်မှ လုပ်ပါဟု။

သားတို့ ချမ်းမြေ့ကြပါစေ။

ဆန္ဒမွန်ဖြင့်

လက်ာရည်ကျော်

၁